**ဤစာတမ်းသည်အရေးကြီးသည့်စာတမ်းတစ်ရပ်ဖြစ်ပါသည်။ လူကြီးမင်းအနေဖြင့် လုပ်ဆောင်မည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ သံသယတစ်စုံတစ်ရာရှိပါက လူကြီးမင်း၏ ဥပဒေရေးဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ အခွန်ဆိုင်ရာ အကြံပေးများနှင့် အခြားကျွမ်းကျင်သူ အကြံပေးများအား တိုင်ပင်ဆွေးနွေးသင့်ပါသည်။**

# MYANMAR AGRO EXCHANGE PUBLIC LIMITED

(ကုမ္ပဏီမှတ်ပုံတင်အမှတ် 112387595)
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် တာဝန်ကန့်သတ်ထားသောကုမ္ပဏီအဖြစ် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်သည်။)

အစုရှယ်ယာပေါင်း (၂၃,၈၀၄,၉၄၆) အား စာရင်းဝင်ခြင်း

ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်းအား ထုတ်ဝေပြီးနှင့်ထုတ်ဝေရန်ကျန်ရှိသော အစုရှယ်ယာများ (issued and outstanding shares) ၏ ၁၀၀ ရာခိုင်နှုန်းကို ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ခြင်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီက ထုတ်ပြန်ခြင်းဖြစ်သည်။

ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်းဖြင့် မည်သည့်အစုရှယ်ယာကိုမျှ ရယူရန် ကမ်းလှမ်းခြင်းကိုသော်လည်းကောင်း၊ ရောင်းချခြင်းကိုသော်လည်းကောင်း ပြုလုပ်ခြင်း မရှိပါ။

ကုမ္ပဏီ၏အစုရှယ်ယာများအား မြန်မာနိုင်ငံသားများ၊ မြန်မာကုမ္ပဏီများနှင့် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉၊ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၆ ရက်နေ့ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၂၀ နှင့် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၃ ရက်နေ့ ရက်စွဲပါ ကြေညာချက်အမှတ် ၄/၂၀၂၀ တို့အရ သတ်မှတ်ထားသော နိုင်ငံခြားအစုရှယ်ယာရှင် အချိုးတစ်ခုအထိ ဝယ်ယူခြင်းနှင့် ရောင်းချခြင်းများ ပြုလုပ်နိုင်ပါသည်။

ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်းများ ပိုင်ဆိုင်ခြင်း၊ ဖြန့်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းများကို ပြုလုပ်ရန်အတွက် သီးခြားဆောင်ရွက်မှုများပြုလုပ်ရန်လိုအပ်သော စီရင်ပိုင်ခွင့်ဒေသများတွင် ထိုရည်ရွယ်ချက်အတွက် လိုအပ်သောဆောင်ရွက်မှုများ ပြုလုပ်ခဲ့ခြင်း သို့မဟုတ် ပြုလုပ်ရန် ခွင့်ပြုခြင်းများ မရှိပါ။ သို့ဖြစ်ပါ၍ ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်းကို အခြားသောစီရင်ပိုင်ခွင့်ဒေသများတွင် ဖြန့်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းများ ပြုလုပ်နိုင်ခြင်း မရှိပါ။

**စာရင်းဝင်ခြင်းအတွက် ငွေရေးကြေးရေးဆိုင်ရာအကြံပေး**
**KBZ Stirling Coleman Securities Company Limited**

သို့

ရန်ကုန်စတော့အိပ်ချိန်းဖက်စပ်ကုမ္ပဏီလီမိတက်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

| | |
|---|---|
| ကုမ္ပဏီ၏ အမည် | Myanmar Agro Exchange Public Company Limited |
| ကိုယ်စားလှယ်၏ အမည်နှင့် ရာထူး | ဦးဝင်းအောင်၊ ဥက္ကဋ္ဌ |
| လျှောက်ထားသည့် နေ့စွဲ | ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက် |
| မှတ်ပုံတင်ထားသည့်ရုံးခန်းလိပ်စာ | အခန်းအမှတ် A/03-01,02,03၊ အမှတ် ၂၆၂-၂၆၄၊ ပြည်လမ်း၊ ဒဂုန်စင်တာ၊ Block A၊ (၄) လွှာ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ |
| ဆက်သွယ်ရန် - | |
| လိပ်စာ | အထက်တွင်ဖော်ပြထားသော မှတ်ပုံတင်ရုံးခန်း လိပ်စာအတိုင်း ဖြစ်ပါသည် |
| တယ်လီဖုန်း | ၉၅-၀၁ ၅၀၃၅၁၅ ၊ ၉၅-၀၁ ၅၁၄၂၂၆ ၊ ၉၅-၀၁ ၅၁၄၂၂၇ |
| ဖက်စ် | +၉၅-၀၁ ၅၁၆၆၁၆ |
| e-mail | ho@maex.com.mm |
| ကုမ္ပဏီ၏ ငွေရေးကြေးရေးဆိုင်ရာအကြံပေး | KBZ Stirling Coleman Securities Company Limited<br>အခန်း ၆၃၁၊ ၆ လွှာ၊ Strand Square<br>အမှတ် ၅၃၊ ကမ်းနားလမ်း၊<br>ပန်းဘဲတန်း မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။ |
| ကုမ္ပဏီ၏ ဥပဒေရေးရာအကြံပေး | Myanmar Legal MHM Limited<br>အခန်း ၁၆-၀၁/၀၂၊ Junction City Tower<br>အမှတ် ၃-အေ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။ |
| ကုမ္ပဏီ၏ စာရင်းစစ်များ | Win Thin and Associates<br>အခန်း ၂ ဘီ/၂ စီ၊ ပထမထပ်၊<br>Rose Condominium<br>အမှတ် ၁၈၂/၁၉၄၊ ဗိုလ်တထောင်ဘုရားလမ်း<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်၊ မြန်မာ။ |
| အဓိကဘဏ်များ | ကမ္ဘောဇဘဏ်လီမိတက်<br>အမှတ် ၆၁၅/၁၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာ။<br>ဖုန်း +၉၅-၉ ၉၅၁၀၁၈၅၅၅<br>ဖက်စ် - N/A<br><br>ရောဝတီဘဏ်လီမိတက် YGN-33 |

အမှတ် ၄၀/အေ၊ ဘီ၊ မြေညီထပ်
မပိုလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်း
မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာ။
ဖုန်း ၀၁ ၅၃၄၃၇၈၊ ၀၁ ၅၀၄၅၁၀ ၊ ၀၁-၂၃၀၆၃၈၉
ဖက်စ် ၀၁-၂၃၀၆၃၉၀၊ ၂၃၀၆၃၉၁

**စာရင်းဝင်ခြင်း**

| | |
|---|---|
| စာရင်းဝင်မည့် ငွေချေးသက်သေခံလက်မှတ် အမျိုးအစား | သာမန်အစုရှယ်ယာများ |
| စာရင်းဝင်မည့် ငွေချေးသက်သေခံလက်မှတ် အရေအတွက် | ၂၃,၈၀၄,၉၄၆ |
| အစုရှယ်ယာများစာရင်းဝင်မည့် စတော့အိပ်ချိန်း | ရန်ကုန်စတော့အိပ်ချိန်း |

**ဤစာရင်းဝင်ခြင်းအဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်း၏မိတ္တူများကို အများပြည်သူ ကြည့်ရှုနိုင်ရန်ထားရှိမည့် ရုံးခန်းများ**

| | |
|---|---|
| အဆိုပါရုံးခန်းများ၏ အမည်နှင့် တည်နေရာ | Myanmar Agro Exchange Public Company Limited<br>အမှတ် ၂၆၂-၂၆၄၊ ပြည်လမ်း၊ ဒဂုန်စင်တာ၊ Block A ၊ (၄) လွှာ၊<br>စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊<br>မြန်မာနိုင်ငံ။<br><br>KBZ Stirling Coleman Securities Company Limited<br>အခန်း ၆၃၁၊ ၆ လွှာ၊ Strand Square<br>အမှတ် ၅၃၊ ကမ်းနားလမ်း၊<br>ပန်းဘဲတန်း မြို့နယ်၊<br>ရန်ကုန်တိုင်း ဒေသကြီး၊ မြန်မာနိုင်ငံ။ |

**ဤစာရင်းဝင်ခြင်းအဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်းဖြင့် မည်သည့်အစုရှယ်ယာကိုမျှ ရယူရန် ကမ်းလှမ်းခြင်းကိုသော်လည်းကောင်း၊ ရောင်းချခြင်းကိုသော်လည်းကောင်း ပြုလုပ်ခြင်း မရှိပါ။**

မာတိကာ


အပိုင်း ၁။ စာရင်းဝင်ခြင်း အကျဉ်းချုပ် ...... 6

၁။ အရေးကြီးသောမှတ်ချက် ...... 7

၂။ အနာဂတ်ကို မျှော်တွေးသော ဖော်ပြချက်များ ...... 7

၃။ အဓိပ္ပာယ်ဖော်ပြချက်များ ...... 8

၄။ ရွေးချယ်ဖော်ပြထားသော ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များ ...... 15

အပိုင်း ၂။ စာရင်းဝင်ခြင်းနှင့်စပ်လျဉ်းသောသတင်းအချက်အလက်များ ...... 15

၁။ လက်ရှိအစုရှယ်ယာမတည်ငွေရင်း ...... 15

၂။ ငွေရေးကြေးရေးဆိုင်ရာအကြံပေး၏ အသေးစိတ်အချက်အလက်များ ...... 15

၃။ ငွေချေးသက်သေခံလက်မှတ်များပေးပို့ခြင်း ...... 15

၄။ စာရင်းဝင်ခြင်း ...... 15

၅။ စာရင်းဝင်ခြင်းပြုလုပ်ခြင်းအတွက် ခန့်မှန်းခြေကုန်ကျစရိတ် ...... 16

၆။ မတည်ငွေရင်း ...... 16

၇။ ဆုံးရှုံးနိုင်ခြေရှိမှုများ ...... 16

အပိုင်း ၃။ ကုမ္ပဏီ၏ သတင်းအချက်အလက်များ ...... 31

၁။ ကုမ္ပဏီ၏ အကျဉ်းချုပ် ...... 31

၂။ စီးပွားရေးလုပ်ငန်းအကြောင်းဖော်ပြချက် ...... 36

အပိုင်း ၄။ ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအဖွဲ့၊ အစုရှယ်ယာရှင်များ၊ အစုရှယ်ယာများ နှင့်ပတ်သက်သောသတင်း အချက်အလက်များ ...... 67

၁။ ဒါရိုက်တာအဖွဲ့ နှင့် ဒါရိုက်တာများ ...... 67

၂။ စီမံခန့်ခွဲမှုဆိုင်ရာပုဂ္ဂိုလ်များ ...... 68

၃။ အရေးပါသော နောက်ခံသတင်းအချက်အလက်များ ...... 68

၄။ အခကြေးငွေနှင့် အခြားနည်းဖြင့် အကျိုးခံစားခွင့်များ ...... 75

၅။ စီမံခန့်ခွဲမှုသတင်းပို့ခြင်းဆိုင်ရာ ဖွဲ့စည်းမှုပုံစံ ...... 76

၆။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ...... 76

၇။ အစုရှယ်ယာရှင်များ ...... 78

၈။ အမြတ်ဝေစုများ၊ အမြတ်ဝေစုခွဲဝေခြင်းဆိုင်ရာ မူဝါဒ ...... 79

၉။ ကုမ္ပဏီ၏အစုရှယ်ယာများဆိုင်ရာ ဖော်ပြချက် ...... 80

အပိုင်း ၅။ ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများဆိုင်ရာရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုများ ...... 86

၁။ ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့်ပြုလုပ်သည့် အရေးပါသောရောင်းဝယ်လွှဲပြောင်း ဆောင်ရွက်မှုများ ...... 86

၂။ အခြားသော အကျိုးစီးပွားငြိစွန်းမှုများ ...... 88

အပိုင်း ၆။ ဘဏ္ဍာရေးဆိုင်ရာသတင်းအချက်အလက်များ ...... 92

၁။ ဘဏ္ဍာရေးဆိုင်ရာသတင်းအချက်အလက်များ ........ 92
၂။ တရားရေးရာအမှုအခင်းများ ........ ၁၀၀
အပိုင်း ၇။ မြန်မာနိုင်ငံငွေချေးသက်သေခံလုပ်ငန်းဈေးကွက် ........ 137
၁။ မြန်မာနိုင်ငံ၏ ဥပဒေရေးရာ/ ကြီးကြပ်မှုဆိုင်ရာစနစ်၏အကျဉ်းချုပ် ........ 137
၂။ မြန်မာနိုင်ငံ ငွေချေးသက်သေခံဈေးကွက်အပေါ်ယေဘုယျကောက်နုတ်ချက် ........ 140
၃။ ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ခြင်းနှင့်ရောင်းဝယ်မှု ပြုလုပ်ခြင်း ........ 142
အပိုင်း ၈။ မြန်မာနိုင်ငံ၏ အရေးပါသောဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ........ 143
၁။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (ဥပဒေအမှတ် ၂၉/၂၀၁၇) ........ 143
၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (ဥပဒေအမှတ် ၄၀/၂၀၁၆) ........ 144
၃။ ၂၀၁၃ ခုနှစ်၊ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ........ 144
၄။ အလုပ်သမားနှင့် လူ့အင်အားဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ........ 144
၅။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မြန်မာနိုင်ငံ၏စည်းမျဉ်းစည်းကမ်းများ ........ 145
၆။ မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ချက်များအပေါ် သက်ရောက်သော အထွေထွေ စည်းမျဉ်းများ ........ 146
၇။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥပဒေများနှင့် နည်းဥပဒေများ ........ 146
၈။ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ........ 147
၉။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်ဆက်သွယ်ဆောင်ရွက်သူအားအလေးထားစိစစ်ခြင်း ........ 148
၁၀။ အိမ်ခြံမြေပစ္စည်းဆိုင်ရာဥပဒေများ ........ 148
၁၁။ အထွေထွေ ........ 150
အပိုင်း ၉။ အခွန်ပေးဆောင်ခြင်း ........ 150
၁။ အခွန်နှင့်သက်ဆိုင်သည့်နယ်ပယ် ........ 150
၂။ ပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာဝင်ငွေခွန် ........ 150
၃။ ကုမ္ပဏီဆိုင်ရာဝင်ငွေခွန် ........ 151
၄။ အမြတ်ဝေစုများခွဲဝေခြင်း ........ 152
၅။ အစုရှယ်ယာများရောင်းချခြင်းမှမြတ်စွန်းငွေ ........ 152
အပိုင်း ၁၀။ အခြားသော သတင်းအချက်အလက်များ ........ 153
အပိုင်း ၁၁။ ဒါရိုက်တာများ၏လက်မှတ်များ ........ 154

## အပိုင်း ၁။ စာရင်းဝင်ခြင်း အကျဉ်းချုပ်

### ၁။ အရေးကြီးသောမှတ်ချက်

(က) ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာ ဖွင့်ဟကြေညာစာတမ်းသည် ကုမ္ပဏီ၏ ထုတ်ဝေပြီး နှင့် ထုတ်ဝေရန်ကျန်ရှိသော အစုရှယ်ယာများ (issued and outstanding shares) ၏ ၁၀၀ ရာခိုင်နှုန်းအား ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ရန်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ပြုစုထားခြင်းဖြစ်ပါသည်။ ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်းဖြင့် မည်သည့်အစုရှယ်ယာကိုမျှ ရယူရန်ကမ်းလှမ်းခြင်းကိုသော်လည်းကောင်း၊ ရောင်းချခြင်းကိုသော်လည်းကောင်း မပြုလုပ်ပါ။

(ခ) ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်းတွင် မပါရှိသောအရာများကို သတင်းအချက်အလက်ဖြန့်ဝေခြင်း သို့မဟုတ် အကြောင်းအရာဖော်ပြခြင်းပြုလုပ်ရန် မည်သည့်ပုဂ္ဂိုလ်အားမျှ အခွင့်အာဏာပေးအပ်ထားခြင်းမရှိသည့်အပြင်၊ ဤစာရွက်စာတမ်းတွင်မပါရှိသော မည်သည့်သတင်းအချက်အလက်နှင့်အကြောင်းအရာဖော်ပြခြင်းတို့ကိုမျှ မှီခိုအားထားရန်အတွက် မိမိတို့ကသော်လည်းကောင်း၊ မိမိတို့အားကိုယ်စားပြု၍သော်လည်းကောင်း အခွင့်အာဏာပေးအပ်ထားသည်ဟု အထောက်အထားပြုခြင်း မရှိသင့်ပါ။ ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်းအား ထုတ်ဝေခြင်းကြောင့် ဤစာရွက်စာတမ်းတွင်ပါဝင်သော သတင်းအချက်အလက်များသည် ဤနေ့ရက်၏နောက်ပိုင်း ရက်တစ်ရက်ရက်တွင် မှန်ကန်လျက်ရှိကြောင်းကိုသော်လည်းကောင်း၊ ဤနေ့ရက်၏နောက်ပိုင်းတွင် မိမိတို့၏ကိစ္စရပ်များ၊ အခြေအနေများနှင့် မိမိတို့၏အစုရှယ်ယာများ၏အလားအလာများတွင် ပြောင်းလဲမှုများမရှိကြောင်း သို့မဟုတ် အရေးပါထူးခြားသည့် ပြောင်းလဲသက်ရောက်မှုများပါဝင်သည့် ဖြစ်ပေါ်တိုးတက်မှုများမရှိကြောင်းကိုသော်လည်းကောင်း ဖော်ပြထားသည်ဟု သွယ်ဝိုက်ညွှန်းဆိုခြင်းမရှိစေရ။

(ဂ) ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာ ဖွင့်ဟကြေညာစာတမ်းတွင် ဥပဒေဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ငွေရေးကြေးရေးဆိုင်ရာ၊ အခွန်ဆိုင်ရာ သို့မဟုတ် အခြားအကြောင်းအရာများနှင့်စပ်လျဉ်းသော အကြံပြုချက်များ ပါဝင်ခြင်းမရှိပါ။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မိမိတို့၏အစုရှယ်ယာများတွင် အချိန်ကာလအကန့်အသတ်မရှိဘဲ ရင်းနှီးမြှုပ်နှံခြင်းဖြင့် ငွေရေးကြေးရေးဆိုင်ရာဆုံးရှုံးမှုအန္တရာယ်များနှင့် ကြုံတွေ့ရနိုင်ကြောင်း သတိပြုရမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မိမိတို့၏အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့်စပ်လျဉ်း၍ ဥပဒေဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ငွေရေးကြေးရေးဆိုင်ရာ၊ အခွန်ဆိုင်ရာ သို့မဟုတ် အခြားသက်ဆိုင်ရာကိစ္စရပ်များအတွက် ၎င်းတို့၏သက်ဆိုင်ရာကျွမ်းကျင်သူအကြံပေးများအား တိုင်ပင်ဆွေးနွေးသင့်ပါသည်။

(ဃ) မြန်မာနိုင်ငံငွေချေး သက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉၊ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၆ ရက်နေ့ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၂၀ နှင့် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၃ ရက်နေ့ရက်စွဲပါ ကြေညာချက်အမှတ် ၄/၂၀၂၀ တို့အရ နိုင်ငံခြားသားအစုရှယ်ယာရှင်များသည် သတ်မှတ်ထားသော ပါဝင်မှုအချိုးတစ်ခုအထိသော်လည်းကောင်း၊ မြန်မာနိုင်ငံသားများ၊ မြန်မာကုမ္ပဏီများ မှသော်လည်းကောင်း ကုမ္ပဏီ၏အစုရှယ်ယာများအား ဝယ်ယူခြင်းနှင့် ရောင်းချခြင်းများ ပြုလုပ်နိုင်ပါသည်။

(င) ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်းအား အင်္ဂလိပ်ဘာသာ နှင့် မြန်မာဘာသာနှစ်မျိုးစလုံးဖြင့် ထုတ်ဝေပါသည်။ အကယ်၍ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာရေးသားချက်များအကြားကွဲလွဲမှု ရှိခဲ့ပါက အင်္ဂလိပ်ဘာသာဖြင့်ရေးသားဖော်ပြချက်ကိုသာ အတည်ယူရမည်ဖြစ်ပါသည်။

**မိမိတို့ဒါရိုက်တာများ၏ တာဝန်ယူကြောင်းဖော်ပြချက်**

ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်းတွင်ဖော်ပြထားသော ကုမ္ပဏီ၏ အရေးပါသည့်အချက်အလက်များနှင့်စပ်လျဉ်း၍ မိမိတို့၏ဒါရိုက်တာများက သင့်တင့်မျှတသော စုံစမ်းမေးမြန်းမှုများအားလုံးကို လုပ်ဆောင်အတည်ပြုကာ ၎င်းတို့၏ အကောင်းဆုံးသိရှိနားလည်မှုနှင့် ယုံကြည်မှုတို့အရ တိကျမှန်ကန်မှုရှိကြောင်းနှင့် မှားယွင်းသော၊ သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်စေသော ဖော်ပြချက်များနှင့် ခြွင်းချန်ထားမှုများ မရှိကြောင်း ဒါရိုက်တာများတစ်ဦးချင်းစီက အပြည့်အဝ တာဝန်ယူပါသည်။ ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်းတွင် ပုံနှိပ်ထုတ်ဝေထားသော သို့မဟုတ် အခြားနည်းဖြင့် အများပြည်သူသိရှိနိုင်သော အရင်းအမြစ်များ သို့မဟုတ် အမည်ဖော်ပြထားသောအရင်းအမြစ်များမှ ထုတ်နုတ်ထားခြင်းဖြစ်ပါက မိမိတို့ဒါရိုက်တာများ၏ တစ်ခုတည်းသောတာဝန်ရှိမှုမှာ အဆိုပါသတင်းအချက်အလက်များကို ယင်းအရင်းအမြစ်များထံမှ တိကျမှန်ကန်စွာထုတ်နုတ်ထားခြင်း နှင့်/ သို့မဟုတ် သင့်တင့်သောပုံစံနှင့် အကြောင်းအရာတို့အား ဤစာရင်းဝင်အဖြစ် တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်းတွင် ပြန်လည်ထည့်သွင်းထားခြင်းပင်ဖြစ်ပါသည်။

ကုမ္ပဏီသည် ရန်ကုန်စတော့အိပ်ချိန်း၏ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်အတွက် ဒါရိုက်တာများသည် စုပေါင်းလျက်သော်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း သေချာအောင်ဆောင်ရွက်မည်ဖြစ်ပါသည်။

**၂။ အနာဂတ်ကို မျှော်တွေးသော ဖော်ပြချက်များ**

ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာ ဖွင့်ဟကြေညာစာတမ်းတွင် အချို့သောဖော်ပြချက်များမှာ "အနာဂတ်ကိုမျှော်တွေးသောဖော်ပြချက်များ" ပါဝင်ပါသည်။ အနာဂတ်ကိုမျှော်တွေးသော အသုံးအနှုန်းများဖြစ်သည့် "မျှော်မှန်းသည်"၊ "ယုံကြည်သည်"၊ "အစီအမံပြုလုပ်သည်"၊ "ရည်ရွယ်သည်"၊ "ခန့်မှန်းသည်"၊ "မျှော်တွေးသည်"၊ "ဖြစ်နိုင်သည်"၊ "ဖြစ်လိမ့်မည်"၊ "ပြုလုပ်နိုင်သည်" သို့မဟုတ် အခြားအလားတူစကားလုံးများဖြင့် ဤကဲ့သို့သော အချို့ဖော်ပြချက်များကို သိရှိနိုင်မည်ဖြစ်ပါသည်။ မိမိတို့ကုမ္ပဏီ၏ မျှော်မှန်းထားသောငွေရေးကြေးရေးအခြေအနေ၊ စီးပွားရေးမဟာဗျူဟာ၊ စီမံချက်များနှင့်အလားအလာများသည် အနာဂတ်ကိုမျှော်တွေးသော ဖော်ပြချက်များဖြစ်ပါသည်။ ဤအနာဂတ်ကိုမျှော်တွေးသောဖော်ပြချက်များတွင် အောက်ပါဖော်ပြချက်များ ပါဝင်ပါသည် -

- မိမိတို့၏ ဝင်ငွေနှင့် အမြတ်ရရှိနိုင်မှု၊
- တည်ငြင်းကုန်းလက်ကားဈေးကြီး၏ လုပ်ငန်းစဉ်အဆင့် ၁-၁၊ လုပ်ငန်းစဉ် အဆင့် ၂ နှင့် လုပ်ငန်းစဉ် အဆင့် ၂-၁ တို့အတွက်ဆောင်ရွက်မည့် စီမံချက်၊
- မိမိတို့၏ အလားအလာများ၊
- မိမိတို့၏ အမြတ်ခွဲဝေမှုဆိုင်ရာမူဝါဒ၊ နှင့်
- ဈေးကွက်ပြောင်းလဲမှုအလားအလာများ။

ဤအနာဂတ်ကိုမျှော်တွေးသောဖော်ပြချက်များတွင် ကုမ္ပဏီ၏ အမှန်တကယ်ရလဒ်များ၊ စွမ်းဆောင်မှုများ သို့မဟုတ် အောင်မြင်မှုများသည် အဆိုပါအနာဂတ်ကိုမျှော်တွေးသောဖော်ပြချက်များအရ တိုက်ရိုက်ဖော်ပြထားသည်ဖြစ်စေ၊ သွယ်ဝိုက်၍အဓိပ္ပာယ်သက်ရောက်စေသည်ဖြစ်စေ မျှော်မှန်းထားသည့် အနာဂတ်ရလဒ်များ၊ စွမ်းဆောင်မှုများ သို့မဟုတ် အောင်မြင်မှုများနှင့် သိသာစွာကွာခြားစေရန် အကြောင်းရင်းများဖြစ်သည့် သိရှိသော သို့မဟုတ် မသိရှိသော ဆုံးရှုံးနိုင်ခြေများ၊ မသေချာမရေရာမှုများနှင့် အခြားသောအကြောင်းအချက်များ ပါဝင်ပါသည်။ ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်း၏ "ဆုံးရှုံးနိုင်သောအကြောင်းအချက်များ" အပိုဒ်တွင် ဤကဲ့သို့သောဆုံးရှုံးနိုင်ခြေများ၊ မသေချာမရေရာမှုများနှင့် အခြားသော အကြောင်းအချက်များကို ပိုမို၍ အသေးစိတ်ဖော်ပြထားပါသည်။ မည်သို့ပင်ဆိုစေ၊ ယင်းတို့သည် ပြီးပြည့်စုံမည်မဟုတ်ဘဲ၊ ဤစာရင်းဝင်ခြင်းအဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်း၏ အခြားသောအပိုဒ်များတွင်လည်း မိမိတို့၏ ရလဒ်များ၊

စွမ်းဆောင်မှုများ သို့မဟုတ် အောင်မြင်မှုများအပေါ် သိသာစွာထိခိုက်နိုင်သည့် ဆုံးရှုံးနိုင်ခြေများ၊ မသေချာမရေရာမှုများနှင့် အခြားသောအကြောင်းအချက်များကို ထပ်မံ၍ ဖော်ပြထားပါသည်။

## ၃။ အဓိပ္ပာယ်ဖော်ပြချက်များ

**သက်ဆိုင်ရာဥပဒေများ**

အစိုးရအာဏာပိုင်အဖွဲ့အစည်းတစ်ခုခုမှ ထုတ်ပြန်သော အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် မူဝါဒများ အားလုံး အပါအဝင်၊ လက်ရှိ အာဏာသက်ရောက်လျက်ရှိသည့် ဥပဒေများ၊ ဥပဒေရေးရာ သတ်မှတ်ချက်များ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ နှင့် စည်းကမ်းဥပဒေများ။

**တွဲဖက်လုပ်ကိုင်သူ (Associate)**

(က) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦး၊ မန်နေဂျင်းဒါရိုက်တာ သို့မဟုတ် ထိန်းချုပ်နိုင်ခွင့်ရှိသည့် အစုရှယ်ယာရှင်၊ (လူပုဂ္ဂိုလ်တစ်ဦးချင်း) နှင့် စပ်လျဉ်း၍

(၁) ၎င်း၏ ဇနီး၊ ခင်ပွန်း၊ ညီအစ်ကို၊ ညီအစ်မ၊ မောင်နှမ သို့မဟုတ် အထက် သို့မဟုတ် အောက် အဆင့် ဆွေမျိုးတော်စပ်သူများ၊ သို့မဟုတ် မွေးစားခြင်းကြောင့် အထက်ဖော်ပြပါအတိုင်း တော်စပ်လာသူများ၊

(၂) ယုံကြည်အပ်နှံမှုတစ်ခုခု၏ ယုံမှတ်အပ်နှံခြင်းခံရသူတစ်ဦးဦးနှင့် အကျိုးခံစားခွင့်ရှိသော အထက်အပိုဒ် (၁) တွင်ဖော်ပြထားသူတစ်ဦးဦး သို့မဟုတ် အကျိုးခံစားခွင့်ရှိသူက လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသည့် ယုံမှတ်အပ်နှံမှု (Discretionary trust) တစ်ခု၏ လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသည့်အရာ၊

(၃) ယင်းပုဂ္ဂိုလ် သို့မဟုတ် အထက်အပိုဒ် (၁) တွင်ဖော်ပြထားသော ၎င်းနှင့်တော်စပ်သူတစ်ဦးဦးက (တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း) ထိန်းချုပ်နိုင်စွမ်းရှိသည့် ကုမ္ပဏီတစ်ခု၊

(ခ) (ကုမ္ပဏီနှင့်စပ်လျဉ်း၍) ကုမ္ပဏီ၏ ထိန်းချုပ်နိုင်စွမ်းရှိသည့် အစုရှယ်ယာရှင်နှင့် ယင်းကုမ္ပဏီ၏လက်အောက်ခံကုမ္ပဏီ သို့မဟုတ် မိခင်ကုမ္ပဏီ သို့မဟုတ် ယင်းမိခင်ကုမ္ပဏီ၏လက်အောက်ခံကုမ္ပဏီ။

**တွဲဖက်လုပ်ကိုင်သည့်ကုမ္ပဏီ (Associate Company)**

(က) ကုမ္ပဏီ၏ မိခင်ကုမ္ပဏီ၊

(ခ) ကုမ္ပဏီ၏ မိခင်ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီများ၊

(ဂ) ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီများနှင့် ယင်းက မဲပေးပိုင်ခွင့်ရှိသော အစုရှယ်ယာများ၏ ၂၀ ရာခိုင်နှုန်းကိုပိုင်ဆိုင်ထားသော အခြားကုမ္ပဏီ။

**စာရင်းစစ်ကော်မတီ**

ကုမ္ပဏီ၏ငွေရေးကြေးရေးဆိုင်ရာစာရင်းဇယားများ၊ ဌာနတွင်းနှင့် ပြင်ပဆိုင်ရာထိန်းချုပ်မှုများနှင့် စာရင်းစစ်ဆေးခြင်းများနှင့်စပ်လျဉ်း၍ သုံးသပ်ရန်နှင့် ကြီးကြပ်ကွပ်ကဲရန်အတွက် ဖွဲ့စည်းထားသော ဒါရိုက်တာများအဖွဲ့၏ ကော်မတီတစ်ရပ်။

| | |
|---|---|
| **ဘုတ်အဖွဲ့ သို့မဟုတ် ဒါရိုက်တာများအဖွဲ့** | ကုမ္ပဏီ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ရွေးချယ်တင်မြှောက်ခဲ့သည့် ဒါရိုက်တာများအဖွဲ့။ ဒါရိုက်တာများအဖွဲ့သည် အစုရှယ်ယာများထုတ်ဝေခြင်းကဲ့သို့သော ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြထားသည့်လုပ်ငန်းများကို ဆောင်ရွက်ပါသည်။ |
| **စီးပွားရေးလုပ်ငန်း** | ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်း၏ **အပိုင်း ၃ - ကုမ္ပဏီ၏သတင်းအချက်အလက်များအပိုင်း** တွင် ဖော်ပြထားသော ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း။ |
| **အလုပ်လုပ်ရက်** | မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းများအတွက် ယေဘုယျအားဖြင့် ဘဏ်များဖွင့်လှစ်သော (စနေနေ့၊ တနင်္ဂနွေနေ့နှင့် ဥပဒေနှင့်အညီ ကြေညာထားသည့် အများပြည်သူအလုပ်ပိတ်ရက် မဟုတ်သော) ရက်တစ်ရက်။ |
| **မတည်ငွေရင်း** | ကုမ္ပဏီ၏အစုရှယ်ယာမတည်ငွေရင်း။ |
| **CBM** | မြန်မာနိုင်ငံတော်ဗဟိုဘဏ်။ |
| **ကုမ္ပဏီ** | Myanmar Agro Exchange Public Company Limited |
| **ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း** | ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း။ |
| **ဆောက်လုပ်ရေးဆိုင်ရာ သဘောတူစာချုပ်** | ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့ တွင် မိမိတို့ကုမ္ပဏီနှင့် ဒဂုန် တို့အကြား ချုပ်ဆိုခဲ့သော တညင်းကုန်းလက်ကားဈေးဆောက်လုပ်ခြင်းဆိုင်ရာ သဘောတူစာချုပ်။ |
| **ထိန်းချုပ်ခြင်း** | ကုမ္ပဏီတစ်ခုနှင့်စပ်လျဉ်း၍၊ ကုမ္ပဏီ၏ငွေရေးကြေးရေးနှင့် လုပ်ငန်းလည်ပတ်ခြင်းဆိုင်ရာမူဝါဒများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆုံးဖြတ်ချက်များချမှတ်ခြင်းကို လွှမ်းမိုးနိုင်ခြင်း။ |
| **ဒဂုန်** | Dagon International Limited |
| **ဒဂုန်အုပ်စု** | ကုမ္ပဏီ နှင့် Dagon International Limited, Dagon Timber Limited, Dagon Rubber Plantation Limited, Dagon Construction Company Limited, Dagon Foods Limited, Dagon Agriculture Group Limited, Palm Tree Company Limited, Thuriya Energy Company Limited, Dagon Machinery and Automotive Limited, DMC Machinery Limited, New East Dagon Industrial Park Company Limited တို့ အပါအဝင် Dagon Group of Companies။ |
| **တညင်းကုန်းလက်ကားဈေး** | မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ခရေပင်လမ်းနှင့် စက်မှုလမ်းထောင့်ရှိ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်များရောင်းချမည့် ဘက်စုံပါဝင်သော စုပေါင်းလက်ကားဈေး (integrated wholesale complex)။ |
| **တည်ဆောက်အကောင်အထည်** | ၂၀၁၆ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် မိမိတို့ကုမ္ပဏီနှင့် ရန်ကုန်မြို့တော် |

**ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ် (Development Agreement)**

စည်ပင်သာယာရေးကော်မတီအကြား ချုပ်ဆိုခဲ့သော တည်င်းကုန်း လက်ကားဈေးဆောက်လုပ်ရေးနှင့် တည်ဆောက်အကောင်အထည်ဖော်ခြင်း လုပ်ငန်းသဘောတူစာချုပ်။

**DICA**

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။

**ဒါရိုက်တာများ**

ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်းကို ထုတ်ပြန်သည့်နေ့တွင်ရှိသော ကုမ္ပဏီ၏ဒါရိုက်တာများ။

**စာရင်းဝင်အဖြစ်<br>တင်သွင်းခြင်းဆိုင်ရာ<br>ဖွင့်ဟကြေညာစာတမ်း**

ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာ ဖွင့်ဟကြေညာစာတမ်း၏ နောက်ဆက်တွဲများအားလုံးအပါအဝင် ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာ ဖွင့်ဟကြေညာစာတမ်း။

**အဖွဲ့အစည်းတွင်<br>ဆုံးရှုံးနိုင်ခြေရှိခြင်း**

ဤရည်ရွယ်ချက်အတွက် ဒါရိုက်တာအဖွဲ့ကအသိအမှတ်ပြုထားပြီး မည်သည့်စတော့အိပ်ချိန်း သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်အိပ်ချိန်းတွင်မျှ စာရင်းဝင်ထားခြင်းမရှိသော (က)ကုမ္ပဏီ၊ (ခ)တွဲဖက်ကုမ္ပဏီ။

**အမှုဆောင်အရာရှိများ**

ကုမ္ပဏီ၏ အမှုဆောင်အရာရှိများ။

**အစိုးရအာဏာပိုင်များ**

(က) နိုင်ငံ၊ တိုင်းပြည်၊ မြို့တော်၊ မြို့၊ နယ်မြေ၊ ကျေးရွာ၊ ခရိုင် သို့မဟုတ် အခြားစီရင်စု၊ (ခ) နိုင်ငံတော်၊ စီရင်စု၊ ဒေသ၊ စည်ပင်သာယာ၊ နိုင်ငံခြား သို့မဟုတ် အခြားသောအစိုးရ၊ (ဂ) (အေဂျင်စီ၊ ရုံးခွဲ၊ ဌာန၊ ဘုတ်အဖွဲ့၊ ကော်မရှင်၊ တရားရုံး၊ ခုံရုံး သို့မဟုတ် အစိုးရ သို့မဟုတ် သဘောဆောင်သည့် အစိုးရအာဏာကျင့်သုံးသော အခြားအဖွဲ့အစည်းများအပါအဝင်) အစိုးရ သို့မဟုတ် မည်သည့်သဘောသဘာဝမဆိုရှိသည့် သဘောဆောင်သည့်အစိုးရအာဏာပိုင်၊ (ဃ) နိုင်ငံအများနှင့်သက်ဆိုင်သည့် အဖွဲ့အစည်း (multinational organization or body)၊ (c) အုပ်ချုပ်ရေးအာဏာ၊ စီမံခန့်ခွဲရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာ၊ ရဲတပ်ဖွဲ့၊ ကြီးကြပ်မှုအာဏာ သို့မဟုတ် အခွန်စည်းကြပ်မှုအာဏာတို့ကို ကျင့်သုံးသည့် သို့မဟုတ် ကျင့်သုံးနိုင်သည့် သို့မဟုတ် ကျင့်သုံးသည်ဟုအဆိုရှိသည့် အဖွဲ့အစည်း၊ (စ) အထက်ဖော်ပြပါ အဖွဲ့အစည်းတစ်ခုခု၏ အာဏာပိုင်တစ်ဦးဦး။

**KBZSC**

KBZ Stirling Coleman Securities Company Limited။

**Latest Practicable Date**

ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာ ဖွင့်ဟကြေညာစာတမ်း၏ Latest Practicable Date ဖြစ်သော ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့နှင့် အစုရှယ်ယာများ အချိုးကျထည့်ဝင်ခွင့်ပေးခြင်း (Rights Issue) ကြေညာချက်အသက်ဝင်သည့် ၂၀၂၃ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ နောက်ပိုင်း။

**စာရင်းဝင်ခြင်း**

ထုတ်ဝေပြီးနှင့်ထုတ်ဝေရန်ကျန်ရှိသောအစုရှယ်ယာများ (issued and outstanding shares) ၏ ၁၀၀ ရာခိုင်နှုန်းအား ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ခြင်း။

| | |
|---|---|
| **ပင်မစီမံချက် (Master Plan)** | တညင်းကုန်းလက်ကားဈေးအတွက် စီမံချက်နှင့်ဒီဇိုင်း။ |
| **အရေးပါသော သဘောတူစာချုပ်များ** | **အပိုင်း ၃ (၂)- စီးပွားရေးလုပ်ငန်းအကြောင်းဖော်ပြချက်၊ အမှတ်စဉ် (၅) - အရေးပါသောသဘောတူစာချုပ်များ** တွင်ဖော်ပြထားသည့် စီးပွားရေးလုပ်ငန်း၏ သာမန်ဆောင်ရွက်ရန်ကိစ္စများ အတွက်ပြုလုပ်ခြင်းမှအပ ဖြစ်သော ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းအတွက် အဓိကအရေးပါသော သဘောတူစာချုပ်များ။ |
| **MCL 2017** | မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (ဥပဒေ အမှတ် ၂၉/၂၀၁၇)။ |
| **မြန်မာကုမ္ပဏီများ** | ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားပြီး ပြည်ပ ကော်ပိုရေးရှင်း သို့မဟုတ် အခြားနိုင်ငံခြားသား (သို့မဟုတ် ၎င်းတို့စုပေါင်း လျက်) တို့က တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်း ကောင်း၊ ထိန်းချုပ်နိုင်သည့် ပိုင်ဆိုင်မှုပမာဏသုံးဆယ့်ငါးရာခိုင်နှုန်းထက် နည်းသော ကုမ္ပဏီများ။ |
| **ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ်** | ၂၀၂၃ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစုရှယ်ယာရှင် များ၏ အထွေထွေအစည်းအဝေးတွင် မိမိတို့ကုမ္ပဏီက ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းအသစ်ကို အတည်ပြုခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ၂၀၂၃ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် စတင်အာဏာသက်ရောက်ခြင်းအား မိမိတို့ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့က အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၈ နှင့် ၁၉ အညီ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် တင်သွင်း ပြီးသည့်အခါတွင် အာဏာသက်ရောက်လာမည်ဖြစ်သည်။ တင်သွင်းရန် ကျန်ရှိနေပါသည်။ |
| **ကမကထပြုသူများ (Promoters)** | ကုမ္ပဏီ၏စတင်တည်ထောင်သူ အစုရှယ်ယာရှင်များ။ |
| **သက်ဆိုင်ရာအဖွဲ့အစည်း** | (က) ကုမ္ပဏီ၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိ သို့မဟုတ် ထိန်းချုပ်နိုင်ခွင့် ရှိသောအစုရှယ်ယာရှင်၊ (ခ) အဆိုပါဒါရိုက်တာ၊ အမှုဆောင်အရာရှိ သို့မဟုတ် ထိန်းချုပ်နိုင်ခွင့်ရှိသော အစုရှယ်ယာရှင်နှင့်ဆက်စပ်သူ သို့မဟုတ် (ဂ) တွဲဖက်လုပ်ကိုင်သည့်ကုမ္ပဏီ။ |
| **SECM** | မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်။ |
| **SE Law** | ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ (ဥပဒေ အမှတ် ၂၀/၂၀၁၃)။ |
| **SE Rules** | SECM ၏ ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့ရက်စွဲဖြင့်ထုတ်ပြန်သော အမိန့် ကြော်ငြာစာအမှတ် ၁၈၀၆/၂၀၁၅အရ ၂၀၁၅ ခုနှစ်၊ ငွေချေးသက်သေခံ လက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေများ။ |
| **အစုရှယ်ယာရှင်များ** | မိမိတို့ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောအစုရှယ်ယာရှင်များ။ |

| | |
|---|---|
| **အစုရှယ်ယာများ** | ကုမ္ပဏီ၏ မတည်ငွေရင်းဖြင့် ထုတ်ဝေထားသော သာမန်အစုရှယ်ယာများ။ |
| **YCDC** | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။ |
| **YRG** | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့။ |
| **YSX** | ရန်ကုန်စတော့အိပ်ချိန်း။ |

ဤ**စာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်း**တွင် "မိမိတို့ (we)"၊ "မိမိတို့၏ (our)" နှင့် "မိမိတို့အား (us)" ဟု ရည်ညွှန်းထားခြင်းများသည် ကုမ္ပဏီအား ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

**၄။ ရွေးချယ်ဖော်ပြထားသော ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များ**

| | **၂၀၂၁ စက်တင်ဘာ ၃၀ ကုန်အထိ (စာရင်းစစ်ပြီး)** | **၂၀၂၂ စက်တင်ဘာ ၃၀ ကုန်အထိ ၁၂ လတာ (ပေါင်းစည်းထားပြီး၊ စာရင်းမစစ်ရသေးသော)[1]** |
|---|---|---|
| **လက်ကျန်စာရင်းရှင်းတမ်း (ကျပ်ထောင်ပေါင်း)** | | |
| **ငွေသားနှင့် ငွေသား ညီမျှခြင်းများ** | | |
| လက်ငင်းရပိုင်ခွင့်များ | ၁၀,၃၆၈,၀၃၃ | ၁၁,၄၈၂,၈၄၂ |
| လက်ငင်းမဟုတ်သောရပိုင်ခွင့်များ | ၂၀,၃၂၉,၅၇၇ | ၂၂,၀၁၀,၇၁၈ |
| **စုစုပေါင်းရပိုင်ခွင့်များ** | **၃၀,၆၉၇,၆၁၀** | **၃၃,၄၉၃,၅၆၀** |
| | | |
| လက်ငင်းပေးရန်တာဝန်များ | ၆,၇၃၆,၅၄၇ | ၉,၉၃၃,၉၈၀ |
| ကာလရှည်ချေးငွေ | - | |
| လက်ငင်းမဟုတ်သောပေးရန်တာဝန်များ | - | |
| **စုစုပေါင်းပေးရန်တာဝန်များ** | **၆,၇၃၆,၅၄၇** | **၉,၉၃၃,၉၈၀** |
| | | |
| အစုရှယ်ယာမတည်ငွေရင်း | ၂၁,၇၅၃,၀၀၁ | ၂၁,၇၅၃,၀၀၁ |
| အမြတ်လက်ကျန်များ | ၂,၂၀၈,၀၆၂ | ၁,၈၀၆,၅၇၉ |
| **စုစုပေါင်းရင်းနှီးငွေ** | **၂၃,၉၆၁,၀၆၃** | **၂၃,၅၅၉,၅၈၀** |
| | | |
| **အရှုံးအမြတ်စာရင်း (ကျပ်ထောင်ပေါင်း)** | | |
| လူနေဆိုင်ခန်းရောင်းချမှု | ၅,၀၇၃,၈၁၆ | ၇,၂၂၄,၆၉၉ |
| ငှားရမ်းခဝင်ငွေ | ၃,၁၅၂,၃၁၄ | ၄,၁၂၅,၅၅၃ |
| E-Commerce | ၁၁၉,၃၄၉ | ၅၆,၇၃၅ |
| **စုစုပေါင်းဝင်ငွေ** | **၈,၃၄၅,၄၇၉** | **၁၁,၄၀၆,၉၈၇** |
| အရင်းတန်ဖိုး | (၄,၀၁၂,၈၆၉) | (၆,၂၉၃,၇၃၉) |
| **အကြမ်းအမြတ်** | **၄,၃၃၂,၆၁၀** | **၅,၁၁၃,၂၄၈** |
| အထွေထွေနှင့်စီမံခန့်ခွဲမှုစရိတ် | (၁,၃၇၀,၄၆၈) | (၁,၆၀၃,၉၀၀) |
| အရောင်းမြှင့်တင်ရေးစရိတ် | (၂၉၈) | (၂၅,၄၂၆) |
| ဘဏ္ဍာရေးဆိုင်ရာကုန်ကျစရိတ်များ | (၆၉၃) | (၇၁၆) |
| YCDC သို့ အမြတ်ဝေစုမခွဲမီအမြတ် | ၃,၀၃၁,၂၆၈ | ၃,၇၆၇,၃၅၆ |
| YCDC အတွက် အမြတ်ဝေစု | (၇၆၆,၁၄၁) | (၉၅၂,၇၁၆) |
| ဝင်ငွေခွန် | (၅၈,၀၈၈) | (၆၁၉,၂၂၀) |
| **အသားတင်အမြတ်** | **၂,၂၀၇,၀၃၉** | **၂,၁၉၅,၄၂၀** |

ဤငွေရေးကြေးရေးဆိုင်ရာစာရင်းအကျဉ်းချုပ်ကို ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာ ဖွင့်ဟကြေညာစာတမ်း၏ အပိုင်း (၆) တွင်ဖော်ပြပါရှိသော ဘဏ္ဍာရေးဆိုင်ရာသတင်းအချက်အလက်များနှင့် အတူတကွ တွဲဖက်

[1] မြန်မာနိုင်ငံတွင်မှတ်ပုံတင်ထားသည့် အခြားသောကုမ္ပဏီများနှင့်အလားတူ မိမိတို့ကုမ္ပဏီကို အစိုးရကသတ်မှတ်ပြဋ္ဌာန်းသည့်အတိုင်း ၂၀၂၂ ခုနှစ်ကုန်တွင်အဆုံးသတ်သည့် ဘဏ္ဍာရေးနှစ်ပြောင်းလဲမှုလိုအပ်ချက်အရဖြစ်ပါသည်။ မိမိတို့ကုမ္ပဏီ၏တိုးတက်မှုကို ရင်းနှီးမြှုပ်နှံသူများနားလည်စေရန်အတွက် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးသည့် ပြီးခဲ့သည့်နှစ်နှစ်တာကာလအတွက် ပြင်ဆင်ထားခြင်းဖြစ်ပြီး၊ ၂၀၂၂ ခုနှစ် မတ်လ ၃၀ အထိ ခြောက်လတာကာလအတွက် စာရင်းစစ်ဆေးပြီးဘဏ္ဍာရေးရှင်းတမ်းနှင့် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၃၀ အထိ စာရင်းမစစ်ရသေးသည့် ကြားကာလဘဏ္ဍာရေးရှင်းတမ်းကို (ကြားကာလဘဏ္ဍာရေးရှင်းတမ်းအား စာရင်းစစ်ပြီးစီးရန်လိုအပ်ခြင်းမရှိဟုမှတ်ယူ၍) ပေါင်းထားခြင်းဖြစ်ပါသည်။

ဖတ်ရှုရန်ဖြစ်ပါသည်။ ယခင်ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးဆိုင်ရာသတင်းအချက်အလက်များအား ကုမ္ပဏီ၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် https://www.maex.com.mm/audit-report/ တွင် ရယူကြည့်ရှုနိုင်ပါသည်။

## အပိုင်း ၂။ စာရင်းဝင်ခြင်းနှင့်စပ်လျဉ်းသောသတင်းအချက်အလက်များ

### ၁။ လက်ရှိအစုရှယ်ယာမတည်ငွေရင်း

| | |
|---|---|
| ကုမ္ပဏီ | မြန်မာနိုင်ငံ၏ဥပဒေများအရ ဖွဲ့စည်းတည်ထောင်ထားသော အများနှင့်သက်ဆိုင်သောကုမ္ပဏီတစ်ခုဖြစ်သည့် Myanmar Agro Exchange Public Company Limited။ |
| စာရင်းဝင်ခြင်း | အားလုံးသောအစုရှယ်ယာများဖြစ်သည့် အစုရှယ်ယာ [၂၃,၈၀၄,၉၄၆] စုကို ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ပြီး၊ အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါသည်။ |
| ရောင်းဝယ်လွှဲပြောင်းခြင်းကို ကန့်သတ်ထားသည့်ကာလ | ၂၀၂၃ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကြေညာခဲ့သည့် rights issue အရ ထုတ်ဝေခဲ့သော အစုရှယ်ယာပေါင်း ၂,၁၆၄,၀၈၆ ကို ကုမ္ပဏီစာရင်းဝင်သည့်နေ့ရက်မှ ၃ လအထိ ရောင်းဝယ်လွှဲပြောင်းခြင်းကိုကန့်သတ်ထားသည့်ကာလ။ |

### ၂။ ငွေရေးကြေးရေးဆိုင်ရာအကြံပေး၏ အသေးစိတ်အချက်အလက်များ

| | |
|---|---|
| အမည် | KBZ Stirling Coleman Securities Company Limited |
| မှတ်ပုံတင်ထားသော လိပ်စာ | Strand Square [6th Floor, Unit 631]<br>အမှတ် ၅၃၊ ကမ်းနားလမ်း<br>ပန်းဘဲတန်း မြို့နယ်၊<br>ရန်ကုန်တိုင်း ဒေသကြီး၊ မြန်မာ။ |
| ကုမ္ပဏီ မှတ်ပုံတင် အမှတ် | 135270385 |
| ငွေချေးသက်သေခံလက်မှတ်များ လိုင်စင် အမှတ် | **No. 001** |
| တယ်လီဖုန်းနံပါတ် | **01-2307300** |
| ဖက်စ် နံပါတ် | **01-2307309** |
| ဝက်ဘ်ဆိုဒ် | https://kbzsc.com/ |

### ၃။ ငွေချေးသက်သေခံလက်မှတ်များပေးပို့ခြင်း

ရန်ကုန်စတော့အိပ်ချိန်းတွင် အစုရှယ်ယာများအား စာရင်းဝင်ပြုလုပ်မည်ဖြစ်သဖြင့် အစုရှယ်ယာလက်မှတ်များကိုထုတ်ပေးခြင်းပြုလုပ်မည် မဟုတ်ပါ။ ကုမ္ပဏီ၏ပါဝင်သူများ မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော အစုရှယ်ယာရှင်များပိုင်ဆိုင်သည့် အစုရှယ်ယာအရေအတွက်အတိုင်း စာရင်းဝင်သည့်နေ့ နံနက် ၈ နာရီ မတိုင်မီ၊ ၎င်းတို့၏ ငွေချေးသက်သေခံလက်မှတ်စာရင်းသို့ မြီရှင်စာရင်းသွင်းပေးမည်ဖြစ်ပါသည်။

### ၄။ စာရင်းဝင်ခြင်း

ရန်ကုန်စတော့အိပ်ချိန်း၏ခွင့်ပြုချက်အပေါ် တည်မှီလျက်၊ မိမိတို့ကုမ္ပဏီ၏အစုရှယ်ယာများအားလုံးကို ရန်ကုန်စတော့အိပ်ချိန်းတွင်စာရင်းဝင်ပြီး အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါသည်။

## ၅။ စာရင်းဝင်ခြင်းပြုလုပ်ခြင်းအတွက် ခန့်မှန်းခြေကုန်ကျစရိတ်

စာရင်းဝင်ခြင်းနှင့်စပ်လျဉ်း၍ မိမိတို့ပေးချေရမည့် ခန့်မှန်းခြေကုန်ကျစရိတ်စုစုပေါင်းမှာ ၂၉၀,၃၄၃,၁၅၃ ကျပ်ဖြစ်ပြီး၊ အသေးစိတ်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စာရင်းဝင်ခြင်းဆိုင်ရာ ခန့်မှန်းခြေ ကုန်ကျစရိတ်များ | ကျပ် |
|---|---|
| ကျွမ်းကျင်မှုဆိုင်ရာအခကြေးငွေများ<br>(ငွေရေးကြေးရေးအကြံပေးဆိုင်ရာအခကြေးငွေနှင့်<br>ဥပဒေရေးရာအကြံပေးဆိုင်ရာအခကြေးငွေ) | ၂၆၃,၆၈၉,၂၅၀ |
| စာရင်းဝင်ခြင်းအခကြေးငွေ | ၁၂,၆၅၉,၉၀၃ |
| စာရင်းဝင်စစ်ဆေးခြင်းအခကြေးငွေ | ၁,၅၀၀,၀၀၀ |
| ပုံနှိပ်ခြင်းနှင့် ကြော်ငြာစရိတ် | ၇,၅၀၀,၀၀၀ |
| အထွေထွေကုန်ကျစရိတ်များ | ၅,၀၀၀,၀၀၀ |
| **ခန့်မှန်းခြေစုစုပေါင်းကုန်ကျစရိတ်** | **၂၉၀,၃၄၉,၁၅၃** |

## ၆။ မတည်ငွေရင်း

အောက်ဖော်ပြပါဇယားသည် မိမိတို့ကုမ္ပဏီ၏ ၂၀၂၃ ခုနှစ် မေလ ၃၁ ရက်နေ့အထိဖြစ်သည့် မတည်ငွေရင်း ဖြစ်ပါသည်။

| | (စာရင်းစစ်ဆေးခြင်းမပြုရသေးသော) ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ အခြေအနေ (ကျပ်ထောင်ပေါင်း) |
|---|---|
| **ရပိုင်ခွင့်** | |
| အစုရှယ်ယာမတည်ငွေရင်း | ၂၄,၉၉၉,၁၃၀ |
| အမြတ်လက်ကျန်များ | ၃,၀၃၀,၂၁၉ |
| **စုစုပေါင်း အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ** | **၂၈,၀၂၉,၃၄၉** |
| | |
| **လက်ငင်းမဟုတ်သောပေးရန်တာဝန်များ** | |
| ဘဏ်ချေးငွေ | ၄,၀၀၀,၀၀၀ |
| **စုစုပေါင်းလက်ငင်းမဟုတ်သောပေးရန်တာဝန်များ** | ၄,၀၀၀,၀၀၀ |
| | |
| **လက်ငင်းပေးရန်တာဝန်များ** | |
| ကုန်သွယ်မှုနှင့် အခြားပေးရန်တာဝန်များ | ၇,၄၄၉,၂၇၁ |
| လျာထားမှုများ | ၁,၉၁၀,၁၅၆ |
| **စုစုပေါင်းလက်ငင်းပေးရန်တာဝန်များ** | ၉,၃၅၉,၄၂၇ |
| | |
| **စုစုပေါင်းရပိုင်ခွင့်နှင့် ပေးရန်တာဝန်များ** | ၄၁,၃၈၈,၇၇၆ |

## ၇။ ဆုံးရှုံးနိုင်ခြေရှိမှုများ

*အစုရှယ်ယာများဖြင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းသည် သိသာသော ဆုံးရှုံးနိုင်ခြေရှိပြီး၊ ဤစာရင်းဝင်အဖြစ် တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်းတွင် အထူးပြုဖော်ပြထားသည့် ဆုံးရှုံးနိုင်မှုအန္တရာယ်များကို နားလည်သော ပုဂ္ဂိုလ်များအတွက်သာ သင့်လျော်မှုရှိပါသည်။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်ရည်ရွယ်ထားသောပုဂ္ဂိုလ်များ*

*အနေဖြင့် အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်းမပြုလုပ်မီ အောက်အပိုဒ်တွင်ဖော်ပြထားသော ဆုံးရှုံးနိုင်မှုအန္တရာယ်များနှင့် ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်းတွင်ဖော်ပြထားသော အခြားသတင်းအချက်အလက်များကို သေချာစွာစဉ်းစားသုံးသပ်သင့်ပါသည်။ ဤဆုံးရှုံးနိုင်မှုအန္တရာယ်များသည် မိမိတို့ကုမ္ပဏီကသာ ရင်ဆိုင်နေရသော ကိစ္စရပ်များ မဟုတ်ပါ။ အချို့သောဆုံးရှုံးနိုင်မှုအန္တရာယ်များအား မိမိတို့အနေဖြင့် သိရှိသေးခြင်းမရှိသည့်အပြင်၊ လက်ရှိကာလတွင်အရေးပါသော ဆုံးရှုံးနိုင်မှုအန္တရာယ်ဟု မိမိတို့ကမသတ်မှတ်သော်လည်း၊ နောင်ကာလတွင်အရေးပါသောအဖြစ်သို့ပြောင်းလဲနိုင်သည့် အခြားသောဆုံးရှုံးနိုင်မှု အန္တရာယ်များလည်းရှိနိုင်ပါသည်။ အကယ်၍ ယင်းဆုံးရှုံးနိုင်ခြေများသည် အမှန်တကယ်ဖြစ်ပေါ်ခဲ့ပါက ကုမ္ပဏီ၏ ငွေရေးကြေးရေးအခြေအနေ၊ ရလဒ်များ၊ ငွေကြေးစီးဆင်းမှု၊ စီးပွားရေးလုပ်ငန်းလည်ပတ်မှုနှင့် အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံမှုများအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အရေးပါစွာနှင့်သိသာစွာ ထိခိုက်မည်ဖြစ်ပါသည်။ ယင်းကဲ့သို့ဖြစ်ရပ်ဖြစ်ပေါ်ခဲ့ပါက အစုရှယ်ယာများ၏ အရောင်းအဝယ်ဈေးနှုန်းသည် အတက်အကျဖြစ်ခြင်း သို့မဟုတ် ကျဆင်းခြင်းဖြစ်ပေါ်နိုင်ပြီး ရင်းနှီးမြှုပ်နှံသူများသည် အစုရှယ်ယာများတွင် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများ၏ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ တစ်စုလုံးသော်လည်းကောင်း ဆုံးရှုံးမည့်အခြေအနေသို့ ဆိုက်ရောက်နိုင်ပါသည်။*

*ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်းတွင် ဆုံးရှုံးနိုင်ခြေရှိမှုများနှင့် မသေချာမှုများ ပါဝင်သော အနာဂတ်ကိုမျှော်တွေးသည့်ဖော်ပြချက်များပါရှိပါသည်။ ကုမ္ပဏီ၏ အမှန်တကယ်ရလဒ်များသည် ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်း၏ ဤအပိုဒ်နှင့် အခြားသောနေရာများတွင် ဖော်ပြထားသော ကုမ္ပဏီကရင်ဆိုင်နေရသည့် ဆုံးရှုံးနိုင်ခြေများအပါအဝင် အချို့သောအကြောင်းများကြောင့် ယင်းအနာဂတ်ကို မျှော်တွေးသည့် ဖော်ပြချက်များ၏ မျှော်မှန်းချက်များနှင့် သိသာစွာ ကွဲလွဲနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ရည်ရွယ်ထားသူများအနေဖြင့် ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်း၏* ***အပိုင်း ၁(၂) အနာဂတ်ကိုမျှော်တွေးသောဖော်ပြချက်များတွင်ပါရှိသော*** *အနာဂတ်ကို မျှော်တွေးသည့် ဖော်ပြချက်များနှင့် စပ်လျဉ်း၍ သတိပေးချက်များကိုလည်း စဉ်းစားဆင်ခြင်သင့်ပါသည်။*

**တည်းကုန်းလက်ကားဈေးတည်ထောင်လုပ်ကိုင်ခြင်းနှင့်စပ်လျဉ်းသောဆုံးရှုံးနိုင်ခြေများ**

**၁။ တည်းကုန်းလက်ကားဈေးတွင်ဆောက်လုပ်ထားသောအဆောက်အဦများအပေါ် မိမိတို့၏ရပိုင်ခွင့်များ၏ သဘောသဘာဝ**

တည်းကုန်းလက်ကားဈေးဆောက်လုပ်ထားသောမြေအပေါ်တွင် မိမိတို့ကုမ္ပဏီအနေဖြင့် ပိုင်ဆိုင်မှုအခွင့်အရေး (ဆိုလိုသည်မှာ မြေဂရန် သို့မဟုတ် အငှားချထားခြင်းဆိုင်ရာအခွင့်အရေး) မရှိပါ။ သို့ရာတွင် တည်ဆောက်အကောင်အထည်ဖော်ခြင်း လုပ်ငန်းသဘောတူစာချုပ်အရ ဈေးတည်ထောင်မှုနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ရည်ရွယ်ချက်အတွက် မြေအပေါ်တွင်ဝင်ရောက်နေထိုင်အသုံးပြုနိုင်သည့် သဘောတူညီမှုလိုင်စင် (ယင်းသည် သဘောတူစာချုပ်အရခွင့်ပြုသော အခွင့်အရေးသာဖြစ်ပြီး ပိုင်ဆိုင်မှုအခွင့်အရေးမဟုတ်) သာရှိပါသည်။ မြန်မာနိုင်ငံဥပဒေအရ မြေအားပိုင်ဆိုင်ခွင့်ကိုကိုင်စွဲထားသူသည် အဆိုပါမြေအပေါ်တွင် တည်ဆောက်ထားသော အဆောက်အဦများအားလုံးအပေါ် ပိုင်ဆိုင်မည်ဖြစ်ပါသည် (ဆိုလိုသည်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မြန်မာနိုင်ငံအစိုးရ၏ အခြားသက်ဆိုင်ရာအဖွဲ့အစည်း)။

မည်သို့ဆိုစေကာမူ၊ တည်ထောင်လုပ်ကိုင်မှုဆိုင်ရာသဘောတူစာချုပ်အရ အဆောက်အဦများအား လုပ်ငန်းလည်ပတ်မှုနှင့် စီမံခန့်ခွဲမှုတို့နှင့်စပ်လျဉ်း၍ မိမိတို့ကုမ္ပဏီ၏အခွင့်အရေးများသည် နှစ် ၇၀ ကာလအထိတည်ရှိနေမည်ဖြစ်ပြီး ယင်းကာလကုန်ဆုံးသည့်အချိန်တွင် အဆောက်အဦများအပေါ်ရှိ အခွင့်အရေးများအားလုံး (လိုင်စင်ပါအခွင့်အရေးများအပါအဝင်) ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ “လွှဲပြောင်းပေးရမည်” ဖြစ်ပါသည်။ တည်ထောင်မှုဆိုင်ရာသဘောတူစာချုပ်၏ အကျဉ်းချုပ်အတွက် **အပိုင်း ၃ (၂) - စီးပွားရေးလုပ်ငန်းအကြောင်းဖော်ပြချက်၊ အမှတ်စဉ် ၅ - အရေးပါသော သဘောတူစာချုပ်များကို** ဖတ်ရှု

ရန် ရည်ညွှန်းပါသည်။

ထို့အပြင် မိမိတို့ထံမှလူနေဆိုင်ခန်းဝယ်ယူသူများသည် ၎င်းတို့ဝယ်ယူထားသောလူနေဆိုင်ခန်းများ (သို့မဟုတ် အဆိုပါလူနေဆိုင်ခန်းအတွင်းရှိအခန်းများ)ကို နေထိုင်အသုံးပြုရန်၊ လွှဲပြောင်းရန်နှင့် ယင်းတို့ ပျက်စီးမှုဖြစ်ပေါ်ခဲ့ပါက ၎င်းတို့၏လူနေဆိုင်ခန်းများကို ပြန်လည်တည်ဆောက်နိုင်သည့်အခွင့်အရေးများကို ၎င်းတို့ထံတွင်ရှိသည်ဟု အာမခံသည့်အနေဖြင့် (လိုင်စင်ပေးခြင်းနည်းလမ်းဖြင့်) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ "ပိုင်ဆိုင်မှုစာအုပ်" လက်ခံရရှိမည်ဖြစ်ပါသည်။ သို့ရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် "ပိုင်ဆိုင်မှုစာအုပ်" တွင်ပါရှိသော စည်းမျဉ်းစည်းကမ်းများကို အခါအားလျော်စွာ ပြောင်းလဲနိုင်သဖြင့် လူနေဆိုင်ခန်းဝယ်ယူသူများ၏ အခွင့်အရေးကို ထိခိုက်မည်မဟုတ်ဆိုသည့်အချက်ကို အာမခံနိုင်ခြင်းမရှိပါ။

ဤကဲ့သို့ ဥပဒေကြောင်းအရလက်ခံနိုင်စွမ်းမရှိသည့်အခြေအနေသည် လက်ကားဈေးတည်ထောင်မှုနှင့် မိမိတို့ကုမ္ပဏီ၏ ဂုဏ်သိက္ခာနှင့် ငွေရေးကြေးရေး အခြေအနေကို ထိခိုက်စေနိုင်ပါသည်။

## ၂။ တည်ငြိမ်းကုန်းလက်ကားဈေး မြေနေရာအပေါ် မိမိတို့ အသုံးပြုခွင့်နှင့် စပ်လျဉ်းသော သဘောသဘာဝ

တည်ငြိမ်းကုန်းလက်ကားဈေး တည်ဆောက်မှုပြုလုပ်သည့် မြေဧရိယာ ၈၀.၇၁၇ ဧက အနက် ဧက ၂၀ အား မြန်မာနိုင်ငံအစိုးရက နိုင်ငံပိုင်မြေအဖြစ် ထိန်းသိမ်းထားပါသည်။ ယင်းမြေကွက်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လွှဲပြောင်းရယူရန်ဆောင်ရွက်ပြီး တည်ငြိမ်းကုန်းလက်ကားဈေးတွင် အသုံးပြုရန်အတွက် ပေးအပ်ဆောင်ရွက်မည်ဖြစ်ကြောင်း မိမိတို့ကုမ္ပဏီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ သဘောတူညီချက်ထားရှိကာ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် တည်ငြိမ်းကုန်းလက်ကားဈေးအတွက် မြေဧရိယာ ၈၀.၇၁၇ ဧက ရရှိမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စာဖြင့် အတည်ပြုခဲ့ပါသည်။

သို့ရာတွင် လွှဲပြောင်းခြင်းသည် ပြီးမြောက်ခြင်းမရှိသေးဘဲ၊ ဤလွှဲပြောင်းမှုသည် မည်သည့်အချိန်တွင် ပြီးမြောက်မည်ဆိုသည့်အချက်အတွက် မိမိတို့အနေဖြင့် အတည်ပြုနိုင်ခြင်းမရှိပါ။ မိမိတို့ကုမ္ပဏီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့သည် တည်ထောင်လုပ်ကိုင်ခြင်းဆိုင်ရာသဘောတူညီချက်တွင် သဘောတူညီချက်ရယူထားရှိသည်မှာ ၎င်းတို့အပြန်အလှန်အကျိုးစီးပွားအတွက် မြေအား ကုမ္ပဏီထံသို့ အပြီးတိုင် ရယူအသုံးပြုနိုင်ခွင့်မရှိမှုအတွက် တည်ဆောက်လုပ်ကိုင်မှုဆိုင်ရာသဘောတူစာချုပ်ကို ပြန်လည်ညှိနှိုင်းရန် ဖြစ်ပါသည်။

သို့ရာတွင် ဤကဲ့သို့သောအခြေအနေမျိုးတွင် အကယ်၍ မြေဧရိယာ ၂၀ ဧက ရှိသော မြေကွက်အတွင်းသို့ ဝင်ရောက်နိုင်ခြင်းမရှိခဲ့ပါက တည်ငြိမ်းကုန်းလက်ကားဈေးတည်ထောင်လုပ်ကိုင်မှုအတွက် သိသာစွာထိခိုက်မည်ဖြစ်ပါသည်။ မြေဧရိယာ ၂၀ ဧက အား ဆုံးရှုံးမှုသည် မိမိတို့ ကုမ္ပဏီအတွက် ရရှိမည်ဟု ခန့်မှန်းထားသော ဝင်ငွေများ ဆုံးရှုံးမှုဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

## ၃။ တည်ငြိမ်းကုန်းလက်ကားဈေးတည်ထောင်လုပ်ကိုင်မှုသည် မူလအစီအစဉ်အချိန်ဇယားအတိုင်းထက် သိသာသော နှောင့်နှေးမှုများ ဖြစ်ပေါ်ခဲ့ခြင်း

မိမိတို့ကုမ္ပဏီအနေဖြင့် ဆောက်လုပ်ရေးစီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်း သဘောတူစာချုပ်တွင်ဖော်ပြထားသည့်အတိုင်း ဈေးအဆောက်အဦနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွက်ဆိုင်ခန်းများအား သဘောတူစာချုပ်ချုပ်ဆိုသည့်အချိန်မှ (၁၈)လအတွင်းနှင့် ဆိုင်ခန်းများအား သဘောတူစာချုပ်ချုပ်ဆိုသည့်အချိန်မှ လပေါင်း (၃၀) အတွင်း အပြီးတည်ဆောက်ရမည်ဖြစ်ပါသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၉ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့ ရက်စွဲဖြင့်ထုတ်ပြန်သော

စာအမှတ်-၂၆၀၀/၃၅၅၂/စည်ပင်-စ(၂၀၁၉)အရ မိမိတို့ကုမ္ပဏီသည် အချို့သောကိစ္စရပ်များပြီးစီးသည့်အချိန်မှ စ၍ ၁၈ လ အထိ ဆောက်လုပ်ရေးကာလကို ထပ်မံတိုးမြှင့်ခွင့်ပြုခဲ့သော်လည်း၊ အထက်ပါဆုံးရှုံးနိုင်ခြေများအပိုဒ် တွင်ဖော်ပြထားသော ရှင်းလင်းမှုမရှိသည့် တည်းကုန်းလက်ကားဈေးမြေနေရာအပေါ်တည်ဆောက်ရာတွင် မိမိတို့အသုံးပြုခွင့်နှင့်စပ်လျဥ်းသည့် သဘောသဘာဝပါ မြေကော ၂၀ လွှဲပြောင်းခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန် ကျန်ရှိနေသေးပါသည်။

မိမိတို့ကုမ္ပဏီအတွင်းမှသော်လည်းကောင်း၊ ပြင်ပမှသော်လည်းကောင်း ဖြစ်ပေါ်လာသော အကြောင်း အချက်များကြောင့် နောင်တွင်လည်း နှောင့်နှေးမှုများဖြစ်ပေါ်နိုင်ခြင်းမရှိနိုင်ကြောင်း အာမခံနိုင်ခြင်းမရှိပါ။ သဘောတူညီထားသည့်အချိန်ဇယားအတိုင်း တည်းကုန်းလက်ကားဈေး တည်ဆောက်ပြီးစီးရန် မိမိတို့က ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသည့်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ၎င်း၏အခွင့် အရေးများကိုကျင့်သုံးခဲ့ပါက၊ မိမိတို့၏ငွေရေးကြေးရေးအခြေအနေ၊ လုပ်ငန်းလည်ပတ်မှု၏ရလဒ်များနှင့် ငွေကြေးစီးဆင်းမှုတို့ကို သိသာစွာထိခိုက်မည်ဖြစ်ပါသည်။ မိမိတို့ကုမ္ပဏီသည် သဘောတူညီထားသည့် အချိန် ဇယားအတိုင်း ဆောက်လုပ်ရေးလုပ်ငန်းကို ပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်းမရှိပါက တည်းကုန်းလက်ကားဈေး တည်နေရာအားသိမ်းယူခံရပြီး၊ အခြားကုမ္ပဏီသို့ တင်ဒါခေါ်ယူခြင်းအပါအဝင်၊ မိမိတို့ကုမ္ပဏီအနေဖြင့် ပြစ်ဒဏ်များချမှတ်ခံရခြင်းနှင့် ရင်ဆိုင်နိုင်ဖွယ်ရှိပါသည်။

ထို့အပြင် လူနေဆိုင်ခန်းများရောင်းချခြင်းနှင့်ငှားရမ်းခြင်းမှရသည့်ဝင်ငွေကို တည်းကုန်းလက်ကားဈေး တည်ဆောက်ခြင်းတွင် တစ်စိတ်တစ်ပိုင်းထည့်ဝင်ရန် မိမိတို့၏စီစဉ်ထားမှုကြောင့် မိမိတို့က လူနေဆိုင်ခန်းများ အား ရောင်းချနိုင်မှုရှိခြင်း၊ ငှားရမ်းနိုင်မှုရှိခြင်းတို့အပေါ်တွင်တည်မှီနေကာ အလားတူပင် ထိုသို့ရောင်းချငှားရမ်း နိုင်မှု မရှိခြင်းသည် မိမိတို့၏ဘဏ္ဍာရေးအခြေအနေကို အားလျော့စေနိုင်ပါသည်။

## ၄။ တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ်အား လိုက်နာမှုမရှိပါက ရုပ်စဲနိုင်ခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ချုပ်ဆိုထားသော တည်းကုန်းလက်ကားဈေး တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ်တွင် လိုက်နာရမည့် သီးခြားအခြေအနေများ ပါဝင်ပါသည်။ ယင်းအခြေအနေများကိုလိုက်နာခဲ့ခြင်းမရှိပါက သဘောတူစာချုပ်အရ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီက လျော်ကြေးပေးအပ်ခြင်းမပြုဘဲ မိမိတို့၏အခွင့်အရေးများကို ဖျက်သိမ်းနိုင်ပြီး၊ ထိုကဲ့သို့ ဖျက်သိမ်းခြင်းကြောင့် မိမိတို့၏စီးပွားရေးလုပ်ငန်း၊ ငွေရေးကြေးရေးအခြေအနေနှင့် လုပ်ငန်းလည်ပတ်မှုရလဒ် များကိုသိသာစွာ ထိခိုက်နိုင်မည်ဖြစ်ပါသည်။

## ၅။ ရောင်းချ၍မရသောလူနေဆိုင်ခန်းများနှင့် အခြားပိုင်ဆိုင်မှုများသည် ငွေကြေးအဖြစ်ပြောင်းလဲရန် မလွယ်ကူ သော အခြေအနေ ဖြစ်ပေါ်နိုင်ခြင်း

စီမံကိန်းပြီးဆုံးသည့်အချိန်တွင် လူနေဆိုင်ခန်းများနှင့် အခြားပိုင်ဆိုင်မှုများကို ရောင်းချခြင်းသော်လည်း ကောင်း၊ ငှားရမ်းခြင်းသော်လည်းကောင်း ပြုလုပ်နိုင်မည်ဟု အာမခံချက်မရှိပါ။ ယင်းရောင်းချ၍မရသော၊ ငှားရမ်း၍မရသောဆိုင်ခန်းများနှင့်ပိုင်ဆိုင်မှုများသည် ယေဘုယျအားဖြင့် အချိန်တိုအတွင်းငွေကြေးအဖြစ် ပြောင်းလဲနိုင်သည့်အခြေအနေမရှိသည့်အတွက် မိမိတို့၏ငွေကြေးစီးဆင်းမှုအပေါ်တွင် သိသာစွာထိခိုက်နိုင် ပါသည်။

### ၆။ ဝယ်ယူသူများနှင့် အငှားချထားခြင်းခံရသူများက ပေးချေရန်နှောင့်နှေးခြင်းနှင့် ပျက်ကွက်ခြင်းတို့ကြောင့် ငွေကြေးစီးဆင်းမှုအား သိသာစွာထိခိုက်နိုင်ခြင်း

ဝယ်ယူသူများနှင့်အငှားချထားခြင်းခံရသူများသည် ယေဘုယျအားဖြင့် သတ်မှတ်ထားသောငွေပေးချေမှု အချိန်ဇယားနှင့်အညီ ပေးချေမှုပြုလုပ်မည်ဖြစ်ပါသည်။ ဝယ်ယူသူများနှင့် အငှားချထားခြင်းခံရသူများက ငွေပေးချေရာတွင် နှောင့်နှေးမှုများရှိခဲ့လျှင် လုပ်ငန်းလည်ပတ်မှုအတွက် ကုန်ကျစရိတ်များပေးချေခြင်းနှင့် ဝယ်ယူသူများနှင့်အငှားချထားခြင်းခံရသူများထံမှ ငွေလက်ခံရရှိမှုတို့အကြား အချိန်ကာလကွာခြားမှုများ ဖြစ်ပေါ်နိုင်ပြီး၊ ယင်းအချက်သည် လုပ်ငန်းလည်ပတ်မှုမှ မိမိတို့၏ငွေကြေးစီးဆင်းမှုကို သိသာစွာထိခိုက်နိုင်ပါသည်။ ထို့အပြင် ကြွေးမြီတင်ရှိသူများသည် ၎င်းတို့၏တာဝန်ရှိမှုများအပေါ် ပျက်ကွက်မှုများဖြစ်ပေါ်နိုင်သည့် ဆုံးရှုံးနိုင်ခြေရှိပြီး၊ ယင်းကဲ့သို့ဖြစ်ပေါ်ခဲ့ပါက ပျက်ကွက်ခြင်းနှင့်သက်ဆိုင်သည့် ပိုင်ဆိုင်မှုအား ဈေးကွက်ထဲတွင် ပြန်လည်ရောင်းချခြင်းသော်လည်းကောင်း၊ ပြန်လည်ငှားရမ်းခြင်းသော်လည်းကောင်း ပြုလုပ်ရမည်ဖြစ်ပါသည်။

### ၇။ တည်ငးကုန်းလက်ကားဈေးအတွက် အဓိကကန်ထရိုက်တာဖြစ်သည့် ဒဂုန်အပေါ်တွင် မိမိတို့က အမှီပြုနေရခြင်း

တည်ငးကုန်းလက်ကားဈေးအားတည်ထောင်ခြင်းသည်၊ မိမိတို့၏တစ်ဦးတည်းသောကန်ထရိုက်တာလည်း ဖြစ်ပြီး အဓိကအစုရှယ်ယာရှင်လည်းဖြစ်သော ဒဂုန်အပေါ်တွင် တည်မှီနေပါသည်။ ဒဂုန်အပေါ်တွင်ထိခိုက်နိုင်သည့် တရားစွဲဆိုခြင်း၊ လူမွဲခံယူခြင်း သို့မဟုတ် အခြားသောကြိုတင်မသိရှိနိုင်သည့် ထိခိုက်သောအခြေအနေများ ပေါ်ပေါက်ခဲ့ပါက မိမိတို့အားလည်းသိသာစွာထိခိုက်မည်ဖြစ်ပါသည်။

မိမိတို့၏တစ်ဦးတည်းသောကန်ထရိုက်တာနှင့် အခြားတစ်ဆင့်ခံကန်ထရိုက်တာများအကြား အငြင်းပွားမှု များ ဖြစ်ပေါ်ခဲ့ပါက ပြီးစီးရန်အတွက် နှောင့်နှေးမှုများ ဖြစ်ပေါ်နိုင်ပါသည်။

### ကုမ္ပဏီနှင့် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အတွင်း ယေဘုယျအားဖြင့်ကျရောက်နိုင်သည့် ဆုံးရှုံးနိုင်ခြေများ

### ၈။ မိမိတို့သည် နိုင်ငံခြားသုံးငွေလဲလှယ်မှုနှင့်စပ်လျဉ်း၍ ဆုံးရှုံးနိုင်ခြေများရှိခြင်း

မိမိတို့၏ဝင်ငွေသည် ကျပ်ငွေဖြင့်လက်ခံရရှိပါသည်။ သို့ရာတွင် မိမိတို့ကုန်ကျစရိတ်၏အစိတ်အပိုင်း တစ်ရပ်သည် အမေရိကန်ဒေါ်လာနှင့် အခြားသောနိုင်ငံခြားငွေတို့ဖြင့် ကျခံရပါသည်။ လက်ရှိအခြေအနေတွင် ကျပ်ငွေအတက်အကျဖြစ်ပေါ်ခြင်းကြောင့်ထိခိုက်ခြင်းကို ထိရောက်စွာခုခံကာကွယ်နိုင်ရန်အတွက် မြန်မာနိုင်ငံ တွင် ငွေရေးကြေးရေးဆိုင်ရာစာချုပ်စာတမ်းများမရှိသေးပါ။ ကျပ်ငွေသည် စီမံထိန်းသိမ်းထားသော ပြောင်းလဲမှု ဘောင်အတွင်း (managed float basis) တည်ရှိပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည်ညွှန်းငွေ လဲလှယ်နှုန်းအရ ၂၀၂၀ ပြည့်နှစ်အစပိုင်းတွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁,၄၇၀ ကျပ်ခန့်ရှိသည့် အခြေအနေ မှ ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁,၈၅၀ ကျပ်သို့ပြောင်းလဲခဲ့ပြီး၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၂,၁၀၀ ကျပ်သို့ပြောင်းလဲသွားကာ တရားဝင်အမေရိကန်ဒေါ်လာ လဲလှယ် နှုန်းအရ ကျပ်ငွေသည် လျှင်မြန်စွာတန်ဖိုးလျော့ကျခဲ့ပါသည်။

အမေရိကန်ဒေါ်လာနှင့် အခြားနိုင်ငံခြားသုံးငွေများနှင့်နှိုင်းယှဉ်လျှင် ကျပ်ငွေတန်ဖိုးလျော့ကျခြင်းသည် မိမိတို့၏ ကျပ်ငွေဖြင့်ကုန်ကျစရိတ်များ ပိုမိုမြင့်တက်လာသည့်အတွက် မိမိတို့၏ ငွေရေးကြေးရေးစွမ်းဆောင်မှု အပေါ်ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ကျပ်ငွေသည် အမေရိကန်ဒေါ်လာကဲ့သို့သော အခြားငွေကြေးများ နှင့် နှိုင်းယှဉ်လျှင် တန်ဖိုးကျဆင်းလာခဲ့ပါက ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများတင်သွင်းခြင်းအတွက် ဈေးနှုန်းများ မြင့်တက်လာမည်ဖြစ်ပြီး၊ မိမိတို့၏စီးပွားရေးလုပ်ငန်း၊ ငွေရေးကြေးရေးအခြေအနေနှင့် လုပ်ငန်းလည်ပတ်မှု ရလဒ်များအပေါ် သိသာစွာထိခိုက်လာမည်ဖြစ်ပါသည်။ ထို့အတွက်ကြောင့် အမေရိကန်ဒေါ်လာနှင့် အခြား နိုင်ငံခြားသုံးငွေများ၏ငွေလဲလှယ်နှုန်းများ ပြောင်းလဲမှုကြောင့် မိမိတို့၏ လုပ်ငန်းလည်ပတ်မှုရလဒ်များနှင့်

ငွေရေးကြေးရေးအခြေအနေကို ထိခိုက်နိုင်မည် ဖြစ်ပါသည်။

## ၉။ မိမိတို့၏စီးပွားရေးလုပ်ငန်း၊ လုပ်ငန်းလည်ပတ်မှုရလဒ်များနှင့် ငွေရေးကြေးရေးရလဒ်များသည် COVID-19 ရောဂါကြောင့် ထိခိုက်နိုင်ခြင်း

မိမိတို့ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းအား COVID-19 ရောဂါဖြစ်ပွားမှုကြောင့် နည်းမျိုးစုံဖြင့်ထိခိုက်ခဲ့ပြီး နောင်အနာဂတ်ကာလတွင် မြန်မာနိုင်ငံနှင့်ကမ္ဘာတစ်ဝန်း၌ ယင်းကပ်ရောဂါဆက်လက်ဖြစ်ပွားလာခဲ့လျှင် ထပ်မံ၍ထိခိုက်မှုများဖြစ်ပေါ်လာနိုင်ပါသည်။ ၂၀၂၀ ပြည့်နှစ်မှစ၍ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းတွင် COVID-19ကပ်ရောဂါ လျှင်မြန်စွာပြန့်ပွားပြီး ယင်းရောဂါစတင်ဖြစ်ပေါ်လာသည့်အချိန်မှစ၍ မြန်မာနိုင်ငံအစိုးရသည် COVID-19 ကပ်ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် နည်းလမ်းမျိုးစုံဖြင့်ဆောင်ရွက်ခဲ့ပါသည်။ ယင်းနည်းလမ်းများတွင် မြန်မာနိုင်ငံတစ်ဝန်း၌နေအိမ်ပြင်ပထွက်ခြင်းအား ကန့်သတ်ထားခြင်းများနှင့် ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့မှ စက်တင်ဘာလ ၁၀ ရက်နေ့အထိ အများပြည်သူတို့ရဲ့အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ခြင်းများပါဝင်ပါသည်။

ကမ္ဘာတစ်ဝန်းရှိ အစိုးရများနှင့်အာဏာပိုင်အဖွဲ့အစည်းများကလည်း ခရီးသွားလာမှုကန့်သတ်ခြင်း၊ နယ်စပ်ဖြတ်သန်းသွားလာမှုတားမြစ်ခြင်း၊ လုပ်ငန်းများပိတ်ခြင်း၊ သွားလာမှုပိတ်ပင်ခြင်း၊ ကန့်သတ်သောနေရာများတွင်သာနေထိုင်ရန် အမိန့်ထုတ်ခြင်းနှင့် လူမှုရေးအရခပ်ခွာခွာနေထိုင်ရန်သတ်မှတ်ခြင်းစသည့် နည်းလမ်းမျိုးစုံဖြင့် ကန့်သတ်မှုများပြုလုပ်ခဲ့ပါသည်။ ဤနည်းလမ်းများသည် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုကို ပြင်းထန်စွာထိခိုက်စေပါသည်။ ကပ်ရောဂါတိုးမြင့်ပြန့်ပွားလာခြင်းကြောင့်ဖြစ်စေ၊ အစိုးရက ကပ်ရောဂါပြန့်ပွားမှုအားထိန်းသိမ်းနိုင်ရန်အတွက် ကန့်သတ်မှုများပြုလုပ်ခြင်းကြောင့်ဖြစ်စေ၊ ဝန်ထမ်းများအကြား ကူးစက်ပြန့်ပွားမှုကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ၊ အကယ်၍ မိမိ၏လုပ်ငန်းလည်ပတ်မှုကို ကန့်သတ်ရန်လိုအပ်ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်မှုတစ်ရပ်ရပ် သို့မဟုတ် ကုမ္ပဏီနှင့် တည်းကုန်းလက်ကားဈေးတွင် လုပ်ငန်းလည်ပတ်နေသည့် ၎င်း၏ဆက်သွယ်ဆောင်ရွက်သူများ အသုံးပြုနေသည့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာအဆောက်အဦများ ပြတ်တောက်ခြင်းတို့ဖြစ်ပေါ်ခဲ့ပါက မိမိတို့ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းလည်ပတ်မှုအား သိသာစွာထိခိုက်မည်ဖြစ်ပါသည်။ ထို့အပြင် COVID-19 ကပ်ရောဂါကြောင့် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံသူများ၏အမြင်များအပေါ် မတည်ငြိမ်မှုများဖြစ်ပေါ်စေခဲ့ပြီး၊ မိမိတို့ ကုမ္ပဏီ၏အနာဂတ်အတွက် လိုအပ်သောငွေကြေးရင်းနှီးမြှုပ်နှံမှုအမျိုးအစားများ၊ ငွေပမာဏနှင့် ရရှိနိုင်မှုအခြေအနေများအပေါ် ထိခိုက်စေနိုင်မည်ဖြစ်ပါသည်။

ကုမ္ပဏီအတွင်း ကူးစက်မှုများဖြစ်ပေါ်ခဲ့ပါက ကုမ္ပဏီ၏လုပ်ငန်းလည်ပတ်မှုအပေါ် ထိခိုက်နိုင်မည်ဖြစ်ပြီး၊ ကုမ္ပဏီ၏လုပ်ငန်းလည်ပတ်မှုနှင့် ငွေရေးကြေးရေးအခြေအနေရလဒ်များအပေါ် ထိခိုက်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ကာကွယ်ဆေးထိုးနှံမှုနှုန်းထားများမှာ အကြမ်းအားဖြင့် နည်းပါးနေသေးသဖြင့် COVID-19 ကြောင့် မြန်မာနိုင်ငံ၏စီးပွားရေးအခြေအနေ ပျက်ယွင်းစေနိုင်သည့် သိသာသောဆုံးရှုံးနိုင်ခြေများ ရှိနေပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က COVID-19 ကပ်ရောဂါအား ကမ္ဘာလုံးဆိုင်ရာအရေးပေါ်အခြေအနေအဖြစ်မှ ရုပ်သိမ်းခဲ့ပြီးဖြစ်သော်လည်း၊ COVID-19 ကပ်ရောဂါသည် မည်သည့်အချိန်အထိ ဆက်လက်ဖြစ်ပွားနေမည်ဆိုသည်ကိုသော်လည်းကောင်း၊ ၎င်းအားတုံ့ပြန်ရန် ဆောင်ရွက်သည့်နည်းလမ်းများသည် မည်သည့်အချိန်အထိ တည်ရှိနေ မည်ဆိုသည်ကိုသော်လည်းကောင်း မိမိတို့ကုမ္ပဏီအနေဖြင့် ခန့်မှန်းနိုင်ခြင်းမရှိပါ။ COVID-19 ကပ်ရောဂါအား ထိန်းချုပ်နိုင်ပြီးနောက် ၎င်းကပ်ရောဂါ၏အကျိုးဆက်များနှင့် ၎င်းအားထိန်းချုပ်ရန် ကြိုးပမ်းမှုများကြောင့်သော်လည်းကောင်း၊ အကယ်၍ ကပ်ရောဂါကိုတိုက်ဖျက်ရန်အတွက် ပိုမိုကန့်သတ်သော နည်းလမ်းများကို ထပ်မံအသုံးပြုခြင်းကြောင့်သော်လည်းကောင်း၊ မိမိတို့စီးပွားရေးလုပ်ငန်းအပေါ် ဆက်လက်ထိခိုက်နေမည်ဆိုသည်ကိုလည်း မိမိတို့ကုမ္ပဏီအနေဖြင့် ခန့်မှန်းနိုင်ခြင်းမရှိပါ။ ဤထိခိုက်မှုများ၏

ရလဒ်အနေဖြင့် ကုမ္ပဏီ၏လုပ်ငန်းများ၊ ငွေကြေးစီးဆင်းမှုများ၊ လုပ်ငန်းလည်ပတ်မှုရလဒ်များနှင့် ၎င်း၏ ငွေချေးသက်သေခံလက်မှတ်များ၏တန်ဖိုးများအပေါ် ကပ်ရောဂါကြောင့်ဖြစ်ပေါ်သောထိခိုက်မှုများကို ပိုမို ဆိုးရွားလာစေမည်ဖြစ်ပါသည်။ ကုမ္ပဏီ၏စီးပွားရေး လုပ်ငန်းအပေါ်တွင် COVID-19 ကြောင့် ထိခိုက်နိုင်သည့် အတိုင်းအတာသည် ဗိုင်းရပ်၏ ပြင်းထန်မှုနှင့်ပတ်သက်၍ လျှင်မြန်စွာပေါ်ပေါက်လာနိုင်သော သတင်းအချက် အလက်အသစ်များ၊ ကပ်ရောဂါဖြစ်ပွားမှုအတိုင်းအတာ၊ ဗိုင်းရပ်ပိုးကိုထိန်းချုပ်နိုင်ရန်ဆောင်ရွက်မှုများနှင့် ၎င်း၏အကျိုးဆက်များ၊ နှင့် အဆိုပါဆောင်ရွက်ချက်များ၏ ထိရောက်မှုအတိုင်းအတာတို့အပါအဝင်၊ ကုမ္ပဏီ၏ ထိန်းချုပ်နိုင်မှုအတိုင်းအတာ၏ပြင်ပတွင်ရှိပြီး နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် ကြီးမားသောမသေချာမရေရာမှု များအပေါ်တွင် တည်မှီနေပါသည်။

## ၁၀။ မိမိတို့သည် မြန်မာနိုင်ငံ၌ လုပ်ငန်းလည်ပတ်မှုဆိုင်ရာဆုံးရှုံးနိုင်ခြေများကို သိသာစွာရင်ဆိုင်ကြုံတွေ့နေရခြင်း

ဥပမာအားဖြင့် စွမ်းအင်ဖူလုံမှုရှိရေးသည် မိမိတို့ကုမ္ပဏီအတွက် အဓိကကျသောဆုံးရှုံးနိုင်ခြေတစ်ရပ် ဖြစ်ပြီး၊ ယင်းအားထောက်ပံ့မှုများပြတ်တောက်ခြင်းဖြစ်ပေါ်ခဲ့ပါက မိမိတို့၏စီမံကိန်းများတိုးတက်မှုနှင့် လုပ်ငန်း လည်ပတ်မှုတို့အား သိသာစွာထိခိုက်ခြင်းဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း မိမိတို့၏စီမံခန့်ခွဲမှုအဖွဲ့က သိရှိထားပါ သည်။ တစ်လလျှင် ဆိုင်ခန်းတစ်ခန်းအတွက် ပျမ်းမျှစွမ်းအင်သုံးစွဲမှုသည် ၂၀၁၈ ခုနှစ်တွင် ၁.၄၇ ကီလိုဝပ်-နာရီ ရှိခဲ့ရာမှ ၂၀၂၁ ခုနှစ် တွင် ၀.၃၃ ကီလိုဝပ်-နာရီ သို့လည်းကောင်း၊ ၂၀၂၂ ခုနှစ် တွင် ၀.၀၃၀ ကီလိုဝပ်-နာရီ သို့လည်းကောင်း ကျဆင်းခဲ့ကြောင်း သတိပြုမိပါသည်။ မိမိတို့အနေဖြင့် ဈေးအဆောက်အဦများ၏အထက်တွင် နေရောင်ခြည်စွမ်းအင်ရရှိရေးအတွက် ဆိုလာပြားများတပ်ဆင်ရန် ရန်ပုံငွေလျာထားမှုများ ပြုလုပ်ထားပါသည်။ မည်သို့ပင်ဆိုစေကာမူ၊ အထူးသဖြင့် မြန်မာနိုင်ငံတွင် စွမ်းအင်မလုံလောက်မှုများ ပိုမိုဆိုးရွားသည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့ပါလျှင်၊ မိမိတို့၏စွမ်းအင်လိုအပ်ချက်များ ပြည့်မီစွာရရှိနိုင်မည်ဖြစ်ကြောင်း မည်သည့်အာမခံ ချက်ကိုမျှပေးနိုင်မည် မဟုတ်ပါ။

ထို့အပြင်၊ မိမိတို့၏စီမံကိန်းများသည် ရေလွှမ်းမိုးခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးမှုများဖြစ်ပေါ်နိုင်ပါသည်။ မိမိတို့ကုမ္ပဏီသည် ဆုံးရှုံးနိုင်ခြေရှိမှုအားလုံးအတွက် အာမခံထားရှိခြင်း မရှိသကဲ့သို့ အချို့သောဆုံးရှုံးနိုင်ခြေများနှင့် ဘေးအန္တရာယ်များအတွက် အာမခံထားရှိနိုင်မှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ ပျက်စီးမှုအပေါ် တစ်ဆင့်ခံကန်ထရိုက်တာတစ်ဦး၏ တာဝန်ရှိမှု အတိုင်းအတာအတွက် မိမိတို့က သက်ဆိုင်ရာတစ်ဆင့်ခံကန်ထရိုက်တာအပေါ် လျော်ကြေးတောင်းခံနိုင်မှု သည် ချုပ်ဆိုထားသောသဘောတူစာချုပ်နှင့် အဆိုပါတစ်ဆင့်ခံကန်ထရိုက်တာ၏ ငွေရေးကြေးရေး ချောင်လည်မှုအပေါ်တည်မှီနေသည့် ကန့်သတ်ချက်ရှိနေပါသည်။ အဆိုပါဖြစ်ပေါ်မှုများသည် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုများကိုပြတ်တောက်စေခြင်း၊ ကုမ္ပဏီ၏စီမံကိန်းများကိုနှောင့်နှေးစေခြင်းနှင့် ကုမ္ပဏီ၏ ဂုဏ်သိက္ခာကိုထိခိုက်စေခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ပြီး၊ ယင်းအကြောင်းများကြောင့် ကုမ္ပဏီ၏စီးပွားရေး လုပ်ငန်းနှင့် မိမိတို့၏စီမံကိန်းများတည်ထောင်မှုနှင့် လုပ်ငန်းလည်ပတ်မှုတို့အား သိသာစွာထိခိုက်စေနိုင်မည် ဖြစ်ပါသည်။

မိမိတို့ကုမ္ပဏီအတွက် လုံခြုံရေးနှင့်စပ်လျဉ်းသောဆုံးရှုံးနိုင်မှုများကိုလည်း ထုတ်ဖော်တင်ပြထားပါသည်။ မိမိတို့သည် တည်င်းကုန်းလက်ကားဈေးတွင် လုံခြုံရေးဆိုင်ရာဝန်ဆောင်မှုများရရှိရေးအတွက် ဒေသခံလုံခြုံရေး ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းတစ်ရပ်နှင့် သဘောတူစာချုပ် ချုပ်ဆိုထားပါသည်။ မိမိတို့၏ဈေးတွင် လုံခြုံမှု ရရှိစေရေးအတွက် ဈေးတွင် CCTV ကင်မရာများကိုလည်း တပ်ဆင်ထားပြီး၊ (မော်တော်ဆိုင်ကယ်များ အပါအဝင်) မော်တော်ယာဉ်များ၏ အဝင်အထွက်စာရင်း၊ CCTV အစီရင်ခံစာနှင့် လုံခြုံရေးအစီရင်ခံစာတို့ကို မိမိတို့ လက်ခံရရှိပါသည်။ သို့ရာတွင် မိမိတို့၏လုံခြုံရေးဆိုင်ရာစီစဉ်ထားရှိမှုများသည် မြန်မာနိုင်ငံ၏လုံခြုံရေး ဆိုင်ရာကိစ္စရပ်များကြောင့် ပေါ်ပေါက်လာနိုင်သောဆုံးရှုံးနိုင်ခြေများကို လုံလောက်စွာ ကာကွယ်ထားနိုင်သည် ဟု အာမခံနိုင်ခြင်းမရှိဘဲ၊ အဆိုပါဆုံးရှုံးနိုင်ခြေတစ်ရပ်ရပ်ကြောင့် ကုမ္ပဏီ၏လုပ်ငန်းလည်ပတ်မှုများအပေါ် ထိခိုက်ခြင်း၊ ကုမ္ပဏီ၏စီမံကိန်းများအား နှောင့်နှေးစေခြင်း၊ ကုမ္ပဏီ၏ဂုဏ်သိက္ခာအားထိခိုက်စေခြင်းတို့

ဖြစ်ပေါ်နိုင်ပြီး ယင်းတို့၏ အကျိုးဆက်ကြောင့် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းနှင့် မိမိတို့၏ စီမံကိန်းများ တည်ထောင်မှုနှင့် လုပ်ငန်းလည်ပတ်မှုတို့အား သိသာစွာထိခိုက်စေနိုင်မည်ဖြစ်ပါသည်။

## ၁၁။ စီးပွားရေးပိတ်ဆို့မှုများနှင့် အခြားသော နိုင်ငံခြားစည်းမျဉ်းစည်းကမ်းများကြောင့် မိမိတို့အား ထိခိုက်နိုင်မှုများ

မြန်မာနိုင်ငံတွင် သမ္မတရုံး(လက်ရှိ)၏ အမိန့်အမှတ် ၁/၂၀၂၁ ဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ တွင် အရေးပေါ်အခြေအနေကြေညာခဲ့သည့်အချိန်မှစ၍ အမေရိကန်နိုင်ငံ၏ (သမ္မတဘိုင်ဒင် က ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် "Blocking Property with respect to the Situation in Burma" ခေါင်းစဉ်ပါ အမိန့်အမှတ် ၁၄၀၁၄)၊ ဖြင့် ဦးဆောင်၍ နိုင်ငံတကာစီးပွားရေးပိတ်ဆို့မှုများဖြစ်သော ယူကေနိုင်ငံ၏ (Sanctions and Anti-money Laundering Act 2018 နှင့် Myanmar (Sanctions) Regulations 2021)၊ ဥရောပသမဂ္ဂ၏ (၂၀၂၁ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင်ချမှတ်ခဲ့သည် စည်းမျဉ်းစည်းကမ်း နှစ်ခုနှင့် ဆုံးဖြတ်ချက်များ ဖြစ်သည့် Amending the existing framework for sanctions under Council Decision 2013 / 184 / CFSP of 22 April 2013 နှင့် Council Regulation (EU) No. 401/2013 of 2 May 2013) ကနေဒါနိုင်ငံ၏ (Special Economic Measures (Burma) Regulations 2007) နှင့် ဩစတေးလျ (Autonomous Sanctions Act 2011 and Autonomous Sanctions Regulations 2011) တို့နှင့် ရင်ဆိုင်နေရပါသည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် နိုင်ငံတကာ Financial Action Task Force က မြန်မာနိုင်ငံအား ငွေကြေးခဝါချမှုအားတိုက်ဖျက်ရေး၊ အကြမ်းဖက်သမားများအားငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့် ငွေကြေး ထောက်ပံ့မှုများကြီးထွားလာမှုကိုတိုက်ဖျက်ရေးတို့တွင် ကြီးမားသောလိုအပ်ချက်များတည်ရှိနေသည့် ဆုံးရှုံးနိုင်ခြေမြင့်မားသောနိုင်ငံအဖြစ် စာရင်းသွင်းခဲ့ပါသည်။ မြန်မာနိုင်ငံနှင့်စီးပွားရေးလုပ်ငန်းများ ဆက်သွယ် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံတွင်ဆုံးရှုံးနိုင်ခြေများမြင့်မားလာမှုနှင့်လျော်ညီစွာ အလေးထားစိစစ်ခြင်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်အတွက် ၎င်း၏အဖွဲ့ဝင်နိုင်ငံများအားအကြောင်းကြားခဲ့ပါသည်။

စီးပွားရေးပိတ်ဆို့မှုများနှင့် အခြားနိုင်ငံများ၏စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်းတို့ကြောင့် မြန်မာနိုင်ငံ ပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှုများကို နိုင်ငံတကာအသိုင်းအဝန်းက သတိပြုစောင့်ကြည့်လျက် ရှိနေပြီး (အခြားနိုင်ငံအဖွဲ့အစည်းများ၏ စီးပွားရေးပိတ်ဆို့မှုများအပါအဝင်) ယင်းကဲ့သို့သောကိစ္စရပ်များ ထပ်တိုးဖြစ်ပေါ်လာနိုင်ကြောင်းခန့်မှန်းနိုင်ပြီး ယင်းထပ်တိုးကိစ္စရပ်များသည် မိမိတို့၏စီးပွားရေးလုပ်ငန်း၊ လုပ်ငန်းလည်ပတ်မှုနှင့်အလားအလာများကို ထိခိုက်စေနိုင်မည်ဖြစ်ပါသည်။

## ၁၂။ အစိုးရဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းနှင့် စွမ်းဆောင်ရည်မပြည့်မီခြင်းတို့ကြောင့် မိမိတို့၏ စီမံကိန်းများတည်ဆောက်နိုင်စွမ်းအားကို ထိခိုက်စေခြင်း

အချို့သောကိစ္စရပ်များတွင် မြန်မာနိုင်ငံ၏အစိုးရဌာနများက ဆုံးဖြတ်ချက်များချမှတ်ရာ၌၊ အထူးသဖြင့် အစိုးရဌာနတစ်ခုထက် ပိုမိုပါဝင်သောကိစ္စရပ်များတွင် အဆင့်များစွာပါရှိနိုင်ပြီး၊ ကွဲပြားခြားနားသော အစိုးရဌာနများအကြား ပူးပေါင်းညှိနှိုင်းမှုများဆောင်ရွက်ရန်လိုအပ်ခြင်းကြောင့် နှောင့်နှေးမှုများဖြစ်ပေါ်နိုင်ပါသည်။ ဥပမာအားဖြင့် မိမိတို့ကုမ္ပဏီနှင့်စပ်လျဉ်း၍ဖော်ပြရသော်၊ မြန်မာနိုင်ငံအစိုးရကထိန်းသိမ်းထားသော မြေ ဧက ၂၀ အား လွှဲပြောင်းသည့်ကိစ္စရပ်ကို ဆောင်ရွက်ရန်နှောင့်နှေးမှုကြောင့် တည်းကုန်းလက်ကားဈေး တည်ဆောက်မှုအား သိသာစွာထိခိုက်နိုင်ပါသည်။

အနာဂတ်ကာလတွင် မိမိတို့ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်နိုင်စွမ်းကို အလားတူ နှောင့်နှေးမှုများ၏ အကျိုးသက်ရောက်မှုများဖြစ်ပေါ်နိုင်ပြီး၊ ယင်းအချက်သည် မိမိတို့အုပ်စုအဖွဲ့အစည်း၏ ငွေရေးကြေးရေးအခြေအနေနှင့် လုပ်ငန်းလည်ပတ်မှုများကို သိသာစွာထိခိုက်မှုများဖြစ်ပေါ်စေနိုင်ပါသည်။

**၁၃။ မိမိတို့ကုမ္ပဏီအစုရှယ်ယာများ၏ အတန်အသင့်သိသာမှုရှိသောရာခိုင်နှုန်းကို ဒဂုန်အုပ်စုအဖွဲ့အစည်းက ဆက်လက်ပိုင်ဆိုင်ထားသမျှကာလပတ်လုံး အစုရှယ်ယာရှင်များထံတင်သွင်းသော မည်သည့်ကိစ္စရပ်ကိုမဆို အတည်ပြုရန်အတွက် ၎င်းတို့ကထိန်းချုပ်ထားနိုင်မည်ဖြစ်ပါသည်။ ဒဂုန်အုပ်စုအဖွဲ့အစည်းတွင်ပါဝင်သော အခြားသောကုမ္ပဏီများသည် မိမိတို့၏စီးပွားရေးပြိုင်ဖက်များဖြစ်နိုင်ခြင်း**

၂၀၂၃ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိဖြစ်သောအခြေအနေအရ မိမိတို့ကုမ္ပဏီအစုရှယ်ယာများ၏ ၄၆.၈၃ ရာခိုင်နှုန်းကို ဒဂုန်အုပ်စုအဖွဲ့အစည်း၏ကော်ပိုရိတ်အဖွဲ့အစည်းများ၊ ၎င်း၏ဒါရိုက်တာများနှင့် ၎င်းတို့၏ ဇနီး/ခင်ပွန်းများက ပိုင်ဆိုင်ထားပါသည်။ သို့ဖြစ်သောကြောင့် အဆိုပါအစုရှယ်ယာရှင်များသည် အခြေခံကျသော ဆုံးဖြတ်ချက်များဖြစ်သည့် မိမိတို့၏ဒါရိုက်တာများခန့်အပ်ခြင်းနှင့်ဖယ်ရှားခြင်း၊ စီးပွားရေးလုပ်ငန်းပူးပေါင်းခြင်း သို့မဟုတ် အခြားသောလုပ်ငန်းဆောင်ရွက်ချက်များ ပူးပေါင်းဆောင်ရွက်ခြင်း၊ အဓိကအရေးပါသောပိုင်ဆိုင်မှုများသို့မဟုတ် စီးပွားရေးလုပ်ငန်းအားရောင်းချခြင်း၊နှင့် အမြတ်ဝေစုများကြေညာခြင်းတို့အပေါ်တွင်ဆက်လက်၍ ဩဇာလွှမ်းမိုးနေမည်ဖြစ်ပါသည်။ ဒဂုန်အုပ်စုအဖွဲ့အစည်းတွင်ပါဝင်သော အခြားသောကုမ္ပဏီများသည်လည်း အိမ်ခြံမြေလုပ်ငန်းနှင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းလုပ်ငန်းများတွင် ပါဝင်ပတ်သက်လျက်ရှိပြီး မိမိတို့၏ စီးပွားရေးလုပ်ငန်းပြိုင်ဖက်များဖြစ်နေနိုင်ပါသည်။

ဒဂုန်အုပ်စုအဖွဲ့အစည်း၏အကျိုးစီးပွားနှင့် မိမိတို့၏အကျိုးစီးပွားသည် ကွဲပြားခြားနားနိုင်ပြီး၊ ယင်းကဲ့သို့သော အခြေအနေမျိုးတွင် မိမိတို့၏စီးပွားရေးလုပ်ငန်းအပေါ်တွင် ထိခိုက်မှုများဖြစ်ပေါ်နိုင်ခြင်းမရှိဟု အာမခံနိုင်ခြင်း မရှိပါ။

**၁၄။ အနာဂတ်ကာလတွင် မိမိတို့တည်ဆောက်မည့်စီမံကိန်းများအတွက် တည်ထောင်လုပ်ကိုင်ခြင်းဆိုင်ရာ အတည်ပြုချက်များနှင့် ခွင့်ပြုမိန့်များကို ရရှိခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းတို့ မပြုလုပ်နိုင်ခဲ့ပါက၊ မိမိတို့၏ စီးပွားရေးလုပ်ငန်းများ၊ ငွေရေးကြေးရေးအခြေအနေနှင့် လုပ်ငန်းလည်ပတ်မှုရလဒ်တို့အပေါ် သိသာသောထိခိုက်မှုများ ဖြစ်ပေါ်နိုင်ခြင်း**

အိမ်ခြံမြေတည်ထောင်မှုလုပ်ငန်းသည် အစိုးရ၏စည်းမျဉ်းစည်းကမ်းများအပေါ် မူတည်ပါသည်။ အိမ်ခြံမြေတည်ထောင်မှုလုပ်ငန်းဆောက်ရွက်သောကုမ္ပဏီများသည် တည်ထောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် အစိုးရထံမှအတည်ပြုချက်များနှင့် ခွင့်ပြုမိန့်အမျိုးမျိုးကိုရယူရန်လိုအပ်ပြီး၊ အကယ်၍ နိုင်ငံခြားသားပိုင်ကုမ္ပဏီဖြစ်ပါက၊ သို့မဟုတ် ဖြစ်လာပါက တည်ထောင်မှုလုပ်ငန်းအတွက် မြေကိုပိုင်ဆိုင်ရန် သို့မဟုတ် ငှားရမ်းရန် ခွင့်ပြုချက်များရယူရန်လိုအပ်ပါသည်။ အကယ်၍ တည်ထောင်မှုလုပ်ငန်းတစ်ရပ်အတွက် လိုအပ်သောအတည်ပြုမှုများနှင့် ခွင့်ပြုချက်များရယူရန်၊ ထိန်းသိမ်းရန် သို့မဟုတ် သက်တမ်းတိုးရန်အတွက် ကုမ္ပဏီကဆောင်ရွက်နိုင်ခြင်းမရှိပါက ယင်းအချက်သည် မိမိတို့ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်း၊ ငွေရေးကြေးရေး အခြေအနေနှင့် လုပ်ငန်းလည်ပတ်မှုရလဒ်များအပေါ် သိသာစွာထိခိုက်မည်ဖြစ်ပါသည်။

**၁၅။ မိမိတို့၏ စီမံကိန်းများအားတည်ထောင်မှုကို အချိန်နှင့်တစ်ပြေးညီပြီးစီးရန်အတွက် များစွာသောအချက်များအပေါ်တည်မှီနေခြင်း**

မိမိတို့၏စီမံကိန်းများတည်ထောင်မှုနှင့် လုပ်ငန်းလည်ပတ်မှုအတွက် မိမိတို့ကငွေရေးကြေးရေးပံ့ပိုးနိုင်ခြင်းကို ကန့်သတ်စေသည့်အချက်များကြောင့် မိမိတို့၏ငွေရေးကြေးရေးဆိုင်ရာ စွမ်းဆောင်နိုင်မှုအား သိသာစွာထိခိုက်စေနိုင်ပါသည်။ မိမိတို့၏စီမံကိန်းများတည်ထောင်မှုအား ပြီးစီးရန်ကိစ္စနှင့်စပ်လျဉ်းသော အချိန်နှင့် ကုန်ကျစရိတ်များအပေါ်တွင် ပစ္စည်းများ၊ စက်ပစ္စည်းနှင့် လုပ်သားအင်အားပြတ်လပ်ခြင်း၊ ထိခိုက်စေသော မိုးလေဝသအခြေအနေများ၊ သဘာဝဘေးအန္တရာယ်များ၊ ကန်ထရိုက်တာများ သို့မဟုတ် တစ်ဆင့်ခံကန်ထရိုက်တာများနှင့် လုပ်သားများဆိုင်ရာအငြင်းပွားမှုများ၊ မတော်တဆထိခိုက်မှုများ၊ သက်ဆိုင်ရာ အာဏာပိုင်များနှင့် အစိုးရဌာနအဖွဲ့အစည်းများမှ လိုအပ်သောခွင့်ပြုချက်များရယူရန် အခက်အခဲများ၊

ဥပဒေရေးရာပြောင်းလဲမှုများ နှင့် အခြားကြိုတင်မှန်းဆနိုင်ခြင်းမရှိသော ပြဿနာများနှင့်အခြေအနေများ စသည့်အချက်များစွာတို့ကြောင့် ထိခိုက်မှုများဖြစ်ပေါ်နိုင်ပါသည်။

ယင်းအချက်တစ်ရပ်ရပ်ဖြစ်ပေါ်မှုကြောင့် စီမံကိန်းနှောင့်နှေးခြင်း၊ ကုန်ကျစရိတ်များ ခန့်မှန်းသည်ထက် ပိုမိုကုန်ကျခြင်းတို့ဖြစ်ပေါ်နိုင်ပြီး၊ မိမိတို့၏ငွေရေးကြေးရေးဆိုင်ရာစွမ်းဆောင်မှု၊ ငွေရေးကြေးရေးအခြေအနေ နှင့် အလားအလာများကို သိသာစွာထိခိုက်စေနိုင်ပါသည်။

## ၁၆။ မိမိတို့၏စီမံကိန်းများဆောက်လုပ်ခြင်းနှင့် တည်ဆောက်ခြင်းများသည် သဘာဝအားဖြင့် ကြီးမားသော မတည်ရင်းနှီးမှုလိုအပ်ကာ၊ စီမံကိန်းတစ်ခုလုံး ပြီးစီးအောင်ဆောင်ရွက်ရန်အတွက် လုံလောက်သော ရင်းနှီးမြှုပ်နှံမှုငွေပမာဏရရှိခြင်းမရှိနိုင်သည့် ဆုံးရှုံးနိုင်ခြေရှိခြင်း

မိမိတို့လုပ်ငန်းလည်ပတ်မှု၏ အနာဂတ်ငွေရေးကြေးရေးအခြေအနေနှင့် ငွေကြေးစီးဆင်းမှုများသည် တည်ဆောက်မည့်ကိစ္စရပ်များအတွက်လိုအပ်မည့် မတည်ရင်းနှီးငွေပမာဏအတွက် လုံလောက်မှုမရှိသည့် အခြေအနေမျိုး ဖြစ်ပေါ်နိုင်ပါသည်။ မိမိတို့လိုအပ်သော မတည်ရင်းနှီးငွေကို ပြည့်မီစေရန်အတွက် လုံလောက်သောရန်ပုံငွေရရှိခြင်းမရှိပါက မိမိတို့၏လုပ်ငန်းလည်ပတ်မှုနှင့် ချမှတ်ထားသော တိုးတက်မှုဆိုင်ရာ မဟာဗျူဟာအသီးသီးကို ကန့်သတ်ရန်လိုအပ်လာမည်ဖြစ်ပြီး၊ ယင်းအချက်သည် ကုမ္ပဏီ၏စီးပွားရေး လုပ်ငန်း၊ လုပ်ငန်းလည်ပတ်မှု၏ရလဒ်၊ ငွေရေးကြေးရေးအခြေအနေနှင့် အလားအလာများကို ထိခိုက်စေမည် ဖြစ်ပါသည်။

## ၁၇။ ကုန်ကြမ်းပစ္စည်းများ ဈေးနှုန်းမြင့်တက်ခြင်းကြောင့် ဆောက်လုပ်ရေးကုန်ကျစရိတ်များအပေါ် ထိခိုက်နိုင်ခြင်း

အခြေပစ္စည်းတည်ထောင်မှုလုပ်ငန်းတွင် အသုံးပြုသောပစ္စည်းများဖြစ်သည့် ကြိုတင်ပြင်ဆင်ရောစပ်ထားသော ကွန်ကရစ်၊ အားဖြည့်သံချောင်းများ၊ ကြိုတင်ပုံသွင်းထားသောအစိတ်အပိုင်းများ၊ ကြွေပြား၊ ကွန်ကရစ်ဖျော်စပ်ရာတွင်အသုံးပြုသော သဲ၊ ဘိလပ်မြေ၊ သံဇကာ၊ သံကြိုး၊ သံချောင်း၊ သံမဏိ (Stainless steel)၊ အလူမီနီယံ၊ ဖန်၊ သစ်နှင့် သုတ်ဆေး တို့၏ ဈေးနှုန်းများသည် ၎င်းပစ္စည်းများ၏ အဆင့်ဆင့်သော လိုအပ်ချက်နှင့် ပစ္စည်းရရှိနိုင်မှုတို့အပေါ်မူတည်၍ အတက်အကျရှိမည်ဖြစ်ပါသည်။ မိမိတို့၏စီမံကိန်းသည် နှစ်အတန်ကြာမှပြီးစီးမည်ဖြစ်သည့်အလျောက် ယင်းကုန်ကြမ်းပစ္စည်းများ၏ဈေးနှုန်းကို ခန့်မှန်းရန်ခက်ခဲပါသည်။ သို့ဖြစ်ပါ၍ စီမံကိန်းတစ်ရပ်အတွက် ကုန်ကြမ်းပစ္စည်းကုန်ကျစရိတ်သည် မူလခန့်မှန်းချက်များထက် ပိုမိုနိုင်ပြီး၊ ယင်းအချက်သည် မိမိတို့လုပ်ငန်းလည်ပတ်မှုရလဒ်များအပေါ် ထိခိုက်စေနိုင်ပါသည်။

## ၁၈။ မိမိတို့ကုမ္ပဏီသည် ကျန်းမာရေးဆိုင်ရာ၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တင်းကြပ်သောစည်းမျဉ်းစည်းကမ်းများနှင့်စံနှုန်းများကို ပြည့်မီမှုမရှိနိုင်ခြင်း

မိမိတို့စီမံကိန်းတည်ဆောက်လုပ်ကိုင်မှုသည် မြန်မာနိုင်ငံ၏ ကျန်းမာရေးဆိုင်ရာ၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့် စံနှုန်းများအပေါ် တည်မှီနေပါသည်။ ယေဘုယျအားဖြင့် ဤစည်းမျဉ်းစည်းကမ်းများနှင့်စံနှုန်းများသည် စွန့်ပစ်ရေထုတ်လွှတ်ခြင်း၊ လေထုညစ်ညမ်းစေမှု၊ မြေပေါ်မြေအောက်သိုလှောင်ကန်များတည်ဆောက်အသုံးပြုခြင်း၊ အစိုင်အခဲများနှင့်အန္တရာယ်ရှိသောပစ္စည်းများအားအသုံးပြုခြင်း၊ သိုလှောင်ခြင်း၊ ကိုင်တွယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းနှင့် အဆိပ်ပါစွန့်ပစ်ခြင်းနှင့်စပ်လျဉ်းသောညစ်ညမ်းမှုများကိုကုစားခြင်း စသည့်အချက်များအပေါ်တွင် သတ်မှတ်ချက်များရှိနေပါသည်။

မဖွံ့ဖြိုးသေးသော မြေ သို့မဟုတ် စိုက်ပျိုးမြေအား တည်ဆောက်ခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း (နှင့် နောက်ဆက်တွဲလုပ်ငန်းလည်ပတ်မှုများလုပ်ဆောင်ခြင်း) တို့ကြောင့် မြေသားပျက်စီးခြင်း၊ လေထု၊ ရေထု နှင့် မြေ အပေါ်တွင် ညစ်ညမ်းစေခြင်းများနှင့် အခြားအကြောင်းများ ဖြစ်ပေါ်နိုင်ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းသည် သဘာဝအားဖြင့်အန္တရာယ်ရှိသောလုပ်ငန်းဖြစ်ပြီး၊ လုပ်ငန်းခွင်ထိခိုက်မှုများနှင့် သေဆုံးမှုများ ဖြစ်ပေါ်နိုင်ခြေရှိပါသည်။

သက်ဆိုင်ရာကျန်းမာရေးဆိုင်ရာ၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ စံနှုန်းများနှင့် ယင်းတို့အားပြောင်းလဲချက်များကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ခြင်းသည် (ကြီးကြပ်ကွပ်ကဲရေးအာဏာပိုင်များက ကုမ္ပဏီအပေါ်တွင် စုံစမ်းစစ်ဆေးမှုများ စတင်ဆောင်ရွက်ခြင်းနှင့် ဒဏ်ငွေများချမှတ်ခြင်းအပါအဝင်) မိမိတို့ကုမ္ပဏီအားသိသာစွာထိခိုက်စေနိုင်ပါသည်။

## ၁၉။ စီမံကိန်းအသစ်များအတွက် မြေရယူခြင်းနှင့် တည်ဆောက်ခြင်းတို့တွင် ယှဉ်ပြိုင်မှုများပေါ်ပေါက်လာပါက မိမိတို့ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းကို ထိခိုက်နိုင်စေခြင်း

ကုမ္ပဏီ၏စီမံကိန်းလုပ်ငန်းများအတွက် မြေနေရာရယူရာတွင် ယှဉ်ပြိုင်မှုများနှင့် ရင်ဆိုင်ရနိုင်ပါသည်။ ကုမ္ပဏီ၏ဖြစ်ပေါ်တိုးတက်မှုသည် ၎င်း၏စီမံကိန်းများအတွက် ထပ်တိုးမြေနေရာများရရှိရေးအတွက် ဆောင်ရွက်နိုင်ခြင်း သို့မဟုတ် သဘောတူစာချုပ်များချုပ်ဆိုနိုင်ခြင်းတို့အပေါ်တွင် တည်မှီနေပါသည်။ လိုအပ်သောနေရာများတွင် သင့်တော်သောမြေနေရာအကျယ်အဝန်းနှင့် လက်သင့်ခံနိုင်သောဈေးနှုန်းများနှင့် အညီ မြေနေရာရရှိရေးတွင် ကုမ္ပဏီသည် အခက်အခဲများနှင့်ရင်ဆိုင်ရနိုင်ပါသည်။ သင့်လျော်သောမြေနေရာတွင်တည်ဆောက်ပြီး၊ လက်သင့်ခံနိုင်သောအကျိုးစီးပွားဖြစ်ထွန်းနိုင်ရန်အတွက်မှာမူ သင့်လျော်သောမြေနေရာကို လက်သင့်ခံနိုင်သောဈေးနှုန်းများဖြင့်ရရှိရေး သို့မဟုတ် ဖက်စပ်အဖွဲ့အစည်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုနိုင်ရေးတို့အား မိမိတို့အနေဖြင့်ဆောင်ရွက်နိုင်ခြင်းမရှိပါက၊ မိမိတို့ကုမ္ပဏီ၏ဖြစ်ပေါ်တိုးတက်မှုအလားအလာများကို အကန့်အသတ်ဖြစ်လာနိုင်စေမည်ဖြစ်ပြီး၊ စီးပွားရေးလုပ်ငန်း၊ ငွေရေးကြေးရေးအခြေအနေနှင့် လုပ်ငန်းလည်ပတ်မှု၏ရလဒ်များအပေါ် သိသာစွာထိခိုက်စေမည်ဖြစ်ပါသည်။

## ၂၀။ မိမိတို့၏ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၊ စီးပွားရေးလုပ်ငန်းဖွဲ့စည်းပုံနှင့် အဆင့်ဆင့်သတင်းပို့မှုဆိုင်ရာ ဖွဲ့စည်းပုံတို့သည် မကြာသေးမီကာလတွင်မှ တည်ဆောက်ပြီးစီးခြင်း

မိမိတို့သည် သက်တမ်းနုနယ်သောအဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင်မှ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ မိမိတို့၏ ဖွဲ့စည်းပုံနှင့် အဆင့်ဆင့်သတင်းပို့မှုဆိုင်ရာဖွဲ့စည်းပုံတို့သည် မကြာသေးမီကမှ အသစ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး၊ မိမိတို့၏ စာရင်းစစ်ဆေးခြင်းဆိုင်ရာ၊ အခကြေးငွေပေးအပ်ခြင်းဆိုင်ရာ၊ အမည်စာရင်းတင်သွင်းခြင်းဆိုင်ရာကော်မတီများကို ၂၀၁၆ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင်နှင့် စီမံခန့်ခွဲရေးကော်မတီကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့တွင်မှသာ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ မိမိတို့၏ ပထမဦးဆုံးလွတ်လပ်သော ဒါရိုက်တာ ဦးအောင်ညွန့်အား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ခန့်အပ်ခဲ့ပါသည်။

အဓိကအစုရှယ်ယာရှင်များကပိုင်ဆိုင်ထားသော အစုရှယ်ယာများ၏ အရွယ်အစားပမာဏနှင့် ယင်းအစုရှယ်ယာရှင်များ၏ အဆိုပြုတင်သွင်းထားသော ဒါရိုက်တာများ၏အင်အားကြီးမားစွာတည်ရှိမှုအရ၊ စီးပွားရေးလုပ်ငန်း၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ သတင်းပို့မှုဆိုင်ရာဖွဲ့စည်းပုံနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတို့သည် ပြည့်ဝစွာပါဝင်ဆောင်ရွက်ရေးအတွက် အချိန်ကာလတစ်ရပ်လိုအပ်မည်ဖြစ်ပါသည်။

ဤဖွဲ့စည်းဆောင်ရွက်မှုအသစ်များသည် အချိန်တိုကာလအတွင်း ပြည့်ဝစွာအကျိုးသက်ရောက်မည်ဟု အာမခံနိုင်ခြင်းမရှိဘဲ၊ ၎င်းတို့၏အကန့်အသတ်ရှိမှုသည် မိမိတို့၏ငွေရေးကြေးရေးအခြေအနေများ၊ လုပ်ငန်းလည်ပတ်မှုရလဒ်များနှင့် ဂုဏ်သတင်းကို ထိခိုက်စေနိုင်ပါသည်။

## ၂၁။ COVID-19 မဟုတ်သော အခြားသောကူးစက်ရောဂါများ ဖြစ်ပေါ်ပြန့်ပွားခြင်းကြောင့် မိမိတို့အား ထိခိုက်နိုင်ခြင်း

မြန်မာနိုင်ငံတွင် အခြားသောကူးစက်တတ်သည့်ရောဂါများဖြစ်ပေါ်နိုင်ရန် အကြောင်းများစွာရှိပါသည်။ ဥပမာအားဖြင့် တီဘီရောဂါကဲ့သို့သော ကူးစက်ရောဂါများ ထိန်းချုပ်နိုင်ရေးအတွက်ဆေးဝါးများ ထောက်ပံ့မှုသည် COVID-19 ရောဂါပြန့်ပွားမှုအား ထိန်းချုပ်ရန်ဆောင်ရွက်သောနည်းလမ်းများကြောင့် ထိခိုက်မှုများဖြစ်ပေါ်နိုင်ပါသည်။

မိမိတို့ ဆောင်ရွက်နေသည့်စီမံကိန်းများတွင် ကူးစက်တတ်သောရောဂါများဖြစ်ပွားခြင်းသည် မိမိတို့၏ လုပ်ငန်းလည်ပတ်မှုနှင့် ငွေရေးကြေးရေးစွမ်းဆောင်နိုင်မှုတို့အပေါ် ထိခိုက်မှုများဖြစ်ပေါ်နိုင်ပါသည်။ ထို့အပြင် မိမိတို့၏ ဝန်ထမ်းများ နှင့်/သို့မဟုတ် အလုပ်သမားများ သို့မဟုတ် မိမိတို့၏ တစ်ဆင့်ခံကန်ထရိုက်တာများနှင့် ပစ္စည်းထောက်ပံ့သူများတွင် ကူးစက်ရောဂါဖြစ်ပွားခြင်း သို့မဟုတ် ကူးစက်သည်ဟု သံသယရှိခြင်းများ ဖြစ်ပေါ်ခဲ့လျှင် မိမိတို့သည် ကျန်းမာရေးအာဏာပိုင်များအား သတင်းပို့ရန်လိုအပ်ပြီး၊ ဖြစ်ပွားမှုရှိသော ပရဝဏ်များနှင့် စီမံကိန်းနေရာများအား ယာယီပိတ်သိမ်းခြင်း၊ နှင့် ရောဂါပြန့်ပွားမှုကိုတားဆီးရန် သက်ဆိုင်ရာ အလုပ်သမားများအား ခွဲခြားထားရှိမှုများပြုလုပ်ရန်လိုအပ်နိုင်ပါသည်။ ယင်းကြောင့် မိမိတို့၏ စီးပွားရေး လုပ်ငန်းနှင့် ငွေရေးကြေးရေး စွမ်းဆောင်နိုင်မှုကိုထိခိုက်မည်ဖြစ်ပါသည်။

## စာရင်းဝင်ခြင်းနှင့်စပ်လျဉ်းသော ဆုံးရှုံးနိုင်ခြေများ

## ၂၂။ မိမိတို့၏ အစုရှယ်ယာဈေးနှုန်းအတက်အကျဖြစ်ခြင်း

အစုရှယ်ယာများ၏ဈေးကွက်ပေါက်ဈေးသည်အောက်ပါအချက်များအပါအဝင်အကြောင်းအမျိုးမျိုးကြောင့် သိသာထင်ရှားစွာနှင့်လျှင်မြန်စွာ အတက်အကျပြောင်းလဲခြင်းများ ဖြစ်ပေါ်နိုင်ပါသည် -

- ကုမ္ပဏီ၏ အဓိကအစုရှယ်ယာရှင်များ ပြောင်းလဲခြင်း၊
- မိမိတို့အုပ်စုအဖွဲ့အစည်း၏ အမှန်တကယ်ဖြစ်ပေါ်သောငွေရေးကြေးရေးနှင့် လုပ်ငန်းလည်ပတ်မှု ရလဒ်များသည် ရင်းနှီးမြှုပ်နှံသူအဖွဲ့အစည်းများ၏ မျှော်မှန်းထားချက်နှင့် ကွာခြားမှုရှိခြင်း၊
- ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းနှင့် လုပ်ငန်းလည်ပတ်မှုများအပေါ် မျှော်မှန်းထားသော အလားအလာ များ၊
- စတော့ဈေးကွက်ဈေးနှုန်းနှင့် အရောင်းအဝယ်ပမာဏအပေါ်တွင် အတက်အကျဖြစ်ခြင်း၊
- မိမိတို့ကုမ္ပဏီ၏ ငွေရေးကြေးရေးစွမ်းဆောင်နိုင်မှုအခြေအနေ ဈေးငွေသက်သေခံလက်မှတ် လေ့လာသူများ၏ ခန့်မှန်းချက် နှင့် ထောက်ခံချက်များ ပြောင်းလဲခြင်း၊
- အလားတူ ကုမ္ပဏီများအပေါ် တန်ဖိုးသတ်မှတ်မှု ပြောင်းလဲခြင်း၊
- တရားစွဲဆိုမှုများတွင် ပါဝင်ပတ်သက်ခြင်း၊
- အဓိကကျသောပုဂ္ဂိုလ်များ ပြောင်းလဲခြင်း၊
- ယေဘုယျစီးပွားရေးအခြေအနေနှင့် စတော့ဈေးကွက်အခြေအနေပြောင်းလဲခြင်း။

## ၂၃။ ရန်ကုန်စတော့အိပ်ချိန်းသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး၊ ပထမဆုံးစာရင်းဝင်ဖြစ်သည့်ကုမ္ပဏီအား ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် စာရင်းဝင်ခွင့်ပြုခဲ့ခြင်း

စာရင်းဝင်ကုမ္ပဏီများသည် နှေးကွေးလေးလံသောဈေးနှုန်းများ၊ ငွေဖြစ်လွယ်မှုနည်းပါးခြင်းနှင့် အရောင်းရှိနေစေရန်အတွက်တွန်းအားပေးခြင်းများနှင့် ရင်ဆိုင်နေရပါသည်။ စာရင်းဝင်ကုမ္ပဏီအရေအတွက်တိုးပွားလာစေရန်ဆောင်ရွက်မှုတွင် နှေးကွေးသောတိုးတက်မှုသာရှိပါသည်။ ရန်ကုန်စတော့အိပ်ချိန်းတွင် လက်ရှိကာလ၌ စာရင်းဝင်ထားသောကုမ္ပဏီ ခုနစ်ခုသာရှိပါသည်။

မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ်များနှင့်စပ်လျဉ်းသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် ကြေညာချက်များသည် အသစ်နီးပါးများသာ ဖြစ်ပါသည်။ ရန်ကုန်စတော့အိပ်ချိန်းအနေဖြင့် စတော့အိပ်ချိန်းတစ်ရပ်အဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မြန်မာနိုင်ငံ၏ ပိုမိုကျယ်ပြန့်သောစီးပွားကြီးကြပ်ကွပ်ကဲခြင်းဝန်းကျင်နယ်ပယ်အဖြစ်သို့ ပြောင်းလဲမှုများနှင့်အတူ အချိန်ကာလအလိုက် ဖြည့်စွက်ထုတ်ပြန်လာလိမ့်မည်ဖြစ်ပါသည်။

မိမိတို့၏အစုရှယ်ယာများသည် လှုပ်ရှားသက်ဝင်နေသောအရောင်းအဝယ်ဈေးကွက်သည် ဖွံ့ဖြိုးတိုးတက်လာမည်ဟု အာမခံနိုင်ခြင်း မရှိပါ။

## ၂၄။ မိမိတို့၏အစုရှယ်ယာများသည် အားလုံးသောရင်းနှီးမြှုပ်နှံသူများအတွက် သင့်လျော်သောရင်းနှီးမြှုပ်နှံမှု မဟုတ်နိုင်ခြင်း

အစုရှယ်ယာများသည် အားလုံးသောရင်းနှီးမြှုပ်နှံသူများအတွက် သင့်လျော်သောရင်းနှီးမြှုပ်နှံမှု ဖြစ်လိမ့်မည်မဟုတ်နိုင်ပါ။ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ အစုရှယ်ယာများတွင် အချို့သောအင်္ဂါရပ်များရှိနေပြီး၊ ဤသည်မှာ အစုရှယ်ယာများ၏တန်ဖိုးအား ဈေးရရှိခြင်း သို့မဟုတ် ၎င်းတို့ထံမှ အချိန်ကာလတစ်ခုအတွင်း အမြတ်ရရှိခြင်းရင်းနှီးမြှုပ်နှံသူများအနေနှင့်သိရှိရန် အကန့်အသတ်များရှိနေနိုင်ပါသည်။ ဥပမာအားဖြင့်၊ အနာဂတ်တစ်ချိန်ချိန်တွင် မိမိတို့ကအမြတ်ဝေစုများခွဲဝေပေးအပ်နိုင်ခြင်းသည် မိမိတို့၏ဝင်ငွေရရှိမှုများ၊ ငွေရေးကြေးရေးအခြေအနေ၊ ငွေကြေးစီးဆင်းမှုနှင့် မတည်ရင်းနှီးငွေလိုအပ်ချက်တို့အပေါ်တွင် တည်မှီနေပါသည်။ အနာဂတ်ကာလတွင် မိမိတို့ကအမြတ်ဝေစုများ ခွဲဝေပေးအပ်နိုင်မည်ဟု အာမခံနိုင်ခြင်းမရှိပါ။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသူများသည် မိမိတို့၏အခြေအနေနှင့်လျော်ညီစွာ အစုရှယ်ယာများတွင်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် သင့်မသင့်ကို ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ရမည်ဖြစ်ပါသည်။

ပထမအချက်အနေဖြင့် အစုရှယ်ယာရှင်များတွင် မည်သည့်အချိန်၌မဆို မိမိတို့ကုမ္ပဏီက အစုရှယ်ယာများကို ပြန်လည်ဝယ်ယူစေရန်တောင်းဆိုနိုင်သည့် အခွင့်အရေးမရှိပါ။ အစုရှယ်ယာများအား ဒုတိယဈေးကွက်တွင် ရောင်းချခြင်းနည်းလမ်းဖြင့်သာ စွန့်လွှတ်နိုင်ပြီး၊ ရောင်းချသည့်အချိန်တွင် အစုရှယ်ယာများသည် ငွေကြေးအဖြစ် ပြောင်းလဲရန်မလွယ်ကူသောအခြေအနေဖြစ်ပေါ်နေပါက ယင်းရောင်းချမှုတွင် အစုရှယ်ယာများဝယ်ယူစဉ်ကဈေးနှုန်း သို့မဟုတ် ယင်းထက်ပိုမိုသောဈေးနှုန်းရရှိနိုင်မည်ကိုသော်လည်းကောင်း၊ ယင်းကဲ့သို့ရောင်းချနိုင်မည်ဆိုသည်ကိုပင်သော်လည်းကောင်း အာမခံနိုင်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် မတည်ရင်းနှီးငွေကိုပြန်လည်ထုတ်ပေးခြင်းအား အခြားနည်းဖြင့် ဆောင်ရွက်သည်အထိ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းနှင့်စပ်လျဉ်းသောဆုံးရှုံးနိုင်ခြေများကို အစုရှယ်ယာရှင်များက ကျခံနိုင်ရကြောင်း သိရှိထားသင့်ပါသည်။

ဒုတိယအချက်အနေဖြင့် အစုရှယ်ယာများနှင့်စပ်လျဉ်း၍ မိမိတို့ကုမ္ပဏီ၏တာဝန်ရှိမှုမှာ အာမခံခြင်းမပြုနိုင်သော သို့မဟုတ် ဦးစားပေးအဆင့်မရှိသော တာဝန်ရှိမှုများဖြစ်ပါသည်။ မိမိတို့ကုမ္ပဏီအားစာရင်းရှင်းလင်း ဖျက်သိမ်းခြင်းပြုလုပ်ခဲ့ပါက အစုရှယ်ယာရှင်များ၏အခွင့်အရေးများနှင့်တောင်းဆိုချက်များသည် ကုမ္ပဏီ၏ မြီရှင်များ၏တောင်းဆိုချက်များထက် ဦးစားပေးအဆင့်အတန်းနိမ့်ကျသောအခြေအနေတွင် ရှိနေမည်ဖြစ်ပါသည်။ မိမိတို့ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခဲ့ပါက အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခဲ့သူသည် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုအားလုံးကို ဆုံးရှုံးနိုင်သည့်အခြေအနေရှိပါသည်။

## ၂၅။ သိသာသောပမာဏရှိသည့် အစုရှယ်ယာများအား အနာဂတ်ကာလတွင်ရောင်းချခြင်းကြောင့် မိမိတို့အစုရှယ်ယာများ၏ ဈေးကွက်ပေါက်ဈေးအား ထိခိုက်နိုင်ခြင်း

စာရင်းဝင်ခြင်းပြုလုပ်ပြီးလျှင်ပြီးချင်း မိမိတို့၏အစုရှယ်ယာများအား မြန်မာနိုင်ငံ၏အများပြည်သူဈေးကွက်တွင် ရောင်းချနိုင်ပါသည်။ မိမိတို့၏အစုရှယ်ယာများအား အနာဂတ်ကာလတွင် ရောင်းချခြင်း

သို့မဟုတ် အများပြည်သူစျေးကွက်တွင် ဝယ်ယူရရှိစေနိုင်ခြင်းသည် မိမိတို့၏အစုရှယ်ယာစျေးနှုန်းကို ကျဆင်းစေရန် တွန်းအားပေးသည့်အခြေအနေ ဖြစ်ပေါ်နိုင်ပါသည်။ စာရင်းဝင်ပြီးနောက် အစုရှယ်ယာများအား အများပြည်သူစျေးကွက်တွင် အများအပြားရောင်းချခြင်း၊ သို့မဟုတ် ယင်းကဲ့သို့သောရောင်းချမှုဖြစ်ပေါ်နိုင်သည်ဟူသော ယူဆချက်များကြောင့် မိမိတို့အစုရှယ်ယာများ၏စျေးနှုန်းအား ထိခိုက်စေနိုင်ပါသည်။

**၂၆။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများမှ နိုင်ငံခြားအစုရှယ်ယာများရောင်းဝယ်ခြင်းကို ရန်ကုန်စတော့အိပ်ချိန်းတွင် စတင်မိတ်ဆက်ပေးလိုက်သည့်အကျိုးဆက်ကြောင့် ခန့်မှန်း၍မရနိုင်ဘဲ ရင်းနှီးမြှုပ်နှံသူများအကြား ရှုပ်ထွေးမှုများ ဖြစ်ပေါ်လာနိုင်ခြင်း**

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉ ဖြင့် ထုတ်ပြန်ချက်အရ နိုင်ငံခြားသားများအား ၂၀၂၀ ပြည့်နှစ် မတ်လ ၂၀ ရက်နေ့မှစ၍ ရန်ကုန်စတော့အိပ်ချိန်းတွင် အစုရှယ်ယာများရောင်းဝယ်ခြင်းကို ခွင့်ပြုခဲ့ပါသည်။ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာကို အကောင်အထည်ဖော်သည့်အနေဖြင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအရောင်းအဝယ်ပြုလုပ်ရာတွင် ကျင့်သုံးရမည့်မူဘောင်ကို ရန်ကုန်စတော့အိပ်ချိန်းက ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး၊ ဆက်လက်၍ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်က ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ညွှန်ကြားချက်အမှတ် ၁/၂၀၂၀ ဖြင့် နိုင်ငံခြားသားများ အစုရှယ်ယာများအရောင်းအဝယ်ပြုလုပ်နိုင်ရေးအတွက် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများက ငွေစာရင်းများ ဖွင့်လှစ်ပေးရန် လိုအပ်ချက်များကို ထုတ်ပြန်ခဲ့ပါသည်။

ညွှန်ကြားချက်အမှတ် ၁/၂၀၂၀ အရ ပြည်တွင်းနေထိုင်သူနိုင်ငံခြားသားနှင့် ပြည်ပနေထိုင်သူနိုင်ငံခြားသား၊ နှစ်မျိုးစလုံးသည် ရန်ကုန်စတော့အိပ်ချိန်းတွင် အစုရှယ်ယာများ အရောင်းအဝယ်ပြုလုပ်ခွင့်ရှိပါသည်။ စာရင်းဝင်ကုမ္ပဏီတစ်ခုချင်းစီအား နိုင်ငံခြားသားအစုရှယ်ယာရှင်များပိုင်ဆိုင်ခွင့်ရှိသည့် အချိုးကန့်သတ်ချက်ကို ၎င်းတို့ကိုယ်တိုင် သတ်မှတ်ခြင်းကိုခွင့်ပြုထားပြီး၊ သက်ဆိုင်ရာကုမ္ပဏီများကသတ်မှတ်ထားသည့် နိုင်ငံခြားသားများက အစုရှယ်ယာများ အများဆုံးပိုင်ဆိုင်နိုင်သည့်ကန့်သတ်ချက်ကို ကျော်လွန်နိုင်သည့်အခြေအနေဖြစ်သည့် နိုင်ငံခြားသားများ အများဆုံးပိုင်ဆိုင်နိုင်သည့်ကန့်သတ်ချက်၏ ငါးရာခိုင်နှုန်းအတွင်းသို့ ရောက်ရှိလာပါက ရန်ကုန်စတော့ အိပ်ချိန်းသည် နိုင်ငံခြားသားများအရောင်းအဝယ်ပြုလုပ်ရာတွင် ကျင့်သုံးရမည့်မူဘောင်နှင့်အညီ နိုင်ငံခြားသားများ၏ ဝယ်ယူရန်အမှာစာများကို ဆိုင်းငံ့ထားမည်ဖြစ်ပါသည်။ ထို့အပြင် စာရင်းဝင်အဖွဲ့အစည်းကသတ်မှတ်ခဲ့သော နိုင်ငံခြားသားများပိုင်ဆိုင်နိုင်သည့် အစုရှယ်ယာကန့်သတ်ချက်အချိုးထက် ကျော်လွန်သည့် နိုင်ငံခြားသားအစုရှယ်ယာရှင်များ၏မဲပေးပိုင်ခွင့်ကို စာရင်းဝင်ကုမ္ပဏီက ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၀ နှင့်အညီ (လိုအပ်ခဲ့လျှင်) ဆိုင်းငံ့ထားရမည်ဖြစ်ပါသည်။ အစုရှယ်ယာရှင်အစုအလိုက် မဲပေးပိုင်ခွင့်ကန့်သတ်ခြင်းအပါအဝင်၊ အခွင့်အရေးများကန့်သတ်ခြင်းကို စတင်မိတ်ဆက်ထားသည့်အတွက်ကြောင့်၊ စျေးနှုန်းအတက်အကျများဖြစ်ပေါ်ခြင်းနှင့် အကျိုးသက်ရောက်ခြင်းခံရသော အစုရှယ်ယာရှင်များ၏တောင်းဆိုချက်များ ပေါ်ပေါက်လာနိုင်ပါသည်။

**၂၇။ မိမိတို့၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာရည်မှန်းချက်များအတွက် ထပ်ဆောင်းရန်ပုံငွေများလိုအပ်နိုင်ပြီး၊ ယင်းရန်ပုံငွေရယူခြင်းနှင့် အနာဂတ်ကာလတွင် အစုရှယ်ယာများကမ်းလှမ်းခြင်းတို့ကြောင့် လူကြီးမင်းတို့၏ ရင်းနှီးမြှုပ်နှံမှုများ လျော့နည်းလာနိုင်သည့်အခြေအနေသို့ ရောက်ရှိလာနိုင်ခြင်း**

မိမိတို့၏လုပ်ငန်းလည်ပတ်မှုများကိုတိုးတက်စေရန်နှင့်တိုးချဲ့ရန်အတွက် မိမိတို့သည် ထပ်ဆောင်းရန်ပုံငွေများလိုအပ်နိုင်ပါသည်။ ယင်းကဲ့သို့သောအခြေအနေမျိုးတွင် ဤကဲ့သို့ တိုးတက်မှုအခွင့်အလမ်းများပြည့်မီရန် လိုအပ်သော မတည်ရင်းနှီးငွေရရှိရေးအတွက် အစုရှယ်ယာများကမ်းလှမ်းခြင်းကို အနာဂတ်ကာလ၌ လုပ်ဆောင်ရန် လိုအပ်နိုင်ဖွယ်ရာရှိပါသည်။ အကယ်၍ အစုရှယ်ယာအသစ်များထုတ်ဝေပြီး လက်ရှိအစုရှယ်ယာရှင်များ သို့မဟုတ် အစုရှယ်ယာရှင်အသစ်များအား လက်ရှိစျေးကွက်တွင်ဖြစ်ပေါ်နေသောပေါက်စျေးထက်

လျော့နည်းသော ဈေးနှုန်းဖြင့်ဝယ်ယူရန်ကမ်းလှမ်းခဲ့ပါက လက်ရှိအစုရှယ်ယာရှင်များ၏ အစုရှယ်ယာပိုင်ဆိုင်မှု တန်ဖိုးသည် လျော့နည်းသွားမည်ဖြစ်ပါသည်။ အကယ်၍ အစုရှယ်ယာအသစ်များတန်ဖိုးနှင့် လိုက်လျော ညီထွေစွာ ဝင်ငွေတိုးတက်ရရှိစေရန် မိမိတို့ကုမ္ပဏီက ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါက အစုရှယ်ယာတစ်ခုအပေါ် ရရှိမည့်မိမိတို့ဝင်ငွေသည် လျော့နည်းသွားနိုင်ပြီး၊ ယင်းအချက်သည် မိမိတို့အစုရှယ်ယာများ၏ ဈေးကွက် ပေါက်ဈေးအား လျော့နည်းကျဆင်းသွားစေနိုင်မည်ဖြစ်ပါသည်။ ထပ်ဆောင်းကြွေးမြီရယူခြင်းဖြင့် ငွေကြေး ဖြည့်ဆည်းမှုပြုလုပ်ခြင်းသည် အတိုးငွေကုန်ကျစရိတ်နှင့်ကြွေးမြီတင်ရှိမှုအချိုးကို မြင့်တက်စေခြင်းအပြင်၊ အမြတ်ဝေစုခွဲဝေခြင်း၊ နောင်ကာလရန်ပုံငွေဖြည့်တင်းရန်ဆောင်ရွက်မှုများနှင့် အခြားသောငွေရေးကြေးရေး နှင့် လုပ်ငန်းလည်ပတ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကန့်သတ်သောပဋိညာဉ်များ ပါဝင်လာနိုင် ပါသည်။

## ၂၈။ အနုတ်လက္ခဏာဆောင်သော အမြင်များ

မိမိတို့၏ကုမ္ပဏီနှင့်စပ်လျဉ်း၍ ၎င်း၏အဓိကအစုရှယ်ယာရှင် သို့မဟုတ် ဒါရိုက်တာ သို့မဟုတ် အမှုဆောင် အရာရှိတစ်ဦးဦးနှင့်စပ်လျဉ်း၍ အနုတ်လက္ခဏာဆောင်သောသတင်းထွက်ပေါ်မှု သို့မဟုတ် ကြေညာချက် ပေါ်ပေါက်ခဲ့ပါက၊ ယင်းအချက်များသည် သင့်လျော်မှန်ကန်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဈေးကွက်တွင် အစုရှယ်ယာများ၏ကောင်းစွာရပ်တည်စွမ်းဆောင်နိုင်စွမ်းအပေါ် သိသာစွာထိခိုက်မည်ဖြစ်ပါသည်။ ယင်းကဲ့သို့ သော အနုတ်လက္ခဏာဆောင်သည့် သတင်းထွက်ပေါ်မှုနှင့် ကြေညာချက်များတွင် လူမွဲခံယူခြင်းဆိုင်ရာအမှု အခင်းများ၊ တရားရေးဆိုင်ရာအငြင်းပွားမှုများနှင့်၊ စီမံကိန်းနှင့်ဖက်စပ်လုပ်ငန်းအသစ်များတွင် မအောင်မြင် သော ကြိုးပမ်းချက်များပါဝင်ပါသည်။

## ၂၉။ အတည်ပြုချက်မရှိသော သတင်းအချက်အလက်များ

ရန်ကုန်စတော့အိပ်ချိန်းတွင် မိမိတို့ကုမ္ပဏီ၏စာရင်းဝင်ခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရှိ အချို့သော ပုံနှိပ်ထုတ်ဝေမှုများတွင် သတင်းအဖြစ်ဖော်ပြနိုင်ပြီး၊ ယင်းတို့တွင် အချို့သောငွေရေးကြေးရေးဆိုင်ရာ သတင်း အချက်အလက်များ၊ အမြတ်ရရှိမှုဆိုင်ရာမျှော်မှန်းချက်များ၊ လုပ်ငန်းဆောင်ရွက်လည်ပတ်မှုဆိုင်ရာ ခန့်မှန်း ချက်များ၊ တန်ဖိုးသင့်မှုများနှင့် အခြားသောသတင်းအချက်အလက်များ ပါဝင်နိုင်ပါသည်။ အဆိုပါ သတင်း အချက်အလက်များ၏ မှန်ကန်တိကျမှု သို့မဟုတ် ပြီးပြည့်စုံမှု သို့မဟုတ် ယင်းအချက်အလက်များအား မိမိတို့ထံမှပေးအပ်ခြင်း သို့မဟုတ် ခွင့်ပြုခြင်းများနှင့်စပ်လျဉ်း၍ မည်သည့်တာဝန်ရှိမှုကိုမျှ မိမိတို့မှလက်မခံ နိုင်ပါ။ အဆိုပါသတင်းအချက်အလက်များ၏ သင့်လျော်မှု၊ တိကျမှန်ကန်မှု၊ ပြီးပြည့်စုံမှု၊ ယုံကြည်အားထားနိုင်မှု သို့မဟုတ် နောက်ခံယူဆချက်များအပေါ် မိမိတို့အနေဖြင့် မည်သည့်ကိုယ်စားပြုမှုကိုမျှ ပြုလုပ်ခြင်းမရှိပါ။ ဤကိစ္စနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အလားအလာရှိသူများအနေဖြင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို ဤစာရင်းဝင်ခြင်းဆိုင်ရာမြွက်ဟကြေညာစာတမ်းတွင်ပါဝင်သော သတင်းအချက်အလက် များကိုသာအခြေခံ၍ပြုလုပ်ရန်နှင့် အခြားသောသတင်းအချက်အလက်များကိုအမှီပြုခြင်း မပြုလုပ်ရန် အသိ ပေးအပ်ပါသည်။

## အပိုင်း ၃။ ကုမ္ပဏီ၏ သတင်းအချက်အလက်များ

### ၁။ ကုမ္ပဏီ၏ အကျဉ်းချုပ်

#### ၁။ ကုမ္ပဏီ၏သမိုင်းကြောင်းနှင့် နောက်ခံအကြောင်းအရာ

မိမိတို့၏ကုမ္ပဏီသည် ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံ၏ မြန်မာနိုင်ငံသားပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် အောက်ပါ ကမကထပြုသူပုဂ္ဂိုလ် ၁၁ ဦးက ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

- ဒဂုန် (**အပိုင်း ၃၊ ၂။ (၂) - ဒဂုန်ကုမ္ပဏီများအုပ်စု** တွင်ဖော်ပြထားသည်)
- Golden Land East Asia Development Limited (ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့ပြုလုပ်သော အများနှင့်သက်ဆိုင်သောကုမ္ပဏီဖြစ်ပြီး မိမိတို့ကုမ္ပဏီ၏ ဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပါသည်။)
- ဦးစစ်လွင် (**အပိုင်း ၄(၃) - အရေးပါသောနောက်ခံသတင်းအချက်အလက်များ** တွင် ဖော်ပြထားသည်)
- ဦးသူရိန်အောင် (**အပိုင်း ၄(၃) - အရေးပါသောနောက်ခံသတင်းအချက်အလက်များ** တွင်ဖေါ်ပြထားသည်)
- ဦးဘုန်းဘုန်းနိုင် (**အပိုင်း ၄(၃) - အရေးပါသောနောက်ခံသတင်းအချက်အလက်များ** တွင်ဖေါ်ပြထားပါသည်)
- ဒေါ်ခိုင်သဇင်စိုး (မိမိတို့ကုမ္ပဏီ၏ ယခင် ဒါရိုက်တာ)
- ဒေါ်မိုးမြမြ (ဒဂုန်အုပ်စု၏ လက်ရှိ ဘဏ္ဍာရေး ဒါရိုက်တာ)
- ဒေါ်အိနှင်းပွင့် (ဒဂုန်အုပ်စု၏ လက်ရှိ လက်လီနှင့် ဖြန့်ဖြူးရေးအဖွဲ့ခေါင်းဆောင်)
- ဦးရဲထွဋ်ဝင်း (ဒဂုန်အုပ်စု၏ စက်ပစ္စည်းနှင့်ကိရိယာဌာန၏ လက်ရှိ ဒါရိုက်တာ)
- ဦးကျော်ဇောအောင် (ကွယ်လွန်)နှင့်
- ဦးအောင်ကြီး (မိမိတို့ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်)

မိမိတို့ကုမ္ပဏီ၏ မူလကုမ္ပဏီအမှတ်မှာ 1789/2015-16 (YGN) ဖြစ်ပြီး၊ ယင်း၏ ဥပဒေရေးရာနှင့် စီးပွားရေးရာနှင့်စပ်လျဉ်းသည့်အမည်မှာ Myanmar Agro Exchange Public Company Limited ဖြစ်ပါသည်။ ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းလိပ်စာမှာ အမှတ် ၂၆၂-၂၆၄၊ ပြည်လမ်း၊ ဒဂုန်စင်တာ၊ Block A ၊ ၄ လွှာ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာနိုင်ငံဖြစ်ပြီး၊ ဝက်ဘ်ဆိုဒ်လိပ်စာမှာ http://www.maex.com.mm ဖြစ်ပါသည်။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့၌ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၏ အာဏာစတင်သက်ဝင်လာသည့်အချိန်တွင် မိမိတို့ကုမ္ပဏီအား ယင်းဥပဒေနှင့်အညီ ပြန်လည်မှတ်ပုံတင်ခဲ့ပြီး၊ ကုမ္ပဏီ၏ မှတ်ပုံတင်အမှတ်မှာ 112387595 သို့ ပြောင်းလဲခဲ့ပါသည်။

မိမိတို့ကုမ္ပဏီသည် ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ်ကို ၂၀၂၃ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစုရှယ်ယာရှင်များ၏အထွေထွေအစည်းအဝေးတွင် အတည်ပြုခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ၂၀၂၃ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် စတင်အာဏာသက်ရောက်ခြင်းအား မိမိတို့ကုမ္ပဏီ၏ဒါရိုက်တာဘုတ်အဖွဲ့က အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၈ နှင့် ၁၉ တို့အညီ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် တင်ပြသည့်အခါတွင် အာဏာသက်ရောက်လာမည်ဖြစ်သည်။ တင်သွင်းရန်ကျန်ရှိနေပါသည်။

တည်ငံးကုန်းလက်ကားဈေးအား တည်ဆောက်ရန်နှင့် စီမံခန့်ခွဲရန် ရည်ရွယ်ချက်ဖြင့် မိမိတို့ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ တည်ငံးကုန်းလက်ကားဈေးသည် အင်းစိန်မြို့နယ်၊ ခရေပင်လမ်းနှင့် စက်မှုလမ်းထောင့်တွင် တည်ရှိပါသည်။ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် တည်ဆောက်အကောင်အထည်ဖော်

ခြင်းလုပ်ငန်းသဘောတူစာချုပ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သဘောတူချုပ်ဆိုခဲ့ပြီးနောက် တည်းကုန်းလက်ကားဈေး ဆောက်လုပ်ခြင်းနှင့်တည်ထောင်ခြင်းအတွက် လုပ်ကိုင်ခွင့်ကို ရရှိခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် မိမိတို့ကုမ္ပဏီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ ခွင့်ပြုမိန့်ကို လက်ခံရရှိခဲ့ပါသည်။ ခွင့်ပြုမိန့်အမှတ်မှာ ၀၁၃/၂၀၁၇ ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်တွင် မိမိတို့၏ကမကထပြုသူများအနက်တစ်ဦးဖြစ်သည့် ဒဂုန် က တည်းကုန်းလက်ကားဈေး တည်ဆောက်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ တင်ဒါလုပ်ငန်းစဉ်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။ ဒဂုန်နှင့်စပ်လျဉ်းသော ထပ်ဆောင်းသတင်းအချက်အလက်များကို **အပိုင်း ၃၊ ၂။ (၂) - ဒဂုန်ကုမ္ပဏီများအုပ်စု**တွင် ဖော်ပြထားပါသည်။ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့က ဒဂုန်အား တင်ဒါအောင်မြင်သူအဖြစ်သတ်မှတ်ခဲ့ပါသည်။ တင်ဒါစည်းကမ်းချက်များအနက် အချက်တစ်ချက်ဖြစ်သည့် ဒဂုန်၏ကတိကဝတ်ပြုမှုမှာ တည်းကုန်းလက်ကားဈေးအား စီမံကိန်းဆောင်ရွက်မှု ဆိုင်ရာကုမ္ပဏီတစ်ခုက ဆောင်ရွက်ရန်ဖြစ်ပြီး၊ ၎င်းအား မြန်မာနိုင်ငံဥပဒေနှင့်အညီ အများနှင့်သက်ဆိုင်သော တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီတစ်ခုအဖြစ်ဖွဲ့စည်းတည်ဆောက်ကာ၊ ယင်းတွင် ဒဂုန်က တည်ထောင်သူတစ်ဦး အနေဖြင့် ကနဦးတွင် အနည်းဆုံး ၄၅ ရာခိုင်နှုန်း ပိုင်ဆိုင်မှုရယူကာ ကမကထပြုသူအဖြစ်ဆောင်ရွက်ရန် ဖြစ်ပါသည်။ မိမိတို့ကုမ္ပဏီအား ဤရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏အခြားသော တင်ဒါစည်းကမ်းချက်တစ်ရပ်မှာ ဒဂုန်အား တည်းကုန်းလက်ကားဈေး၏ ပင်မ ဆောက်လုပ်ရေးကန်ထရိုက်တာအဖြစ်ခန့်အပ်ရန်ဖြစ်ပြီး၊ ယင်းအချက်အား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် မိမိတို့ကုမ္ပဏီနှင့် ဒဂုန် တို့အကြား ဆောက်လုပ်ရေးဆိုင်ရာသဘောတူစာချုပ် ချုပ်ဆိုခြင်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။

တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ်အရ မြေဧရိယာ ၈၀.၇၁၇ ဧက ရှိသော မြေပေါ်တွင် တည်းကုန်းလက်ကားဈေးကိုတည်ထောင်၍ လုပ်ငန်းလည်ပတ်လုပ်ကိုင်ရန် ကနဦး အနှစ် ၅၀ နှင့် တစ်ကြိမ်လျှင် ၁၀ နှစ်စီ ရှိသော ထပ်တိုးကာလ နှစ်ကြိမ်ကို ရွေးချယ်ခွင့်ရှိသည့် လုပ်ပိုင်ခွင့်အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကပေးအပ်သည့်ခွင့်ပြုချက်ကို မိမိတို့ကုမ္ပဏီကရရှိခဲ့ပါသည်။ တည်းကုန်း လက်ကားဈေးအတွက် မူလတင်ဒါအရ ယင်းအား မြေဧရိယာ ၈၅ ဧက အပေါ်တွင်တည်ထောင်ရန် ရည်ရွယ်ခဲ့ပါ သည်။ သို့ရာတွင် စီမံကိန်းမြေနေရာအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မြေတိုင်းတာမှုများ ပြုလုပ်ပြီးနောက် တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ်ဖြင့် တည်းကုန်း လက်ကား ဈေးအတွက် မြေဧရိယာ ၈၂.၇၈ ဧက ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လျာထားသတ်မှတ်ခဲ့ပါသည်။ ထိုမှ တစ်ဆင့် ဤမူလတိုင်းတာခဲ့သည့်မြေဧရိယာအနက်မှ ၂.၀၆၃ ဧက ကို လမ်းများ၊ ရေဆင်းမြောင်းနှင့်တကွ နယ်မြေဆက်စပ်နေသည့်ရထားလမ်းအတွက် နယ်နိမိတ်အဖြစ် လျာထားခဲ့ပါသည်။ ယင်း၏အကျိုးဆက်ကြောင့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် ပြုလုပ်ခဲ့သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဆုံးဖြတ်ချက်အရ မူလတိုင်းတာခဲ့သည့်မြေဧရိယာသည် ၈၀.၇၁၇ ဧက သို့ လျော့နည်းခဲ့ရပါသည်။

တည်းကုန်းလက်ကားဈေးအား ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး၊ အဆင့်လေးဆင့် ဖြင့် ဆောက်လုပ်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ကာ နောက်ဆုံးအဆင့်အား ၂၀၂၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ပြီးစီးရန် စီစဉ်ဆောင်ရွက်ထားပါသည်။ **အပိုင်း ၃ (၂) - စီးပွားရေးလုပ်ငန်းအကြောင်းဖော်ပြချက်၊ အမှတ်စဉ် ၁ - စီးပွားရေးလုပ်ငန်း၏ သဘောသဘာဝ** ကို ကြည့်ရှုပါရန် ရည်ညွှန်းပါသည်။

### ၂။ <u>မျှော်မှန်းချက်၊ စွမ်းအားများနှင့် မဟာဗျူဟာများ</u>

*မျှော်မှန်းချက်၊ စွမ်းအားများနှင့် မဟာဗျူဟာများ*

မိမိတို့ကုမ္ပဏီ၏မျှော်မှန်းချက်မှာ မြန်မာနိုင်ငံတွင် လတ်ဆတ်သောအစားအစာ လက်ကားအရောင်း

ဈေးကွက်နှင့် ထောက်ပံ့ရေးကွန်ယက် ကုမ္ပဏီအနေဖြင့် နံပါတ်(၁) နေရာတွင်ရှိနေပြီး ယင်းလုပ်ငန်းကဏ္ဍမျိုးတွင် ဦးဆောင်မှုပေးနိုင်ကာ တီထွင်ဆန်းသစ်မှု၊ အဆင်ပြေလွယ်ကူမှု၊ အရည်အသွေးတို့တွင် အကောင်းဆုံးဖြစ်စေရန်၊ မြန်မာ့စိုက်ပျိုးရေးနှင့် သစ်သီးဝလံပန်းမန်ဥယျာဉ်စိုက်ပျိုးခြင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တောင်သူလယ်သမားများ၊ စိုက်ပျိုးထုတ်လုပ်သူများနှင့်ရောင်းချသူများ၏ ဆင်းရဲနွမ်းပါးမှုကိုလည်း လျှော့ချရန်တို့ဖြစ်ပါသည်။

မိမိတို့သည် တည်းကုန်းလက်ကားဈေးအားသာမက နိုင်ငံတစ်ဝန်းခြုံငုံအောင်နယ်ပယ်များဖြန့်ကျက်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ အထူးသဖြင့် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် လက်ကားဈေးနှင့်လက်လီဈေးများ တည်ထောင်ခြင်းနှင့်လိုအပ်ချက်ရှိခြင်းဆိုင်ရာ ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှုများကို ဆောင်ရွက်ခဲ့ပါသည်။ မိမိတို့လေ့လာဆန်းစစ်မှုပြုလုပ်ခဲ့ရာတွင် အခြားသောစီမံကိန်းများဖြစ်သည့် ပင်လယ်စာပြင်ဆင်ထုတ်လုပ်ရေးစက်ရုံနှင့် ဆိပ်ခံ၊ အစေ့တင်ပို့မှု ဆိပ်ခံ (grain terminal) နှင့် ဆန်ကြိတ်ခွဲစက်တို့ပါဝင်ပါသည်။ စီမံကိန်းတစ်ခုတည်ဆောက်ရန်အတွက်လိုအပ်သော အထူးကျွမ်းကျင်မှုများကို မိမိတို့ထံတွင် လက်ဝယ်မရှိပါက ယင်းကိုရယူရန်အတွက် မိမိတို့သည် အခြားသောအုပ်စုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါသည်။

ဤနယ်ပယ်များတွင် ကြီးမားသောတိုးတက်မှုများဖြစ်ပေါ်ရန်အလားအလာရှိသည်ဟု မိမိတို့ယုံကြည်ပါသည်။ လျှပ်စစ်ပြတ်တောက်မှုများ၊ အချိန်မှန်မဟုတ်သောရေပို့လွှတ်မှုများစသည့် အခြေခံအဆောက်အအုံအားနည်းခြင်းများ၊ ကောင်းမွန်ပြည့်စုံမှုမရှိသည့်ရထားလမ်းများ ဆိပ်ကမ်းအဆောက်အအုံများနှင့် စွမ်းရည်ထိရောက်မှုအားနည်းပြီး ဈေးနှုန်းကြီးမြင့်သော အအေးခန်းလုပ်ငန်းများတို့ကြောင့် မြန်မာနိုင်ငံ၌လက်ရှိအချိန်တွင် တည်ရှိနေသောလုပ်ငန်းရပ်များသည် အားနည်းချက်များနှင့်ရင်ဆိုင်ကြုံတွေ့နေရပါသည်။

ယင်းလုပ်ငန်းကဏ္ဍများတွင် မိမိတို့၏ဦးဆောင်နိုင်မှုနှင့်တီထွင်ဆန်းသစ်မှု၊ အဆင်ပြေလွယ်ကူမှု၊ အရည်အသွေးရှိမှုနှင့် အကောင်းဆုံးဖော်ဆောင်နိုင်မှုတို့အတွက် မိမိတို့၏သန္နိဋ္ဌာန်ချမှတ်ထားမှုတို့ကိုအသုံးပြုကာ ဤအားနည်းချက်များကို မိမိတို့ ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါသည်။

မိမိတို့၏ရည်မှန်းရာမျှော်မှန်းချက်ကို အောင်မြင်အောင်စွမ်းဆောင်နိုင်စေရန်အတွက် စိုက်ပျိုးရေးလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ဖြန့်ဖြူးမှုလုပ်ငန်း၊ ဆက်သွယ်ပို့ဆောင်ရေးလုပ်ငန်း နှင့် ဆောက်လုပ်ရေးလုပ်ငန်းတို့တွင် အတွေ့အကြုံပြည့်ဝသော မိမိတို့၏စီမံခန့်ခွဲမှုအဖွဲ့အစည်းသည် အဓိကစွမ်းအားတစ်ရပ်ဖြစ်သည်ဟု မိမိတို့ယုံကြည်မိပါသည်။

စီမံကိန်းများကို တည်ထောင်ရာတွင် မိမိတို့ စီမံခန့်ခွဲမှုအဖွဲ့အစည်း၏ ဦးတည်မှုမှာ -

- ကြီးမားကျယ်ပြန့်သော စပေါင်းလုပ်ငန်းများ၊
- အလုံးစုံပါဝင်ပြီး ခေတ်မီတိုးတက်သောအဆောက်အအုံများ၊
- မဟာဗျူဟာကျသောနေရာဒေသများ၊
- ခိုင်မာသောထောက်ပံ့ရေးကွန်ယက်များ၊
- နိုင်ငံတကာစံနှုန်းမီသောလုပ်ငန်းစဉ်များ၊
- ဘေးအန္တရာယ်ကင်းရှင်းသောစားသောက်ကုန်များ။

ဤဥပဒေသများကို တည်းကုန်းလက်ကားဈေးတွင် မည်ကဲ့သို့အသုံးချထားသည်ဆိုသည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ အောက်တွင်ဖော်ပြထားသော တည်းကုန်းလက်ကားဈေးဆိုင်ရာ **အပိုင်း ၃၊ (၂) - စီးပွားရေးလုပ်ငန်းအကြောင်းဖော်ပြချက်၊ အမှတ်စဉ် ၁ - စီးပွားရေးလုပ်ငန်း၏သဘောသဘာဝ**တို့တွင် တွေ့မြင်နိုင်ပါသည်။

## ၃။ <u>ကုမ္ပဏီနှင့် ၎င်း၏အုပ်စုအဖွဲ့အစည်းအား ဖွဲ့စည်းတည်ဆောက်ထားမှုပုံစံ</u>

ဒဂုန် နှင့် အခြားသောကမကထပြုသူအများအပြားသည် ဒဂုန်အုပ်စုအဖွဲ့အစည်း၏ပါဝင်သူများ ဖြစ်ပါသည်။ ဒဂုန်ကုမ္ပဏီများအုပ်စုအဖွဲ့အစည်းနှင့်စပ်လျဉ်း၍ အောက်တွင်ဖော်ပြထားသော **အပိုင်း ၃၊ ၂။ (၂) - ဒဂုန်**

**အုပ်စုအဖွဲ့အစည်း**တွင် ကြည့်ရှုနိုင်ပါရန် ရည်ညွှန်းပါသည်။

### ၄။ <u>မိခင်ကုမ္ပဏီ၊ လက်အောက်ခံကုမ္ပဏီနှင့်တွဲဖက်လုပ်ကိုင်သူများ</u>

မိမိတို့ကုမ္ပဏီတွင် တွဲဖက်လုပ်ကိုင်သောကုမ္ပဏီများ မရှိပါ။ ထို့ပြင် ဒဂုန်အုပ်စုတွင်လည်း သီးခြားကုမ္ပဏီ တစ်ခု ဖြစ်ပါသည်။

### ၅။ <u>ဝန်ထမ်းအခြေအနေ</u>

Latest Practicable Date အရ မိမိတို့ကုမ္ပဏီတွင် ဝန်ထမ်း ၂၁၆ ဦး ရှိပါသည်။ ဝန်ထမ်းအားလုံးသည် ရန်ကုန် ဒေသအခြေစိုက်ဝန်ထမ်းများဖြစ်ပါသည်။ Latest Practicable Date တွင်တည်ရှိသောစာရင်းအရ ဝန်ထမ်း များအား ၎င်းတို့၏လုပ်ငန်းဆောင်ရွက်မှုများ၊ ပညာအရည်အချင်းများနှင့် အသက်များအလိုက် ခွဲခြမ်းစိတ်ဖြာ ထားသောအခြေအနေကို အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်။

| အဓိကဆောင်ရွက်မှုတာဝန် | ဝန်ထမ်းအရေအတွက် |
|---|---|
| အမှုဆောင် အရာရှိချုပ် | ၁ |
| ဘဏ္ဍာရေး အရာရှိချုပ် | ၁ |
| စာရင်းကိုင်ချုပ် | ၁ |
| လက်ထောက် စာရင်းကိုင်ချုပ် | ၁ |
| အထွေထွေမန်နေဂျာ | ၁ |
| ဒုတိယအထွေထွေမန်နေဂျာ | ၃ |
| လက်ထောက်အထွေထွေမန်နေဂျာ | ၁ |
| မန်နေဂျာ | ၉ |
| လက်ထောက်မန်နေဂျာ | ၄ |
| အကြီးတန်း စာရင်းကိုင် | ၂ |
| အကြီးတန်း စာရင်းစစ် | ၁ |
| စာရင်းစစ် | ၁ |
| ဒုတိယမန်နေဂျာ | ၁ |
| အင်ဂျင်နီယာ | ၂ |
| အကောင်အထည်ဖော် ဆောင်ရွက်ရေး အရာရှိ | ၁ |
| လျှပ်စစ်ကျွမ်းကျင်သူ | ၄ |
| အိုင်တီဝန်ထမ်း | ၄ |
| စာရင်းကိုင် | ၁ |
| အငယ်တန်း စာရင်းကိုင် | ၃ |
| ကြီးကြပ်သူ | ၇ |
| ငွေကိုင် | ၃ |
| ဒုတိယ ကြီးကြပ်သူ | ၁ |
| လက်ထောက် ကြီးကြပ်သူ | ၉ |
| ယာဉ်မောင်း | ၃ |
| စာရေး | ၉၁ |
| ရေပိုက်ပြင်ဆင်သူ | ၅ |
| သန့်ရှင်းရေးအဖွဲ့ခေါင်းဆောင် | ၂ |

| | |
|---|---|
| အထွေထွေလုပ်သား | ၅၃ |
| **စုစုပေါင်း** | **၂၁၆** |

| ပညာအရည်အချင်း | ဝန်ထမ်းအရေအတွက် |
|---|---|
| တက္ကသိုလ်ဘွဲ့ (ဘွဲ့ရ) | ၄၉ |
| တက္ကသိုလ်ဘွဲ့ (တက်ရောက်ဆဲ) | ၅၁ |
| အထက်တန်းကျောင်း | ၅၇ |
| အလယ်တန်းကျောင်း | ၅၉ |
| မူလတန်းကျောင်း | - |
| မရှိ | - |
| **စုစုပေါင်း** | **၂၁၆** |

| အသက် | ဝန်ထမ်းအရေအတွက် |
|---|---|
| ၂၀ - ၂၅ | ၈၅ |
| ၂၆ - ၃၀ | ၂၉ |
| ၃၁ - ၃၅ | ၂၃ |
| ၃၆ - ၄၀ | ၁၉ |
| ၄၁ - ၄၅ | ၁၄ |
| ၄၅ အထက် | ၄၆ |
| **စုစုပေါင်း** | **၂၁၆** |

မိမိတို့၏ဝန်ထမ်းများအပြင်၊ တညင်းကုန်းလက်ကားဈေးတွင် ကုန်တင်ကုန်ချဝန်ဆောင်မှုများ ဆောင်ရွက်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်းစိန်မြို့နယ်ကုန်တင်ကုန်ချကော်မတီ ထံ အလုပ်သမားအရေအတွက် ၅၀ ဦးကို ပို့လွှတ်ပေးပါရန် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် မိမိတို့က တောင်းခံခဲ့ပါသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏သတ်မှတ်ချက်အရ ရန်ကုန်မြို့ရှိ ဈေးများ အားလုံးတွင် အဆိုပါ အလုပ်သမားများ၏ဝန်ဆောင်မှုကို အသုံးပြုရမည်ဖြစ်ပါသည်။ အဆိုပါအလုပ်သမားများက ဈေးပရဝဏ်အတွင်း ၎င်းတို့၏ဝန်ဆောင်မှုလုပ်ငန်းများကို ကမ်းလှမ်းနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးခြင်းမှအပ မိမိတို့ကုမ္ပဏီတွင် ၎င်းအလုပ်သမားများအတွက် တာဝန်မရှိပါ။ အဆိုပါအလုပ်သမားများကပံ့ပိုးသော ကုန်တင် ကုန်ချဝန်ဆောင်မှုများအတွက် မိမိတို့ကုမ္ပဏီ၏ဆက်သွယ်ဆောင်ရွက်သူများက ဝန်ဆောင်မှုအခကြေးငွေများကို တိုက်ရိုက်ပေးချေမည်ဖြစ်ပါသည်။

မိမိတို့ကုမ္ပဏီ၏ဝန်ထမ်းများသည် မြန်မာနိုင်ငံ၏အလုပ်သမားအစည်းအရုံးများနှင့် ပေါင်းစည်းထားရှိ ပါသည်။ မိမိတို့ကုမ္ပဏီ၏အလုပ်သမားများသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ (ဥပဒေအမှတ် ၅/၂၀၁၂) အရ လုပ်ငန်းခွင်ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းထားပါသည်။

## ၂။ စီးပွားရေးလုပ်ငန်းအကြောင်းဖော်ပြချက်

### (၁) <u>စီးပွားရေးလုပ်ငန်း၏သဘောသဘာဝ</u>

မိမိတို့ကုမ္ပဏီ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ တညင်းကုန်းလက်ကားဈေး ဖြစ်ပါသည်။ တညင်းကုန်းလက်ကားဈေးသည် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ စိုက်ပျိုးရေးကုန်ပစ္စည်းများ၊ ပန်းမန်များနှင့် ငါးများ ဖြန့်ဖြူးခြင်း ကို အထူးပြု ဆောင်ရွက်ပါသည်။ တညင်းကုန်းလက်ကားဈေးသည် တိုးတက်ဖွံ့ဖြိုးမှုမရှိသေးသည့် ဤနယ်ပယ်ကို တိုးတက်ဖွံ့ဖြိုးစေရေး၊ ဈေးနှုန်းခန့်မှန်းနိုင်ခြေရှိစေရေးနှင့် လယ်သမားများ၏ဝင်ငွေများ တို့နှင့် စပ်လျဉ်း၍ တိုးတက်ပြောင်းလဲမှုများရှိစေရေးတို့ကို ဦးတည်ချက်ထားရှိပါသည်။ ရည်ရွယ်ချက်များမှာ အမြတ်ရရှိရေးသာမက၊ လယ်သမားများ၊ စားသုံးသူများ၊ ဒေသခံကုန်သည်များနှင့် ပြည်ပသို့တင်ပို့သူများအကြား ဆက်သွယ်မှုများရရှိရေးအတွက်ပါ ရည်ရွယ်ပါသည်။ လယ်သမားများနှင့်စိုက်ပျိုးရေးလုပ်ငန်းကို အမှီပြုနေသူများ၏ နေထိုင်မှုအဆင့်အတန်းကို မြှင့်တင်နိုင်စေမည်သာမက တန်ဖိုးမြှင့်စိုက်ပျိုးရေးထုတ်ကုန်များနှင့် လုပ်ငန်းနယ်ပယ်ကိုပါ ဖန်တီးနိုင်မည် ဖြစ်ပါသည်။

တညင်းကုန်းလက်ကားဈေးသည် မိမိတို့ကုမ္ပဏီကတည်ထောင်သော ပထမဆုံးလက်ကားဈေး ဖြစ်ပါသည်။ ယင်းသည် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ စိုက်ပျိုးရေးထုတ်ကုန်များ၊ ပန်းမန်များနှင့် ငါးများ ဖြန့်ဖြူးခြင်း နှင့် အခြားသော စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်သည့် ကွဲပြားခြားနားသောအုပ်စုများဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေသာ စီးပွားရေးလုပ်ငန်းဖြစ်ပါသည်။ ဤသို့တည်ရှိနေသော နေရာတစ်ခုလုံးအနေနှင့် သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ၊ ငါးများ၊ အသားများနှင့် ပန်းမန်များ ထုတ်လုပ်ခြင်း အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခြင်းသာမကဘဲ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံ၏စီးပွားရေးကိုပါ အထောက်အကူပြုခြင်းနှင့် ဒေသခံအသိုင်းအဝိုင်းများနှင့်မိသားစုများအတွက် အပေါင်းလက္ခဏာဆောင်သော အကျိုးကျေးဇူးပြုမှုများကို ဖြစ်ပေါ်စေပါသည်။

### (က) သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များ ရောင်းချရန်အတွက် ဘက်စုံပါဝင်သောစနစ်

လက်ရှိအခြေအနေတွင် တညင်းကုန်းလက်ကားဈေး၌ အဓိကစီးပွားရေးလုပ်ငန်းပေါင်း ၁၀ခုခန့်က မိမိတို့၏ ဖောက်သည်များအနေနှင့် စီပွားလုပ်ငန်းလုပ်ကိုင်ရောင်းချလျက်ရှိပါသည်။ ဤလုပ်ငန်းများတွင် လတ်ဆတ်သော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်၊ ပြောင်းနှင့်ကြံ၊ သားငါး၊ ကုန်ခြောက်များ၊ ငါးခြောက်နှင့်အသားခြောက်၊ ငါးပိနှင့်ငံပြာရည်၊ လူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးဆေးဝါးများကို သိုလှောင်ခြင်းနှင့် ရောင်းဝယ်ခြင်းလုပ်ငန်းများ၊ စားသောက်ဆိုင်တန်းနှင့် အသေးစားချေးငွေလုပ်ငန်းများ ပါဝင်ပါသည်။

မိမိတို့၏ ဆက်သွယ်ဆောင်ရွက်သူများသည် လူနေဆိုင်ခန်းများ (shop houses) သာမက၊ တညင်းကုန်းလက်ကားဈေး၏ဈေးအဆောက်အဦရှိ ဆိုင်ခန်းများတွင်ပါ လုပ်ကိုင်လည်ပတ်လျက်ရှိပါသည်။

တညင်းကုန်းလက်ကားဈေးတွင်ရောင်းချသောထုတ်ကုန်များကို ဝယ်ယူသူများတွင် ကုန်စိမ်းရောင်းချသူများ၊ စူပါမားကက်များ၊ စားသောက်ဆိုင်များ၊ စားသောက်ကုန်ပြင်ဆင်ထုတ်လုပ်သူများနှင့် ပန်းအလှပြင်သူများ ပါဝင်ပါသည်။ တညင်းကုန်းလက်ကားဈေးမှ တိုက်ရိုက်ဖြန့်ဖြူးရောင်းချမှုများအား လက်ခံရရှိသော ဒေသဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ပိုမိုများပြားလာမည်ဟုမျှော်မှန်းထားပါသည်။

တညင်းကုန်းလက်ကားဈေးတွင် ရောင်းချသောထုတ်ကုန်များသည် ရန်ကုန်မြို့အနီးပတ်ဝန်းကျင်နှင့် အခြားသော နိုင်ငံအနှံ့ ထုတ်လုပ်သူများထံမှရရှိသော ကုန်ပစ္စည်းများဖြစ်ပါသည်။


### (ခ) အလုံးစုံပါဝင်ပြီး ခေတ်မီတိုးတက်သောအဆောက်အအုံ


ပစ္စည်းသိုလှောင်ရန်အအေးခန်း၊ ပစ္စည်းမျိုးစုံရောင်းချသောကုန်တိုက်၊ ကြီးမားကျယ်ပြန့်သော ယာဉ်ရပ်နားရန်နေရာများ၊ ကုန်တင်ယာဉ်တစ်ခုမှ အခြားကုန်တင်ယာဉ်တစ်ခုသို့ တိုက်ရိုက်ရောင်းချနိုင်သောစနစ်နှင့် ကြယ်သုံးပွင့်အဆင့်ရှိဟော်တယ်တစ်ခုတို့ဖြင့် ပါဝင်ဖြည့်ဆည်းထားသော တည်းကုန်းလက်ကားဈေးအား မိမိတို့၏ဖောက်သည်များနှင့် ဈေးတွင် လာရောက်ဝယ်ခြမ်းသူများအတွက် အရည်အသွေးမြင့်မားပြီး၊ ဘက်စုံပါဝင်သည့် ဝန်ဆောင်မှုများကိုပေးအပ်နိုင်ရန် မိမိတို့ဒီဇိုင်းပုံစံရေးဆွဲထားပါသည်။ ဈေးအဆောက်အဦအား သဘာဝအလျောက် လေဝင်လေထွက်ကောင်းစေရန်အတွက် မျက်နှာကြက်အမြင့်ဖြင့် တည်ဆောက်ထားပါသည်။

မိမိတို့ဖောက်သည်များ၏ သိုလှောင်မှုများ၏ လိုအပ်ချက်အတိုင်း ဖြည့်ဆည်းပေးနိုင်ရန် မိမိတို့တွင် ဗဟိုချက်စုစည်းသည့်သိုလှောင်ရုံနှင့် ဖြန့်ဖြူးရေးဌာန ရှိပါသည်။ မိမိတို့သည် ဖောက်သည်တစ်ဦးချင်း ဆောင်ရွက်သည်ထက် အရေအတွက်ပမာဏ ပိုမိုများပြားသော ကုန်ပစ္စည်းများကို သိုလှောင်ခြင်း၊ လက်ခံထိန်းသိမ်းခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်နိုင်သဖြင့် ထုထည်ဖြင့်ဆောင်ရွက်သောကြောင့် ရရှိသော စီးပွားရေးတွက်ခြေကိုက်မှု အကျိုးကျေးဇူးကို ရယူခံစားရပါသည်။ တည်းကုန်းလက်ကားဈေးတွင် အားလုံးသောရောင်းချသူများအကြား၊ လူအင်အားအသုံးပြုမှုစရိတ်များ၊ သယ်ယူပို့ဆောင်မှုစရိတ်များ နှင့် စက်သုံးဆီစရိတ်များ အပါအဝင်၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းတို့အတွက် စီမံဆောင်ရွက်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းဆိုင်ရာကုန်ကျစရိတ်များအား အနည်းဆုံးဖြစ်စေရန် စီမံဆောင်ရွက်နိုင်ပြီး၊ ထိရောက်စွာမျှဝေကျခံခြင်းများ ဖြစ်ပေါ်စေရန် မိမိတို့ပြုလုပ်ပေးနိုင်ပါသည်။

### (ဂ) မဟာဗျူဟာကျသော နေရာ

တည်းကုန်းလက်ကားဈေးသည် သယ်ယူပို့ဆောင်ရေးအချိတ်အဆက်များဖြင့် အထောက်အကူပြုထားသည့် ရန်ကုန်မြို့၏ အဓိကထောက်ပံ့ရေးလမ်းကြောင်းတွင်တည်ရှိပြီး၊ အမြန်လမ်းမကြီး ၁၊ ၄ နှင့် ၅ တို့နှင့် နီးကပ်စွာတည်ရှိကာ တည်းကုန်းမြို့ပတ်ရထားဘူတာရုံနှင့် ကုန်ရထားလမ်းကြောင်းတို့နှင့်ကပ်လျက်တွင် တည်ရှိပါသည်။ ယင်းသည် မြို့တွင်းသွားဘတ်စ်ကားဂိတ်နှင့်နီးစပ်စွာတည်ရှိပြီး၊ မြို့တွင်းမှ လွယ်ကူစွာဆက်သွယ်သွားလာနိုင်ပါသည်။ အနီးဆုံးရေလမ်းကြောင်းမှာ နှစ်ကီလိုမီတာခန့်အကွာအဝေးတွင်တည်ရှိပြီး၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ငါးကီလိုမီတာခန့် ကွာဝေးပါသည်။






**(ဃ) ယာဉ်ပိတ်ဆို့မှုများ လျော့နည်းခြင်း**

တညင်းကုန်းလက်ကားဈေး၏ ကျယ်ပြန့်သောအတွင်းလမ်းများနှင့် မော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်များ ရပ်နားရန်နေရာ များပြားစွာစီစဉ်ထားရှိမှုကြောင့် ကောင်းကျိုးများစွာ ရရှိပါသည်။ ထို့အတွက်ကြောင့် ဈေးတွင် ဝယ်ယူသူများနှင့် ရောင်းချသူများသည် အချိန်နှင့်ငွေကုန်သက်သာပြီး၊ ဈေးတွင် ဝယ်ခြမ်းရန်၊ ကုန်တင်ကုန်ချ ပြုလုပ်ရန်တို့အတွက် ပိုမိုကောင်းမွန်သော ကြုံတွေ့မှုများ ရရှိပါသည်။

တညင်းကုန်းလက်ကားဈေးသည် ရန်ကုန်မြို့ပြင်တွင်တည်ရှိခြင်းလည်းဖြစ်ပြီး၊ ဈေး၏ဘေးနှစ်ဖက်တွင် ခြောက်လမ်းသွားလမ်းမကြီးများရှိသည့်အတွက် ဝယ်ယူသူများနှင့်ရောင်းချသူများသည် ဈေးသို့လာရောက်ရန် အတွက်ရင်ဆိုင်ရသည့် ယာဉ်ရှုပ်ထွေးမှုအတိုင်းအတာပမာဏကို လျော့နည်းစေပါသည်။

**(င) ခိုင်မာသော ထောက်ပံ့ရေးဆိုင်ရာကွန်ယက်**

မိမိတို့ကုမ္ပဏီသည် တညင်းကုန်းလက်ကားဈေးအတွက် ခိုင်မာသောထောက်ပံ့ရေးဆိုင်ရာကွန်ယက် ရရှိနိုင်စေရန်အတွက် လယ်သမားများ၊ စိုက်ပျိုးသူများ၊ ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းသူများ၊ စုဆောင်းသူများ၊ စားသုံးသူများ၊ လက်လီရောင်းချသူများ၊ စားသုံးမှုဆိုင်ရာဝန်ဆောင်မှုပေးသူများ နှင့် ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့သူများနှင့် ခိုင်မာသောဆက်ဆံမှုဖြင့် တည်ဆောက်ထားပါသည်။

လက်ရှိအချိန်ကာလတွင် ခြောက်လနှင့်အထက်သက်တမ်းဖြင့် ရယူနိုင်သော သစ်သီးဝလံလက်ကားဈေး အဆောက်အဦနှင့် သားငါး၊ ပင်လယ်စာ၊ မီးဖိုချောင်သုံးပစ္စည်းများ စသည်တို့အခြေခံရောင်းချသော အဆောက်အဦတွင်ရှိသည့် မိမိတို့ဆိုင်ခန်းများ၏ ခန့်မန်းခြေ ၈၀ ရာခိုင်နှုန်းအား ရယူအသုံးပြုလျက်ရှိနေကြပြီ ဖြစ်ပါသည်။

ဤသည်မှာ တညင်းကုန်းလက်ကားဈေး၌ လတ်ဆတ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၊ ဆန်၊ ပဲနှင့်ပဲမျိုးစုံ၊ နှင့် ပန်းမန်များအပါအဝင် များပြားစွာသောစိုက်ပျိုးရေးထုတ်ကုန်အမျိုးမျိုးကို ရရှိကြောင်း ပြဆိုနေပါသည်။

ဤဈေးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် တွဲဖက်လုပ်ကိုင်ခြင်းလည်းဖြစ်ပြီး၊ ရန်ကုန်မြို့တွင် ဤကဲ့သို့သောအမျိုးအစား၏ ပထမဆုံးသောဆောင်ရွက်မှုဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သည် အနီးပတ်ဝန်းကျင်ရှိဈေးများကို တစ်ဖြည်းဖြည်းပိတ်သိမ်းပြီး ၎င်းတို့၏ စီးပွားရေးလုပ်ငန်း လည်ပတ်ဆောင်ရွက်မှုများကို တညင်းကုန်းလက်ကားဈေးသို့ ပြောင်းရွှေ့စေရန် ဆောင်ရွက်မည်ဟု ခန့်မှန်းထားပြီး ယင်းအချက်ကြောင့် မိမိတို့၏ ထောက်ပံ့ရေးဆိုင်ရာကွန်ယက်ကို ပိုမိုဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်ပါသည်။

**(စ) နိုင်ငံတကာ စံချိန်စံညွှန်းလုပ်ငန်းစဉ်များ**

မိမိတို့၏စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုအလေ့အကျင့်သည် အာဆီယံ၏ လက်ကားဈေးများဆောင်ရွက်မှုများ၏ အကောင်းဆုံးသော စီးပွားရေးအလေ့အကျင့်များကို စံထားသတ်မှတ်၍ ဆောင်ရွက်လျက်ရှိပါသည်။ တညင်းကုန်းလက်ကားဈေးတည်ထောင်မှု၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် မိမိတို့၏ကုမ္ပဏီသည် **အပိုင်း ၃ (၂) - စီးပွားရေးလုပ်ငန်းအကြောင်းဖော်ပြချက်၊ အမှတ်စဉ် ၈ - ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ**တွင် ပိုမိုအသေးစိတ်ဖော်ပြထားသည့် လူမှုရေးဆိုင်ရာအကျိုးသက်ရောက်မှုများကို ဆန်းစစ်ခြင်း (Environmental and Social Impact Assessment - ESIA) ဆောင်ရွက်မှုအပါအဝင် အကောင်းဆုံးသောအလေ့အကျင့်များကို လိုက်နာလျက်ရှိပြီး၊ ယင်းအချက်ကြောင့် ဖောက်သည်များ၏စိတ်ကျေနပ်မှု၊ အရည်အသွေးနှင့် ထိရောက်မှုတို့ရရှိစေရန် မိမိတို့က ဦးစားပေးအလေးထားဆောင်ရွက်လျက်ရှိပါသည်။

**(ဆ) အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး**

မိမိတို့သည် အစားအသောက်မှရရှိနိုင်သောရောဂါများအား ကာကွယ်နိုင်ရန်နှင့် ကျန်းမာရေးဆိုင်ရာအန္တရာယ်ရှိမှုများကိုကာကွယ်နိုင်ရန်တို့အတွက် လတ်ဆတ်သောအစားအသောက်များကိုင်တွယ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် သိုလှောင်ခြင်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ (**အပိုင်း ၃ (၂) - စီးပွားရေးလုပ်ငန်းအကြောင်းဖော်ပြချက်၊ အမှတ်စဉ် ၉ - အစားအသောက်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာစည်းမျဉ်းစည်းကမ်း**တွင် အသေးစိတ်ဖော်ပြထားပါသည်။)

**(ဇ) COVID-19 ရောဂါဆိုင်ရာ ကာကွယ်မှုများ**

ကမ္ဘာတစ်ဝန်းဖြစ်ပွားသောကပ်ရောဂါကို တုံ့ပြန်သည့်အနေဖြင့် မိမိတို့၏ကုမ္ပဏီသည် COVID-19 ရောဂါဆိုင်ရာကာကွယ်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး၊ ယင်းတို့သည် ဆက်လက်တည်တံ့လျက်ရှိပါသည်။ မိမိတို့သည် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းနှင့် မှန်ကန်သောသန့်ရှင်းစင်ကြယ်ရေးနည်းလမ်းများလုပ်ဆောင်ခြင်းတို့ကို ဆက်လက်ကျင့်သုံးလျက်ရှိပါသည်။ မိမိတို့သည် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်နိုင်ရန်နှင့် အသိပညာပေးခြင်းလှုပ်ရှားမှုများကို မိမိတို့၏လုပ်ငန်းခွင်သာမက ဈေးအတွင်းတွင်လည်း အချိန်မှန်ဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့၏ဝန်ထမ်းများအားလုံးနှင့် တညင်းကုန်းလက်ကားဈေးတွင် ရောင်းချသူများအနက် ၎င်းတို့၏ရပ်ကွက်များတွင် ကာကွယ်ဆေးထိုးနှံခြင်းမပြုနိုင်သောသူများအား ကာကွယ်ဆေးများထိုးနှံနိုင်ရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ မိမိတို့၏ ကော်ပိုရိတ်လူမှုရေးတာဝန်၏ ၉၀ ရာခိုင်နှုန်း (ကျပ် ၈၆ သန်း) အား မိမိတို့၏လူမှုပတ်ဝန်းကျင်တွင် COVID-19 ရောဂါ ကာကွယ်ရေးနှင့်ကုသရေးတို့၌ အသုံးပြုရန်အထူးလိုအပ်သည့် အောက်ဆီဂျင်စက်များနှင့် အခြားသောပစ္စည်းများ ဝယ်ယူရရှိရေးအတွက် မိမိတို့လျာထားသတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ကူးစက်မှုပထမလှိုင်းပေါ်ပေါက်သည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် မိမိတို့ကုမ္ပဏီသည် အီလက်ထရောနစ်ကုန်သွယ်မှုလုပ်ငန်း (e-commerce) ကို “အဝယ်တော်” အမည်ဖြင့် အင်တာနက်မှတစ်ဆင့် စတင်ဆောင်ရွက်ခဲ့ပါသည်။ ဤစီးပွားရေးလုပ်ငန်းအရ “အဝယ်တော်” ဖေ့စ်ဘွခ်စာမျက်နှာ၊ ဝက်ဘ်ဆိုဒ်နှင့် မိုဘိုင်းသုံးနည်းပညာတို့ကိုအသုံးပြု၍ တညင်းကုန်းလက်ကားဈေးမှ အခြေခံ စားသောက်ကုန်များအား အင်တာနက်ပေါ်မှ မှာကြားဝယ်ယူနိုင်ပြီး၊ ရန်ကုန်မြို့၏ မြို့နယ်ပေါင်း ၃၂ မြို့နယ်တို့သို့ ပေးပို့ဖြန့်ဖြူးနိုင်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လတွင် မိုဘိုင်းသုံးနည်းပညာကို စတင်အသုံးပြုခဲ့ပြီး၊ ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် ကြိုတင်မှာယူခြင်းအတွက် အသုံးပြုရန်အချက်များ ထပ်ဆောင်းထည့်သွင်းထားသည့် ပိုမိုအဆင့်မြင့်သောအသုံးပြုမှုအစီအစဉ်ကို ပြင်ဆင်ပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံစားသုံးသူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းခြင်းနှင့် ထုပ်ပိုးမှုစနစ်များ၊ ပေးပို့ဖြန့်ဖြူးရေးစနစ်များတို့တွင် ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရမည့် အခြေအနေရှိနေသေးသော်လည်း ၂၀၂၀-၂၁ ခုနှစ် တွင် အဝယ်တော်မှရောင်းအားသည် ၆၀ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။

*အဓိကစီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများ*

လက်ရှိအချိန်တွင် တည်င်းကုန်းလက်ကားဈေး၌ဆောင်ရွက်လျက်ရှိသော အဓိကစီးပွားရေးလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) တည်င်းကုန်းလက်ကားဈေး၏ အခြေခံအဆောက်အအုံများနှင့်အဆောက်အဦများ တည်ဆောက်အကောင်အထည်ဖော်ခြင်းနှင့် ဆောက်လုပ်ခြင်း၊

(၂) တည်င်းကုန်းလက်ကားဈေးတွင် မိမိတို့တည်ဆောက်အကောင်အထည်ဖော်ပြီး ဆောက်လုပ်ခဲ့သည့် လူနေဆိုင်ခန်းများအားရောင်းချခြင်း နှင့် ဝယ်ယူသူများက ၎င်းတို့ကိုယ်တိုင် တည်ဆောက်အကောင်အထည်ဖော်ဆောက်လုပ်မည့်လူနေဆိုင်ခန်းများအတွက် မြေနေရာများ ရောင်းချခြင်း၊

(၃) တည်င်းကုန်းလက်ကားဈေး၏ ဈေးအဆောက်အဦးများတွင်ရှိသော ဆိုင်ခန်းများကို ငှားရမ်းခြင်း၊


(၄) ကုန်ပစ္စည်းသိုလှောင်သော အအေးခန်းလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၅) တည်င်းကုန်းလက်ကားဈေးအတွက် လုံခြုံရေးနှင့် အခြေပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုများ ပေးအပ်ခြင်း၊ နှင့်

(၆) လက်ကားဈေးလုပ်ငန်းလည်ပတ်ခြင်းနှင့်စပ်လျဉ်းသော အခြားစီးပွားရေးလုပ်ငန်းများ။

*တည်င်းကုန်းလက်ကားဈေး၏ နေရာချထားမှုပုံစံနှင့် အဆောက်အဦများ*

တည်င်းကုန်းလက်ကားဈေး၏ လက်ရှိနေရာချတည်ဆောက်ထားမှုပုံစံကို အောက်တွင်ဖော်ပြထားပါသည် -



တည်ငင်းကုန်းလက်ကားဈေးတွင် မြေဧရိယာ ၈၀.၇၁၇ ဧကပါဝင်ပါသည်။ ဤမြေဧရိယာ၏ စတုရန်းပေ ၂.၇ သန်းခန့်သည် ဈေးဆောက်လုပ်ထားသောဧရိယာဖြစ်သည်။ ထို့အပြင် လူနေဆိုင်ခန်းပေါင်း ၂၀၀ နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏လူနေဆိုင်ခန်းများဖြစ်သည့် သုံးထပ်တိုက်အဆောက်အဦ ၁၃၉ ခုနှင့် လေးထပ်တိုက်အဆောက်အဦ ၆၁ ခုတို့ပါဝင်မည်ဟု မျှော်မှန်းထားပါသည်။

အောက်ပါအတိုင်း ဈေးအဆောက်အဦ ရှစ်လုံး ပါဝင်မည်ဖြစ်ပါသည်။

| **အဆောက်အဦ** | | **အများဆုံးဆိုင်ခန်းအရေအတွက်** |
|---|---|---|
| ၁။ | သစ်သီး လက်ကားဈေး | ၁,၁၂၀ |
| ၂။ | လယ်သမား / လက်လီရောင်းချသူများ၏ လတ်ဆတ်သောဟင်းသီး ဟင်းရွက်၊ သစ်သီးနှင့် ပန်းမန် မြေညီဈေး | ၃,၃၀၄ |
| ၃။ | ကုန်မျိုးစုံနှင့် မီးဖိုချောင်သုံး ကုန်ခြောက် ပစ္စည်းများဈေး | ၁,၁၂၀ |
| ၄။ | အသား၊ ငါး၊ ပင်လယ်စာနှင့် မီးဖိုချောင်သုံး ပစ္စည်းများ မြေညီဈေး | ၁,၃၅၇ |
| ၅။ | ပြုပြင်ထားသော အသား၊ ပင်လယ်စာ၊ အေးခဲထားသော အစားအစာများဈေး | ၆၈၀ |
| ၆။ | ကွမ်း၊ ငှက်ပျောသီး၊ အသား၊ ငါး နှင့် အစားအသောက် ဖျော်ရည်များဈေး | ၇၈၀ |
| ၇။ | လတ်ဆတ်သော ဟင်းသီးဟင်းရွက် မြေညီဈေး | ၁,၂၃၂ |
| ၈။ | ပန်းမန်နှင့် လတ်ဆတ်သော ဟင်းသီးဟင်းရွက် မြေညီဈေး | ၈၄၀ |

တည်ငင်းကုန်းလက်ကားဈေးတွင် ရှစ်ထပ်တိုက် မိုတယ်၊ နှစ်ထပ်တိုက် စားသောက်ဆိုင်တန်း၊ သုံးထပ်တိုက် ကုန်တိုက်နှင့် သုံးထပ်တိုက်ရုံးအဆောက်အဦတို့ပါရှိရန် စီမံထားပါသည်။ ဤအဆောက်အဦများအား တည်ဆောက်အကောင်အထည်ဖော်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းနည်းလမ်းတို့နှင့်စပ်လျဉ်း၍ မိမိတို့ကုမ္ပဏီက စဉ်းစားသုံးသပ်ဆဲဖြစ်ပါသည်။ ဥပမာအားဖြင့် မိမိတို့ကုမ္ပဏီသည် အခြားသောအဖွဲ့အစည်းများက လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်ရန်အတွက် ပရဝဏ်အားငှားရမ်းခြင်း ပြုလုပ်နိုင်ပါသည်။ ဤအဆောက်အဦများကို မိမိတို့ကိုယ်တိုင်လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း သို့မဟုတ် ပရဝဏ်အား အခြားသောအဖွဲ့အစည်းသို့ ၎င်းတို့အနေနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်ရန်အတွက် ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းများ ပြုလုပ်နိုင်ပါသည်။ တစ်နည်းအားဖြင့် ကုန်ပစ္စည်းရောင်းချသူများအတွက် နေရာပိုမိုရရှိစေခြင်းဖြင့် အမြတ်အစွန်း ပိုမိုရရှိမည်ဟု ထင်မြင်ပါက ယင်းအသုံးပြုမှုများအား အခြားပြင်ပနေရာတွင် ရွှေ့ပြောင်းခြင်းများ ပြုလုပ်နိုင်ပါသည်။

လူနေဆိုင်ခန်းများအား အကြီးစားရောင်းချသူများအား ရောင်းချပေးပြီး၊ ဈေးအဆောက်အဦအတွင်းရှိ ဆိုင်ခန်းများကိုမူ အသေးစားနှင့်အလတ်စားရောင်းချသူများအတွက် ရရှိစေရန် စီစဉ်ထားပါသည်။ ဤကဲ့သို့ အဆင့်ခွဲခြားခြင်းသည် ၎င်းတို့၏ ဝင်ငွေ သို့မဟုတ် ပိုင်ဆိုင်မှုအရ ခွဲခြားခြင်းမဟုတ်ဘဲ၊ ၎င်းတို့၏နေရာလိုအပ်မှုအပေါ်မူတည်၍ ခွဲခြားခြင်းဖြစ်ပါသည်။ ဈေးအတွင်းနေရာပိုမိုလိုအပ်သော ရောင်းချသူများသည် လူနေဆိုင်ခန်းများကို ဝယ်ယူရန်လိုအပ်မည်ဖြစ်ပြီး၊ ဈေးအဆောက်အဦအတွင်းတွင် အသေးစားနှင့်အလတ်စားရောင်းချသူများအတွက် ပေးအပ်မည့်နေရာမှာ ပိုမိုကျဉ်းမြောင်းမည်ဖြစ်ပါသည်။

*တည်ငင်းကုန်းလက်ကားဈေးအား ဆောက်လုပ်ခြင်း၊ တည်ဆောက်အကောင်အထည်ဖော်ခြင်းနှင့် ငွေရေးကြေးရေး ဖြည့်ဆည်းခြင်း*

တညင်းကုန်းလက်ကားဈေးကို တည်ဆောက်အကောင်အထည်ဖော်ရန်နှင့်စီမံခန့်ခွဲရန် မဟာဗျူဟာကို အောက်တွင်ဖော်ပြထားပြီး၊ အထက်ပါမြေပုံတွင်ဖော်ပြထားသည့်အတိုင်း အဆင့်လေးဆင့်ဖြင့်ဆောက်လုပ်ရန် မိမိတို့ကုမ္ပဏီက သတ်မှတ်ခဲ့ပါသည်။

အောက်ပါဇယားတွင် ယင်းအဆင့်များအတွက် လက်ရှိအချိန်တွင်လျာထားသော အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤချဉ်းကပ်မှုနည်းလမ်းသည် ဈေးဆောက်လုပ်ခြင်းအတွက် ငွေရေးကြေးရေးဖြည့်ဆည်းမှုအတွက် ဘက်ပေါင်းစုံမှ အသင့်လျော်ဆုံးနည်းလမ်းကိုအခြေခံထားခြင်းဖြစ်ပါသည်။ အထူးသဖြင့် တညင်းကုန်းလက်ကားဈေးတည်ထောင်ခြင်းအတွက် မိမိတို့၏စီမံချက်တွင် လူနေဆိုင်ခန်းများအား တည်ဆောက်ခြင်းသည် ဈေးအဆောက်အဦထက် ပိုမိုစောစီးစွာပြီးစီးရန်နှင့် ယင်းလူနေဆိုင်ခန်းများအား ရောင်းချခြင်းမှရရှိသည်ကို ဈေးအဆောက်အဦ ဆောက်လုပ်ရာတွင် ငွေကြေးဖြည့်ဆည်းအသုံးပြုမည်ဖြစ်ပါသည်။

## စီမံကိန်းအချိန်ဇယား

**အပိုင်း (၂) (၁၁) - ဆုံးရှုံးနိုင်ခြေများ** ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့်အတိုင်း နှောင့်နှေးမှုများ ဖြစ်ပေါ်ခဲ့သည့် အဓိကအကြောင်းကြောင့် စီမံကိန်းအချိန်ဇယားကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့ တွင် ပြင်ဆင်ခဲ့ပါသည်။

အဆင့်လိုက် စီမံကိန်းအကောင်အထည်ဖော်မှုအတွက် လက်ရှိစီမံချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | စီမံကိန်း အဆင့် | ၂၀၁၆ | | | | ၂၀၁၇ | | | | ၂၀၁၈ | | | | ၂၀၁၉ | | | | ၂၀၂၀ | | | | ၂၀၂၁ | | | | ၂၀၂၂ | | | | ၂၀၂၃ | | | | ၂၀၂၄ | | | | ၂၀၂၅ | | | | ၂၀၂၆ | | | | ၂၀၂၇ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပ | ဒု | တ | စ | ပ | ဒု | တ | စ | ပ | ဒု | တ | စ | ပ | ဒု | တ | စ | ပ | ဒု | တ | စ | ပ | ဒု | တ | စ | ပ | ဒု | တ | စ | ပ | ဒု | တ | စ | ပ | ဒု | တ | စ | ပ | ဒု | တ | စ | ပ | ဒု | တ | စ | ပ | ဒု | တ | စ |
| ၁။ | အဆင့် (၁) | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၂။ | အဆင့် (၁-၁) | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၃။ | အဆင့် (၂) | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၄။ | အဆင့် (၂-၁) | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |

| အမှတ်စဉ် | အထက်မြေပုံပါ အဆောက်အဦရည်ညွှန်းချက် | စီမံကိန်းအဆင့် | | | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | အဆင့် ၁ | အဆင့် ၁-၁ | အဆင့် ၂ | အဆင့် ၂-၁ | |
| ၁ | ရုံးခန်း အဆောက်အဦ | - | - | ၁ | - | ၁ |
| ၂ | စီမံခန့်ခွဲရေးရုံး | - | ၁ | ၂ | ၁ | ၄ |
| ၃ | လူနေဆိုင်ခန်း | ၄၀ | ၆၁ | ၃၄ | ၆၅ | ၂၀၀ |
| ၄ | အလတ်စား လက်ကားဈေး ၁-၂-၃ (နှစ်ထပ်တိုက်) | - | - | ၆၄ | - | ၆၄ |
| ၅ | ဈေး-၀၁ | ၁ | - | - | - | ၁ |
| ၆ | ဈေး-၀၂ | ၁ | - | - | - | ၁ |
| ၇ | ဈေး-၀၃ | ၁ | - | - | - | ၁ |
| ၈ | ဈေး-၀၄ | - | ၁ | - | - | ၁ |
| ၉ | ဈေး-၀၅ | - | ၁ | - | - | ၁ |
| ၁၀ | ဈေး-၀၆ နှင့် စားသောက်ဆိုင်တန်း | - | - | ၁ | - | ၁ |
| ၁၁ | ဈေး-၀၇ | - | - | ၁ | - | ၁ |
| ၁၂ | ဈေး-၀၈ | - | - | ၁ | - | ၁ |
| ၁၃ | ဈေး-၀၉ နှင့် အအေးခန်း (နှစ်ထပ်တိုက်) | - | - | - | ၁ | ၁ |
| ၁၄ | အအေးခန်း | - | - | ၁ | - | ၁ |
| ၁၅ | ကုန်တိုက်နှင့် မိုတယ် | - | - | - | ၁ | ၁ |
| ၁၆ | အလုပ်သမားတန်းလျား | - | - | - | ၁ | ၁ |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၇ | ဓမ္မာရုံ | - | - | ၁ | - | ၁ |
| ၁၈ | ခါတ်ဆီဆိုင် | - | ၁ | - | - | ၁ |
| ၁၉ | ခါတ်အားခွဲရုံ | - | ၁ | - | - | ၁ |
| ၂၀ | ရေလှောင်ကန် (မြေအောက်ကန်) | - | - | ၂ | ၁ | ၃ |
| ၂၁ | အိမ်သာနှင့်ရေချိုးခန်း | ၄ | ၂ | ၃ | ၁ | ၁၀ |
| ၂၂ | အမှိုက်ရုံ | - | ၁ | ၂ | ၂ | ၅ |
| ၂၃ | ဂိတ် | ၁ | ၂ | ၁ | ၁ | ၅ |
| ၂၄ | လမ်း၊ ယာဉ်ရပ်နားရန်၊ ပြင်ထိန်းဧရိယာ( စတုရန်းပေ) | ၅၁၆,၅၆၇ | ၁၇၉,၀၀၅.၆ | ၄၄၃,၉၃၇ | ၂၈၈,၁၇၄ | ၁,၄၂၇,၆၈၃.၆ |
| ၂၅ | ရေဆင်း (စတုရန်းပေ) | ၂၄,၃၁၅.၂၅ | ၄,၃၂၇.၅၅ | ၉,၉၄၄.၅၁ | ၇,၀၆၀.၅၈ | ၄၅,၆၄၇.၈၉ |

Latest Practicable Date အရ အဆင့် (၁) အား ပြီးဆုံးအောင်ဆောင်ရွက်ပြီးဖြစ်ပါသည်။

မိမိတို့သည် အဆင့် (၁-၁) ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ဆောင်ရွက်ပြီးစီးရန် ရည်မှန်းထားပါသည်။

အဆင့်(၂-၁)ဆောက်လုပ်ရေးလုပ်ငန်းသည်၊ မြန်မာနိုင်ငံအစိုးရက ထိန်းသိမ်းထားသည့်မြေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မိမိတို့ကုမ္ပဏီကဝင်ရောက်ဆောင်ရွက်နိုင်ရန်ပေးအပ်ခြင်း (နှင့် အဆိုပါရည်ရွယ်ချက်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့လွှဲအပ်ခြင်း) အပေါ်တွင် မူတည်ပါသည်။ အဆင့်(၂-၁)တွင်ပါဝင်သော လူနေဆိုင်ခန်းအားလုံးသည် ယင်းမြေပေါ်တွင်တည်ဆောက်ရန် စီမံရေးဆွဲထားပါသည်။ အဆိုပါမြေကို မိမိတို့ကုမ္ပဏီက ရရှိနိုင်ခြင်းမရှိပါက၊ အထက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းသည် နှောင့်နှေးခြင်းသော်လည်းကောင်း၊ ဆောက်လုပ်နိုင်မှုမရှိခြင်းသော်လည်းကောင်း ဖြစ်နိုင်ပါသည်။ တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ်အရ၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအစိုးရက ထိန်းသိမ်းထားသော နိုင်ငံတော်မြေအား၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းခြင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မိမိတို့ကုမ္ပဏီအား အသုံးပြုခွင့်ရရှိစေခြင်းတို့ကို ဆောင်ရွက်နိုင်ခြင်းမရှိပါက မိမိတို့ကုမ္ပဏီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့သည် တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ်ကို ပြန်လည်ညှိနှိုင်းဆွေးနွေးရန် သဘောတူခဲ့ကြပါသည်။ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မြေဧရိယာ ၈၀.၇၁၇ ဧက ရှိသောမြေကို တည်ငင်းကုန်းလက်ကားဈေးအတွက် တည်ဆောက်လုပ်ကိုင်ခွင့်ရရှိစေမည်ဖြစ်ကြောင်း အတည်ပြုထားသောစာကို ထုတ်ပြန်ခဲ့ပါသည်။

မိမိတို့သည် ဆောက်လုပ်ရေးလုပ်ငန်း ပြီးဆုံးပြီးနောက် တည်ငင်းကုန်းလက်ကားဈေး၏ အဆင့် (၁) တွင်ပါဝင်သည့် အချို့သောအဆောက်အဦများကို တိုင်းတာရန်နှင့် စစ်ဆေးရန် Myanmar International Consulting Engineers Group အား တာဝန်ပေး ဆောင်ရွက်စေခဲ့ပါသည်။ ထို့အပြင် အဆောက်အဦများသည် ဗိသုကာပုံစံနှင့် ဖွဲ့စည်းတည်ဆောက်ထားပုံပုံစံတို့နှင့်အညီ ဆောင်ရွက်ထားခြင်း ဟုတ်မဟုတ် စစ်ဆေးရန်အတွက် Structure Design Group Co. အား တာဝန်ပေးဆောင်ရွက်စေခဲ့ပါသည်။

## တည်ငင်းကုန်းလက်ကားဈေးတည်ထောင်မှုအတွက် ငွေရေးကြေးရေးဖြည့်ဆည်းမှု

Latest Practicable Date အရ၊ အဆင့် (၁) ဆောက်လုပ်မှုလုပ်ငန်းအား ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသည်။ စုစုပေါင်းဆောက်လုပ်ရေးကုန်ကျစရိတ်မှာ ၃၁,၉၃၇,၆၀၀,၀၀၀ ကျပ် ဖြစ်ပါသည်။ ကုန်ကျစရိတ်အား အောက်ပါအတိုင်းကျခံသုံးစွဲခဲ့ပါသည်။

| **ရန်ပုံငွေရရှိမှုအရင်းအမြစ်** | **ကျပ်သန်းပေါင်း** |
|---|---|
| အစုရှယ်ယာ မတည်ငွေရင်း | ၂၁,၇၅၃ |
| ဘဏ်ချေးငွေ | ၄,၀၀၀ |
| လူနေဆိုင်ခန်းများ ရောင်းချမှုမှရငွေ | ၁၉,၇၉၆ |
| ငှားရမ်းခြင်း နှင့် အခြား ဝင်ငွေ | ၁၂,၀၉၅ |
| စုစုပေါင်း | ၅၇,၆၄၄ |

အခြားသောအဆင့်သုံးဆင့်အတွက် ခန့်မှန်းဆောက်လုပ်ရေးကုန်ကျစရိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| **အဆင့်** | **ကျပ်သန်းပေါင်း** |
|---|---|
| ၁-၁ | ၁၇,၂၅၈ |
| ၂ | ၂၇,၀၀၉ |
| ၂-၁ | ၂၉,၃၂၈ |

**တည်ငင်းကုန်းလက်ကားဈေးတွင် လက်ရှိဆောင်ရွက်နေမှုများ**

အောက်ဖော်ပြပါဇယားတွင် ဆောက်လုပ်ပြီးလူနေဆိုင်ခန်းများအရေအတွက်၊ ရောင်းချပြီးအရေအတွက် (သို့မဟုတ် လူနေဆိုင်ခန်းများ တစ်စိတ်တစ်ပိုင်းရောင်းချထားပါက အဆိုပါလူနေဆိုင်ခန်းများရှိ အခန်းများ အရေအတွက်)ကို သက်ဆိုင်ရာကာလများအလိုက် ဖော်ပြထားပါသည် -

| | ၃၁-၃-၂၀၁၈ ကုန်ဆုံးသည့်နှစ် | ၃၁-၃-၂၀၁၉ ကုန်ဆုံးသည့်နှစ် | ၃၀-၉-၂၀၁၉ ကုန်အထိ ခြောက်လ | ၃၀-၉-၂၀၂၀ ကုန်ဆုံးသည့်နှစ် | ၃၀-၉-၂၀၂၁ ကုန်ဆုံးသည့်နှစ် | ၃၀-၉-၂၀၂၂ ကုန်အထိ ၁၂ လ (စုပေါင်းထားပြီး၊ စာရင်းမစစ်ရ သေးသော) |
|---|---|---|---|---|---|---|
| ဆောက်လုပ်ပြီးလူ နေဆိုင်ခန်းများ | ၁၇ လုံး | ၅ လုံး | ၂ လုံး | ၅ လုံး | ၅ လုံး | ၈ လုံး |
| ရောင်းချသော လူနေဆိုင်ခန်းများ | ၄ လုံး | ၈ လုံး | ၁ လုံးနှင့် ၃ ခန်း | ၁ ခန်း | ၇ လုံးနှင့် ၂ ခန်း | ၁၀ လုံးနှင့် ၅ ခန်း |
| YCDC ၏ လူနေဆိုင်ခန်းများ | - | - | ၈ လုံး | - | - | - |

တည်ငင်းကုန်းလက်ကားဈေး၏ ဈေးအဆောက်အဦ လေးလုံးဖြစ်သော အဆောက်အဦအမှတ် ၁၊ ၂၊ ၃ နှင့် ၄ (အထက်ပါမြေပုံတွင်ဖော်ပြထားပါသည်)မှာ လက်ရှိအချိန်တွင် လုပ်ငန်းလည်ပတ်လျက်ရှိပါသည်။ ဈေးအဆောက်အဦ အမှတ် ၁ နှင့် ၃ တွင် လပေးငှား ဆိုင်ခန်းများသာရှိပြီး၊ ဈေးအဆောက်အဦအမှတ် ၂ နှင့် ၄ တွင် လပေးငှား ဆိုင်ခန်းနှင့် နေ့/ညအဆိုင်း ဆိုင်ခန်းနှစ်မျိုးစလုံးပါရှိပါသည်။

လက်ရှိ အချိန် (Latest Practicable Date) တွင် ဈေးအဆောက်အဦအမှတ် ၁ ၏ ဆိုင်ခန်း စုစုပေါင်း ၁,၁၂၀ အနက် အလုံး ၅၀ အား ငှားရမ်းထားပြီးဖြစ်ပါသည်။ ဈေးအဆောက်အဦအမှတ် ၁ အား လက်ရှိအချိန်တွင် ဟင်းသီးဟင်းရွက်များ၊ ရာသီပေါ်နှင့် လက်ကား သစ်သီးများရောင်းချသည့် အလတ်စား ရောင်းချသူများအတွက်လျာထားပြီး အထူးသဖြင့် ဖရဲသီး၊ ပြောင်းနှင့် နာနတ်သီးရောင်းချသူများအား ငှားရမ်းထားပါသည်။

ဈေးအဆောက်အဦအမှတ် ၂ တွင် စုစုပေါင်း ဆိုင်ခန်း ၃,၃၀၄ ခန်း ရှိပါသည်။ လက်ရှိ အချိန် (Latest Practicable Date) တွင် နေ့/ညအဆိုင်း ဆိုင်ခန်းပေါင်း ၆၅၂ ရှိပြီး၊ ဆိုင်ခန်းပေါင်း ၂၃၄၈ ခန်းအား လပေးငှားရမ်း စနစ်ဖြင့် ငှားရမ်းထားပါသည်။ ဆိုင်ခန်းများအား ၉၁ ရာခိုင်နှုန်းထိ ငှားရမ်းပြီးဖြစ်ပါသည်။ ကုန်ပစ္စည်းအမျိုးအစား၊

ရောင်းချ သူများနှင့် ဆိုင်ခန်းများ အရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ထုတ်ကုန်အမျိုးအစား | ရောင်းချသူ အရေအတွက် | ဆိုင်အရေအတွက် |
|---|---|---|---|
| ၁ | လတ်ဆတ်သော ဟင်းသီးဟင်းရွက် | ၆၀၀ | ၂,၅၀၂ |
| ၂ | မှိုစ် | ၂၀ | ၉၈ |
| ၃ | ကွမ်းနှင့် ကွမ်းဆက်စပ်ပစ္စည်းများ | ၃၆ | ၉၀ |
| ၄ | သစ်သီးများ | ၃၈ | ၁၆၀ |
| ၅ | အုန်းသီးနှင့် ငှက်ပျောသီး | ၁၉ | ၁၃၆ |
| ၆ | ပန်းမန် | ၇ | ၁၄ |
|  | **စုစုပေါင်း** | **၇၂၀** | **၃,၀၀၀** |

ဈေးအဆောက်အဦအမှတ် ၃ တွင် လပေးငှားဆိုင်ခန်းပေါင်း ၁,၁၂၀ ရှိပါသည်။ Latest Practicable Date ရှိအခြေအနေအရ ဆိုင်ခန်းများအားလုံးအား လပေးငှားရမ်းစနစ်ဖြင့် ငှားရမ်းထားပြီးဖြစ်ပါသည်။ ဤအဆောက်အဦ၏အနောက်ဖက်တွင် စားသောက်ဆိုင်တစ်ခုပါရှိပါသည်။ ကုန်ပစ္စည်းအမျိုးအစား၊ ရောင်းချသူများနှင့် ဆိုင်ခန်းများ အရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ထုတ်ကုန်အမျိုးအစား | ရောင်းချသူ အရေအတွက် | ဆိုင်အရေအတွက် |
|---|---|---|---|
| ၁ | မှိုစ်၊ သံပုရာနှင့် ရှောက်သီး/ သံပုယိုသီး | ၅ | ၁၄ |
| ၂ | ကုန်ခြောက်၊ ပဲများနှင့် ကုန်မျိုးစုံ | ၁၅၅ | ၆၁၃ |
| ၃ | ငါးခြောက်၊ ပုစွန်ခြောက်၊ အသားခြောက် | ၅၉ | ၂၁၉ |
| ၄ | ငါးပိနှင့် ငံပြာရည် | ၂၆ | ၉၄ |
| ၅ | လျှပ်စစ်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ | ၁၅ | ၅၂ |
| ၆ | ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ | ၁၁ | ၂၈ |
| ၇ | စားသောက်ဆိုင်များ | ၁၇ | ၁၀၀ |
|  | **စုစုပေါင်း** | **၂၈၈** | **၁,၁၂၀** |

ဈေးအဆောက်အဦအမှတ် ၄ တွင် ဆိုင်ခန်းစုစုပေါင်း ၁,၃၅၇ ခန်း ရှိပါသည်။ Latest Practicable Date ရှိ အခြေအနေအရ၊ နေ့/ည အဆိုင်း ဆိုင်ခန်းပေါင်း ၆၉၄ ခန်းရှိပြီး၊ ဆိုင်ခန်း ၄၁၀ ခန်းမှာ လပေးစနစ်ဖြင့် ငှားရမ်းထားပါသည်။ ဆိုင်ခန်းများ၏ ၈၁ ရာခိုင်နှုန်းအထိ ငှားရမ်းထားပြီးဖြစ်ပါသည်။ ကုန်ပစ္စည်းအမျိုးအစား၊ ရောင်းချသူများနှင့်ဆိုင်များ အရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ထုတ်ကုန်အမျိုးအစား | ရောင်းချသူ အရေအတွက် | ဆိုင်အရေအတွက် |
|---|---|---|---|
| ၁ | ဖရဲသီးနှင့် နာနတ်သီး | ၃၉ | ၁၅၄ |
| ၂ | ပြောင်းနှင့် ကြံ | ၂၅ | ၁၀၈ |
| ၃ | ကန်စွန်းရွက်နှင့် လတ်ဆတ်သော ဟင်းသီးဟင်းရွက် | ၁၉၄ | ၇၄၁ |
| ၄ | အသားနှင့် ငါး | ၉၃ | ၁၀၁ |
|  | **စုစုပေါင်း** | **၃၅၁** | **၁,၁၀၄** |

*ဈေးနှုန်းသတ်မှတ်ခြင်းပုံစံ*

လူနေဆိုင်ခန်းများ၊ ၎င်းတို့ကိုယ်တိုင် လူနေဆိုင်ခန်းများဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လိုသော

အဖွဲ့အစည်းများအတွက် မြေကွက်များနှင့် ဈေးအဆောက်အဦရှိဆိုင်ခန်းများအား မိမိတို့ဖောက်သည်များ၏ လိုအပ်ချက်များ၊ ၎င်းတို့၏သီးခြားအင်္ဂါရပ်များအပေါ်မူတည်၍ ကွဲပြားခြားနားသောဈေးနှုန်းများသတ်မှတ်ပြီး၊ တည‌င်းကုန်းလက်ကားဈေး၏ အမြတ်ရရှိရေးကိုလည်း ထည့်သွင်းစဉ်းစားထားပါသည်။ လူနေဆိုင်ခန်းများအား ၎င်းတို့၏ နေရာအကျယ်အဝန်း၊ အမြတ်ရရှိနိုင်မှုနှင့် အင်္ဂါရပ်များအပေါ်မူတည်၍ အကြီးစားရောင်းချသူများထံ ဈေးကွက်ပေါက်ဈေးဖြင့် ရောင်းချမည်ဖြစ်ပါသည်။ မိမိတို့ကုမ္ပဏီနှင့် လူနေဆိုင်ခန်းဝယ်ယူသူများအကြား ချုပ်ဆိုထားသော အရောင်းအဝယ်စာချုပ်များသည် လူနေဆိုင်ခန်းများအားဝယ်ယူသူများက အသုံးပြုရန်နှင့် ၎င်းတို့အား ပြန်လည်ရောင်းချနိုင်သည့် အခွင့်အရေးများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ၎င်းတို့၏ ကုန်ကျစရိတ်ဖြင့် ပြန်လည်တည်ဆောက်နိုင်ခွင့်ကို ပေးအပ်ထားပါသည်။ လူနေဆိုင်ခန်းများနှင့် လူနေဆိုင်ခန်းများရှိ ယူနစ်အခန်းများ ဝယ်ယူသူများအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကထုတ်ပေးသော "ပိုင်ဆိုင်မှုစာအုပ်"ကို လက်ခံရရှိမည်ဖြစ်ပြီး၊ ၎င်းတို့ ဝယ်ယူထားသော လူနေဆိုင်ခန်းများ သို့မဟုတ် ယူနစ်အခန်းများကို နေထိုင်အသုံးပြုခွင့်၊ လွှဲပြောင်းရောင်းချနိုင်ခွင့်နှင့် ၎င်းလူနေဆိုင်ခန်း ပျက်စီးမှုဖြစ်ပေါ်ခဲ့ပါက ပြန်လည်တည်ဆောက်နိုင်ခွင့်ကို (စာချုပ်လိုင်စင်ပေးအပ်ခြင်းနည်းလမ်းဖြင့်) အတည်ပြုပေးအပ်ထားပါသည်။

ဈေးအဆောက်အဦအတွင်းရှိဆိုင်ခန်းများအား သက်ဆိုင်ရာနေရာအကျယ်အဝန်းကို အသုံးပြုခြင်းအတွက် စည်းကမ်းများအပေါ်အခြေခံ၍သတ်မှတ်မည်ဖြစ်ပြီး၊ အသေးစားရောင်းချသူများအား ကာလတိုအခြေခံဖြင့် အဆိုပါနေရာကို နေ့ဘက် သို့မဟုတ် နေ့တစ်ဝက် အသုံးပြုခွင့် နည်းလမ်းများဖြင့် အနည်းဆုံးဈေးနှုန်းများ သတ်မှတ်ပေးထားပါသည်။ အချိန်ကာလပိုမိုကြာမြင့်သောကာလအတွက် အသုံးပြုခွင့်ပေးထားသည့်ဆိုင်ခန်းများအတွက် နေ့ဘက် သို့မဟုတ် နေ့တစ်ဝက်အသုံးပြုခွင့်ပေးထားသော ဆိုင်ခန်းများထက် ပိုမိုမြင့်မားသောဈေးနှုန်း သတ်မှတ်ထားပါသည်။ ဈေးအဆောက်အဦအတွင်းရှိ ဆိုင်များအတွက် အခကြေးငွေသတ်မှတ်ရာတွင် ၎င်းတို့ရောင်းချသည့် ကုန်ပစ္စည်းအမျိုးအစားအပေါ်မူတည်၍လည်း သတ်မှတ်ပါသည်။ ဥပမာအားဖြင့်၊ သစ်သီးဝလံ ရောင်းချသူများသည် ဟင်းသီးဟင်းရွက်ရောင်းချသူများထက် ပိုမိုအမြတ်ရရှိသည်ဖြစ်သောကြောင့် ၎င်းတို့အား ပိုမိုမြင့်မားသောဈေးနှုန်း သတ်မှတ်ကောက်ခံပါသည်။ ထို့အပြင် အဆိုပါအခကြေးငွေတွင် တည‌င်းကုန်းလက်ကားဈေး အခြေပစ္စည်းအပေါ် စီမံခန့်ခွဲရန် မဖြစ်မနေဆောင်ရွက်ရသောကိစ္စရပ်များဖြစ်သည့် ဈေးအတွက် လုံခြုံရေး၊ ပြုပြင်ထိန်းသိမ်းရေးနှင့် အခြေပစ္စည်းစီမံခန့်ခွဲရေး ဝန်ဆောင်မှုများအတွက် မိမိတို့ထပ်ဆောင်းအကုန်အကျခံရသည့်စရိတ်များကိုပါ ထည့်သွင်းထားပါသည်။

ငှားရန်းခနှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ဈေး | အကျယ်အဝန်း | ငှားရမ်းစနစ် | နှုန်းထား (ကျပ်) | နှုန်းထား အမျိုးအစား |
|---|---|---|---|---|---|
| ၁ | ဈေးအဆောက်အဦ(၁) | ၁၀ပေ ၆ လက်မ x ၁၃ပေ (မျက်နှာစာထောင့်တွင် အခန်းငယ် ၈ခန်း) | လပေး | ၁၁၃,၇၅၀ | လအလိုက် |
| ၂ | ဈေးအဆောက်အဦ(၁) | ၁၅ပေ ၆ လက်မ x ၁၃ပေ (မျက်နှာစာထောင့်တွင် အခန်းငယ် ၃၆ခန်း) | လပေး | ၁၁၃,၇၅၀ | လအလိုက် |
| ၃ | ဈေးအဆောက်အဦ(၁) | ၁၀ပေ x ၁၃ပေ (အတွင်းဘက် မျက်နှာစာတွင် အခန်းငယ် ၉၆ခန်း) | လပေး | ၁၀၇,၅၀၀ | လအလိုက် |
| ၄ | ဈေးအဆောက်အဦ(၁) | ၅ပေ x ၁၁ပေ (အတွင်းဘက်တွင် အခန်းငယ် ၅၄၀ခန်း) | လပေး | ၁၁၃,၇၅၀ | လအလိုက် |
| ၅ | ဈေးအဆောက်အဦ(၁) | ၅ပေ x ၁၃ပေ ၈လက်မ (အတွင်းဘက်တွင် အခန်းငယ် ၂၁၆ခန်း) | လပေး | ၈၂,၅၀၀ | လအလိုက် |
| ၆ | ဈေးအဆောက်အဦ(၁) | ၁၀ပေ ၆ လက်မ x ၁၁ပေ (အတွင်းဘက်ထောင့်တွင် | လပေး | ၉၀,၀၀၀ | လအလိုက် |

| | | | | | |
|---|---|---|---|---|---|
| | | အခန်းငယ် ၁၂၀ခန်း) | | | |
| ၇ | ဈေးအဆောက်အဦ(၁) | ၁၃ပေ ၈ လက်မ x ၁၀ပေ ၆လက်မ (အတွင်းဘက် ထောင့်တွင် အခန်းငယ် ၄၈ခန်း) | လပေး | ၁၀၇,၅၀၀ | လအလိုက် |
| ၈ | ဈေးအဆောက်အဦ(၁) | ၁၀ပေ ၆ လက်မ x ၁၁ပေ (အပြင်ဘက်ထောင့်တွင် အခန်းငယ် ၄၀ခန်း) | လပေး | ၉၅,၀၀၀ | လအလိုက် |
| ၉ | ဈေးအဆောက်အဦ(၁) | ၁၃ပေ ၈ လက်မ x ၁၀ပေ ၆လက်မ (အပြင်ဘက်ထောင့်တွင် အခန်းငယ် ၁၆ခန်း) | လပေး | ၁၁၃.၇၅၀ | လအလိုက် |
| ၁၀ | ဈေးအဆောက်အဦ(၂) | ၅ပေ x ၅ပေ | နေ့ဆိုင်း | ၈၀၀ | အဆိုင်းအလိုက် |
| ၁၁ | ဈေးအဆောက်အဦ(၂) | ၅ပေ x ၅ပေ | ညဆိုင်း | ၉၀၀ | အဆိုင်းအလိုက် |
| ၁၂ | ဈေးအဆောက်အဦ(၂) | ၅ပေ x ၅ပေ | လပေး | ၆၉,၀၀၀ | လအလိုက် |
| ၁၃ | ဈေးအဆောက်အဦ(၂) | ၅ပေ x ၈ပေ | နေ့ဆိုင်း | ၉၀၀ | အဆိုင်းအလိုက် |
| ၁၄ | ဈေးအဆောက်အဦ(၂) | ၅ပေ x ၈ပေ | ညဆိုင်း | ၁,၄၀၀ | အဆိုင်းအလိုက် |
| ၁၅ | ဈေးအဆောက်အဦ(၂) | ၅ပေ x ၈ပေ | လပေး | ၇၂,၀၀၀ | လအလိုက် |
| ၁၆ | ဈေးအဆောက်အဦ(၄) | ၅ပေ x ၆ပေ | နေ့/ညဆိုင်း | ၁,၀၀၀ | အဆိုင်းအလိုက် |
| ၁၇ | ဈေးအဆောက်အဦ(၄) | ၅ပေ x ၁၅ပေ | နေ့/ညဆိုင်း | ၂,၀၀၀ | အဆိုင်းအလိုက် |
| ၁၈ | ဈေးအဆောက်အဦ(၄) | ၅ပေ x ၁၅ပေ | လပေး | ၅၅,၀၀၀ | လအလိုက် |
| ၁၉ | ဈေးအဆောက်အဦ(၃) | ၅ပေ x ၁၁ပေ | လပေး | ၆၂,၅၀၀ | လအလိုက် |
| ၂၀ | ဈေးအဆောက်အဦ(၃) | ၅ပေ x ၁၃ပေ | လပေး | ၇၀,၀၀၀ | လအလိုက် |
| ၂၁ | ဈေးအဆောက်အဦ(၃) | ၅ပေ x ၃၀ပေ | လပေး | ၁၀၀,၀၀၀ | လအလိုက် |

နေ့/ညအဆိုင်း ဆိုင်များအား နေ့တစ်ဝက်ငှားရမ်းနည်းများဖြင့် အသေးစားရောင်းချသူများအား လက်မှတ်ဖြတ်သောနည်းလမ်းဖြင့်ငှားရမ်းပြီး၊ ရောင်းချသူများရောက်သည့်အချိန်တွင် နေရာလျာထားပေးခြင်း နည်းလမ်းဖြင့်ခွဲဝေသတ်မှတ်ပေးပြီး၊ နေ့ဆိုင်းမှာ မနက် ၇ နာရီမှ ည ၇ နာရီ အထိနှင့် ညဆိုင်းမှာ ည ၇ နာရီမှ နောက်တစ်နေ့မနက် ၇ နာရီ အထိ ဖြစ်ပါသည်။

ဆိုင်ခန်းများအား လပေးငှားနည်းဖြင့်ငှားရမ်းသူများသည် ငှားရမ်းခသုံးလစာကို စပေါ်ငွေအဖြစ် ပေးအပ်ထားရမည်ဖြစ်ပြီး၊ လစဉ် ငှားရမ်းခကို လဆန်း ၁၀ ရက်အတွင်း ပေးချေရမည်ဖြစ်ပါသည်။

*အနာဂတ်ကာလတွင် တညင်းကုန်း လက်ကားဈေးအပေါ် ဆောင်ရွက်မည့် တည်ထောင်မှုများ*

မိမိတို့ကုမ္ပဏီသည် တညင်းကုန်းလက်ကားဈေးတွင် ဆိပ်ခံနှင့်ကုန်တင်ဘူတာရုံ တည်ဆောက်ရန်ဖြစ်နိုင်စွမ်း လေ့လာမှုများ ပြုလုပ်နေပါသည်။

## ၂။ **<u>စီးပွားရေးလုပ်ငန်းကဏ္ဍတစ်ရပ်စီအတွက် ကောက်နုတ်ချက်</u>**

မိမိတို့၏ဝင်ငွေကို ကာလပိုင်းခြား၍ စီးပွားရေးလုပ်ငန်းကဏ္ဍတစ်ရပ်စီအတွက် အောက်ပါဇယားတွင် ဖော်ပြထားပါသည် -

| | ၃၀-၉-၂၀၂၀ ကုန်ဆုံးသောနှစ် (စာရင်းစစ်ပြီး)(၁) | ၃၀-၉-၂၀၂၂ ကုန်ဆုံးသော ၁၂ လ (ပေါင်းစပ်ထားပြီး စာရင်းမစစ်ရသေး) |
|---|---|---|
| (ကျပ် ထောင်ပေါင်း) | | |
| လူနေဆိုင်ခန်းများ ရောင်းရငွေ (၂) | ၅,၀၇၃,၈၁၆ | ၇,၂၂၄,၆၉၉ |
| ဆိုင်ခန်းများ ငှားရမ်းခ (၂) | ၃,၁၅၂,၁၃၄ | ၄,၁၂၅,၅၅၄ |
| e-commerce | ၁၁၉,၃၄၉ | ၅၆,၇၃၅ |
| စုစုပေါင်းဝင်ငွေ | ၈,၃၄၅,၄၇၉ | ၁၁,၄၀၆,၉၈၇ |

| | ၃၀-၉-၂၀၂၁ ကုန်ဆုံးသောနှစ် (စာရင်းစစ်ပြီး)(၁) | ၃၀-၉-၂၀၂၂ ကုန်ဆုံးသော ၁၂ လ (ပေါင်းစပ်ထားပြီး စာရင်းမစစ်ရသေး) |
|---|---|---|
| (ကျပ် ထောင်ပေါင်း) | | |
| | | |
| အခြားဝန်ဆောင်မှုများ (၃) | ၂၀,၄၉၇ | ၁၇၉,၇၇၂ |
| အတိုးရငွေ | ၄၉,၆၂၀ | ၁၀၄,၃၇၈ |
| စုစုပေါင်း | ၇၀,၁၁၇ | ၂၈၄,၁၅၀ |
| **စုစုပေါင်း** | ၈,၄၁၅,၅၉၆ | ၁၁,၆၉၁,၁၃၇ |

(၁) ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်နေ့ ကုန်ဆုံးသည့် ၁၂လတာကာလ၏ ရလဒ်များနှင့် ညီညွတ်မှုတမှုရှိစေရန်အတွက် အချို့သောအရာများကို စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေးရှင်းစာရင်း ရှင်းတမ်းများမှ စာရင်းညှိနှိုင်းမှုများ ပြုလုပ်ထားပါသည်။

(၂) ဈေးကွက်ရှာဖွေခြင်းနှင့် ကြော်ငြာခြင်း၊ သန့်ရှင်းရေး၊ စီမံခန့်ခွဲရေး၊ လျှပ်စစ်မီးနှင့် လုံခြုံရေးစသော ဝန်ဆောင်မှုများမှာရရှိသည့်အခကြေးငွေများကို လူနေဆိုင်ခန်းများရောင်းချခြင်း သို့မဟုတ် ဆိုင်ခန်းများငှားရမ်းခြင်း ဝင်ငွေများတွင် ထည့်သွင်းထားပါသည်။

(၃) အခြားသောဝန်ဆောင်မှုများတွင် ရေမီးပံ့ပိုးမှုများ၊ ယာဉ်ရပ်နားမှု၊ (အဝယ်တော် ဖေ့စ်ဘွတ်ခ်စာမျက်နှာ၊ ဝက်ဘ်ဆိုဒ် နှင့် မိုဘိုင်းနည်းပညာ အသုံးပြု၍) အင်တာနက်မှ ဈေးဝယ်မှု၊ လုံခြုံရေးဝန်ဆောင်မှု၊ အိမ်သာသန့်ရှင်းရေးဝန်ဆောင်မှုတို့ ပါဝင်ပါသည်။

## ၃။ ရောင်းချခြင်းနှင့် ဈေးကွက်မြှင့်တင်ခြင်း

မြန်မာနိုင်ငံတွင် လတ်ဆတ်သောသစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များစားသုံးမှုသည် အပေါင်းလက္ခဏာဆောင်သည့်တိုးတက်မှုကို နှစ်ပေါင်းများစွာမြင်တွေ့နေရပါသည်။ ဤအချက်သည် များစွာသောအကြောင်းများကြောင့်ဖြစ်နိုင်ပြီး၊ အထူးသဖြင့် ကျန်းမာစွာနေထိုင်နိုင်မှုပုံစံအပေါ် စိတ်ဝင်စားမှုတိုးတက်လာခြင်းကြောင့်ဖြစ်သည်ဟု မိမိတို့သုံးသပ်ပါသည်။ အရည်အသွေးမြင့်မားသောစားသောက်ကုန်များ အထူးသဖြင့် စားသောက်ကုန်များ၏ အရသာ၊ ပုံစံ၊ အာဟာရဓာတ်ပြည့်ဝမှု၊ အမျိုးအစားစုံလင်မှုနှင့် ၎င်းတို့အားဝယ်ယူရန် အဆင်ပြေလွယ်ကူမှုတို့အပေါ် အခြေခံ၍ ဝယ်လိုအားမှာမြင့်တက်နေပါသည်။ မြန်မာနိုင်ငံ၏လူလတ်တန်းစား ကျယ်ပြန့်တိုးပွားလာပြီး ဝင်ငွေတိုးတက်လာသည်နှင့်အမျှ အရည်အသွေးမြင့်မားသောစားသောက်ကုန်များအတွက် ဈေးကွက်မှာ တိုးမြင့်လာမည်ဟု ခန့်မှန်းရပါသည်။

စားသောက်ကုန်များကို မည်ကဲ့သို့စိုက်ပျိုးသည်၊ သယ်ယူပို့ဆောင်သည်တို့နှင့် စိုက်ပျိုးခင်းမှ ကုန်တိုက် သို့မဟုတ် အမှန်တကယ် စားသုံးသူလက်သို့ ရောက်ရှိသည်အထိ မည်ကဲ့သို့ကိုင်တွယ်ထိန်းသိမ်းသည်တို့အပါအဝင် အန္တရာယ်ကင်းရှင်းသောစားသောက်ကုန်များရရှိရေးနှင့် စားသောက်ကုန်ထုတ်လုပ်သည့်ပတ်ဝန်းကျင်အခြေအနေတို့အပေါ် အလေးထားမှု တိုးပွားလျက်ရှိပါသည်။ လက်လီလက်ကားရောင်းချသူများအတွက် ဈေးကွက်တွင် အောင်မြင်စွာယှဉ်ပြိုင်နိုင်ရန်အလို့ငှာ စားသုံးသူ၏စိတ်ကျေနပ်မှု ရရှိရေးသည် အရေးပါသဖြင့် ယင်းအချက်များအားလုံးသည် စားသောက်ကုန်ဖြန့်ဖြူးခြင်းအပေါ် ဩဇာလွှမ်းမိုးလျက်ရှိပါသည်။

မိမိတို့ကုမ္ပဏီသည် အောက်ဖော်ပြပါ ရောင်းချခြင်းနှင့်ဈေးကွက်မြှင့်တင်ခြင်း လုပ်ရှားမှုများအပေါ် အာရုံထား၍ ဆောင်ရွက်ပါသည် -

- လယ်သမားများ၊ မွေးမြူသူများ၊ စိုက်ပျိုးသူများ၊ ပွဲစားများနှင့် ကုန်သည်များအကြား တည်းကုန်းလက်ကားဈေးအား သိရှိစေရန် ဆောင်ရွက်ခြင်း၊
- သက်ဆိုင်ရာနယ်ပယ်ကဏ္ဍတွင် ဦးဆောင်မှု၊ ဆန်းသစ်တီထွင်မှု၊ အရည်အသွေးနှင့် သာလွန်ကောင်းမွန်မှုများ ပိုမိုတိုးတက်နိုင်စေရန် မျှတပြီးယှဉ်ပြိုင်မှုရှိသည့် ပတ်ဝန်းကျင်အခြေအနေ

ဖန်တီးနိုင်ရေးအတွက် သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်ခြင်း၊

## ၄။ ယှဉ်ပြိုင်မှု

တည်င်းကုန်းလက်ကားဈေးမှအပ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်စိမ်းနှင့် သားငါးဈေးများ အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ပိုင်ဆိုင်မှုအောက်တွင်ရှိပြီး၊ ၎င်းတို့ကစီမံခန့်ခွဲပါသည်။

တည်င်းကုန်းလက်ကားဈေးသည် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ထုတ်ပြန်သော ပြည်ထောင်စုအစိုးရ၏စီမံကိန်းများအနက်မှ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။ ယင်းစီမံကိန်းများအရ ရန်ကုန်မြို့၊ နေပြည်တော်နှင့် မူဆယ်တို့တွင် ဘက်စုံပါဝင်သောလက်ကားဈေးတစ်ခုစီတည်ထောင်ရန် ပါဝင်ပါသည်။ လက်ရှိအချိန်တွင် ရန်ကုန်မြို့၌ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်အမျိုးစုံရှိသည့် အခြားဈေးတစ်ခုဖြစ်သော သီရိမင်္ဂလာဈေးသည် ရန်ကုန်မြို့၏ မြို့လယ်အနီးတွင် တည်ရှိပြီး မိမိတို့၏ အဓိကပြိုင်ဖက်လည်းဖြစ်ပါသည်။

တည်င်းကုန်းလက်ကားဈေးသည် ရန်ကုန်မြို့၏ မြို့ပြင်တွင် တည်ရှိသော်လည်း၊ သွားလာရန်လွယ်ကူသည့် ကုန်းတွင်းလမ်းနှင့် ရေလမ်းကြောင်းများ ရှိပါသည်။ မိမိတို့၏အားသာချက်များမှာ

- အရွယ်အစားကြီးမားခြင်း (ဥပမာအားဖြင့် တည်င်းကုန်းလက်ကားဈေးသည် သီရိမင်္ဂလာဈေးထက် ၄ဆ ပိုမိုကြီးမားပြီး ဆိုင်ခန်းများနှင့် လူနေဆိုင်ခန်းများလည်း ပိုမိုပါရှိပါသည်)
- ကုန်တင်/ကုန်ချ ဝန်ဆောင်မှုများ၊ ရေဆင်းမြောင်းများ၊ လေဝင်လေထွက် ကောင်းမွန်မှု၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊ လျှပ်စစ်မီး၊ တယ်လီဖုန်းနှင့် အင်တာနက်ဝန်ဆောင်မှုများ၊ ယာဉ်ရပ်နားရန် နေရာများနှင့် ယာဉ်များထိန်းချုပ်ရေး စသည့် ခေတ်မီ အဆောက်အအုံများ ပါဝင်ပါသည်။
- ဆိုင်ခန်းများနှင့် လူနေဆိုင်ခန်းများ ရောင်းချခြင်းနှင့် ငှားရမ်းခြင်းတို့အတွက် လုပ်ငန်းစဉ်များ သတ်မှတ် ရေးဆွဲထားခြင်း။
- လုံခြုံရေးဝန်ဆောင်မှု။
- သန့်ရှင်းမှုနှင့် ကျန်းမာမှု။
- သိုလှောင်မှုဝန်ဆောင်မှုများကိုမိတ်ဆက်ပေးထားခြင်း (အအေးခန်းသိုလှောင်မှုအပါအဝင်)နှင့်
- တန်းဖိုးမြှင့်ဝန်ဆောင်မှုများ (ဥပမာ။ အဆင့်သတ်မှတ်ခြင်း၊ အမျိုးအစားခွဲခြင်း၊ လှီးဖြတ်ခြင်း၊ ထုတ်ပိုးခြင်း စသည်ဖြင့်)။

ပုဂ္ဂလိကပိုင်ဆိုင်မှုဖြစ်သည့် တည်င်းကုန်းလက်ကားဈေးအနေဖြင့် ထိရောက်မှုရှိစွာနှင့် ကုန်ကျစရိတ်ကို အကျိုးရှိစွာအသုံးပြု၍ လည်ပတ်နိုင်မည်ဖြစ်ကြောင်း မိမိတို့အနေဖြင့် ယုံကြည်ပါသည်။

## ၅။ အဓိကကျသောသဘောတူစာချုပ်များ

မိမိတို့ကုမ္ပဏီက (စီးပွားရေးလုပ်ငန်း၏ သာမန်လုပ်ငန်းလည်ပတ်မှုအတွက်ချုပ်ဆိုသော သဘောတူစာချုပ်များမှအပ) စာချုပ်ဝင်အဖြစ်ချုပ်ဆိုသော အောက်ပါသဘောတူစာချုပ်များသည် အဓိကကျသော သဘောတူစာချုပ်များဖြစ်ကြောင်း သို့မဟုတ် ဖြစ်မည်ဖြစ်ကြောင်း ဒါရိုက်တာများကထင်မြင်ယူဆပါသည်။ ဤသဘောတူစာချုပ်များ၏ အဓိကအချက်များကို အောက်တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။

### (၁) တည်င်းကုန်းလက်ကားဈေးတည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ်

*တည်င်းကုန်းလက်ကားဈေးတည်ဆောက်အကောင်အထည်ဖော်လုပ်ကိုင်ခွင့်*

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မိမိတို့ကုမ္ပဏီအား တင်ဒါအောင်မြင်သူအဖြစ် ဆုံးဖြတ်ချက်အရ၊ မိမိတို့ကုမ္ပဏီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့အကြား တည်င်းကုန်းလက်ကားဈေး ဆောက်

လုပ်ခြင်း နှင့် တည်ထောင်လုပ်ကိုင်ခြင်းတို့အတွက် သဘောတူစာချုပ် (“တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ်’) ကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ချုပ်ဆိုခဲ့ပါသည်။ တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ်အရ၊ မိမိတို့ကုမ္ပဏီသည် တည်ငြင်းကုန်းလက်ကားဈေးကို အဓိကအားဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကပိုင်ဆိုင်သည့် မြေဧရိယာ ၈၂.၇၈ ဧက (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပြောင်းလဲပြင်ဆင်ချက်အရ ၈၀.၇၁၇ ဧက) ရှိမြေပေါ်တွင် တည်ဆောက်၍ လုပ်ငန်းလည်ပတ်ဆောင်ရွက်ရန်အတွက် စာချုပ်ပါလုပ်ကိုင်ခွင့်များရရှိထားပါသည်။ မြေဧရိယာ၏ ၂၀ ဧကမှာ မြန်မာနိုင်ငံအစိုးရက နိုင်ငံပိုင်မြေအဖြစ် ထိန်းသိမ်းထားသော်လည်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအား လွှဲပြောင်းပေးအပ်မည်ဖြစ်ကာ ထိုမှတစ်ဆင့် မိမိတို့ကုမ္ပဏီအားလုပ်ကိုင်ခွင့်ပေးအပ်ရန် တွက်ဆ၍ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့စွဲပါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏စာအရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မိမိတို့ကုမ္ပဏီအား ယင်းမြေဧရိယာကိုအသုံးပြုရန် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ အကယ်၍ အဆိုပါမြေအား အဆုံးစွန်အားဖြင့် မိမိတို့ကုမ္ပဏီအားရရှိစေနိုင်ခြင်းမရှိခဲ့ပါက မိမိတို့ကုမ္ပဏီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့သည် နှစ်ဦးနှစ်ဖက်အကျိုးစီးပွားအတွက် တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ်ကို ပြန်လည်ညှိနှိုင်းမည်ဖြစ်ကြောင်း သဘောတူညီချက်ထားရှိခဲ့ပါသည်။

လုပ်ပိုင်ခွင့်၏သက်တမ်းကာလမှာ ကနဦးအနှစ် ၅၀ နှင့် မိမိတို့ကုမ္ပဏီ၏ရွေးချယ်ပိုင်ခွင့်အနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ သဘောတူညီချက်ဖြင့် သက်တမ်း ၁၀ နှစ်စီဖြင့် သက်တမ်းနှစ်ကြိမ်တိုးမြှင့်ခွင့် ရရှိထားပါသည်။

*တည်ငြင်းကုန်းလက်ကားဈေး ဆောက်လုပ်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်း*

တည်ငြင်းကုန်းလက်ကားဈေးအဖြစ်ပါဝင်သော သတ်မှတ်ထားသည့်အဆောက်အဦများကို သတ်မှတ်ထားသော နည်းပညာလိုအပ်ချက်များနှင့်အညီ မိမိတို့ကုမ္ပဏီကတည်ဆောက်ပေးရန် လိုအပ်ပါသည်။

တည်ငြင်းကုန်းလက်ကားဈေးတွင် - (က) **အပိုင်း ၃ (၂) - စီးပွားရေးလုပ်ငန်းအကြောင်းဖော်ပြချက်၊** တည်ငြင်းကုန်းလက်ကားဈေး၏ ပုံစံနှင့်အဆောက်အဦများ (“**ဈေးအဆောက်အဦများ**”)၊ (ခ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အခမဲ့လွှဲပြောင်းပေးရမည့်လူနေဆိုင်ခန်းများ (“**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ဆိုင်ခန်းများ**”)၊ နှင့် (ဂ) မြေပုံတွင် အမှတ်အသားပြုထားသည့် ရောင်းချမည့် သို့မဟုတ် အခြားလူနေဆိုင်ခန်းပိုင်ရှင်များ ကိုယ်တိုင်ဆောက်လုပ်မည့် လူနေဆိုင်ခန်းများ ပါဝင်ပါသည်။ ဝယ်ယူသူများက ၎င်းတို့ဝယ်ယူထားသည့်လူနေဆိုင်ခန်းများအား လက်ဝယ်ရယူရန်၊ အသုံးပြုရန်၊ လွှဲပြောင်းရန်နှင့် ယင်းတို့ပျက်စီးသွားပါက ၎င်းတို့၏လူနေဆိုင်ခန်းများကို ပြန်လည်ဆောက်လုပ်ရန်စသည့် လူနေဆိုင်ခန်းများဝယ်ယူသူများ၏အခွင့်အရေးများကို (စာချုပ်ပါလုပ်ကိုင်ခွင့်ဖြင့်) အတည်ပြုသည့် “ပိုင်ဆိုင်မှုစာအုပ်” ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကထုတ်ပေးမည် ဖြစ်ပါသည်။

မူလက ဈေးအဆောက်အဦများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဆိုင်ခန်းများအား တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုပြီးသည့်အချိန်မှ ၁၈ လ အတွင်းနှင့် ဆိုင်ခန်းများအား လပေါင်း ၃၀ အတွင်း ဆောက်လုပ်ရမည်ဖြစ်ပြီး၊ ယင်းကဲ့သို့မဆောင်ရွက်နိုင်ပါက မိမိတို့ကုမ္ပဏီသည် နောက်ကျသည့်ရက်တစ်ရက်တိုင်းအတွက် ဒဏ်ကြေး ကျပ် ၁၀၀,၀၀၀ ပေးဆောင်ရမည် ဖြစ်ပါသည်။ မိမိတို့ကုမ္ပဏီသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ ဤအချိန်ဇယားများမှ ကင်းလွတ်ခွင့်ရရှိထားပါသည်။ ကင်းလွတ်ခွင့်ပြုချက်အရ မိမိတို့ကုမ္ပဏီသည် ဆောင်ရွက်ရန်ကျန်ရှိသောကိစ္စရပ်ဖြစ်သည့် တည်ငြင်းကုန်းလက်ကားဈေးနေရာတွင်ပါရှိသော မြန်မာနိုင်ငံအစိုးရကထိန်းသိမ်းထားသော နိုင်ငံပိုင်မြေ ဧက ၂၀ ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းရန်ကျန်ရှိနေသောကိစ္စရပ်များ ဆောင်ရွက်ပြီးစီးပြီးနောက်၊ အဆိုပါအဆောက်အဦများကို ဆောက်လုပ်ရမည်ဖြစ်ပါသည်။

တည်ငြင်းကုန်းလက်ကားဈေးကို ဆောက်လုပ်ခြင်းပြီးစီးသည့်အခါတွင် မိမိတို့ကုမ္ပဏီသည် ဈေးအဆောက်

အဦများကို စီမံခန့်ခွဲရန်အတွက် တာဝန်ရှိမည်ဖြစ်ပါသည်။

တည်င်းကုန်းလက်ကားဈေး တည်ရှိရာမြေပေါ်တွင် ယခင်ကတည်ရှိခဲ့သောဈေး၏ ရောင်းချသူများအား ဈေးအဆောက်အဦအတွင်းရှိဆိုင်ခန်းများကို မိမိတို့ကုမ္ပဏီက ငှားရမ်းပေးခြင်းကိုလည်း ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

*တာဝန်ရှိမှု*

တည်င်းကုန်းလက်ကားဈေး ဆောက်လုပ်နေသည့်အချိန်အတွင်း ဖြစ်ပေါ်လာသော ထိခိုက်မှု၊ ပျက်စီးမှု သို့မဟုတ် ဆုံးရှုံးမှု တစ်ခုခုအတွက် မိမိတို့ကုမ္ပဏီက တာဝန်ရှိပါသည်။

*ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အခွင့်အရေးများ*

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် အောက်ပါအခွင့်အရေးများ ရရှိပိုင်ခွင့်ရှိပါသည် -

- ဈေးအဆောက်အဦများနှင့် တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ်တွင် ဖော်ပြထားသော အဆောက်အဦများအား တည်ဆောက်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းမှရရှိသော အခွန်မဆောင်ရသေးမီ နှစ်စဉ်အမြတ်ငွေ၏ ၂၅ ရာခိုင်နှုန်း၊
- စုစုပေါင်းတည်ဆောက်ထားသည့်လူနေဆိုင်ခန်းများ၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လူနေဆိုင်ခန်းများ၊
- လူနေဆိုင်ခန်းများရောင်းရငွေမှ အသားတင်အမြတ်ငွေ၏ ၂၅ ရာခိုင်နှုန်း၊
- တည်င်းကုန်းလက်ကားဈေး၏ ဒီဇိုင်းပုံစံအား စစ်ဆေးခြင်းအတွက် ကုန်ကျစရိတ်၊ အဆောက်အဦ ပြီးစီးကြောင်း သက်သေခံလက်မှတ် ထုတ်ပေးခြင်းမပြုမီ ဆောက်လုပ်ရေးလုပ်ငန်းများအား စစ်ဆေးခြင်းအတွက် ကုန်ကျစရိတ်နှင့် ဆောက်လုပ်ရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် စည်ပင်သာယာအခွန်အခများ ပါဝင်သည့် ကုန်ကျစရိတ်စုစုပေါင်း၏တစ်ဝက်ကို မိမိတို့ကုမ္ပဏီက ပြန်လည်ပေးသွင်းရန်၊
- မိမိတို့ကုမ္ပဏီ၏ဘုတ်အဖွဲ့တွင် ဒါရိုက်တာတစ်ဦးခန့်အပ်ရန်။

*လုပ်ငန်းဆောင်ရွက်မှုအတွက် အာမခံ*

မိမိတို့ကုမ္ပဏီက တည်င်းကုန်းလက်ကားဈေးတွင်ပါဝင်သော အဆောက်အဦများကို ဆောက်လုပ်မည် ဖြစ်ကြောင်း အာမခံသည့်အနေဖြင့် မြန်မာဘဏ်တစ်ခုမှထုတ်ပေးသော တန်ဖိုး ကျပ် ၅၀၀,၀၀၀,၀၀၀ ရှိသည့် လုပ်ငန်းဆောင်ရွက်မှုအာမခံကို တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုပြီးသည့် နေ့ရက်မှ ၁၄ ရက်အတွင်း မိမိတို့ကုမ္ပဏီက တင်သွင်းရမည်ဖြစ်ပါသည်။

*ရပ်စဲနိုင်သောအကြောင်းများ*

အောက်တွင်ဖော်ပြထားသောအကြောင်းများဖြစ်ပေါ်ခဲ့ပြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကုစားရန်စာဖြင့်ရေးသားထားသောအကြောင်းကြားစာပေးပို့သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း မိမိတို့ကုမ္ပဏီက ကုစားရန်ပျက်ကွက်ပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ်ကို ရပ်စဲနိုင်ပါသည်။

- သတ်မှတ်ထားသောအချိန်ကာလအတွင်း ဆောက်လုပ်ရေးလုပ်ငန်းစတင်ရန် ပျက်ကွက်ခြင်း၊
- ခိုင်လုံသောအကြောင်းတစ်စုံတစ်ရာမရှိဘဲ၊ တည်င်းကုန်းလက်ကားဈေးအား ပြီးစီးအောင်ဆောက်လုပ်ရန် ပျက်ကွက်ခြင်း၊
- တည်င်းကုန်းလက်ကားဈေးတွင်ပါဝင်သော အဆောက်အဦများနှင့်စပ်လျဉ်း၍ မိမိတို့ကုမ္ပဏီက

ယင်း၏မြို့ရှင်များ အကျိုးဖြစ်စေမည့်ကိစ္စရပ်များဆောင်ရွက်ခြင်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏သဘောတူညီချက်မပါရှိဘဲ မိမိသဘောဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်စတင်ခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်ခြင်း၊ သို့မဟုတ်

- တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ်အား ဖောက်ဖျက်ခြင်း။

ထို့အပြင် တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ်အရ စာချုပ်ရပ်စဲနိုင်သည့်အကြောင်းများမှာ မိမိတို့က တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ်ကို ဖောက်ဖျက်ခြင်း၊ မလွန်ဆန်နိုင်သောကိစ္စရပ်များ (force majeure) သည် ခြောက်လတာကြာသည်အထိ တစ်ဆက်တည်းဖြစ်ပွားခြင်း၊ တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ်၏ မူလရည်မှန်းချက်များနှင့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စွမ်းမရှိခြင်းနှင့် နှစ်ဦးနှစ်ဖက်သဘောတူညီချက်အရ တို့ဖြစ်ပါသည်။

*ပတ်ဝန်းကျင်ထိန်းသိမ်းရေး*

မိမိတို့ကုမ္ပဏီသည် စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ခြင်း၊ ရေဆိုးများသန့်စင်ခြင်းနှင့် ရေလွှတ်စနစ်ထားရှိခြင်းတို့အတွက် စီမံဆောင်ရွက်ပေးရန် လိုအပ်ပြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် အခြားသောဥပဒေများနှင့်အညီ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် ဆောင်ရွက်မှုများ ပြုလုပ်ရမည်ဖြစ်ပါသည်။

## (၂) တညင်းကုန်းလက်ကားဈေးတွင် အဆောက်အဦများဆောက်လုပ်ရန် သဘောတူစာချုပ်

တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ်နှင့်အညီ တညင်းကုန်းလက်ကားဈေးဆောက်လုပ်ရေးအတွက် မိမိတို့ကုမ္ပဏီနှင့် ဒဂုန်တို့အကြား ("ဆောက်လုပ်ရေးသဘောတူစာချုပ်") ကို ၂၀၁၆ ခုနှစ်၊ အောက်တို ဘာလ ၁၈ ရက်နေ့တွင် ချုပ်ဆိုခဲ့ပါသည်။

*အခကြေးငွေများ၊ စရိတ်များနှင့် ကုန်ကျစရိတ်များ*

ဆောက်လုပ်ရေးသဘောတူစာချုပ်အရ ဆောက်လုပ်ရေးလုပ်ငန်းအတွက် စုစုပေါင်းကုန်ကျစရိတ်ကို ပွင့်လင်းမြင်သာစွာ ခန့်မှန်းတွက်ချက်ရန် လိုအပ်ပြီး၊ ဆောက်လုပ်မည့်အဆောက်အဦများ၏ ကြမ်းခင်းဧရိယာကို အသုံးပြု၍ ခန့်မှန်းတွက်ချက်ခဲ့ရာ ၉၉,၈၀၀,၀၀၀,၀၀၀ ကျပ် ဖြစ်ပါသည်။

လုပ်ငန်းများ၏ အမှန်တကယ်ကုန်ကျစရိတ်ကိုသတ်မှတ်ရာတွင် လိုအပ်သည့်အရေအတွက်နှင့် ဒေသဆိုင်ရာအစိုးရအဖွဲ့ကထုတ်ပြန်သော ပစ္စည်းများ၏နှစ်စဉ်ပျမ်းမျှဈေးနှုန်းများနှင့် အလုပ်သမားစရိတ်များပါဝင်သည့် အဝါရောင်စာအုပ် (Yellow Book) ကို အသုံးပြုရန်လိုအပ်ပါသည်။ ကနဦးခန့်မှန်းခြေကုန်ကျစရိတ်များကို အလားတူအဆောက်အဦဆောက်လုပ်ရေး၏ ကြားသိသမျှလေ့လာဆန်းစစ်ချက်အရ ကြမ်းခင်းဧရိယာခန့်မှန်းချက် (Plinth Area Estimate - PAE) ကို အသုံးပြု၍တွက်ချက်ပါသည်။ ဆောက်လုပ်ရေးသဘောတူစာချုပ်ပါ ကြမ်းခင်းဧရိယာအသုံးပြုခန့်မှန်းချက်နှင့် အထက်ပါနည်းလမ်းဖြင့်တွက်ချက်သော အမှန်တကယ်ကုန်ကျစရိတ်အကြား ခြားနားချက်ကို (ပေါ်ပေါက်လာသောအခြေအနေအရ) ခုနှိမ်ရန် သို့မဟုတ် ပေးအပ်ရန် မိမိတို့ကုမ္ပဏီက တာဝန်ရှိပါသည်။

သက်ဆိုင်ရာဆောက်လုပ်ရေးမှတ်တိုင်များပြည့်မီချက်အပေါ်မူတည်၍ အဆင့်လိုက် ပေးချေမည်ဖြစ်သည်။

အဆိုပါကုန်ကျစရိတ်များအပြင်၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင်ပါဝင်သော ဝန်ထမ်းများအား စီမံခန့်ခွဲမှုစရိတ်၊ ရုံးခန်းများ တည်ဆောက်ခြင်းနှင့် ယာယီဆက်သွယ်ရေးလမ်းများ ဖောက်လုပ်ခြင်း၊ စာရေးကိရိယာ၊ ဝန်ထမ်းအကြိုအပို့၊ အရေးပေါ်သုံးလျှပ်စစ်ဓာတ်အားထုတ်စက်၊ လျှပ်စစ်မီး၊ လုပ်ငန်းခွင်လုံခြုံရေးနှင့် အထွေထွေ

ကုန်ကျစရိတ်များကို ကာမိစေရန်အတွက် ၁၀ ရာခိုင်နှုန်းဝန်ဆောင်ခကို မိမိတို့ကုမ္ပဏီကပေးချေရန် လိုအပ်ပါသည်။

တည်းကုန်းလက်ကားဈေး ဒီဇိုင်းရေးဆွဲရန်အတွက် ဒဂုန် က တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ၎င်းအား တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ် စုစုပေါင်းတန်ဖိုး၏တစ်ရာခိုင်နှုန်းကို အခကြေးငွေအဖြစ် ပေးချေရမည်ဖြစ်ပါသည်။

*သက်တမ်းနှင့် သက်တမ်း တိုးမြှင့်ခြင်း*

ဆောက်လုပ်ရေးလုပ်ငန်းအား ၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ပြီးစီးရမည်ဖြစ်ပြီး၊ သင့်လျော်သော အကြောင်းပြချက်များရှိပါက စာချုပ်ဝင်များသည် ဆောက်လုပ်ရေးကာလကို တိုးမြှင့်နိုင်ပါသည်။

ဆောက်လုပ်ရေးကာလအား တိုးမြှင့်ခဲ့ခြင်းမရှိပါက ဆောက်လုပ်ရေးသဘောတူစာချုပ်အရ ဒဂုန်၏ ပေါ့လျော့မှုကြောင့် ဆောက်လုပ်ရေးနှောင့်နှေးမှုတစ်ခုခုအတွက်၊ ၎င်းက မိမိတို့အပေါ်တွင် တာဝန်တင်ရှိပြီး၊ တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းသဘောတူစာချုပ်အရ မိမိတို့ကုမ္ပဏီက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအပေါ် တာဝန်တင်ရှိသည့်နှုန်းဖြစ်သည့် နောက်ကျသည့်တစ်ရက်လျှင် ဒဏ်ကြေးကျပ် ၁၀၀,၀၀၀ နှုန်းအတိုင်း မိမိတို့အားပေးချေရန်တာဝန်ရှိမည်ဖြစ်ပါသည်။

*တာဝန်ရှိမှု*

တည်းကုန်းလက်ကားဈေး ဆောက်လုပ်နေစဉ်အချိန်အတွင်း ဒဂုန် ၏ ပေါ့လျော့မှုကြောင့် မိမိတို့ ကုမ္ပဏီအပေါ် ကျရောက်ခဲ့သော ဆုံးရှုံးမှု၊ သို့မဟုတ် ပျက်စီးမှု တစ်ခုခုအတွက် ၎င်းတွင် တာဝန်ရှိပါသည်။

*ရပ်စဲခြင်းဖြစ်ရပ်များ*

မိမိတို့ကုမ္ပဏီသည် ဆောက်လုပ်ရေးသဘောတူစာချုပ်ကို မည်သည့်အချိန်တွင်မဆို ရပ်စဲနိုင်သည်။ သို့ရာတွင် ရပ်စဲခြင်းသည် ဒဂုန်၏ ဖောက်ဖျက်မှုတစ်ရပ်ကြောင့်ဖြစ်လျှင် သို့မဟုတ် ဒဂုန်၏ အခြားသော ရပ်စဲရမည့်အကြောင်းကြောင့်ဖြစ်လျှင် ဆောင်ရွက်ပြီးစီးခဲ့သောလုပ်ငန်းများအတွက် ပေးချေရမည်ဖြစ်ပြီး၊ ပျက်စီးမှု သို့မဟုတ် ဆုံးရှုံးမှု တစ်ရပ်ရပ်အတွက်တန်ဖိုးကို ပေးချေမည့် ငွေတန်ဖိုးမှ နုတ်ယူရမည်ဖြစ်သည်။

**(၃) ဆောက်လုပ်ရေးသဘောတူစာချုပ်အရ ပေးချေရမည့်အစား ဒဂုန်သို့ အစုရှယ်ယာများလွှဲပြောင်းပေးခြင်း**

ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေများ အပိုဒ် ၁၀၇ (ခ) အရ ပုဂ္ဂလိကဆိုင်ရာသီးသန့်လွှဲပြောင်းခြင်းနည်းလမ်းဖြင့် ဒဂုန်က အစုရှယ်ယာပေါင်း ၂၇,၆၇၉ ကို ရယူရန်အတွက် မိမိတို့ကုမ္ပဏီနှင့် ဒဂုန်အကြား ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် သဘောတူစာချုပ် ချုပ်ဆိုခဲ့ပါသည်။

၂၀၁၇ ခုနှစ်တွင် မိမိတို့ကုမ္ပဏီက အစုရှယ်ယာများကို အများပြည်သူသို့ကမ်းလှမ်းခြင်းမပြုမီ ပြုလုပ်သော အစီအစဉ်အရ ဒဂုန်က မိမိတို့ ကုမ္ပဏီ၏ အစုရှယ်ယာပေါင်း ၃၅,၀၀၀ ကို ရယူရန် လျှောက်ထားခဲ့ပါသည်။ အဆိုပါ ကမ်းလှမ်းချက်ဖြင့် အစုရှယ်ယာပေါင်း ၇,၃၂၁ ကို ရောင်းချခဲ့ပြီး၊ အစုရှယ်ယာပေါင်း ၃၅,၀၀၀ အနက်မှ ကျန်ရှိသည့် အစုရှယ်ယာများကို ဒဂုန်သို့ ရောင်းချပေးရန် ဤသဘောတူညီချက်ဖြင့် ပြုလုပ်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် မိမိတို့ကုမ္ပဏီက အတည်ပြုခဲ့သော အစုရှယ်ယာ ၁ စု အတွက် ၁၀ စု ပြောင်းလဲခြင်းပြုလုပ်မှုအရ၊ ယင်းအစုရှယ်ယာများသည် မိမိတို့ ကုမ္ပဏီ၏ အစုရှယ်ယာပေါင်း ၃၅၀,၀၀၀ အဖြစ် ခွဲခြမ်းခဲ့ပါသည်။

အစုရှယ်ယာများရောင်းချသည့်အချိန်တွင် အစုရှယ်ယာများအား (အများပြည်သူသို့ကမ်းလှမ်းသော

အစုရှယ်ယာများနှင့်အတူ) တန်ဖိုး ၃၆၇,၅၀၀,၀၀၀ ကျပ် သတ်မှတ်ခဲ့ပါသည်။ ထိုအချိန်က အစုရှယ်ယာတစ်စုလျှင် ၁၀,၀၀၀ ကျပ် သတ်မှတ်ချက်ထက် တစ်စုလျှင် အပိုကြေး ပရီမီယံ ၅၀၀ ကျပ်ဖြင့် ထုတ်ဝေခဲ့ပါသည်။ ဒဂုန်က ဤအဖိုးစားနားအတွက် ဆောက်လုပ်ရေးသဘောတူစာချုပ်အရ ပေးအပ်ရမည့် အခကြေးငွေ၏ တစ်စိတ်တစ်ပိုင်းကို စွန့်လွှတ်ခြင်းနည်းလမ်းအသုံးပြုကာ ပေးချေခဲ့ပါသည်။

## (၄) ရုံးချုပ်ငှားရမ်းခြင်း

ဒဂုန်စင်တာတွင် ရုံးခန်းနေရာငှားရမ်းရန်အတွက် မိမိတို့ကုမ္ပဏီက ဒဂုန်နှင့် ခြောက်လ အငှားစာချုပ် ချုပ်ဆိုခဲ့ပါသည်။ လက်ရှိငှားရမ်းခြင်းသက်တမ်းကာလမှာ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ အထိ ဖြစ်ပါသည်။ ပေးချေရမည့်ငှားရမ်းခမှာ ၆,၀၀၀,၀၀၀ ကျပ် ဖြစ်ပြီး၊ ပုံမှန်ဈေးကွက်ထုံးစံအတိုင်း ၎င်းအား ကြိုတင် ပေးချေပြီး ဖြစ်ပါသည်။

## ၆။ <u>ပိုင်ဆိုင်မှုပစ္စည်း၊ စက်ရုံနှင့် စက်ပစ္စည်းများ</u>

လက်ရှိအချိန်တွင် မိမိတို့ကုမ္ပဏီသည် ဈေးမြေနေရာတွင် တည်င်းကုန်းလက်ကားဈေးဆောက်လုပ်နေဆဲဖြစ်ပါသည်။ ဤမြေနေရာ၏ လက်ရှိအခြေအနေ၊ အသုံးပြုမှုအခြေအနေနှင့်၊ မိမိတို့ကုမ္ပဏီ၏ အဆောက်အဦများကို **အပိုင်း ၃ (၂) - စီးပွားရေးလုပ်ငန်းအကြောင်းဖော်ပြချက်၊ အမှတ်စဉ် ၁ - စီးပွားရေးလုပ်ငန်း၏သဘောသဘာဝ** တွင် ဖော်ပြထားပါသည်။

## ၇။ <u>သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု</u>

မိမိတို့သည် ရှမ်းပြည်နယ်တွင်ရွေးချယ်ထားသော အလားအလာရှိသည့်နေရာဒေသအချို့နှင့် ပင်မဒီဇိုင်းပုံစံလေ့လာခြင်းအပါအဝင်၊ ရှမ်းပြည်နယ်တွင် လက်ကားနှင့်လက်လီဈေး ဆောက်လုပ်ရန်အတွက် ဖြစ်နိုင်ချေလေ့လာခြင်း၏တစ်စိတ်တစ်ပိုင်းအနေဖြင့် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်း ဆောင်ရွက်ခဲ့ပါသည်။

## ၈။ <u>ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ</u>

၂၀၁၆ ခုနှစ်၊ မေလတွင် မြန်မာကုမ္ပဏီ ဖြစ်သည့် National Engineering & Planning Services Co., Ltd. က နော်ဝေးနိုင်ငံမှ Norconsult AS နှင့် တိုင်ပင်ဆောင်ရွက်ထားသည့် တည်င်းကုန်းလက်ကားဈေးအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို ဆန်းစစ်ခြင်း (Environmental and Social Impact Assessment – ESIA) စာတမ်းကို တင်သွင်းခဲ့ပါသည်။ တည်င်းကုန်းလက်ကားဈေးအား ပြီးစီးရန်အတွက် တားဆီးမည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးသက်ရောက်မှုများမရှိကြောင်း၊ သို့ရာတွင် အသုံးမလိုသော ပစ္စည်းများ စွန့်ပစ်ခြင်း၊ ရေဆင်းမြောင်း၊ လမ်းပိတ်ဆို့မှု၊ လေထုညစ်ညမ်းမှု၊ ဆူညံသံများ၊ မြေပြင်နှင့် မြေအောက်ရေ ညစ်ညမ်းမှုများ လျော့နည်းစေရန်အတွက် သင့်တင့်မျှတသော ကာကွယ်မှုလုပ်ငန်းရပ်များ ဆောင်ရွက်သင့်ကြောင်း ကောက်ချက်ချခဲ့ပါသည်။

မိမိတို့ကုမ္ပဏီသည် ESIA တွင်ထောက်ပြထားသော ဖြစ်နိုင်ခြေရှိသည့်ထိခိုက်မှုများကို လျော့နည်းပပျောက်စေရေးအတွက် သဘာဝပတ်ဝန်းကျင်စောင့်ကြည့်ခြင်းစီမံချက် (Environment Monitoring Plan – EMP) အား ESIA ၏လုပ်ငန်းစဉ်အဖြစ် ပြုစုခဲ့ပါသည်။ EMP သည် သဘာဝပတ်ဝန်းကျင်အား ကာကွယ်ရေးအတွက် အဓိက အခန်းကဏ္ဍမှပါဝင်ပြီး၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် ဖြစ်နိုင်ခြေရှိသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများကို အတိုင်ပင်ခံများအပါအဝင် တည်ထောင်သူများ၊ ကန်ထရိုက်တာများ၊ တစ်ဆင့်ခံကန်ထရိုက်တာများအားလုံးအား နားလည်သဘောပေါက်စေမည်ဖြစ်ပါသည်။

EMP ၏ အဓိကရည်ရွယ်ချက်များတွင် အောက်ပါအချက်များ ပါဝင်ပါသည် -

- စီမံကိန်း၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်နိုင်မှုများကို database မှတစ်ဆင့် သုံးသပ်မှုပြုလုပ်နိုင်ရေးအတွက် ၎င်းအားဖန်တီးရန်၊
- သဘာဝပတ်ဝန်းကျင်ထိန်းချုပ်မှုနည်းလမ်းများ သို့မဟုတ် အလေ့အကျင့်များက လက်ခံနိုင်သော စံနှုန်းကိုပြည့်မီစေရန် ဆောင်ရွက်နိုင်ခြင်းမရှိပါက ကြိုတင်သတိပေးသည့်ညွှန်ပြမှုများ ဆောင်ရွက်ပေးရန်၊
- စီမံကိန်း၏ စွမ်းဆောင်နိုင်မှုနှင့် ကာကွယ်ရေးနည်းလမ်းများ၏ထိရောက်မှုကို စောင့်ကြည့်ရန်၊
- စီမံကိန်း၏ စည်းမျဉ်းစည်းကမ်းများအရလိုအပ်ချက်များ၊ စံနှုန်းများနှင့် အစိုးရ၏မူဝါဒများအား လိုက်နာမှုကို တိုင်းတာရန်၊
- မထင်မှတ်ထားသော ပြဿနာများ သို့မဟုတ် လက်ခံနိုင်စွမ်းမရှိသော ထိခိုက်မှုများပေါ်ပေါက်ခဲ့ပါက ကုစားမှုလုပ်ငန်းများ ဆောင်ရွက်ရန်။

မိမိတို့ကုမ္ပဏီ၏ ESIA အား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သဘာဝပတ်ဝန်းကျင်ဆိုင်ရာလိုက်နာမှုနောက်ဆုံးအဆင့်သက်သေခံလက်မှတ် (final Environmental Compliance Certificate) ထုတ်ပေးခြင်းဖြင့် အတည်ပြုခြင်းမရှိသေးပါ။ မြန်မာနိုင်ငံတွင် ယင်းသက်သေခံလက်မှတ်များ ထုတ်ပေးခြင်းသည် သိသာစွာနှောင့်နှေးမှုများဖြင့်ကြုံတွေ့နေရပါသည်။

***သဘာဝပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်၏ အတိုင်းအတာ***

သဘာဝပတ်ဝန်းကျင် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်၏ အတိုင်းအတာတွင် အခြားကိစ္စရပ်များအပြင် အောက်ပါအချက်များပါဝင်ပါသည် -

- ဆောက်လုပ်ရေးနှင့်လုပ်ငန်းလည်ပတ်မှုအဆင့်များတွင် ပေါ်ပေါက်လာနိုင်သောသဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များနှင့် အခြားကိစ္စရပ်များကို ဖော်ထုတ်ရန်နှင့် ဖြေရှင်းရန်၊
- လုပ်ငန်းလည်ပတ်သည့်အဆင့်တွင် ရေညစ်ညမ်းမှု၊ လေထုအရည်အသွေး၊ ဆူညံမှု တို့ကိုတိုင်းတာသည့် အစီအစဉ်များ အကောင်အထည်ဖော်ရန်၊
- ဆောက်လုပ်ရေးလုပ်ငန်းကန်ထရိုက်တာ၏ ဟိုတယ်လုပ်ငန်းလည်ပတ်လုပ်ကိုင်သူ အပါအဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစွမ်းဆောင်မှုအား ချိန်ညှိစိစစ်ခြင်း၊ အရည်အသွေးသုံးသပ်ခြင်း၊ ဆောင်ရွက်ရမည့်စီမံချက်များ အကောင်အထည်ဖော်ခြင်း၊ ကုစားမှုလုပ်ငန်းရပ်များအား ညွှန်ပြခြင်း နှင့် အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ရန်၊
- သတ်မှတ်ချက်များအားလိုက်နာဆောင်ရွက်နိုင်မှုကို စိစစ်ရန်အတွက် စောင့်ကြပ်ကြည့်ရှုထားသော အချက်အလက်များအပေါ် ပုံမှန်သုံးသပ်ချက်များပြုလုပ်ကာ၊ ဆောင်ရွက်ရန်လိုအပ်မည့် လျော့နည်းပပျောက်ရေးနည်းလမ်းများကို ဖော်ထုတ်ခြင်း၊ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ရန်၊
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိန်းချုပ်မှုနည်းလမ်းများနှင့် အလေ့အကျင့်များသည် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ လုပ်ဆောင်နေခြင်း ရှိမရှိကို သေချာစေရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုထားသော အချက်အလက်များအားလုံးကို ရယူသုံးသပ်ရန်၊
- ဆောက်လုပ်ရေးအဆင့်ဆောင်ရွက်စဉ်ကာလအတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်တစ်ခုခုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဆက်နွှယ်နေသူများအားလုံး (အနီးပတ်ဝန်းကျင်တွင်နေထိုင်သူများ၊ ဒေသခံအာဏာပိုင်များ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူများ) နှင့် ဆက်သွယ်စီမံခန့်ခွဲရန်၊
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီရင်ခံစာတွင်ဖော်ပြထားသည့် လျော့နည်းပပျောက်ရေးဆိုင်ရာ နည်းလမ်းများအပေါ် သက်ဆိုင်ရာပါဝင်ပတ်သက်သောအဖွဲ့အစည်းများ၏ ခြားနားမှုများကို လေ့လာသုံးသပ်ရန်၊ ဆောက်လုပ်ရေးအဆင့်နှင့် လုပ်ငန်းလည်ပတ်ခြင်းအဆင့်များတွင် လုပ်ငန်းခွင်များသို့ နည်းလမ်းတကျနှင့် အလွတ်သဘော သွားရောက်စစ်ဆေးရန်။

**မိမိတို့ကုမ္ပဏီက အကောင်အထည်ဖော်ထားသော နည်းလမ်းများ**

မိမိတို့ကုမ္ပဏီ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာမူဝါဒများ၊ ဥပဒေသများနှင့် လမ်းညွှန်ချက်များတို့နှင့်အညီ မိမိတို့ကုမ္ပဏီသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒကို ချမှတ်ကျင့်သုံးပြီး မိမိတို့ကုမ္ပဏီသည် အောက်ပါအချက်များကို ဦးတည်ဆောင်ရွက်မည်ဖြစ်ပါသည် -

- မြန်မာနိုင်ငံ၏သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများအားလိုက်နာခြင်း၊
- မိမိတို့နှင့်အကျိုးစီးပွားဆက်နွယ်နေသူ အုပ်စုအဖွဲ့အစည်းများ၊ ကြီးကြပ်သူများနှင့် ကောင်းမွန်သော ဆက်ဆံရေးရယူပြီး မိမိတို့ပါဝင်ပတ်သက်သောနယ်ပယ်အတွင်း သွက်လက်တက်ကြွသော၊ အပေါင်းလက္ခဏာဆောင်သော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခြင်း၊
- သန့်ရှင်းသော၊ အန္တရာယ်ကင်းရှင်းသော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို မိမိတို့၏ဖောက်သည်များထံ မိမိတို့ကပေးအပ်နိုင်ကြောင်း ယုံကြည်အားထားမှုရှိစေရေးနှင့် စက်မှုစွန့်ပစ်ပစ္စည်းများကို ဖယ်ရှားကာ အန္တရာယ်မဖြစ်စေဘဲ သန့်ရှင်းသောအခြေအနေဖြင့် ပတ်ဝန်းကျင်သို့ ပို့လွှတ်ရေးအတွက် ဆောင်ရွက်ခြင်း၊
- မိမိတို့၏ဝန်ထမ်းများနှင့် မိမိတို့ကိုယ်စားဆောင်ရွက်သူများအားလုံး သင့်လျော်သော သဘာဝပတ်ဝန်းကျင်နှင့် အရည်အသွေးဆိုင်ရာသင်တန်းများ တက်ရောက်ပြီး၊ ဤမူဝါဒအပါအဝင် သက်ဆိုင်ရာကိစ္စရပ်များကို သိရှိနားလည်မှု တိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊
- ဆန်းသစ်တည်ထွင်သောနည်းပညာများ၊ ထိရောက်မှုရှိသောစီမံထိန်းချုပ်ရေးနည်းစနစ်များ၊နှင့် အုပ်စုအဖွဲ့အစည်းအတွင်း မျှဝေကျခံသည့် ထိရောက်သော ရင်းနှီးမြှုပ်နှံမှု ပစ်မှတ်များထားရှိခြင်းဖြင့် ညစ်ညမ်းမှုများကို ဆက်လက်၍ လျှော့နည်းပပျောက်စေရန် ဆောင်ရွက်ခြင်း၊
- ထိရောက်မှုရှိသောအလေ့အထများကျင့်သုံးခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းနှင့် တိုးပွားစေရန် တက်ကြွစွာဆောင်ရွက်ခြင်း၊
- မြေအရင်းအမြစ်များအား လူမှုရေးအရ နှင့် သဘာဝပတ်ဝန်းကျင်ရေးရာအရ တာဝန်သိစွာ စီမံခန့်ခွဲခြင်း နှင့် မိမိတို့၏အစုရှယ်ယာရှင်များ၊ ဖောက်သည်များ၊ တွဲဖက်လုပ်ကိုင်သူများ၊ အကျိုးစီးပွားဆက်နွယ်သူများ၏ လိုအပ်ချက်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် မြှင့်တင်သူအနေဖြင့် မိမိတို့၏ တာဝန်များကို ချိန်ဆ၍ မျှတအောင် ဆောင်ရွက်ခြင်း၊
- လွန်ကျူးပြင်းထန်သော မိုးလေဝသအခြေအနေနှင့် ရာသီဥတုပြောင်းလဲမှုတို့နှင့် ရင်ဆိုင်နေရခြင်းကို မိမိတို့၏ ဖောက်သည်များ၊ အထူးသဖြင့် လယ်သမားများအတွက် ၎င်းတို့လက်ခံနိုင်သည့် အခြေအနေသို့ ရောက်အောင် ဝန်ဆောင်မှုများ ဆက်လက်ထိန်းသိမ်းခြင်းနှင့် တိုးမြှင့်ဆောင်ရွက်ခြင်း၊
- အနာဂတ်ကာလတွင် ရာသီဥတုပြောင်းလဲခြင်းကို လျှော့နည်းစေရန်အတွက် မိမိတို့၏တာဝန်ရှိမှုအပိုင်းကို ဆောင်ရွက်သည့်အနေဖြင့် မိမိတို့၏လုပ်ငန်းလည်ပတ်မှုများနှင့် မိမိတို့၏ထောက်ပံ့မှုဆိုင်ရာကွန်ယက်များတွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများအား ထိန်းချုပ်ရန် စီမံဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းစေမည့်အရာများ ထုတ်လွှတ်ခြင်းကိုလည်း စီမံထိန်းချုပ်ခြင်း၊
- မြန်မာနိုင်ငံနှင့် မိမိတို့စီးပွားရေးလုပ်ငန်း၏ စွမ်းအင်ဖူလုံမှုရှိစေရန်အတွက် စွမ်းရည်ပြည့်ဝပြီး အကျိုးရှိစွာအသုံးချနိုင်ရန် ဆောင်ရွက်ခြင်း၊
- အရင်းအမြစ်များကို ရေရှည်အသုံးပြုနိုင်ရေးတွင် ပိုမိုကောင်းမွန်သောနည်းလမ်းများ ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့၏မိတ်ဆွေများနှင့် ထောက်ပံ့ရေးဆိုင်ရာကွန်ယက်များ (ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ) တို့နှင့်အတူ လက်တွဲဆောင်ရွက်ခြင်း၊ နှင့်
- အထက်ဖော်ပြပါအချက်များအားလုံးကို မိမိတို့၏အစုရှယ်ယာရှင်များနှင့် ဖောက်သည်များ၏ လက်တွေ့ဆောင်ရွက်နိုင်သောအခြေအနေနှင့် အကုန်အကျခံနိုင်သည့်ငွေကြေးကို ချင့်ချိန်လျက် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ခြင်း။

ဤမူဝါဒကို လိုက်နာကျင့်သုံးခြင်းဖြင့် တစ်လလျှင် ဆိုင်တစ်ခုအတွက် ပျမ်းမျှ ရေအသုံးပြုမှုမှာ မိမိတို့ စတင်မှတ်တမ်းပြုစုထိန်းသိမ်းသည့် ၂၀၁၈ ခုနှစ်တွင် ၀.၁၇ ကုဗမီတာ ရှိရာမှ ၂၀၂၁ ခုနှစ်တွင် ၀.၀၄၇ ကုဗမီတာသို့ လည်းကောင်း၊ ယခု ၂၀၂၂ ခုနှစ်တွင် ၀.၀၄၁ ကုဗမီတာသို့လည်းကောင်း လျော့နည်းကျဆင်းခဲ့ပါသည်။ ပျမ်းမျှ တစ်လလျှင် ဆိုင်တစ်ခုမှ စွန့်ပစ်ပစ္စည်းပမာဏမှာ မိမိတို့ စတင်မှတ်တမ်းပြုစုထိန်းသိမ်းသည့် ၂၀၁၈ ခုနှစ်တွင် ၆.၅၆ ကီလိုဂရမ်ရှိရာမှ ၂၀၂၁ ခုနှစ်တွင် ၃ ကီလိုဂရမ်သို့လည်းကောင်း၊ ယခု ၂၀၂၂ ခုနှစ်တွင် ၂.၈၉ ကီလိုဂရမ်သို့ လည်းကောင်း လျော့နည်းကျဆင်းခဲ့ပါသည်။ လက်ရှိအချိန်တွင် စွန့်ပစ်ပစ္စည်းကို ပြန်လည်အသုံးချနိုင်မှုမှာ တစ်လလျှင် ပျမ်းမျှ ၁၆၀.၂ တန် ဖြစ်ပါသည်။ ရေရှည်တွင် မိမိတို့သည် မိုးရေကဲ့သို့သော သဘာဝအလျောက် ပြန်လည်ဖြည့်ဆည်းနိုင်သည့်အရင်းအမြစ်များကိုစုဆောင်း၍ သန့်စင်ခန်းများနှင့် ဈေးအတွင်း ဆေးကြောခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများတွင် အသုံးပြုခြင်းများကို ပိုမိုအလေးထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၉။ <u>အစားအသောက်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာစည်းမျဉ်းစည်းကမ်း</u>

မိမိတို့ကုမ္ပဏီတွင် လတ်ဆတ်သော၊ အန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်ဝသော စားသောက်ကုန်များကို စားသုံးသူများအားပေးအပ်နိုင်စေရန်အတွက် စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် ရှေ့နောက်ညီညွတ်မှုရှိသောသတင်းအချက်အလက်များပေးအပ်နိုင်ရန် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာလမ်းညွှန်ချက်ကို ပြုစုထားပါသည်။ ဤလမ်းညွှန်ချက်ပြုစုထားခြင်းဖြင့် လယ်သမားများနှင့် လက်ကားရောင်းချသူများကို သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေရှိသော အလေ့အထများနှင့် သဘာဝပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိနိုင်မှုများကို သိရှိနားလည်ပြီး လိုက်နာကျင့်သုံးစေရန် ကြိုးပမ်းထားပါသည်။ ယင်းသည် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ သားငါးများနှင့် အခြားထုတ်ကုန်များအား လက်လီလက်ကားရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းများနှင့် သက်ဆိုင်သောကိစ္စရပ်များအားလုံးနှင့် သက်ဆိုင်နိုင်မည် မဟုတ်ပါ။ မိမိတို့ကုမ္ပဏီမှပြုစုထားသော အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လမ်းညွှန်ချက်သည် ရည်ညွှန်းရန်အတွက်ပြုစုထားခြင်းဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် စံချိန်စံညွှန်းများနှင့် ရုတ်တရက်ချက်ချင်းကိုက်ညီနိုင်မည်မဟုတ်သေးပါ။ စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်းရေးကို ဆောင်ရွက်နေသည့် တစ်ချိန်တည်းတွင် ပြည်တွင်းစားသောက်ကုန်လုပ်ငန်း တိုးတက်စေရန် ကြိုးပမ်းအားထုတ်ထားပြီး၊ ယင်းတွင် ရောင်းချနိုင်သည့် စားသောက်ကုန်ပစ္စည်းများ၊ ရောင်းချသည့်နေရာတွင်ရှိနေရမည့်အခြေအနေများနှင့် အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်စပ်လျဉ်းသော အကြံပြုချက်များပါရှိပါသည်။

အထူးသဖြင့် အစားအသောက်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းလမ်းညွှန်ချက်အရ အောက်ပါတို့ကို ကန့်သတ်ချက်မရှိဘဲ ရောင်းချနိုင်ပါသည်၊ လတ်ဆတ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ (အခြားနည်းဖြင့်ပြုပြင်ထားခြင်း မရှိဘဲ၊ မြင်သာသော မြေသားပေကျံခြင်းကိုဖယ်ရှားရန် အနည်းဆုံးနည်းဖြင့် ဆေးကြောခြင်းသာ ပြုလုပ်ခြင်း)၊ အပင်ပေါက်နိုင်ခြေလည်းမရှိ၊ ပြုပြင်ထားခြင်းလည်းမရှိသော အစေ့အဆန်များ၊ ပဲများနှင့် အခွံမာသီးများ၊ (ပေါက်ပေါက်ဖောက်နိုင်ခြင်း မရှိသော) ပြောင်း၊ စုစည်းထားသော အပင်ကိုင်းဖြတ် အစိုများနှင့်အခြောက်များ (ရိတ်သိမ်းရန်ဖြတ်တောက်ထားပြီး မြေသားပေကျံခြင်းကိုဖယ်ရှားရန် အနည်းဆုံးနည်းဖြင့် ဆေးကြောထားခြင်း)။ အခြားတစ်ဖက်တွင်မူ ဆက်လက်ဖော်ပြထားသောပစ္စည်းများ ရောင်းချခြင်းအား တားမြစ်ထားပါသည်။ တောတွင်းမှခူးဆွတ်ထားသော မှိုအရိုင်းများ၊ အိမ်တွင်းပြုလုပ်ထားသော အစာသွတ်ဗူးများ (အိမ်တွင်းစက်မှုစားသောက်ကုန်ထုတ်လုပ်မှုအရခွင့်ပြုထားသော ယို၊ ဂျယ်လီနှင့် ကြာရှည်ခံစေရန် ပြုပြင်ထားခြင်းများမှအပ)၊ မချက်ရသေးသော နို့နှင့် ယင်းမှထုတ်လုပ်သော နို့ထွက်ပစ္စည်းများ၊ အစစ်ဆေးခံထားခြင်းမရှိသော နေရာများတွင်ထုတ်လုပ်သော ရေခဲမုန့်၊ အိမ်တွင်း၌ ဖျက်ထားသော အသား၊ ကြက် သို့မဟုတ် တောရိုင်းတိရိစ္ဆာန်၊ အိမ်တွင်းတွင်စီစဉ်ထုတ်လုပ်ထားသော လေစုတ်ထားသည့်ထုတ်ကုန်များ၊ နှင့် အိမ်တွင်းတွင်ချက်ပြုတ်ထားသည့် အသင့်စားအစားအသောက်များ။

စိုက်ပျိုးရေးထုတ်ကုန်ကြမ်းများနှင့် အိမ်တွင်းထုတ်စားသောက်ကုန်များမှအပ တိုက်ရိုက်လက်လီ ရောင်းချခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းပြုလုပ်ရန် ရည်ရွယ်သည့် အခြားသောကုန်ပစ္စည်းများသည် ဒေသဆိုင်ရာ ကျန်းမာရေး

ဌာနမှစစ်ဆေးပြီးဖြစ်ရပါမည်။ စိုက်ပျိုးရေးမှ တိုက်ရိုက်ထွက်ကုန်ပစ္စည်းများမှအပ၊ လက်ကားဖြန့်ဖြူးရန် ရည်ရွယ်ထားသည့် အခြားကုန်ပစ္စည်းများထုတ်လုပ်သည့်နေရာများနှင့် လုပ်ငန်းစဉ်များအား စျေးများဌာန သို့မဟုတ် ဒေသဆိုင်ရာကျန်းမာရေးဌာနမှ စစ်ဆေးပြီးဖြစ်ရပါမည်။ ထို့အပြင် ပုပ်သိုးပျက်စီးနိုင်သော အစားအသောက်များအား ၄၁ ဒီဂရီ ဖာရင်ဟိုက် (၅ ဒီဂရီ ဆဲလ်စီးယပ်စ်) နှင့် ၎င်းထက်နည်းသောအပူချိန်ဖြင့် သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ထိန်းသိမ်းခြင်း ပြုလုပ်ရပါမည်။

အထက်ပါကိစ္စရပ်များအပြင် အစားအသောက်အန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းစည်းကမ်းလမ်းညွှန်ချက်တွင် အစားအသောက်ကိုင်တွယ်မှုလုပ်ထုံးလုပ်နည်းများ၊ ဥပမာအားဖြင့် အလုပ်ခွင်အတွင်း အစားအသောက်များကိုင်တွယ်ခြင်းမပြုမီ လက်ကိုစင်ကြယ်စွာဆေးကြောရမည်ဖြစ်ကြောင်းတို့ကို သတ်မှတ်ဖော်ပြထားပါသည်။

## ၁၀။ ကော်ပိုရိတ်လူမှုရေးဆိုင်ရာ တာဝန်ရှိမှု

မိမိတို့ကုမ္ပဏီသည် အောက်ပါအချက်များအပါအဝင် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်းသောသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲအများအပြားနှင့် လယ်သမားများအတွက် ဆောင်ရွက်မှုများကို ဆောင်ရွက်ရန် ပြင်ဆင်ထားပါသည် -

- လယ်သမားများအတွက် စားသောက်ကုန်များ အန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များ၊ လက်ကားစျေး၏ စံပြုလုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်းသော သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း၊
- ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာအလေ့အထများ (Good Agriculture Practices – GAP)၊ ဘက်စုံပိုးမွှားထိန်းသိမ်းခြင်း (Integrated Pest Management – IPM) နှင့် အရေးပါသောအချက်များ ထိန်းချုပ်ရန် အန္တရာယ်အား ခွဲခြမ်းစိစစ်ခြင်း (Hazard Analysis Critical Control Point – HACCP) ဆိုင်ရာ အကောင်အထည် ဖော်ခြင်းများကို လယ်သမားများ၊ ကုန်သည်များနှင့် ဓာတုအန္တရာယ်များ လျော့နည်းစေရန် စိုက်ပျိုးရေးဆိုင်ရာဓာတုပစ္စည်းများ ထောက်ပံ့သူများအတွက် နည်းပညာဆိုင်ရာ အကူအညီများ ပေးအပ်ခြင်း၊
- ရိတ်သိမ်းချိန်လွန်ကာလ ကိုင်တွယ်ထိန်းသိမ်းခြင်းနှင့် သိုလှောင်ခြင်းတို့တွင် ပိုမိုတိုးတက်စေရန်အတွက် လယ်သမားများအား အသိပညာပေးခြင်း နှင့် သင်တန်းပေးခြင်း၊
- စျေးပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ညီညွတ်စေရေးတို့အတွက် သင်တန်းများ ပြုလုပ်ပေးခြင်း။

ကုန်လွန်ခဲ့သော ဘဏ္ဍာရေးနှစ်အတွင်း၊ မိမိတို့ကုမ္ပဏီသည် COVID-19 ကို တုံ့ပြန်ရန် မိမိတို့၏ စျေးအဆောက်အဦအတွင်း ကလိုရင်းဆေးရည်များပက်ဖြန်းခြင်း၊ COVID-19 ရောဂါ ခံစားနေရသူများအတွက် ငွေကြေးထောက်ပံ့မှုများပြုလုပ်ခြင်း၊ အောက်ဆီဂျင်ထုတ်လုပ်သောစက်များဝယ်ယူ၍ အောက်ဆီဂျင်အိုးများ ပံ့ပိုးပေးခြင်း၊ အစိုးရဌာနအဖွဲ့အစည်းများနှင့် အခြားကျန်းမာရေးအဖွဲ့အစည်းအချို့တို့နှင့်ပူးပေါင်း၍ တညင်းကုန်းလက်ကားစျေးအတွင်းရှိ ဆိုင်ရှင်များနှင့် ဝန်ထမ်းများအတွက် ကာကွယ်ဆေးများ ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ COVID-19 ရောဂါအတွက် သီးသန့်ထားရှိသောစခန်းများသို့လှူဒါန်းမှုများပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

### (၁) စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်နှင့်သုံးသပ်ချက်များ

### ဘဏ္ဍာရေးဆိုင်ရာသတင်းအချက်အလက်များ တင်ပြခြင်း

စာရင်းစစ်ဆေးပြီးသော ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ခြောက်လတာကာလအတွက် စာရင်းများသည် စာရင်းစစ်ဆေးပြီးသော ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်တွင် ကုန်ဆုံးသောနှစ်အတွက် စာရင်းများနှင့် နှိုင်းယှဉ်ခြင်း မပြုနိုင်ပါ။ မြန်မာနိုင်ငံတွင်မှတ်ပုံတင်ထားသော အခြားကုမ္ပဏီများအားလုံးနည်းတူ၊

အစိုးရ၏ ဘဏ္ဍာရေးနှစ်သက်တမ်းပြောင်းလဲမှုကြောင့် ၂၀၂၂ ခုနှစ်တွင် မိမိတို့ကုမ္ပဏီသည်လည်း ဘဏ္ဍာရေးနှစ်ကို ပြောင်းလဲခဲ့ရပါသည်။

၂၀၂၂ ခုနှစ် စက်တာဘာလ ၃၀ ရက် ကုန်ဆုံးသည့် လွန်ခဲ့သောဘဏ္ဍာရေးနှစ် နှစ်နှစ်အတွင်း မိမိတို့ ကုမ္ပဏီ၏တိုးတက်မှုများကို ရင်းနှီးမြှုပ်နှံသူများ နားလည်သဘောပေါက်စေရန်အတွက် ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင်ကုန်ဆုံးသည့် ခြောက်လတာကာလအတွက် စာရင်းစစ်ဆေးပြီးသောစာရင်းဇယားများနှင့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးသည့် ခြောက်လတာကာလအတွက် စာရင်းစစ်ဆေးခြင်းမပြုရသေးသည့် ကြားဖြတ်စာရင်းဇယားများကို ပေါင်းစပ်ထားပါသည်။ ဤပေါင်းစပ်ထားသောစာရင်းဇယားများကို မိမိတို့၏ စီမံခန့်ခွဲမှုက ပြုစုခဲ့ပြီး၊ မိမိတို့၏ စာရင်းစစ်များဖြစ်သော Win Thin & Associates က သုံးသပ်ထားပြီးဖြစ်ပါသည်။ Win Thin & Associates က ပြုစုထားသော စာရင်းစစ်အစီရင်ခံစာကို စာရင်းဝင်ခြင်းဆိုင်ရာစာရွက်စာတမ်း၏ ဤအပိုဒ်ခွဲအဆုံးတွင်ဖော်ပြထားပါသည်။

ပိုမိုပြည့်စုံသောသတင်းအချက်အလက်များရရှိစေရန်အတွက် ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာ ဖွင့်ဟကြေညာစာတမ်း၏အခြားတစ်နေရာတွင်ဖော်ပြထားသော စာရင်းစစ်ဆေးပြီးစာရင်းဇယားများနှင့် စာရင်း မစစ်ဆေးရသေးသော စာရင်းဇယားများကို လူကြီးမင်းအနေဖြင့် ရည်ညွှန်းသင့်ပါသည်။

## လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ရလဒ်များ

**အလုံးစုံဝင်ငွေရရှိမှုမှတ်တမ်း**

| | ၃၀-၉-၂၀၂၁ ကုန်ဆုံးသော နှစ် (စာရင်းစစ်ပြီး)(၁) | ၃၀-၉-၂၀၂၂ ကုန်ဆုံးသော ၁၂ လ ကာလ (ပေါင်းစပ်ထားပြီး စာရင်းမစစ်ဆေးရသေး) |
|---|---|---|
| | (ကျပ် ထောင်ပေါင်း) | |
| **ဝင်ငွေ** | **၈,၃၄၅,၄၇၉** | **၁၁,၄၀၆,၉၈၇** |
| ကုန်ရောင်းတန်ဖိုး | (၄,၀၁၂,၈၆၉) | (၆,၂၉၃,၇၃၉) |
| | | |
| **အကြမ်းအမြတ်** | ၄,၃၃၂,၆၁၀ | **၅,၁၁၃,၂၄၈** |
| အခြားဝင်ငွေ | ၇၀,၁၁၇ | ၂၈၄,၁၅၀ |
| **အသုံးစရိတ်များ** | | |
| အထွေထွေနှင့် စီမံခန့်ခွဲမှု | (၁,၃၇၀,၄၆၈) | (၁,၆၀၃,၉၀၀) |
| အရောင်းမြှင့်တင်ခြင်း | (၂၉၈) | (၂၅,၄၂၆) |
| ဘဏ္ဍာရေးဆိုင်ရာ ကုန်ကျစရိတ်များ | (၆၉၃) | (၇၁၆) |
| **YCDC သို့ခွဲဝေခြင်း မပြုမီ အမြတ်** | ၃,၀၃၁,၂၆၈ | **၃,၇၆၇,၃၅၆** |
| YCDC သို့ခွဲဝေပေးသည့် အမြတ် | (၇၆၆,၁၄၁) | (၉၅၂,၇၁၆) |
| အခွန်မဆောင်မီ အမြတ် | ၂,၂၆၅,၁၂၇ | **၂,၈၁၄,၆၄၀** |
| ဝင်ငွေခွန် စရိတ် | (၅၈,၀၈၈) | (၆၁၉,၂၂၀) |
| **စုစုပေါင်း အလုံးစုံဝင်ငွေ** | ၂,၂၀၇,၀၃၉ | **၂,၁၉၅,၄၂၀** |
| **အစုရှယ်ယာတစ်စောင်အတွက်ရရှိမှု (တစ်စောင်လျှင်တန်ဖိုး ကျပ်)** | ၁၀၂ | **၁၀၂** |

(၁) ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်နေ့ ကုန်ဆုံးသည့် ၁၂ လတာ ကာလ၏ရလဒ်များနှင့် ညီညွတ်မျှတမှုရှိစေရန် အတွက် အချို့သောအရာများကို စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေးစာရင်းရှင်းတမ်းများမှ စာရင်းညှိနှိုင်းမှုများ ပြုလုပ်ထားပါသည်။

ဝင်ငွေရရှိမှု၏ အသေးစိတ်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | ၃၀-၉-၂၀၂၁ ကုန်ဆုံးသောနှစ် (စာရင်းစစ်ပြီး)(၁) | ၃၀-၉-၂၀၂၂ ကုန်ဆုံးသော ၁၂ လ (ပေါင်းစပ်ထားပြီး စာရင်းမစစ်ရသေး) |
|---|---|---|
| (ကျပ် ထောင်ပေါင်း) | | |
| လူနေဆိုင်ခန်းများ ရောင်းရငွေ(၂) | ၅,၀၇၃,၈၁၆ | ၇,၂၂၄,၆၉၉ |
| ဆိုင်ခန်းများ ငှားရမ်းခ(၂) | ၃,၁၅၂,၃၁၄ | ၄,၁၂၅,၅၅၄ |
| e-commerce | ၁၁၉,၃၄၉ | ၅၆,၇၃၅ |
| စုစုပေါင်းဝင်ငွေ | ၈,၃၄၅,၄၇၉ | ၁၁,၄၀၆,၉၈၇ |
| အခြားဝင်ငွေ | | |
| အခြား ဝန်ဆောင်မှုများ(၃) | ၂၀,၄၉၇ | ၁၈၀,၂၅၁ |
| အတိုးရငွေ | ၄၉,၆၂၀ | ၁၀၃,၈၉၉ |
| စုစုပေါင်း | ၇၀,၁၁၇ | ၂၈၄,၁၅၀ |
| **စုစုပေါင်း** | ၈,၄၁၅,၅၉၆ | ၁၁,၆၉၁,၁၃၇ |

(၁) ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်နေ့ ကုန်ဆုံးသည့် ၁၂လတာ ကာလ၏ ရလဒ်များနှင့် ညီညွတ်မျှတမှု ရှိစေရန်အတွက် အချို့သောအရာများကို စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေးစာရင်းရှင်းတမ်းများမှ စာရင်း ညှိနှိုင်းမှုများ ပြုလုပ်ထားပါသည်။

(၂) ဈေးကွက်ရှာဖွေခြင်းနှင့် ကြော်ငြာခြင်း၊ သန့်ရှင်းရေး၊ စီမံခန့်ခွဲရေး၊ လျှပ်စစ်မီးနှင့် လုံခြုံရေးစသော ဝန်ဆောင်မှုများမှာရရှိသည့်အခကြေးငွေများကို လူနေဆိုင်ခန်းများရောင်းချခြင်း သို့မဟုတ် ဆိုင်ခန်းများ ငှားရမ်းခြင်း ဝင်ငွေများတွင် ထည့်သွင်းထားပါသည်။

(၃) အခြားသော ဝန်ဆောင်မှုများတွင် ရေမီးပံ့ပိုးမှုများ၊ ယာဉ်ရပ်နားမှု၊ (အဝယ်တော် ဖေ့စ်ဘွတ်ခ်စာမျက်နှာ၊ ဝက်ဘ်ဆိုဒ် နှင့် မိုဘိုင်းနည်းပညာများအသုံးပြု၍) အင်တာနက်မှ ဈေးဝယ်မှု၊ လုံခြုံရေးဝန်ဆောင်မှု၊ အိမ်သာသန့်ရှင်းရေး ဝန်ဆောင်မှုတို့ ပါဝင်ပါသည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသော ၁၂ လတာ ကာလအတွက် မိမိတို့ ကုမ္ပဏီ၏ ဝင်ငွေမှာ ကျပ် ၁၁.၄၁ ဘီလီယံ ဖြစ်ပါသည်။ ယင်းသည် ယခင်နှစ်အပေါ် ၃၇ ရာခိုင်နှုန်း တိုးတက်မှု ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးသော ၁၂ လတာကာလအတွက် ဝင်ငွေရရှိသော အဓိက အရင်းအမြစ်နှစ်ရပ်မှာ လူနေဆိုင်ခန်းများရောင်းချခြင်းနှင့် ဈေးလုပ်ငန်းလည်ပတ်မှုမှရရှိသောဝင်ငွေတို့ဖြစ်ပြီး၊ ယခင်နှစ် နှင့်နှိုင်းယှဉ်လျှင် ယင်းတို့သည် ၄၂ ရာခိုင်နှုန်း နှင့် ၃၁ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသော ၁၂ လတာကာလတွင် ရောင်းချမှုမှာ ၁၀ လုံးနှင့် လူနေဆိုင်ခန်းများရှိ အခန်း ၅ခန်းဖြစ်ပြီး၊ နှိုင်းယှဉ်ပြရသော် ယခင်နှစ်က ၇လုံး နှင့် လူနေဆိုင်ခန်းများရှိ အခန်း ၂ခန်းများ ဖြစ်ပါသည်။ ဈေးလုပ်ငန်းမှရရှိသောဝင်ငွေ၏ တိုးတက်လာခြင်းမှာ ငှားရမ်းခဝင်ငွေပိုမိုရရှိခြင်းကြောင့်ဖြစ်ပြီး၊ တည်းကုန်း လက်ကားဈေးလုပ်ငန်းလည်ပတ်မှုအား စီမံခန့်ခွဲမှုပိုမိုကောင်းမွန်လာခြင်းနှင့် ဈေးအားအသုံးပြုသူဖောက်သည် အရေအတွက် တိုးပွားလာခြင်းတို့ကြောင့်လည်းဖြစ်ပါသည်။

ကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ အထွေထွေနှင့် စီမံခန့်ခွဲမှုစရိတ်မှာ ယခင်နှစ်ကုန်ကျစရိတ်ဖြစ်သော ကျပ် ၁.၆ ဘီလီယံ ထက် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသော ၁၂ လတာကာလတွင် ၁၇ ရာခိုင်နှုန်း

ပိုမိုမြင့်မားခဲ့ပါသည်။ ယင်းသည် ဝန်ထမ်းများ၏လစာ တိုးတက်လာခြင်းနှင့် ဝန်ထမ်းအရေအတွက် တိုးပွားလာခြင်း တို့ကြောင့်ဖြစ်ပါသည်။ အရောင်းမြှင့်တင်ခြင်းဆိုင်ရာစရိတ်များသည် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် ကုန်ဆုံးသောနှစ်တွင် ကျပ် ၂၉၈ သန်း ရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးသော ၁၂ လတာ ကာလတွင် ကျပ် ၂၅.၄၂၆ သန်း အထိ မြင့်တက်ခဲ့ပါသည်။ ယင်းမြင့်တက်မှုသည် တည်းကုန်းလက်ကားဈေးသို့ ဈေးဝယ်သူဖောက်သည်များနှင့် ထုတ်ကုန်ရောင်းချသူများအား လာရောက်စေရန် ဆွဲဆောင် ကြိုးပမ်းအားထုတ်မှု နှင့် လူနေဆိုင်ခန်းများ ဝယ်ယူစေရန်အတွက် ကြိုးပမ်းအားထုတ်မှုတို့ကို ထင်ဟပ်ဖော်ပြနေပါသည်။

ယင်း၏ရလဒ်မှာ ကုမ္ပဏီ၏ ယခုနှစ်အတွက်အကြမ်းအမြတ်အဖြစ် ကျပ် ၅.၁၁၃ ဘီလီယံ ရရှိခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ၁၈ ရာခိုင်နှုန်း တိုးတက်မှုဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသော ၁၂ လတာကာလအတွက် အခွန်မဆောင်မီအမြတ်မှာ ကျပ် ၂.၈ ဘီလီယံဖြစ်ပြီး၊ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ၂၄ ရာခိုင်နှုန်းတိုးတက်မှု ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးသော ၁၂ လတာကာလအတွက် ဝင်ငွေခွန် ကုန်ကျစရိတ်မှာ ကျပ် ၆၁၉ သန်း ဖြစ်ပြီး၊ နှိုင်းယှဉ်ပြရသော် ယခင်နှစ်တွင် ကျပ် ၅၈ သန်း ဖြစ်ပါသည်။ ရတ်ခြည်း တိုးသွားရခြင်း၏အကြောင်းရင်းမှာ မိမိတို့ကုမ္ပဏီသည် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိထားခြင်းကြောင့် ဖြစ်ပါသည်။ ယင်း၏ ရလဒ်ကြောင့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသော ၁၂ လတာကာလအတွက် စုစုပေါင်း အလုံးစုံဝင်ငွေမှာ ကျပ် ၂.၂ ဘီလီယံဖြစ်ပြီး၊ ယခင်နှစ်နှင့် နှိုင်းယှဉ်သော် ၁ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

**ဘဏ္ဍာရေးအခြေအနေ**

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးသော ၁၂ လတာကာလနှင့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်ကုန်ဆုံးသော ယခင်နှစ်တို့အတွက် မိမိတို့ကုမ္ပဏီ၏ ဘဏ္ဍာရေး အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | **၃၀-၉-၂၀၂၁ ကုန်ဆုံးသော နှစ် (စာရင်းစစ်ပြီး)** | **၃၀-၉-၂၀၂၂ ကုန်ဆုံးသော ၁၂ လ ကာလ (ပေါင်းစပ်ထားပြီး စာရင်းမစစ်ဆေးရသေး)** |
|---|---|---|
| | (ကျပ် ထောင်ပေါင်း) | |
| **ရပိုင်ခွင့်များ** | | |
| လက်ငင်းရပိုင်ခွင့်များ | ၁၀,၃၆၈,၀၃၃ | ၁၁,၄၈၂,၈၄၂ |
| လက်ငင်းမဟုတ်သောရပိုင်ခွင့်များ | ၂၀,၃၂၉,၅၇၇ | ၂၂,၀၁၀,၇၁၈ |
| **စုစုပေါင်း ရပိုင်ခွင့်များ** | **၃၀,၆၉၇,၆၁၀** | **၃၃,၄၉၃,၅၆၀** |
| (နုတ်) ကြွေးမြီများ | | |
| လက်ငင်းပေးရန်တာဝန်များ | ၆,၇၃၆,၅၄၇ | ၉,၉၃၃,၉၈၀ |
| လက်ငင်းမဟုတ်သောပေးရန်တာဝန်များ | ၀ | ၀ |
| **စုစုပေါင်း ပေးရန်တာဝန်များ** | **၆,၇၃၆,၅၄၇** | **၉,၉၃၃,၉၈၀** |
| **အသားတင် ပိုင်ဆိုင်မှုများ** | **၂၃,၉၆၁,၀၆၃** | **၂၃,၅၅၉,၅၈၀** |
| ပိုင်ဆိုင်မှု တန်ဖိုး (Equity) | | |
| ရောင်းချထားသော အစုရှယ်ယာ မတည်ငွေရင်း | ၂၁,၇၅၃,၀၀၁ | ၂၁,၇၅၃,၀၀၁ |
| သိမ်းဆည်းထားသော အမြတ် | ၂,၂၀၈,၀၆၂ | ၁,၈၀၆,၅၇၉ |
| **စုစုပေါင်း ပိုင်ဆိုင်မှု တန်ဖိုး (Equity)** | **၂၃,၉၆၁,၀၆၃** | **၂၃,၅၅၉,၅၈၀** |

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ရှိသော လက်ငင်းရပိုင်ခွင့်များ (current asset) မှာ ကျပ် ၁၁.၄၈ ဘီလီယံဖြစ်ပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၁၁ ရာခိုင်နှုန်းတိုးတက်လာပါသည်။ ဤတိုးတက်မှုသည် စျေးဆောက်လုပ်ခြင်းနှင့်တိုးချဲ့ခြင်း နှင့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးသော ၁၂ လတာ ကာလအတွင်း လူနေဆိုင်ခန်း ၁၀ လုံး ဆောက်လုပ်ပြီးစီးမှုကို ထင်ဟပ်နေပါသည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ရှိ လက်ငင်းမဟုတ်သောရပိုင်ခွင့်များ (Non-current assets) မှာ ကျပ် ၂၂ ဘီလီယံ ဖြစ်ပြီး၊ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၈ ရာခိုင်နှုန်း တိုးတက်လာပါသည်။ ဤတိုးတက်မှုသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပစ္စည်းများ၊ စျေးအဆောက်အဦများတွင် ကုမ္ပဏီ၏မြင့်မားသော ရင်းနှီးမြှုပ်နှံမှုနှင့် တည်ငင်းကုန်းလက်ကားစျေးတွင် ယာဉ်ရပ်နားရာနေရာများ၊ သန့်စင်ခန်းများ၊ မော်တော်ယာဉ်များ နှင့် စက်ပစ္စည်းများ၊ နှင့် CCTV နှင့် software ကဲ့သို့သော နည်းပညာတို့နှင့်စပ်လျဉ်းသောအရာများတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်းကို ထင်ဟပ်နေပါသည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ရှိ လက်ငင်းပေးရန်တာဝန်များ (current liabilities) မှာ ကျပ် ၉.၉၃ ဘီလီယံ ဖြစ်ပြီး၊ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၄၇ ရာခိုင်နှုန်း မြင့်မားလာပါသည်။ ဤမြင့်မားလာမှုသည် လူနေဆိုင်ခန်းမဝယ်ယူသူများ၏ ကြိုတင်ငွေပေးသွင်းမှု မြင့်မားလာခြင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးသော ခြောက်လတာကာလအတွက် အစုရှယ်ယာရှင်များအား ခွဲဝေပေးရမည့် ကြေညာထား ပြီးဖြစ်သော်လည်း ပေးချေခြင်းမပြုရသေးသည့်အမြတ်ဝေစုနှင့် အခြားသော ပေးချေရန်ကိစ္စများဖြစ်သည့်၊ ဆောက်လုပ်ရေးကုန်ကျစရိတ်နှင့် စျေးအဆောက်အဦ ၁၊ ၂၊ ၃ နှင့် ၄ တို့တွင် ရောင်းချသူများ၏ စပေါ်ငွေ လက်ခံရရှိခြင်းတို့ကို ထင်ဟပ်နေပါသည်။ မိမိတို့ကုမ္ပဏီ၏ ပိုင်ဆိုင်မှုတန်ဖိုး (Equity) မှာ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကျပ် ၂၃.၆ ဘီလီယံဖြစ်၍ ၂ ရာခိုင်နှုန်းခန့် အနည်းငယ် လျော့ကျခဲ့ပြီး၊ ယင်းသည် ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင်ကုန်ဆုံးသော ခြောက်လအတွက် အမြတ်ဝေစု ခွဲဝေပေးခြင်းကို ထင်ဟပ်နေပါသည်။

**ငွေဖြစ်လွယ်မှုနှင့် မတည်ငွေ အရင်းအမြစ်များ**

ဖော်ပြထားသောကာလများအတွက် ကုမ္ပဏီ၏ငွေသားစီးဆင်းမှု မှတ်တမ်းအကျဉ်းချုပ်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

| | **၃၀-၉-၂၀၂၁ ကုန်ဆုံးသော နှစ် (စာရင်းစစ်ပြီး)** | **၃၀-၉-၂၀၂၂ ကုန်ဆုံးသော ၁၂ လ ကာလ (ပေါင်းစပ်ထားပြီး စာရင်းမစစ်ဆေးရသေး)** |
|---|---|---|
| | (ကျပ် ထောင်ပေါင်း) | |
| **လုပ်ငန်းဆောင်ရွက်မှုများအရ ငွေသားစီးဆင်းမှု** | | |
| အခွန်မဆောင်မီ အမြတ် | **၂,၂၆၅,၁၂၇** | **၂,၈၁၄,၆၄၀** |
| ညှိနှိုင်းချက်များ - | | |
| - တန်ဖိုးလျော့ | ၅၇၂,၂၈၉ | ၆၈၆,၄၁၀ |
| - အတိုးရရှိမှု | (၄၉,၆၂၀) | (၁၀၃,၈၉၉) |
| - ထိတွေ့မရ သောပစ္စည်းများ အတွက် ပယ်ဖျက်ခြင်း | - | (၁၇၀,၄၂၄) |
| လုည့်လည်ရင်းနှီးငွေပြောင်းလဲမှုမတိုင်မီ လုပ်ငန်းဆောင်ရွက်ချက်အမြတ် | **၂,၇၈၇,၇၉၆** | **၃,၂၂၆,၇၂၇** |
| လုည့်လည်ရင်းနှီးငွေပြောင်းလဲမှု | | |

| | ၃၀-၉-၂၀၂၁ ကုန်ဆုံးသော နှစ် (စာရင်းစစ်ပြီး) | ၃၀-၉-၂၀၂၂ ကုန်ဆုံးသော ၁၂ လ ကာလ (ပေါင်းစပ်ထားပြီး စာရင်းမစစ်ဆေးရသေး) |
|---|---|---|
| - ကုန်သွယ်မှု နှင့်အခြား ရရန်ရှိမှု | (၂,၄၂၆,၉၀၁) | (၇၇,၈၉၃) |
| - ကြိုတင်ပေးငွေ | (၃၄၄,၂၉၉) | (၄၅၂,၁၅၃) |
| - Utilities stock | (၂,၁၄၁) | - |
| - ကုန်လက်ကျန် | | ၁,၁၄၇ |
| - ဆောင်ရွက်ဆဲ | ၂,၆၃၅,၄၄၉ | (၁,၄၆၉,၈၇၈) |
| - ကုန်သွယ်မှုနှင့် အခြား ပေးရန် ရှိမှုများ | ၄,၆၁၉,၄၃၃ | ၁,၄၄၆,၃၃၅ |
| - လျာထားမှုများ | ၇၂၂,၈၈၁ | ၅၂၉,၁၀၂ |
| လုပ်ငန်းဆောင်ရွက်ချက်များ အရ ငွေသားအသုံးပြုမှု | ၇,၉၉၂,၂၁၈ | ၃,၂၀၃,၃၈၇ |
| အတိုးရငွေ | ၄၉,၆၂၀ | ၁၀၃,၈၉၉ |
| ဝင်ငွေခွန် ပေးချေမှု | (၅၆,၀၀၀) | (၁၇၄,၉၂၅) |
| လုပ်ငန်းဆောင်ရွက်ချက်များ အရ ရှိသည့် အသားတင် ငွေသား | **၇,၉၈၅,၈၃၈** | **၃,၁၃၂,၃၆၁** |
| ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှု | | |
| ရင်းနှီးမြှုပ်နှံမှု ပစ္စည်းများ တိုးလာခြင်း | (၁,၉၂၆,၀၀၄) | (၂၉၂,၄၃၉) |
| ပိုင်ဆိုင် ပစ္စည်း၊ စက်ရုံ၊ စက်ပစ္စည်း တိုးလာခြင်း | (၇၃၇,၆၄၀) | (၁,၈၁၀,၇၁၈) |
| ထိတွေ့မရသောပစ္စည်းများအတွက် တိုးလာခြင်း | (၁,၇၄၈) | (၉၃,၉၆၉) |
| ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ အသုံးပြု သည့် အသားတင်ငွေသား | **(၂,၆၆၅,၃၉၂)** | **(၂,၁၉၇,၁၂၆)** |
| ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ | | |
| ဘဏ်ချေးငွေ ပြန်ဆပ်ခြင်း | (၁,၆၀၀,၀၀၀) | |
| အစုရှယ်ယာရှင်များ အတွက် အမြတ်ဝေစု | (၁,၂၉၈,၄၅၂) | (၁,၉၉၂,၂၀၂) |
| ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ အသုံးပြု သည့် အသားတင် ငွေသား | **(၂,၈၉၈,၄၅၂)** | **(၁,၉၉၂,၂၀၂)** |
| ငွေနှင့် ငွေသားညီမျှမှု အသားတင် အတိုး/အလျော့ | **၂,၄၂၁,၉၉၄** | **(၁,၀၅၆,၉၆၇)** |
| နှစ်အစရှိ ငွေနှင့် ဘဏ်လက်ကျန် | ၈၀၃,၂၉၂ | ၃,၂၂၅,၂၈၆ |
| နှစ်အဆုံးရှိ ငွေနှင့် ဘဏ်လက်ကျန် | ၃,၂၂၅,၂၈၆ | ၂,၁၆၈,၃၁၉ |

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးသော ၁၂ လတာကာလအတွက် လုပ်ငန်းဆောင်ရွက်မှုများမှ ငွေသားဖော်ထုတ်မှုမှာ ကျပ် ၃.၂ ဘီလီယံ ဖြစ်ပြီး၊ နှိုင်းယှဉ်ရသော် ယခင်နှစ်တွင် ကျပ် ၇.၉၉ ဘီလီယံဖြစ်ပါသည်။ လျော့နည်းမှုမှာ အဓိကအားဖြင့် ဝင်ငွေခွန် ပေးဆောင်ခြင်း၊ အမြတ်ဝေစုခွဲဝေပေးခြင်းနှင့် ပစ္စည်းပေးသွင်းသူများနှင့် ကန်ထရိုက်တာများအား ပေးချေခြင်းတို့ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ငွေနှင့် ငွေသားညီမျှမှုမှာ ကျပ် ၃.၂၂ ဘီလီယံမှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ၂.၁၇ ဘီလီယံသို့လျော့နည်းကာ ၃၂.၈ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးသော ၁၂ လတာကာလအတွက် မိမိတို့၏ ငွေဖြစ်လွယ်မှုလိုအပ်ချက်ကို လုပ်ငန်းဆောင်ရွက်ချက်များအရငွေသားအသုံးပြုမှုဖြင့် ဖြည့်ဆည်းခဲ့ပါသည်။ လုပ်ငန်းဆောင်ရွက်မှုများမှဖော်ထုတ်သော ငွေသား၊ လက်ရှိအစုရှယ်ယာရှင်များကို အချိုးကျဝယ်ယူခွင့်ပေးသည့် အစုရှယ်ယာများရောင်းချခြင်းမှရငွေနှင့် ဘဏ်ချေးငွေတို့သည် ဤစာရင်းဝင်အဖြစ် တင်သွင်းခြင်းဆိုင်ရာ ဖွင့်ဟကြေညာစာတမ်းပြုစုသည့်နေ့ရက်မှ အနည်းဆုံး နောက် ၁၂ လ အတွက် မိမိတို့၏ လှည့်လည်ရင်းနှီးငွေ လိုအပ်ချက်ကို လုံလောက်မည်ဖြစ်ကြောင်း လက်ခံထားပါသည်။

**အနာဂတ်မျှော်မှန်းချက်**

တည်ငြင်းကုန်းလက်ကားဈေးတွင် အဓိက အစားအစာများ၊ လတ်ဆတ်သောဟင်းသီးဟင်းရွက်များ၊ သစ်သီးများ နှင့် ကုန်ခြောက်များကို ပေးစွမ်းနိုင်ခြင်းကြောင့် ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းနှင့် တည်ငြင်းကုန်းလက်ကားဈေးတွင် ရောင်းချသောထုတ်ကုန်များသည် ဆက်လက်တိုးတက်လျက်ရှိပါသည်။ ထို့အပြင် ပိုမိုကောင်းမွန်သော စီမံခန့်ခွဲမှု နှင့် ဈေး၏သန့်ရှင်းသပ်ရပ်မှုတို့ကြောင့် ဝယ်ယူသူဖောက်သည်များကို ဆွဲဆောင်လျက်ရှိပါသည်။

ငွေကြေးဖောင်းပွမှုတိုးတက်လာခြင်းကြောင့် အများပြည်သူတို့သည် အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံမှုတွင်လည်း ပိုမိုအားထားလာကြပြီး၊ လူနေဆိုင်ခန်းများအတွက် ဝယ်လိုအား မြင့်မားလျက် ရှိပါသည်။

စွန့်ပစ်ပစ္စည်း၊ ရေနှင့် စွမ်းအင် အသုံးပြုမှုလျော့နည်းစေခြင်းနည်းလမ်းများဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့နိုင်ရေးဦးတည်ချက်များကို မိမိတို့သည် ဆက်လက်လိုက်နာလျက်ရှိပါသည်။ ၂၀၂၃ ခုနှစ်တွင် နေရောင်ခြည်စွမ်းအင်အသုံးပြုမှုကို အကောင်အထည်ဖော်ရန် မိမိတို့စီမံထားပါသည်။ လက်ရှိလုပ်ရှားဆောင်ရွက်မှုများအပြင်၊ ကုမ္ပဏီ၏စီမံခန့်ခွဲမှုအနေဖြင့် ကုမ္ပဏီ၏ ရေရှည်တိုးတက်ဖွံ့ဖြိုးမှုအတွက် စီမံချက်များကို ဆက်လက်၍ တည်ဆောက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။ အနာဂတ်ကာလတွင် မိမိတို့ကုမ္ပဏီသည် **(အပိုင်း ၃ (၁) - ကုမ္ပဏီအကြောင်းအကျဉ်းချုပ်၊ အမှတ်စဉ် ၂ - မျှော်မှန်းချက်၊ စွမ်းအားများနှင့် မဟာဗျူဟာများ**တွင် ဖော်ပြထားသည်များအပါအဝင်) နိုင်ငံတစ်ဝန်း လက်ကားဈေးနှင့်လက်လီဈေးစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံရန်အတွက် စဉ်းစားမည် ဖြစ်ပါသည်။

ကုမ္ပဏီနှင့် ၎င်း၏အစုရှယ်ယာရှင်များ၏ရေရှည်အကျိုးစီးပွားအတွက် စီးပွားရေးလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် အခက်အခဲများကြားမှ ထိုးဖောက်ရှင်သန်နိုင်မှုတို့ကိုအလေးထားကာ မိမိတို့သည် ချဉ်းကပ်မှုနည်းလမ်းမျိုးစုံ အသုံးပြု၍ လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါသည်။

အနာဂတ်ကာလတွင် မိမိတို့သည် စီးပွားရေးလုပ်ငန်းနယ်ပယ်သစ်များသို့ မိမိတို့၏လက်ရှိလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**(၂) ဒဂုန်ကုမ္ပဏီများအုပ်စု**

ဒဂုန်သည် မိမိတို့၏ ကမကထပြုသူများ/တည်ထောင်သူအစုရှယ်ယာရှင်များအနက်မှ တစ်ဦးဖြစ်ပြီး၊ ၎င်းသည် ဒဂုန်ကုမ္ပဏီများအုပ်စု၏အဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ ဒဂုန်အုပ်စုအဖွဲ့အစည်းသည် မြန်မာနိုင်ငံတွင် အထူးအလေးထားရပြီး၊ အမျိုးမျိုးသောစီးပွားရေးနယ်ပယ်များတွင် ပါဝင်လှုပ်ရှားနေသော အုပ်စုအဖွဲ့အစည်းဖြစ်ပါသည်။ ဒဂုန်အုပ်စုအဖွဲ့အစည်းသည် ၎င်း၏စီးပွားရေးလုပ်ငန်းကို ၁၉၅၃ ခုနှစ်တွင် ဒဂုန်သံဖြူစက်ရုံ တည်ထောင်ခြင်းဖြင့် စတင်ခဲ့ပါသည်။ ဒဂုန်သည် ဒဂုန်အုပ်စုအဖွဲ့အစည်းအောက်တွင် ကုန်သွယ်မှုကုမ္ပဏီအဖြစ် ၁၉၉၀ ပြည့်နှစ်တွင်ဖွဲ့စည်းတည်ထောင်သော ပထမဦးဆုံးကုမ္ပဏီ ဖြစ်ပါသည်။ နှစ်ပေါင်း ၃၀ ကြာမြင့်လာသည့် အချိန်တွင် ဒဂုန်ကုမ္ပဏီများအုပ်စုသည် စိုက်ပျိုးရေး၊ အိမ်ခြံမြေဆောက်လုပ်ရေးနှင့် တည်ထောင်မှု၊ ဒေ့ဝတ်ကျေပွန်ရေးစီမံခန့်ခွဲမှု၊ လက်လီရောင်းချဖြန့်ဖြူးခြင်း၊ ကုန်ထုတ်လုပ်မှု၊ မော်တော်ယာဉ်၊ စားသောက်ကုန်၊ သယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှုနှင့် ရေနံလုပ်ငန်းများအပါအဝင် များပြားသောအခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်

နေသည့် ကုမ္ပဏီများအုပ်စုအဖြစ် ချဲ့ထွင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ဒဂုန်အား အိမ်ခြံမြေလုပ်ငန်းနှင့် အခြေပစ္စည်း တည်ထောင်မှုလုပ်ငန်း လုပ်ကိုင်သူအဖြစ် လူသိများပါသည်။ ကုမ္ပဏီသည် လူနေအိမ်များ၊ ရုံးခန်းများနှင့် အရောင်းကုန်တိုက်များအား ဒီဇိုင်းပုံစံ ရေးဆွဲခြင်း၊ ဆောက်လုပ်ခြင်းနှင့် လွှဲအပ်ခြင်းတို့ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါသည်။ ၎င်းသည် ယခုအချိန်အထိ အိမ်ပေါင်း ၅,၀၀၀ ကျော်ကို ဆောက်လုပ်ခဲ့ပြီး၊ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ခေတ်မီဈေးဝယ်ဆိုင်ခန်းများဖြစ်သည့် ဒဂုန်စင်တာ−၁ ကို ၂၀၀၄ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့သည့် ခေတ်မီ လက်လီရောင်းချမှုကဏ္ဍ၏ ရှေ့ဆောင်လမ်းပြဖြစ်ပါသည်။ ထိုအချိန်မှ ယခုအချိန်အထိ ဒဂုန်စင်တာ−၂ ကိုလည်း ဆောက်လုပ်ခဲ့ပါသည်။ ဒဂုန်ကုမ္ပဏီများအုပ်စု၏ ဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာလုပ်ငန်း (Construction & Engineering Division)သည် ဒဂုန်အိမ်ခြံမြေလုပ်ငန်းအတွက် ဆောက်လုပ်ရေးအစိတ်အပိုင်းဆိုင်ရာလက်ရုံးအဖြစ် ကနဦးတွင် စတင်ခဲ့သော်လည်း၊ အချိန်ကြာမြင့်လာသည်နှင့်အမျှ ၎င်းသည် ကိုယ်ပိုင်ရပ်တည်နိုင်သည့်စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်လာပြီး၊ ဒဂုန်ကုမ္ပဏီများအုပ်စုက တည်ထောင်သူအဖြစ် ဆောင်ရွက်ခြင်းမရှိသောစီမံကိန်းများတွင်လည်း ဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာလုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။ ဒဂုန်ဆောက်လုပ်ရေးနှင့်အင်ဂျင်နီယာလုပ်ငန်းသည် ရေဝဇာနှင့်ရတနာတန်ဖိုးသင့်အိမ်ယာစီမံကိန်း၊ နေပြည်တော်တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနနှင့်အမျိုးသားစီမံကိန်းဝန်ကြီးဌာနရုံးများ၊ မအူပင်တက္ကသိုလ်၊ ရန်ကုန်အမျိုးသားစာကြည့်တိုက်နှင့် နာဂစ်မုန်တိုင်းအလွန်ကာလတွင် အစိုးရနှင့်အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများအတွက် မုန်တိုင်းဒဏ်ခံအဆောက်အဦများအပါအဝင် မြန်မာနိုင်ငံတွင် စီမံကိန်းအမျိုးမျိုးကိုဆောင်ရွက်ခဲ့ပါသည်။ ဒဂုန်ကွန်ကရိ (Dagon Concrete) အားလည်း ဒဂုန်ကုမ္ပဏီများအုပ်စု၏ အိမ်ခြံမြေနှင့်အခြေပစ္စည်းလုပ်ငန်း၏လက်ရုံးအဖြစ် ဖွဲ့စည်းခဲ့ပြီး အသင့်ရောစပ်ထားသော ကွန်ကရိကို ထုတ်လုပ်ပါသည်။ ရန်ကုန်မြို့တွင် ၎င်း၏ထုတ်လုပ်မှု စက်ရုံ ၄ ရုံ ရှိပါသည်။

ဒဂုန်ကုမ္ပဏီများအုပ်စု၏ လယ်ယာနှင့်စိုက်ပျိုးရေးလုပ်ငန်း (Agricultural & Plantation Division) သည် Dagon Agriculture Group Ltd., Dagon Timber Limited နှင့် Dagon Rubber Plantation Limited တို့မှတစ်ဆင့် လုပ်ငန်းဆောင်ရွက်ပါသည်။ ဒဂုန်ကုမ္ပဏီများအုပ်စုသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရွာသာကြီးနှင့် ထန်းတပင်တို့တွင် ကျယ်ဝန်းသောလယ်မြေဧရိယာများကိုပိုင်ဆိုင်ထားပြီး၊ စပါးမျိုးထုတ်လုပ်ခြင်း၊ ပေါင်းကူးထားသောမျိုးများအတွက် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် စပါး စိုက်ပျိုးထားပါသည်။ ဒဂုန်ကုမ္ပဏီများအုပ်စုသည် နေပြည်တော်တွင် အော်ဂဲနစ်ဟင်းသီးဟင်းရွက် စိုက်ပျိုးကွင်းအား ပိုင်ဆိုင်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး၊ မကွေးတွင် ပဲမျိုးစုံစိုက်ခင်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ Dagon Timber Limited သည် အဓိကအားဖြင့် ဆီအုန်းစိုက်ပျိုးရေးတွင်ပါဝင်ဆောင်ရွက်လျက်ရှိပြီး တနင်္သာရီတိုင်းဒေသကြီးတွင် စိုက်ပျိုးမြေဧရိယာ ၁၈,၀၀၀ ဧက ခန့် ပိုင်ဆိုင်ထားပါသည်။ Dagon Rubber Plantation Limited သည် ပဲခူးတိုင်းဒေသကြီးတွင် မြေဧရိယာ ၅၀၀ ဧကခန့် စိုက်ပျိုးထားပါသည်။

ဒဂုန်ကုမ္ပဏီများအုပ်စုသည် ငွေဆောင်တွင် Palm Beach Resort နှင့် နေပြည်တော်တွင် Oasis Hotel ဟုခေါ်တွင်သော ဟိုတယ်နှစ်ခုတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားပါသည်။ ၎င်း၏ တတိယဟိုတယ်အဖြစ် ရန်ကုန်တွင် ယခုဆောက်လုပ်နေပြီး Grand Golden View Hotel ဟုခေါ်တွင်ကာ ၎င်းအားပြီးစီးသည့်အချိန်တွင် ကြယ်ငါးပွင့်အဆင့်ဟိုတယ်တစ်ခုဖြစ်လာမည်ဖြစ်ပါသည်။ ဒဂုန်ကုမ္ပဏီများအုပ်စုသည် တာမွေ၊ စမ်းချောင်းနှင့် လမ်းမတော်တို့တွင်ရှိသော စက်သုံးဆီအရောင်းဆိုင် ၃ ခု အား လည်ပတ်လုပ်ကိုင်လျက်ရှိပြီး၊ ဓာတ်ဆီ၊ octane နှင့် ဒီဇယ်ဆီများကို ရောင်းချဖြန့်ဖြူးလျက်ရှိပါသည်။

ဒဂုန်ကုမ္ပဏီများအုပ်စု၏ အဖွဲ့ဝင်တစ်ခုဖြစ်သော Global Sky Co. Ltd. သည် ကုန်ပစ္စည်းဖြန့်ဖြူးမှုလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကာ Mamy Poko ၊ Sofy ၊ Del Monte နှင့် Acecook ကဲ့သို့သော နိုင်ငံတကာနာမည်ရအမှတ်တံဆိပ်များသာမက အခြားသောအမှတ်တံဆိပ်များကိုပါ ကိုယ်စားပြုဆောင်ရွက်လျက်ရှိပါသည်။ ဒဂုန်၏ စားသောက်ကုန်လုပ်ငန်းသည် လှိုင်းတက်တွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ပြုပြင်ထုတ်လုပ်သောစက်ရုံရှိပြီး ၎င်း၏ထုတ်ကုန်များကို ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ တင်ပို့လျက်

ရှိပါသည်။

ဒဂုန်ကုမ္ပဏီများအုပ်စုသည် နာမည်ကျော် နိုင်ငံတကာကုမ္ပဏီများနှင့် နိုင်ငံခြားဖက်စပ်လုပ်ငန်းများအဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

## အပိုင်း ၄။ ကုမ္ပဏီ၏စီမံခန့်ခွဲမှုအဖွဲ့၊ အစုရှယ်ယာရှင်များ၊ အစုရှယ်ယာများနှင့်ပတ်သက်သော သတင်းအချက်အလက်များ

### ၁။ ဒါရိုက်တာအဖွဲ့ နှင့် ဒါရိုက်တာများ

၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့ရှိ ဒါရိုက်တာအဖွဲ့နှင့် ဒါရိုက်တာများစာရင်းကို အောက်တွင်ဖော်ပြထားပါသည် -

| အမည် | မွေးနေ့ သက္ကရာဇ်၊ ကျား/မ၊ နိုင်ငံသား | လိပ်စာ | ခန့်အပ်သည့် ရက်စွဲ | အကျိုးစီးပွား သို့မဟုတ် အစုရှယ်ယာများတွင် ရှိသည်ဟု မှတ်ယူရမည့် အကျိုးစီးပွား |
|---|---|---|---|---|
| ဦးဝင်းအောင် (Dagon International Limited က အဆိုပြုသူ) | ၃၀-၉-၁၉၅၃ ကျား၊ မြန်မာ | အမှတ် ၁၀၅၊ တက္ကသိုလ် ရိပ်သာလမ်း၊ ကမာရွတ် မြို့နယ်၊ ရန်ကုန်။ | ၁၄-၀၉-၂၀၁၅ | ၁၀,၄၁၆,၃၇၈[2] |
| ဦးစစ်လွင် | ၂၃-၇-၁၉၆၀ ကျား၊ မြန်မာ | အမှတ် ၆၄၄၊ ပထမထပ်၊ ကုန်သည်လမ်း၊ ပန်းဘဲတန်း မြို့နယ်၊ ရန်ကုန်။ | ၁၄-၀၉-၂၀၁၅ | ၆၆၈,၄၃၁ |
| ဦးသူရိန်အောင် | ၂၃-၇-၁၉၈၂ ကျား၊ မြန်မာ | အမှတ် ၁၀၅၊ တက္ကသိုလ် ရိပ်သာလမ်း၊ ကမာရွတ် မြို့နယ်၊ ရန်ကုန်။ | ၁၄-၀၉-၂၀၁၅ | ၆၁၂,၇၂၈ |
| ဒေါ်ရန်လင်း | ၂၈-၁၁-၁၉၇၁ မ၊ မြန်မာ | C-301, Highway Complex, ကမာရွတ်မြို့နယ်၊ ရန်ကုန်။ | ၂-၂-၂၀၁၇ | ၅၆၇,၅၀၃ |
| ဦးရဲဘုန်းလှိုင် | ၄-၆-၁၉၆၉ ကျား၊ မြန်မာ | အမှတ် ၅၁ အီး၊ တက္ကသိုလ် ရိပ်သာလမ်း၊ ဗဟန်း မြို့နယ်၊ ရန်ကုန်။ | ၂၈-၄-၂၀၁၈ | ၅၅၇,၀၂၅ |
| ဦးဘုန်းဘုန်းနိုင် | ၁၁-၁-၁၉၇၇ ကျား၊ မြန်မာ | အမှတ် ၂၉၀-စီ၊ ဦးဝိစာရလမ်း၊ ကမာရွတ် မြို့နယ်၊ ရန်ကုန်။ | ၁၄-၀၉-၂၀၁၅ | ၅၃၄,၇၄၅ |
| ဦးမင်းစိန် | ၁၄-၁၂-၁၉၄၈ ကျား၊ မြန်မာ | အမှတ် ၂၂၉၊ နတ်မော်လမ်း၊ ပန်းခြံမြောက် ရပ်ကွက်၊ လက်ဆောင်မွန် စတိုး၊ ဟသ်ာတ မြို့နယ်၊ ဧရာဝတီ တိုင်းဒေသကြီး။ | ၂-၂-၂၀၁၇ | ၁၄၇,၈၄၀ |
| ဦးစိုင်းထွန်းဝင်း | ၂၁-၁၀-၁၉၆၁ ကျား၊ မြန်မာ | အမှတ် ၆၈ ဘီ၊ သန္တာလမ်း၊ Aung Myay Tar Shi Housing၊ ၁ ရပ်ကွက်၊ ကမာရွတ် မြို့နယ်၊ ရန်ကုန်။ | ၂၈-၄-၂၀၁၈ | ၁၁၁,၄၀၅ |
| ဦးကျော်တင်မြင့် | ၁-၉-၁၉၆၁ ကျား၊ မြန်မာ | အမှတ် အေ/၁၃၆၊ ဘုရင့်နောင် ပွဲရုံ၊ ခတ္တာလမ်း၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်။ | ၂၈-၄-၂၀၁၈ | ၃၂,၁၈၄ |
| ဒေါ်အေးအေးအောင် | ၁၇-၅-၁၉၇၉ မ၊ မြန်မာ | အမှတ် ၁၀၁၊ ၅-စီ၊ သံလွင်လမ်း၊ ကမာရွတ် မြို့နယ်၊ ရန်ကုန်။ | ၂၈-၄-၂၀၁၈ | ၂၂,၀၀၀ |
| ဦးအောင်ညွန့် (လွတ်လပ်သော ဒါရိုက်တာ) | ၁-၆-၁၉၄၄ ကျား၊ မြန်မာ | အမှတ် ၈-ဘီ၊ သီရိလမ်း၊ ၁၄ ရပ်ကွက်၊ ရန်ကင်း မြို့နယ်၊ ရန်ကုန်။ | ၂-၂-၂၀၁၇ | ၀ |
| ဒေါက်တာဇော်ဦး (လွတ်လပ်သော ဒါရိုက်တာ) | ၁၁-၁-၁၉၆၆ ကျား၊ မြန်မာ | Block I၊ အခန်း ၇ အေ၊ ပါရမီ ကွန်ဒို၊ ဦးသင်းဖေလမ်း၊ လှိုင် မြို့နယ်၊ ရန်ကုန်။ | ၁-၈-၂၀၁၈ | ၀ |
| ဦးသောင်းတင် (တည်ဆောက် အကောင်အထည်ဖော် ခြင်းလုပ်ငန်းသဘော တူစာချုပ်အရ YCDC က အဆိုပြုသူ) | ၃-၆-၁၉၇၁ ကျား၊ မြန်မာ | ဈေးများဌာန၊ ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီ၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ | ၂၈-၄-၂၀၁၈ | ၀ |
| ဒေါ်တင်မေဦး | ၂၃-၅-၁၉၄၈ | အမှတ် ၇၉၆၊ အောင်သစ္စာ လမ်းသွယ် (၅)၊ | ၂၀-၁၀-၂၀၂၂ | ၀ |

[2] အဆိုပြုသောကုမ္ပဏီက အစုရှယ်ယာများကိုပိုင်ဆိုင်သဖြင့် အစုရှယ်ယာများအပေါ်ရှိ မှတ်ယူရမည့်အကျိုးခံစားခွင့်ဟု ယူဆရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်ကျင့်သုံးလျက်ရှိသည့်အလေ့အထဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများဦးစီးဌာနက အတည်ပြုထားချက်အရ မိမိတို့၏ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းအသစ်နှင့်အညီ အစုရှယ်ယာအရည်အချင်းပြည့်မီရန်လိုအပ်ချက်ကို ဤမှတ်ယူရမည့်အကျိုးခံစားခွင့်က ဖြည့်ဆည်းနိုင်ကြောင်း မိမိတို့ သဘောပေါက်နားလည်ထားပါသည်။

| အမည် | မွေးနေ့ သက္ကရာဇ်၊ ကျား/မ၊ နိုင်ငံသား | လိပ်စာ | ခန့်အပ်သည့် ရက်စွဲ | အကျိုးစီးပွား သို့မဟုတ် အစုရှယ်ယာများတွင် ရှိသည်ဟု မှတ်ယူ ရမည့် အကျိုးစီးပွား |
|---|---|---|---|---|
| (လွတ်လပ်သော ဒါရိုက်တာ) | မ၊ မြန်မာ | (၄/တောင်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်။ | | |

၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် သတ်မှတ်ဖော်ပြထားချက်များအပြင်၊ ဒါရိုက်တာများသည် ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့် အောက်ဖော်ပြပါသီးခြားကိစ္စရပ်များအတွက် တာဝန်ရှိပြီး၊ ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအဖွဲ့တွင် ၎င်းအားခန့်အပ်ထားခြင်းလည်းခံရခြင်းမရှိလျှင် ဒါရိုက်တာသည် ကုမ္ပဏီ၏နေ့စဉ်လုပ်ငန်း လည်ပတ်မှုကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခြင်း မရှိစေရ။

(၁) ကုမ္ပဏီ၏ မဟာဗျူဟာနှင့် ဦးတည်ချက်လမ်းကြောင်း၊
(၂) စီးပွားရေးလုပ်ငန်းစီမံချက်များနှင့် စီးပွားရေးလုပ်ငန်းမူဝါဒများ၏ ထိရောက်မှုအား စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်း၊
(၃) ရေရှည်ရပ်တည်နိုင်စွမ်းရှိသော ဖွံ့ဖြိုးတိုးတက်မှု၊
(၄) အစုရှယ်ယာဝင်များ၏ အမြတ်ရရှိမှုနှင့် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းမှု၊
(၅) ထိရောက်မှုရှိပြီး စွမ်းရည်ပြည့်ဝကောင်းမွန်သောကော်ပိုရိတ်စီမံခန့်ခွဲအုပ်ချုပ်မှုစနစ်၊ နှင့်
(၆) ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ နှင့် အခြားသောဥပဒေများ၊ နည်းဥပဒေများတွင်ဖော်ပြ ထားသောကိစ္စရပ်များနှင့် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ဖော်ပြထားသောကိစ္စရပ်များ။

## ၂။ စီမံခန့်ခွဲမှုဆိုင်ရာပုဂ္ဂိုလ်များ

| အမည် | မွေးနေ့ သက္ကရာဇ်၊ ကျား/မ၊ နိုင်ငံသား | လိပ်စာ | ခန့်အပ်သည့် နေ့စွဲ | အစုရှယ်ယာပိုင်ဆိုင်မှု |
|---|---|---|---|---|
| ဦးအောင်ကြီး၊ (အမှုဆောင် အရာရှိချုပ်) | ၂၆-၇-၁၉၆၄၊ ကျား၊ မြန်မာ | အမှတ် ၁၉၊ ညောင်စီရေကန် ကျောင်းလမ်း၊ ၂ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ | ၁၄-၉-၂၀၁၅ | ၁၁၈,၈၀၀ |
| ဒေါ်ခင်ခင်မော်၊ (စာရင်းကိုင်ချုပ်) | ၂၂-၇-၁၉၆၈ မ၊ မြန်မာ | ၅၉၊ အခန်း ၈၊ ဖဆပလ၊ မင်္ဂလာ တောင်ညွန့် မြို့နယ်၊ ရန်ကုန်။ | ၁၆-၁၁-၂၀၁၆ | ၅,၉၀၇ |
| ဦးမျိုးသော်ခိုင်၊ (ဘဏ္ဍာရေးမှူးချုပ်) | ၂၂-၃-၁၉၆၂ ကျား၊ မြန်မာ | ၃၁၊ ကံ့ကော်လမ်း၊ မြို့ဟောင်း အလယ် ရပ်ကွက်၊ သန်လျင် မြို့နယ်။ | ၂-၁၂-၂၀၁၉ | ၄,၄၀၀ |

## ၃။ အရေးပါသော နောက်ခံသတင်းအချက်အလက်များ

ကုမ္ပဏီ၏ မည်သည့် ဒါရိုက်တာများနှင့် စီမံခန့်ခွဲရေးအဖွဲ့ဝင်များကမှ -

- လွန်ခဲ့သောသုံးနှစ်တာကာလအတွင်း မည်သည့်အချိန်တွင်မဆို ၎င်းအပေါ်တွင်လည်းကောင်း၊ ၎င်းက ဒါရိုက်တာ သို့မဟုတ် မန်နေဂျင်းဒါရိုက်တာအဖြစ် ထိုအချိန်ကဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခု အပေါ်တွင်လည်းကောင်း၊ လူမွဲခံယူခြင်းဆိုင်ရာဥပဒေတစ်ခုခုအရ လျှောက်ထားခံရခြင်း သို့မဟုတ် တောင်းဆိုခံရခြင်း မရှိပါ။
- မည်သည့်အခါကမျှ အကျဉ်းကျခံစေနိုင်သည့် ပြစ်မှုတစ်ခုခုအရ အပြစ်ရှိကြောင်းအမိန့်ချမှတ်ခံရခြင်း သို့မဟုတ် စစ်ဆေးဆဲပြစ်မှုဆိုင်ရာတရားစီရင်မှုတစ်ခုခုဖြင့် အစစ်ဆေးခံနေရခြင်း မရှိပါ။
- မည်သည့်အခါကမျှ ဒါရိုက်တာတစ်ဦးအဖြစ်လည်းကောင်း၊ မန်နေဂျင်းဒါရိုက်တာတစ်ဦးအဖြစ်လည်း

ကောင်း၊ မန်နေဂျာတစ်ဦးအဖြစ်လည်းကောင်း အရည်အချင်းပျက်ယွင်းသည်ဟု သတ်မှတ်ခံရခြင်း မရှိပါ။

- မည်သည့်အခါကမျှ သက်ဆိုင်ရာဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်း လိုအပ်ချက်တို့ကို ဖောက်ဖျက်သည်ဟု စုံစမ်းစစ်ဆေးခြင်းခံရသော ကုမ္ပဏီတစ်ခုခု၏ စီမံခန့်ခွဲမှု သို့မဟုတ် ကုမ္ပဏီရေးရာကိစ္စရပ်များကို ဆောင်ရွက်ခဲ့မှု မရှိပါ။

မိမိတို့ဒါရိုက်တာများ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ အချို့သောသတင်းအချက်အလက်များနှင့် လုပ်ငန်းအတွေ့အကြုံများကို အောက်တွင် ဖော်ပြထားပါသည် -

**ဦးဝင်းအောင်**

ဦးဝင်းအောင်သည် ကုမ္ပဏီ၏ အမှုဆောင်မဟုတ်သောဥက္ကဋ္ဌ ဖြစ်ပါသည်။ ၎င်းသည် ဒဂုန်ကုမ္ပဏီများအုပ်စု၏ ရှေ့ဆောင်လမ်းပြကုမ္ပဏီဖြစ်သော ဒဂုန်အား ၁၉၉၀ ပြည့်နှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ယင်း၏ ဥက္ကဋ္ဌအဖြစ် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ဒဂုန်ကုမ္ပဏီများအုပ်စုသည် အိမ်ခြံမြေလုပ်ငန်း၊ ကုန်စည်ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ ဘက်စုံလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ပို့ဆောင်ရေး စီမံခန့်ခွဲမှုနှင့် ကုန်စည်ဖြန့်ဖြူးရေးလုပ်ငန်းများ၊ မော်တော်ယာဉ်ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ စက်သုံးဆီဖြန့်ဖြူးရောင်းချမှုလုပ်ငန်းများ နှင့် အခြားစီးပွားရေးကဏ္ဍများအပါအဝင် လုပ်ငန်းကဏ္ဍမျိုးစုံကို လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါသည်။

ဦးဝင်းအောင်သည် ယခုလက်ရှိ အချိန်တွင် Myanmar Thilawa SEZ Holdings Public Co., Ltd. ၏ ဥက္ကဋ္ဌဖြစ်ပါသည်။ သူသည် သီလဝါအထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ရန်အတွက် မူလအစကပင် ဂျပန်နိုင်ငံလုပ်ငန်းရှင်များနှင့်တွဲဖက်၍ မြန်မာနိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများရရှိရန်၊ မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍမှ ဦးဆောင်ညှိနှိုင်းကမကထပြုလုပ်ခဲ့သူ နှင့် တည်ထောင်သူ ဥက္ကဋ္ဌ တစ်ဦး ဖြစ်ပါသည်။

ဦးဝင်းအောင်သည် အထွေထွေကုန်ပစ္စည်းရောင်းဝယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့် Golden Land East Asia Development Public Co.,Ltd. ၏ ကမကထပြုလုပ်ခဲ့သူတစ်ဦးဖြစ်ပြီး ဥက္ကဋ္ဌလည်းဖြစ်ပါသည်။ ၎င်းသည် ပြည်သူ့အိမ်ယာတည်ဆောက်ရေးနှင့် မဟာရန်ကုန်နှင့် ဒေသတွင်းအဆောက်အအုံများကိုမြှင့်တင်ရေးအတွက် ဖွဲ့စည်းတည်ထောင်ထားသော၊ အစိုးရနှင့်ဆက်နွှယ်နေသောကုမ္ပဏီဖြစ်သည့် Yangon Metropolitan Development Public Co., Ltd. ၏ ဒါရိုက်တာနှင့် အဖွဲ့၏အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ကိုယ်စားပြုပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ဦးဝင်းအောင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၏ ဥက္ကဋ္ဌ အဖြစ် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိလည်းကောင်း၊ အာဆီယံစီးပွားရေးအကြံပေးကောင်စီ (ASEAN Business Advisory Council – ABAC) ၏ ဥက္ကဋ္ဌ အဖြစ် ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ် အထိလည်းကောင်း၊ မဟာမဲခေါင်ဒေသခွဲစီးပွားရေးဖိုရမ် (Greater Mekong Sub-region Business Forum – GMS-BF) ၏ ဥက္ကဋ္ဌ အဖြစ် ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ နှင့် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိလည်းကောင်း၊ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ သူသည် အမျိုးသားစီးပွားရေး နှင့် လူမှုရေး အကြံပေး ကောင်စီ (National Economic and Social Advisory Council) နှင့် ကုလသမဂ္ဂအရှေ့အာရှနှင့်ပစိဖိတ်နိုင်ငံများဖွံ့ဖြိုးတိုးတက်ရေးအကြံပေးကောင်စီ (UN-ESCAP Advisory Council)တို့၏ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါသည်။ ဦးဝင်းအောင်သည် ကုမ္ပဏီ၏ဥက္ကဋ္ဌအဖြစ် ၂၀၁၅ ခုနှစ်မှ စတင်၍ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

**ဦးစစ်လွင်**

ဦးစစ်လွင်သည် မိမိတို့ကုမ္ပဏီ၏ အမှုဆောင်မဟုတ်သော ဒုတိယဥက္ကဋ္ဌ ဖြစ်ပါသည်။ ဦးစစ်လွင်တွင်

ရွှေထည်ပစ္စည်းကုန်သွယ်မှုကဏ္ဍတွင် အတွေ့အကြုံများစွာရှိသူ ဖြစ်ပါသည်။ ၁၉၆၆ ခုနှစ်တွင် မိုးမခ ရွှေနှင့် ရတနာ လုပ်ငန်းဟုခေါ်သော ရွှေနှင့် ရတနာ စီးပွားရေးလုပ်ငန်းကို တည်ထောင်ခဲ့ပြီး၊ ရွှေထည်ပစ္စည်းများကို ထုတ်လုပ်ကာ လက်ကားရောင်းချခြင်းကိုလုပ်ဆောင်ပြီး ရွှေဈေးကွက်ကို ဦးဆောင်နေသူ ဖြစ်ပါသည်။

ဦးစစ်လွင်သည် နှစ်ပေါင်း ၂၀ ကျော် ရွှေနှင့်စိန်ထည်လုပ်ငန်းအတွေ့အကြုံကို အခြေပြုပြီး နိုင်ငံအနှံ့ ဖြန့်ဖြူးရေးကွန်ယက်ကိုတည်ဆောက်လျက် လက်ကားရောင်းဝယ်ခြင်းကို စီမံဆောင်ရွက်လျက်ရှိပါသည်။ သူသည် ရန်ကုန်ရွှေကုန်သည်အသင်းအဖွဲ့တွင် အရေးပါသောကော်မတီအဖွဲ့ဝင်တစ်ဦးအဖြစ်လည်း တာဝန်ထမ်းဆောင် လျက်ရှိရာ ၎င်း၏ ကျွမ်းကျင်မှုဗဟုသုတသည် အသင်းကို အနာဂတ်မူဝါဒကောင်းများချမှတ်နိုင်ရေးအတွက် အထောက်အကူဖြစ်စေပါသည်။

ဦးစစ်လွင်သည် Willow Myanmar Investment Co., Ltd. ကို တည်ထောင်သူလည်းဖြစ်ပြီး အဆိုပါ ကုမ္ပဏီသည် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ လူသုံးကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအပြင် မြန်မာသီလဝါအထူး စီးပွားရေးဇုန်ဟိုးဒင်းကဲ့သို့ အခြေခံအဆောက်အအုံဆိုင်ရာ စီးပွားရေးလုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ် ထားပါသည်။

ဦးစစ်လွင်သည် ၁၉၈၂ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဘောဂဗေဒဘွဲ့ကိုရရှိခဲ့ပါသည်။ ဦးစစ်လွင် သည် ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌတာဝန်ကို ၂၀၁၅ ခုနှစ်မှ စတင်၍တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

**ဦးသူရိန်အောင်**

ဦးသူရိန်အောင်သည် မိမိတို့ကုမ္ပဏီ၏ အမှုဆောင်မဟုတ်သောဒါရိုက်တာတစ်ဦး ဖြစ်ပါသည်။ ၎င်းသည် မိမိတို့ကုမ္ပဏီဥက္ကဋ္ဌဖြစ်သူ ဦးဝင်းအောင်၏သားဖြစ်ပြီး၊ မိမိတို့ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သူ ဦးစစ်လွင်၏ သားမက် ဖြစ်ပါသည်။ ၎င်းသည် လက်ရှိအချိန်တွင် ဒဂုန်ကုမ္ပဏီများအုပ်စု၏ အမှုဆောင်အရာရှိချုပ် ဖြစ်ပါသည်။

ဦးသူရိန်အောင်သည် စီးပွားရေးလုပ်ငန်းကြီးထွားရေးမဟာဗျူဟာများနှင့် တိုးချဲ့ရေးစီမံကိန်းများကို တက်ကြွစွာဦးဆောင်၍ စီးပွားရေးလုပ်ငန်းသစ်များတည်ထောင်ခြင်းကို မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍအသစ်များ တွင် ဒဂုန်အုပ်စု၏ စီးပွားရေးချဲ့ထွင်ခြင်းဆောင်ရွက်ချက်၏အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

ဦးသူရိန်အောင်သည် Myanmar Thilawa SEZ Holdings Public Co., Ltd. ၏ စီမံကိန်းဒါရိုက်တာလည်း ဖြစ်ပြီး၊ အခြေခံအဆောက်အအုံ၊ လူနေအိမ်များနှင့် စက်မှုလုပ်ငန်းအထောက်အပံ့ဖြစ်စေရေးဆိုင်ရာ အဆောက်အဦ များကို သတ်မှတ်ချိန်အတွင်းပြီးစီးရေးအတွက်စီမံကိန်းများကို တာဝန်ယူဆောင်ရွက်လျက် ရှိပါ သည်။

ဦးသူရိန်အောင်သည် ၂၀၀၄ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့ရှိ Westminster တက္ကသိုလ်မှ Business Information Management in Finance ဖြင့် ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပါသည်။ ဦးသူရိန်အောင်သည် ကုမ္ပဏီ၏ ဒါရိုက်တာ တာဝန်ကို ၂၀၁၅ ခုနှစ်မှ စတင်ထမ်းဆောင်လျက် ရှိပါသည်။

**ဒေါ်ရန်လင်း**

ဒေါ်ရန်လင်းသည် ကုမ္ပဏီ၏ အမှုဆောင်မဟုတ်သောဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအဖြစ် ၂၀၁၅ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ၎င်းသည် Golden Land East Asia Development Public Co., Ltd. ၏ ဒါရိုက်တာတစ်ဦးလည်းဖြစ်ပြီး၊ ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ အဝတ်အစားကုန်ကြမ်းများနှင့် အဝတ်အထည်အစများကိုတင်သွင်းသော San Thit Lwin Trading Company Limited ၏ မန်နေဂျင်းဒါရိုက်တာ လည်း ဖြစ်ပါသည်။ ၎င်းသည် San Thit Lwin Fashion and Tailoring နှင့် May Lin Fashion Store တို့ကို

ပိုင်ဆိုင်ပြီး လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက် ရှိပါသည်။

ဒေါ်ရန်လင်းသည် မန္တလေးတက္ကသိုလ်မှ သမိုင်းဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပါသည်။

**ဦးရဲဘုန်းလှိုင်**

ဦးရဲဘုန်းလှိုင်သည် Suntac Group of Companies တွင် ဒါရိုက်တာတစ်ဦး ဖြစ်ပြီး၊ Suntac Technologies Co., Ltd. နှင့် Suntac Engineering Co., Ltd. တို့၏ မန်နေးဂျင်းဒါရိုက်တာဖြစ်ပြီး Tun Thitsar Forwarding and Services Co., Ltd. ၏ ဒါရိုက်တာတစ်ဦးလည်းဖြစ်ပါသည်။

Suntac Group of Companies သည် ကွဲပြားခြားနားသော အဓိကစီးပွားရေးကဏ္ဍကြီးလေးခုဖြစ်သည့် နည်းပညာကဏ္ဍ၊ အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍနှင့် ဧည့်ဝတ်ကျေပွန်ရေးဆိုင်ရာ ကဏ္ဍတို့တွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ဤကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေသော ကုမ္ပဏီများမှာ Suntc Technologies Co., Ltd. ၊ Suntac Engineering and Construction ၊ Suntac International Trading Co., Ltd. နှင့် Bay of Bengal Resort (Ngwe Saung) တို့ ဖြစ်ကြပါသည်။

ဦးရဲဘုန်းလှိုင်သည် လက်ရှိအချိန်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း၊ အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ မော်တော်ယာဉ်တင်သွင်းခြင်း၊ စိုက်ပျိုးရေး၊ အင်ဂျင်နီယာလုပ်ငန်း နှင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ သတင်းအချက်အလက်နည်းပညာနှင့်ဆက်သွယ်ရေးလုပ်ငန်းများ၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဦးရဲဘုန်းလှိုင်သည် ၁၉၉၄ ခုနှစ်တွင် ရန်ကုန်နည်းပညာတက္ကသိုလ်မှ Bachelor of Engineering (Electrical Power) ဘွဲ့ကို ရရှိခဲ့ပါသည်။ ၎င်းသည် ၂၀၀၀ ပြည့်နှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ Master of Business Administration (MBA) ဘွဲ့ကို ရရှိခဲ့ပါသည်။ သူသည် ၂၀၀၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ Diploma in Business Law ဘွဲ့ကိုလည်း ရရှိခဲ့ပါသည်။

ဦးရဲဘုန်းလှိုင်သည် ကုမ္ပဏီ၏ဒါရိုက်တာတစ်ဦးအဖြစ် ၂၀၁၈ ခုနှစ်မှ စတင်တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

**ဦးဘုန်းဘုန်းနိုင်**

ဦးဘုန်းဘုန်းနိုင်သည် မိမိတို့ကုမ္ပဏီ၏ အမှုဆောင်မဟုတ်သောဒါရိုက်တာတစ်ဦး ဖြစ်ပါသည်။ ၎င်းသည် မိမိတို့၏ ဒါရိုက်တာတစ်ဦးဖြစ်သူ ဦးသူရိန်အောင်၏ယောက်ဖ ဖြစ်ပါသည်။ လက်ရှိအချိန်တွင် ၎င်းသည် ဒဂုန်အုပ်စု ၏ ဖြန့်ဖြူးမှုဆိုင်ရာဌာန၏မန်နေးဂျင်းဒါရိုက်တာဖြစ်ပါသည်။ သူသည် ကုန်သွယ်မှုလုပ်ငန်းတွင် အဖိုးတန်အတွေ့ အကြုံများစွာရှိသူဖြစ်ပါသည်။

Global Sky Company ကိုတည်ထောင်ခြင်းဖြင့် ၎င်း၏စီးပွားရေးလုပ်ငန်းသည် (ဂျပန်/ထိုင်းနိုင်ငံတို့မှ) တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများ၊ (ဖိလစ်ပိုင်နိုင်ငံ)မှ လူသုံးကုန်ပစ္စည်းများ၊ (ထိုင်းနိုင်ငံမှ) သစ်သီးနှင့် ဟင်းသီးဟင်းရွက်အဖျော်ယမကာများ၊ (ဖိလစ်ပိုင်နိုင်ငံနှင့်အမေရိကန်နိုင်ငံတို့မှ) စားသောက်ကုန်နှင့်အဖျော်ယမကာများနှင့် ပြည်တွင်း၌စိုက်ပျိုးထုတ်လုပ်သည့်စားသောက်ကုန်များအထိ လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။

ဦးဘုန်းဘုန်းနိုင်သည် အမေရိကန်ပြည်ထောင်စု၊ Illinois ပြည်နယ်၊ Galesburg ရှိ Knox College မှ ဘောဂဗေဒဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပါသည်။

ဦးဘုန်းဘုန်းနိုင်သည် ကုမ္ပဏီ၏ဒါရိုက်တာ တာဝန်ကို ၂၀၁၅ ခုနှစ်မှစတင် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

**ဦးမင်းစိန်**

ဦးမင်းစိန်သည် မိမိတို့ကုမ္ပဏီ၏ အမှုဆောင်မဟုတ်သောဒါရိုက်တာတစ်ဦးဖြစ်ပြီး၊ စာရင်းစစ်ကော်မတီ၏ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါသည်။ ၎င်းသည် Golden Land East Asia Development Public Co.,Ltd. ၏ ဒါရိုက်တာတစ်ဦးလည်းဖြစ်ပါသည်။ ၎င်းသည် ပထမပုဂ္ဂလိကဘဏ်လီမိတက်တွင် ဒါရိုက်တာအဖြစ် သုံးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ ဟသ်ာတဘဏ်ခွဲဖွင့်လှစ်ရေးတွင် အရေးပါသောနေရာမှ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ဦးမင်းစိန်သည် ဟသ်ာတမြို့တွင် လက်ဆောင်မွန် မီနီမားကက်လုပ်ငန်း၊ ရာသီထွက်သီးနှံရောင်းဝယ်ရေး လုပ်ငန်း၊ ကျောင်းကုန်းမြို့တွင် အဖျော်ယမကာစက်ရုံလုပ်ငန်း၊ ချောင်းသာကမ်းခြေတွင် အသေးစားငွေချေး လုပ်ငန်း၊ တည်းခိုခန်းလုပ်ငန်း၊ ဖုန်းငွေဖြည့်ကဒ်ဖြန့်ချိရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တွင် City View Real Estate and Property Service လုပ်ငန်းစသည့် ကွဲပြားခြားနားသောစီးပွားရေးကဏ္ဍများတွင် လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါ သည်။

ဦးမင်းစိန်သည် ကုမ္ပဏီ၏ဒါရိုက်တာအဖြစ် ၂၀၁၅ ခုနှစ်မှစတင်၍ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

ဦးမင်းစိန်သည် ရန်ကုန်လုပ်သားများကောလိပ်မှ B.A. (Philosophy) ဘွဲ့ကို ၁၉၇၇ ခုနှစ်တွင် ရရှိခဲ့ပါသည်။

**ဦးစိုင်းထွန်းဝင်း**

ဦးစိုင်းထွန်းဝင်းသည် အရှေ့မြောက်တံခါးသစ်သီး အများပိုင်ကုမ္ပဏီလီမိတက် (North East Gate Fruit Public Company Limited) ၏ ဥက္ကဋ္ဌ ဖြစ်ပြီး၊ မူဆယ်မြို့ သစ်သီးဝလံကုန်စည်ဒိုင်၏ နာယကတစ်ဦး ဖြစ်ပါသည်။

ဦးစိုင်းထွန်းဝင်းသည် ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၁ ခုနှစ်အထိ မိုးကုတ်မြို့၌ ကျောက်မျက်ရတနာတူးဖော်ခြင်း အား လုပ်ကိုင်ခဲ့ပါသည်။ ၁၉၈၂ ခုနှစ်တွင် ၎င်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်၍ မန္တလေးမြို့သို့ တင်ပို့ရောင်းချခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံအစိုးရ၏သမဝါယမဦးစီးဌာနတွင် လေးနှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ်တွင် ၎င်းသည် မူဆယ်မြို့၌ သစ်သီးဝလံရောင်းဝယ်ခြင်း လုပ်ငန်းများ အား စတင်လုပ်ကိုင်၍ သဘော်သီးနှင့် သရက်သီးများအား တရုတ်နိုင်ငံ ရွှေလီမြို့သို့ တင်ပို့ရောင်းချခဲ့ပါသည်။ ၁၉၉၅ ခုနှစ်တွင် မူဆယ်မြို့သစ်သီးပွဲရုံများအသင်းကိုထူထောင်ပြီး၊ ၂၀၀၀ ပြည့်နှစ်မှစ၍ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပါသည်။

၂၀၁၅ ခုနှစ်တွင် သစ်သီးပွဲရုံ ၁၅ ရုံ ပူးပေါင်း၍ North East Gate Fruit Public Company Limited အား တည်ထောင်ခဲ့ပြီး၊ ၎င်းသည် ယနေ့အထိ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ၎င်းသည် Shwe Fruits and Vegetables Agriculture Company ၊ Taiwan Wholesalers Warehouse တို့၏ ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်လျက်ရှိပါသည်။

ဦးစိုင်းထွန်းဝင်းသည် မူဆယ်မြို့ သစ်သီးဝလံကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌအဖြစ် ၂၀၀၇ ခုနှစ်မှ ၂၀၁၇ ခုနှစ် အထိ တာဝန်ယူဆောင်ရွက်ခဲ့ပြီး၊ ယခုအခါ နာယကတစ်ဦးအဖြစ် ဆောင်ရွက်နေပါသည်။

ဦးစိုင်းထွန်းဝင်းသည် ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦး အဖြစ် ၂၀၁၈ ခုနှစ်မှစတင် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

**ဒေါ်အေးအေးအောင်**

ဒေါ်အေးအေးအောင်သည် မိမိတို့ကုမ္ပဏီ၏ အမှုဆောင်မဟုတ်သောဒါရိုက်တာတစ်ဦးဖြစ်ပြီး အခကြေးငွေ သတ်မှတ်ရေးကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့၏ အဖွဲ့ဝင်လည်း ဖြစ်ပါသည်။

ဒေါ်အေးအေးအောင်သည် Bachelor of Engineering (Electronics) ဖြင့် ဘွဲ့ရရှိပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှအသိအမှတ်ပြု Professional Engineer (P.E.) တစ်ဦးဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်တွင် ၎င်းသည် ဘရူနိုင်းနိုင်ငံ၌ AFEO Governing Board မှအပ်နှင်းသော ASEAN Engineer အသိအမှတ်ပြုလက်မှတ် အား ရရှိခဲ့ပါသည်။ ထို့အပြင် ၎င်းသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ MBA ဘွဲ့ကို ၂၀၁၂ ခုနှစ်တွင် ရရှိခဲ့ပါသည်။ သူမသည် ၁၉၉၅ ခုနှစ်တွင် Asia World Co., Ltd. ၌ အလုပ်စတင်ဝင်ရောက်ခဲ့ပြီး၊ PP Woven Bag Factory နှင့် Myanmar Paper Mill Factory တို့ လုပ်ငန်းလည်ပတ်ခြင်းနှင့်စပ်လျဉ်း၍ ၂၀၀၉ ခုနှစ်အထိ ဒါရိုက်တာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဒေါ်အေးအေးအောင်သည် Asia Mega Link Co., Ltd. တွင် မန်နေးဂျင်းဒါရိုက်တာအဖြစ်လည်းကောင်း၊ Asia Mega Link Services Co., Ltd. တွင် ဒါရိုက်တာတစ်ဦးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ် မှစတင်၍ ၎င်းသည် သတင်းအချက်အလက်ဆက်သွယ်ရေးနှင့် နည်းပညာဆက်စပ်လုပ်ငန်းများ၊ မိုဘိုင်းစခန်းနှင့် ဖိုင်ဘာသွယ်တန်းခြင်းဆိုင်ရာ တပ်ဆင်ခြင်းနှင့်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ဖုန်းငွေဖြည့်ကဒ်များထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ၎င်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် သတင်းအချက်အလက်ဆက်သွယ်ရေးနှင့်နည်းပညာကဏ္ဍတွင် ဗဟိုအလုပ်အမှုဆောင်တာဝန်ကို လည်း ထမ်းဆောင်လျက်ရှိပြီး၊ ရတနာပုံတယ်လီပို့ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်တွင်လည်း ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။

ဒေါ်အေးအေးအောင်ပါဝင်ဆောင်ရွက်နေသည့်ကုမ္ပဏီများသည် စက်မှုကုန်ထုတ်လုပ်ငန်းများ ထုတ်လုပ် ရောင်းချခြင်း၊ သတင်းအချက်အလက်နည်းပညာကဏ္ဍနှင့်ပတ်သက်သည့်လုပ်ငန်းများဖြစ်သော မိုဘိုင်းစခန်းနှင့် ဖိုင်ဘာသွယ်တန်းခြင်းဆိုင်ရာ တပ်ဆင်ခြင်းနှင့်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ဖုန်းငွေဖြည့်ကဒ်များ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ၊ ကြိုးတပ်နှင့် မိုဘိုင်းကွန်ယက်ဆိုင်ရာ အင်ဂျင်နီယာဝန်ဆောင်မှုလုပ်ငန်းများ၊ ဖိုင်ဘာသွယ်တန်းခြင်းစီမံကိန်းလုပ်ငန်းများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် သတင်းအချက်အလက်နည်းပညာဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ၊ လေဆိပ်၊ ဆိပ်ကမ်း၊ ပို့ဆောင်ဆက်သွယ်ရေး နည်းပညာဝန်ဆောင်မှုအရပ်ရပ်ဆောင်ရွက်ပေးခြင်းအပြင် အခြားစီးပွားရေးကဏ္ဍများအပါအဝင် လုပ်ငန်းကဏ္ဍ နယ်ပယ်အရပ်ရပ်တို့တွင် လုပ်ငန်းများဆောင်ရွက်လျက် ရှိပါသည်။

ဒေါ်အေးအေးအောင်သည် ကုမ္ပဏီ၏ဒါရိုက်တာတစ်ဦးအဖြစ် ၂၀၁၈ ခုနှစ်မှ စတင်တာဝန်ထမ်းဆောင် လျက်ရှိပါသည်။

**ဦးကျော်တင်မြင့်**

ဦးကျော်တင်မြင့်သည် ကုမ္ပဏီ၏ဒါရိုက်တာအဖြစ် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့မှစ၍ တာဝန် ထမ်းဆောင်လျက်ရှိပါသည်။ ၎င်းသည် Kaung Pyae San Co., Ltd. ၏ ဥက္ကဋ္ဌ ဖြစ်ပြီး၊ Hope Flower Trading ၏ မန်နေးဂျင်းဒါရိုက်တာလည်း ဖြစ်ပါသည်။ ၎င်းသည် Myanmar Automobile Development Public Co., Ltd. ၏ အမှုဆောင်ဒါရိုက်တာတစ်ဦးလည်းဖြစ်ပါသည်။ ၎င်းသည် Myanmar Fertilizer, Seed and Pesticide Entrepreneurs Association ၏ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ Myanmar Industrial Association ၏ အမှုဆောင်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ Myanmr Pulses, Beans and Sesame Seeds Merchants Association (MPBSMA)၏ အမှုဆောင်အရာရှိချုပ်အဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ဦးကျော်တင်မြင့် သည် ရန်ကုန်တက္ကသိုလ်မှ မဟာဘွဲ့ကို ရရှိထားပါသည်။ ထို့အပြင် M.A., M.Res, LL. B., B.Sc., D.B.L., D.I.L.,

D.D.S., D.L.I.S., D.A.Psy နှင့် H.G.P. တို့ကိုလည်း ရရှိထားပါသည်။

**ဦးအောင်ညွှန့်**

ဦးအောင်ညွှန့်သည် မိမိတို့ကုမ္ပဏီ၏ လွတ်လပ်သောဒါရိုက်တာတစ်ဦးဖြစ်ပြီး၊ စာရင်းစစ်ကော်မတီ၏ ဥက္ကဋ္ဌလည်းဖြစ်ပါသည်။ ၎င်းသည် မြန်မာ့သစ်လုပ်ငန်း ဘဏ္ဍာရေးဌာနတွင် နှစ်ပေါင်း ၄၀ အတွေ့အကြုံရှိခဲ့ပြီး၊ အထွေထွေမန်နေဂျာ (စီမံကိန်း) ရာထူးဖြင့် အငြိမ်းစားယူခဲ့ပါသည်။ ၎င်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းကုမ္ပဏီလီမိတက်ကဲ့သို့သော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ တွင် ဒါရိုက်တာ (ဘဏ္ဍာရေး) အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

ဦးအောင်ညွှန့်သည် ပြည်ပနိုင်ငံများတွင် ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသောသင်တန်းနှင့် ဆွေးနွေးပွဲ အများအပြားကို တက်ရောက်ခဲ့ပါသည်။ ၎င်းသည် ဘဏ္ဍာရေးအတိုင်ပင်ခံအဖြစ်ဆောင်ရွက်စဉ်တွင် ကုမ္ပဏီကြီး သုံးခုတွင် ဘဏ္ဍာရေးနှင့်ငွေစာရင်းဆိုင်ရာစံလုပ်ထုံးလုပ်နည်းများကို စတင်ကာအကောင်အထည်ဖော်ဆောင်ရွက် ခဲ့ပါသည်။ ၎င်းသည် UMFCCI နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ လွတ်လပ်သောစာရင်းစစ်အဖြစ် ၂၀၀၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပါသည်။ ၎င်းသည် Myanmar Thilawa SEZ Holdings Public Co., Ltd ၏ ဒါရိုက်တာတစ်ဦးလည်းဖြစ်ပါသည်။

ဦးအောင်ညွှန့်သည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ စီးပွားရေးဘာသာရပ်ဖြင့် ၁၉၆၄ ခုနှစ်တွင် ဘွဲ့ရရှိခဲ့ ပါသည်။ ၎င်းသည် မြန်မာနိုင်ငံစာရင်းကောင်စီကအသိအမှတ်ပြုသော လက်မှတ်ရပြည်သူ့စာရင်းကိုင်တစ်ဦးလည်း ဖြစ်ပါသည်။ ၎င်းသည် ၂၀၁၇ ခုနှစ်မှစ၍ ကုမ္ပဏီ၏ လွတ်လပ်သောဒါရိုက်တာတာဝန်နှင့် စာရင်းစစ်ကော်မတီ၏ ဥက္ကဋ္ဌတာဝန်တို့ကို ထမ်းဆောင်လျက် ရှိပါသည်။

**ဒေါက်တာဇော်ဦး**

ဒေါက်တာဇော်ဦးသည် လွတ်လပ်သောဒါရိုက်တာတစ်ဦးဖြစ်ပြီး အခကြေးငွေသတ်မှတ်ရေးကော်မတီ၏ ဥက္ကဋ္ဌ လည်း ဖြစ်ပါသည်။ လက်ရှိအချိန်တွင် ၎င်းသည် Centre for Economic and Social Development ၏ ဒါရိုက်တာချုပ် (Chief Director) ဖြစ်ပြီး၊ ဖွံ့ဖြိုးမှုဆိုင်ရာသုတေသနနှင့်လေ့ကျင့်ရေးလုပ်ငန်းများကို ဆောင်ရွက် လျက် ရှိပါသည်။

ဒေါက်တာဇော်ဦးသည် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နိုင်ငံတော်သမ္မတ၏ စီးပွားရေးဆိုင်ရာအကြံပေး အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ Chiang Mai University တွင် သုတေသနဆိုင်ရာပါမောက္ခချုပ် (rector) အဖြစ် ဆောင်ရွက်ခဲ့ပြီး International Studies ဘာသာရပ်ကို သင်ကြား ပို့ချခဲ့ပါသည်။ သူသည် အာဆီယံနိုင်ငံများ၏ စီးပွားရေးပြောင်းလဲမှုများနှင့်မူဝါဒဆိုင်ရာသုတေသနတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပြီး၊ စီးပွားရေးနှင့်ဒီမိုကရေစီပြောင်းလဲရေးများနှင့်စပ်လျဉ်းသော ဆွေးနွေးပွဲပေါင်း ၃၀ ကျော်တွင် ပါဝင်ခဲ့ပါသည်။

ဒေါက်တာဇော်ဦးသည် Columbia University မှ International Development Studies ဘာသာရပ်ဖြင့် မဟာဘွဲ့ ရရှိခဲ့ပြီး၊ American University, Washington D.C. မှ စီးပွားရေးဘာသာရပ်တွင် မဟာဘွဲ့နှင့် ပါရဂူဘွဲ့ကို ရရှိခဲ့ပါသည်။ ဒေါက်တာဇော်ဦးသည် ၂၀၁၆ ခုနှစ်မှစတင်၍ ကုမ္ပဏီ၏ လွတ်လပ်သောဒါရိုက်တာနှင့် အခကြေးငွေ သတ်မှတ်ရေးကော်မတီ၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

**ဦးသောင်းတင်**

ဦးသောင်းတင်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန၏ ဒုတိယဌာနမှူး ဖြစ်ပါ

သည်။

ဦးသောင်းတင်သည် မြန်မာစာပေ ဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ရရှိထားပါသည်။ ၎င်းသည် ၁၉၉၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ တပ်မတော်တွင်တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ဗိုလ်မှူးအဆင့်ဖြင့် အငြိမ်းစားယူခဲ့ပါသည်။ ၎င်းသည် ၂၀၀၄ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ထုတ်လုပ်ရေးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနတို့တွင် လက်ထောက်ဌာနမှူးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ လက်ရှိအချိန်တွင် ၎င်းသည် ဈေးများဌာန၏ဒုတိယဌာနမှူးဖြစ်ပါသည်။

ဦးသောင်းတင်သည် ကုမ္ပဏီ၏ အမှုဆောင်မဟုတ်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဒါရိုက်တာ အဖြစ် ၂၀၁၈ ခုနှစ်မှစတင်၍ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

**ဒေါ်တင်မေဦး**

ဒေါ်တင်မေဦးသည် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးကော်မရှင် စတင်တည်ထောင်ခဲ့သည့် ၂၀၁၄ ခုနှစ်မှစ၍ ၂၀၂၂ ခုနှစ်အထိ ကော်မရှင်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကော်မရှင်နှင့် ရန်ကုန်စတော့အိတ်ချိန်းတည်ထောင်ခြင်းတို့တွင် ထဲထဲဝင်ဝင်ပါဝင်ခဲ့ပြီး၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေနှင့် သက်ဆိုင်ရာနည်းဥပဒေများ မူကြမ်းရေးဆွဲရာတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ဒေါ်တင်မေဦးသည် မြန်မာနိုင်ငံ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနတွင် နှစ်ပေါင်း ၂၇နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၁၉၉၆ခုနှစ်တွင် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်ရေးစင်တာကုမ္ပဏီလီမိတက် (“MSEC”)သို့ တာဝန်ပြောင်းလဲပေးအပ်ခြင်းခံရပါသည်။ ၎င်းသည် MSEC တွင် ဘုတ်အဖွဲ့အတွင်းရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် အမှုဆောင်ဒါရိုက်တာ စသည်ဖြင့် အသီးသီး တာဝန်ထမ်းဆောင်ခဲ့ပါသည်။


ဒေါ်တင်မေဦးသည် စီးပွားရေးဘွဲ့(စိုက်ပျိုးရေးဆိုင်ရာစီးပွားရေး)နှင့် ဖွံ့ဖြိုးမှုပညာမဟာဘွဲ့တို့ ရရှိထားပါသည်။

**၄။ အခကြေးငွေနှင့် အခြားနည်းဖြင့်အကျိုးခံစားခွင့်များ**

မည်သည့်ဒါရိုက်တာကမျှ (၎င်းတို့၏ အမှုဆောင်တာဝန် ထမ်းဆောင်နေသည့်အရည်အချင်းရှိသူဖြစ်နေစဉ်အတောအတွင်း) မိမိတို့၏ ကုမ္ပဏီနှင့်အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် ချုပ်ဆိုထားခြင်းမရှိပါ။ မိမိတို့၏ ဒါရိုက်တာများ (လွတ်လပ်သောဒါရိုက်တာများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှအဆိုပြုသောဒါရိုက်တာမှအပ) အား အစည်းအဝေးတက်ရောက်ခြင်းအတွက် ခံစားခွင့်ပေးအပ်ခြင်းမှအပ မည်သည့်အခကြေးငွေကိုမျှပေးအပ်ခြင်းမရှိပါ။ မိမိတို့၏ လွတ်လပ်သောဒါရိုက်တာများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှအဆိုပြုသောဒါရိုက်တာတို့သည် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိကာလအတွက် တစ်ဦးလျှင် ဂုဏ်ပြုငွေကျပ် ၁၈,၀၀၀,၀၀၀ ရရှိခဲ့ပြီး၊ မိမိတို့၏ လွတ်လပ်သောဒါရိုက်တာတစ်ဦးဖြစ်ခဲ့ပြီး၊ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွင်း နုတ်ထွက်ခဲ့သောဦးတင်ထွဋ်ဦးသည် ဂုဏ်ပြုငွေ ကျပ် ၆,၀၀၀,၀၀၀ ရရှိခဲ့ပါသည်။ နောင်လာမည့်ကာလတွင် မိမိတို့ကုမ္ပဏီအတွက်သာ သီးသန့်လုပ်ကိုင်ဆောင်ရွက်သည့်ဝန်ထမ်းများ ငှားရမ်းပြီး ၎င်းတို့အားသီးသန့်အခကြေးငွေပေးအပ်ရန် မိမိတို့မျှော်မှန်းထားပါသည်။ မိမိတို့၏အမှုဆောင်အရာရှိများနှင့် မိမိတို့ကုမ္ပဏီအကြား အလုပ်ခန့်ထားခြင်းဆိုင်ရာသဘောတူစာချုပ် ချုပ်ဆိုထားပါသည်။

## ၅။ စီမံခန့်ခွဲမှုသတင်းပို့ခြင်းဆိုင်ရာ ဖွဲ့စည်းမှုပုံစံ

**MYANMAR AGRO EXCHANGE PUBLIC LIMITED**




## ၆။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု

မိမိတို့၏ဒါရိုက်တာများသည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် မိမိတို့၏အစုရှယ်ယာရှင်များအပေါ်တွင် မြင့်မားသောစံနှုန်းရှိသည့်တာဝန်ခံမှုအားထိန်းသိမ်းခြင်း၏ အရေးပါမှုကို သိရှိနားလည်ပြီး၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၏ မူဝါဒများ၊ နည်းဥပဒေသများနှင့် လမ်းညွှန်ချက်များကို လက်ခံကျင့်သုံးပါသည်။ မိမိတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အထများသည် မြန်မာနိုင်ငံ၏ဒေသဆိုင်ရာအခြေအနေများအား ထည့်သွင်းစဉ်းစားလျက် လက်ရှိနိုင်ငံတကာနည်းဥပဒေသများအပေါ် လက်တွေ့ကျကျကျင့်သုံးနိုင်သည့်အတိုင်းအတာအထိ ယေဘုယျအားဖြင့် ကိုက်ညီမှုရှိပါသည်။

### (၁) <u>လွတ်လပ်သောဒါရိုက်တာများ</u>

မိမိတို့ကုမ္ပဏီသည် ဒါရိုက်တာအဖွဲ့ကို ပိုမိုအားကောင်းစေရန်နှင့် လွတ်လပ်မှုရှိစေရန်အတွက် လွတ်လပ်သောဒါရိုက်တာသုံးဦးကို ခန့်အပ်ခဲ့ပါသည်။ ယင်းလွတ်လပ်သောဒါရိုက်တာသုံးဦးမှာ ဦးအောင်ညွန့်၊ ဒေါက်တာဇော်ဦးနှင့် ဒေါ်တင်မေဦး တို့ဖြစ်ပါသည်။

### (၂) <u>ဒါရိုက်တာအဖွဲ့ ကော်မတီများ</u>

မိမိတို့၏ဒါရိုက်တာအဖွဲ့သည် သီးခြားကော်မတီ လေးခု ဖွဲ့စည်းထားပါသည် - (က) စာရင်းစစ် ကော်မတီ၊ (ခ) အခကြေးငွေသတ်မှတ်ရေးကော်မတီ၊ (ဂ) အမည်စာရင်းတင်သွင်းရေးကော်မတီ၊ (ဃ) စီမံခန့်ခွဲရေးကော်မတီ။

*စာရင်းစစ်ကော်မတီ*

စာရင်းစစ်ကော်မတီတွင် အောက်ပါအဖွဲ့ဝင်များ ပါဝင်ပါသည် -

| **အမည်** | **တာဝန်** |
|---|---|
| ဦးအောင်ညွန့် | ဥက္ကဋ္ဌ |

| | |
|---|---|
| ဦးသောင်းတင် | အဖွဲ့ဝင် |
| ဦးစစ်လွင် | အဖွဲ့ဝင် |
| ဦးမင်းစိန် | အဖွဲ့ဝင် |

မိမိတို့၏စာရင်းစစ်ကော်မတီသည် မိမိတို့ဒါရိုက်တာအဖွဲ့၏တာဝန်ဝတ္တရားများဖြစ်သော မိမိတို့၏ ပိုင်ဆိုင်မှုများအား ကာကွယ်ရေး၊ ငွေစာရင်းမှတ်တမ်းများကို လုံလောက်စွာထားရှိထိန်းသိမ်းရေး၊ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုများနှင့်စပ်လျဉ်း၍ ကောင်းမွန်သောဖွဲ့စည်းအုပ်ချုပ်မှုကိုဖော်ဆောင်နိုင်ရေး၊ အစုရှယ်ယာရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများ ဆုံးရှုံးမှုမရှိစေရေးအတွက် ထိရောက်သောဌာနတွင်းထိန်းချုပ်မှုစနစ်များထားရှိကာ ကုမ္ပဏီ၏ အလုံးစုံသောရည်မှန်းချက်များဖြစ်သည့် မိမိတို့ကုမ္ပဏီတွင် မိမိတို့၏စီမံခန့်ခွဲမှုအဖွဲ့က ထိရောက်စွာ ထိန်းချုပ်ထားနိုင်သော ပတ်ဝန်းကျင်အခြေအနေကို ဖန်တီးခြင်းနှင့် ထိန်းသိမ်းထားရှိခြင်းတို့ကို ရရှိစေမည် ဖြစ်ပါသည်။

မိမိတို့၏ စာရင်းစစ်ကော်မတီသည် မိမိတို့ ဒါရိုက်တာအဖွဲ့၊ မိမိတို့ စီမံအုပ်ချုပ်ရေးအပိုင်းနှင့် မိမိတို့၏ ပြင်ပစာရင်းစစ်များအကြား စာရင်းစစ်သည့်ကိစ္စများနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုကို ထားရှိပါသည်။ ကော်မတီသည် ကုမ္ပဏီ၏ကျင့်ဝတ်စည်းမျဉ်းများနှင့်စပ်လျဉ်း၍လည်း မိမိတို့ကုမ္ပဏီ၏ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုဆိုင်ရာမူဝါဒများနှင့်အညီ ပြန်လည်သုံးသပ်စိစစ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

*အခကြေးငွေသတ်မှတ်ရေးကော်မတီ*

အခကြေးငွေသတ်မှတ်ရေးကော်မတီတွင် အောက်ပါအဖွဲ့ဝင်များ ပါဝင်ပါသည် -

| **အမည်** | **တာဝန်** |
|---|---|
| ဒေါက်တာဇော်ဦး | ဥက္ကဋ္ဌ |
| ဒေါ်အေးအေးအောင် | အဖွဲ့ဝင် |

အခကြေးငွေသတ်မှတ်ရေးကော်မတီက မိမိတို့ဒါရိုက်တာများနှင့် အရေးပါသောအမှုဆောင်များအတွက် အခကြေးငွေဆိုင်ရာမူဘောင်တစ်ရပ်အား မိမိတို့ဒါရိုက်တာအဖွဲ့သို့ အကြံပြုတင်ပြရန်နှင့် ဒါရိုက်တာတစ်ဦးချင်းစီနှင့် အရေးပါသောအမှုဆောင်တစ်ဦးစီအတွက် အခကြေးငွေအတိအကျသတ်မှတ်ပေးရန် တာဝန်ရှိပါသည်။ ဒါရိုက်တာကြေး၊ လစာများ၊ ခံစားခွင့်များ၊ ဆုကြေးများ၊ ရွေးချယ်ပိုင်ခွင့်များနှင့် ပစ္စည်းအားဖြင့်အကျိုးခံစားခွင့်အပါအဝင်နှင့် ယင်းတို့အပြင် အခြားသောအခကြေးငွေဆိုင်ရာကိစ္စရပ်များအတွက် ထောက်ခံချက်ပေးရန် အခကြေးငွေသတ်မှတ်ရေးကော်မတီက တာဝန်ရှိပါသည်။ အခကြေးငွေသတ်မှတ်ရေးကော်မတီဝင် တစ်ဦးချင်းစီသည် ၎င်း၏ အခကြေးငွေနှင့်စပ်လျဉ်း၍ အခကြေးငွေသတ်မှတ်ရေးကော်မတီ၏ ဆုံးဖြတ်ချက်များချမှတ်ခြင်းတွင် ပါဝင်ဆောင်ရွက်ခြင်းမှလည်းကောင်း၊ ယင်းအတွက် အကြံပြုခြင်းမှလည်းကောင်း၊ ယင်းနှင့်စပ်လျဉ်းသော ဆုံးဖြတ်ချက်တစ်ရပ်ရပ် အလို့ငှာ မဲပေးခြင်းမှလည်းကောင်း ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။

*အမည်စာရင်းတင်သွင်းရေး ကော်မတီ*

အမည်စာရင်းတင်သွင်းရေးကော်မတီတွင် အောက်ပါအဖွဲ့ဝင်များ ပါဝင်ပါသည် -

| **အမည်** | **တာဝန်** |
|---|---|
| ဒေါက်တာဇော်ဦး | ဥက္ကဋ္ဌ |
| ဦးရဲဘုန်းလှိုင် | အဖွဲ့ဝင် |
| ဦးကျော်တင်မြင့် | အဖွဲ့ဝင် |
| ဒေါ်အေးအေးအောင် | အဖွဲ့ဝင် |

မိမိတို့၏အမည်စာရင်းတင်သွင်းရေးကော်မတီသည် (က) ဒါရိုက်တာတစ်ဦး၏ ပံ့ပိုးမှုနှင့် စွမ်းဆောင်နိုင်မှုတို့အပေါ်မူတည်၍ မိမိတို့၏ဒါရိုက်တာများအဖြစ် အမည်ပြန်လည်အဆိုပြုတင်သွင်းခြင်း၊ (ခ) ဒါရိုက်တာတစ်ဦးသည် လွတ်လပ်သောဒါရိုက်တာ ဟုတ်မဟုတ် နှစ်စဉ်သုံးသပ်ဆုံးဖြတ်ခြင်း၊ (ဂ) ဒါရိုက်တာတစ်ဦးသည် ဒါရိုက်တာတစ်ဦးအဖြစ် ၎င်း၏တာဝန်များကို ထမ်းဆောင်နိုင်ကြောင်း၊ သို့မဟုတ် ထမ်းဆောင်ခဲ့ကြောင်း ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ရန်တာဝန်ရှိပါသည်။

အမည်စာရင်းတင်သွင်းရေးကော်မတီသည် ဒါရိုက်တာအဖွဲ့၏စွမ်းဆောင်ရည်အား မည်သို့အကဲဖြတ်သုံးသပ်ဆုံးဖြတ်၍၊ ဒါရိုက်တာအဖွဲ့သည် အစုရှယ်ယာရှင်များအတွက် ရေရှည်တန်ဖိုးမြှင့်တင်ရန် မည်ကဲ့သို့ဆောင်ရွက်သည်ဆိုသည့်အချက်ကိုတိုင်းတာရန် ဒါရိုက်တာအဖွဲ့၏သဘောတူညီချက်နှင့်အညီ စွမ်းဆောင်ရည် အဆင့်သတ်မှတ်ချက်များကို အဆိုပြုရပါသည်။ ဒါရိုက်တာအဖွဲ့တစ်ရပ်လုံး၏ထိရောက်မှုကို သုံးသပ်ရန်နှင့် ဒါရိုက်တာအဖွဲ့၏ ထိရောက်မှုရှိစေရေးအတွက် ဒါရိုက်တာတစ်ဦးချင်းစီ၏ပံ့ပိုးမှုကိုသုံးသပ်ရန် အမည်စာရင်းတင်သွင်းရေးကော်မတီက ဆောင်ရွက်မည့် လုပ်ငန်းစဉ်ကိုအကောင်အထည်ဖော်ရန် ဒါရိုက်တာအဖွဲ့က ရည်ရွယ်ပါသည်။ အမည်စာရင်းတင်သွင်းရေးကော်မတီဝင်တစ်ဦးချင်းစီသည် ၎င်း၏စွမ်းဆောင်မှုကို စိစစ်သုံးသပ်ခြင်းနှင့် ဒါရိုက်တာအဖြစ် အမည်စာရင်းပြန်လည်တင်သွင်းခြင်းတို့နှင့်ဆိုင်သောကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခြင်းမှလည်းကောင်း၊ ယင်းအတွက်အကြံပြုခြင်းမှလည်းကောင်း၊ ယင်းနှင့်စပ်လျဉ်းသောဆုံးဖြတ်ချက်တစ်ရပ်ရပ်အလို့ငှာ မဲပေးခြင်းမှလည်းကောင်း ရှောင်ကြဉ်ရမည် ဖြစ်ပါသည်။

*စီမံခန့်ခွဲရေးကော်မတီ*

စီမံခန့်ခွဲရေးကော်မတီတွင် အောက်ပါ အဖွဲ့ဝင်များ ပါဝင်ပါသည် -

| **အမည်** | **တာဝန်** |
|---|---|
| ဦးသူရိန်အောင် | ဥက္ကဋ္ဌ |
| ဦးသောင်းတင် | အဖွဲ့ဝင် |
| ဦးဘုန်းဘုန်းနိုင် | အဖွဲ့ဝင် |
| ဒေါ်ရန်လင်း | အဖွဲ့ဝင် |
| ဒေါ်အေးအေးအောင် | အဖွဲ့ဝင် |
| ဦးရဲဘုန်းလှိုင် | အဖွဲ့ဝင် |
| ဦးအောင်ကြီး | အဖွဲ့ဝင် |

စီမံခန့်ခွဲရေးကော်မတီသည် - (က) ဒါရိုက်တာအဖွဲ့နှင့် အကျိုးစီးပွားဆက်နွယ်နေသူများက ကုမ္ပဏီအား ဦးတည်စေလိုသော ပြီးပြည့်စုံသည့်အခြေအနေသို့ရောက်ရှိစေရန်အတွက် ကုမ္ပဏီအားလမ်းညွှန်ပေးမည့် ရေတိုနှင့် ရေရှည်မဟာဗျူဟာများအားဖော်ထုတ်ခြင်း၊ (ခ) ကုမ္ပဏီ၏တန်ဖိုးရှိမှုများ၊ အခြေခံမူများနှင့်ညီညွတ်သောနည်းလမ်းများဖြင့် ဝန်ထမ်းများအား အခွင့်အာဏာလွှဲအပ်ခြင်းနှင့် စီမံအုပ်ချုပ်ခြင်း၊ (ဂ) အဖွဲ့အစည်း၏စီမံခန့်ခွဲမှုနှင့် ၎င်း၏ဆောင်ရွက်ချက်များကို ထိရောက်မှုရှိစေခြင်းတို့အတွက် တာဝန်ရှိပါသည်။

## ၇။ အစုရှယ်ယာရှင်များ

၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင်တည်ရှိသော အစုရှယ်ယာအများဆုံးပိုင်ဆိုင်သူ ၁၀ ဦး စာရင်းကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည် -

| အမည် | ကုမ္ပဏီမှတ်ပုံတင်အမှတ်၊ အမျိုးသားမှတ်ပုံတင် အမှတ် သို့မဟုတ် နိုင်ငံကူးလက်မှတ် အမှတ်၊ နှင့် နိုင်ငံသား | လိပ်စာ | အစုရှယ်ယာ အရေအတွက် | ထုတ်ဝေထားသော အစုရှယ်ယာများ၏ ရာခိုင်နှုန်း |
|---|---|---|---|---|
| Dagon International Limited | ၁၁၅၃၉၃၇၁၅၊ မြန်မာ | အမှတ် ၂၆၂-၂၆၅၊ ပြည်လမ်း၊ ဒဂုန် စင်တာ၊ Block A ၊ ၇ လွှာ၊ မြေနီကုန်း၊ စမ်းချောင်း မြို့နယ်၊ ရန်ကုန်။ | ၁၀,၄၁၆,၃၇၈ | ၄၃.၇၆ % |
| Golden Land East Asia Limited | ၁၁၅၀၇၅၆၆၇၊ မြန်မာ | အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော် မြို့နယ်၊ ရန်ကုန်။ | ၂,၂၀၀,၀၀၀ | ၉.၂၄ % |
| ဦးစစ်လွင် | ၁၂/ပဇတ(နိုင်)၁၅၀၆၇၄၊ မြန်မာ | အမှတ် ၆၄၄၊ ပထမထပ်၊ ကုန်သည်လမ်း၊ ပန်းဘဲတန်း မြို့နယ်၊ ရန်ကုန်။ | ၆၆၈,၄၃၁ | ၂.၈၁ % |
| ဦးသူရိန်အောင် | ၁၂/ကမရ(နိုင်)၀၅၀၈၃၉၊ မြန်မာ | အမှတ် ၁၀၅၊ တက္ကသိုလ် ရိပ်သာလမ်း၊ ကမာရွတ် မြို့နယ်၊ ရန်ကုန်။ | ၆၁၂,၇၂၈ | ၂.၅၇ % |
| Willow Myanmar Investment Co., Ltd. | ၁၀၅၄၀၈၈၉၇ မြန်မာ | တိုက် ၅၀၇/၅၁၉၊ အခန်း ၂၃၄၊ မြေညီထပ်၊ မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ | ၆၀၅,၀၀၀ | ၂.၅၄ % |
| ဒေါ်ရန်လင်း | ၁/မညန(နိုင်)၀၂၇၁၆၀ မြန်မာ | C-301, Highway Complex, ကမာရွတ်မြို့နယ်၊ ရန်ကုန်။ | ၅၆၇,၅၀၃ | ၂.၃၈ % |
| ဦးရဲဘုန်းလှိုင် | ၁၂/ဗဟန(နိုင်)၀၅၄၉၇၁ မြန်မာ | အမှတ် ၅၁ အီး၊ တက္ကသိုလ် ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ | ၅၅၇,၀၂၅ | ၂.၃၄ % |
| ဦးဘုန်းဘုန်းနိုင် | ၉/မနမ(နိုင်)၀၀၇၅၉၃ မြန်မာ | အမှတ် ၂၉၀-စီ၊ ဦးဝိစာရလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ | ၅၃၄,၇၄၅ | ၂.၂၅% |
| Myanmar Creative Business Groups Co., Ltd. | ၁၁၆၂၀၅၇၁၈ မြန်မာ | အမှတ် ၂၆၈၊ ပြည်လမ်း၊ အခန်း ၁၄-ဂ၊ ၁၄ လွှာ၊ ဒဂုံစင်တာ (၂)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ | ၄၄၀,၀၀၀ | ၁.၈၅ % |
| ဒေါ်ခင်ထားဝင်း | ၁/မညန(နိုင်)၀၇၄၃၀၃ မြန်မာ | C-201, Hiway Complex ၊ ကမာရွတ် မြို့နယ်၊ ရန်ကုန်။ | ၃၅၇,၆၁၀ | ၁.၅၀% |

**အပိုင်း ၄ (၉) - အမှတ်စဉ် ၂။ အစုရှယ်ယာများထုတ်ဝေရောင်းချခြင်း**တွင် ဖော်ပြထားချက်များမှအပ၊ လက်ရှိ အချိန် (Latest Practicable Date) မတိုင်မီ နှစ်နှစ်အတွင်း အစုရှယ်ယာအများဆုံး ပိုင်ဆိုင်ထားသူ ၁၀ ဦး တွင် သိသာစွာ ပြောင်းလဲမှုများ မရှိပါ။

**၈။ အမြတ်ဝေစုများ၊ အမြတ်ဝေစုခွဲဝေခြင်းဆိုင်ရာမူဝါဒ**

မိမိတို့ကုမ္ပဏီသည် အမြတ်ဝေစုခွဲဝေပေးခြင်းအနေနှင့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ၁,၂၉၈,၄၅၂,၀၀၀ ကျပ်ကို ခွဲဝေပေးခဲ့ပြီးဖြစ်ပါသည်။ ၎င်းတွင် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့နှင့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တို့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်

တစ်ခုစီအတွက် ၆၄၉,၁၂၀,၀၀၀ ကျပ် (အစုရှယ်ယာတစ်စုလျှင် ၃၀ ကျပ်) ကိုလည်းကောင်း ခွဲဝေပေးအပ်ခြင်းတို့ ပါဝင်ပါသည်။

မိမိတို့ကုမ္ပဏီ၏မူဝါဒမှာ **အပိုင်း ၄ (၉) - ၁ - ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အစုရှယ်ယာများတွင်တွဲဖက်ထားသောအခွင့်အရေးများ- အမြတ်ဝေစု**တွင် ဖော်ပြထားသည့်အတိုင်း ဖြစ်ပါသည်။

**၉။ ကုမ္ပဏီ၏ အစုရှယ်ယာများဆိုင်ရာဖော်ပြချက်**

မိမိတို့ကုမ္ပဏီသည် ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ်ကို ၂၀၂၃ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစုရှယ်ယာရှင်များ၏အထွေထွေအစည်းအဝေးတွင် အတည်ပြုခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ၂၀၂၃ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် စတင်အာဏာသက်ရောက်ခြင်းအား မိမိတို့ကုမ္ပဏီ၏ဒါရိုက်တာဘုတ်အဖွဲ့က အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၈ နှင့် ၁၉ တို့အညီ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနတွင် တင်ပြသည့်အခါတွင် အာဏာသက်ရောက်လာမည်ဖြစ်သည်။ တင်သွင်းရန်ကျန်ရှိနေသေးပါသည်။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ်အပေါ်တွင်အခြေခံသည့် အနှစ်ချုပ်ကိုအောက်တွင်ဖော်ပြထားပါသည်။

**၁။ <u>ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့် အစုရှယ်ယာများတွင်တွဲဖက်ထားသော အခွင့်အရေးများ</u>**

*အစုရှယ်ယာများတွင် တွဲဖက်ထားသော အခွင့်အရေးများ*

အစုရှယ်ယာများတွင်တွဲဖက်ထားသောအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ်တွင် ဖော်ပြထားပြီး၊ အချို့သောအခြေအနေများတွင် ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ ရန်ကုန်စတော့အိပ်ချိန်း၏ စည်းမျဉ်းစည်းကမ်းများနှင့် ယေဘုယျဥပဒေများအရ စီမံထိန်းချုပ်ထားပါသည်။ အစုရှယ်ယာများတွင်တွဲဖက်ထားသော အဓိကအခွင့်အရေးများ၊ တာဝန်ရှိမှုများ နှင့် ဆောင်ရွက်ရန်တာဝန်များကို အောက်တွင်အကျဉ်းချုပ်၍ ဖော်ပြထားပါသည်။

*နိုင်ငံခြား အစုရှယ်ယာရှင်များ*

(**အပိုင်း ၇ - ၂** တွင် ဖော်ပြထားသည့်အတိုင်း) ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေနှင့် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေများတို့အရ နိုင်ငံခြား အစုရှယ်ယာရှင်များအား၊ ကုမ္ပဏီ၏ဒါရိုက်တာများက ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေနှင့် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေများတို့နှင့်အညီအတည်ပြုထားသည့် စုစုပေါင်းနိုင်ငံခြားသားအစုရှယ်ယာပိုင်ဆိုင်မှုအချိုးအထိ မိမိတို့ကုမ္ပဏီ၏ အစုရှယ်ယာများကို ပိုင်ဆိုင်ခွင့်ပြုနိုင်ပါသည်။ အကယ်၍ မိမိတို့ကုမ္ပဏီတွင်ခွင့်ပြုထားသောပမာဏထက် နိုင်ငံခြားအစုရှယ်ယာပိုင်ဆိုင်မှုက ပိုမိုသွားခဲ့ပါလျှင် ခွင့်ပြုထားသောပမာဏထက်ကျော်လွန်သည့် အစုရှယ်ယာများသည် (ယင်းသည် ရန်ကုန်စတော့အိပ်ချိန်းအရ အချိန်ကာလအပိုင်းအခြားအနေဖြင့် နောက်ဆုံးအရောင်းအဝယ်ပြုခဲ့သော အစုရှယ်ယာများဖြစ်ပြီး) မိမိတို့ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးများတွင် မဲပေးခွင့်ရှိမည်မဟုတ်ကြောင်း ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် အတည်ပြုချမှတ်ခဲ့သည့် မိမိတို့ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ်က သတ်မှတ်ပေးထားမည်ဖြစ်ပါသည်။

*မဲပေးခြင်း*

အထွေထွေအစည်းအဝေးတစ်ရပ်တွင် ကိုယ်တိုင်တက်ရောက်ခြင်းဖြင့်ဖြစ်စေ၊ ကိုယ်စားပြုတက်ရောက်ခြင်းဖြင့်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် ကော်ပိုရိတ်ကို ကိုယ်စားပြုသူကဖြစ်စေ တက်ရောက်သောအစုရှယ်ယာရှင်တိုင်းသည် မိမိပိုင်ဆိုင်သော အပြည့်အဝပေးချေပြီးသည့် အစုရှယ်ယာတစ်စုလျှင် ဆန္ဒမဲတစ်မဲပေးပိုင်ခွင့်ရှိပြီး၊

လက်ပြ၍မဲပေးခြင်းအတွက် မဲတစ်မဲပေးပိုင်ခွင့်ရှိပါသည်။ ပူးတွဲပိုင်ဆိုင်ထားသူများအတွက် မဲပေးသူများအနက်မှ ပါဝင်သူများမှတ်ပုံတင်စာရင်းတွင် အမည်ဦးစွာရေးသွင်းထားခြင်းခံရသူက ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားပြုသူဖြင့် ဖြစ်စေ ပေးအပ်သောမဲကိုသာလက်ခံမည်ဖြစ်ပြီး၊ အခြားပူးတွဲပိုင်ဆိုင်ထားသူများ၏ မဲများကို ထည့်သွင်းစဉ်းစားခြင်း ပြုမည် မဟုတ်ပါ။

မည်သည့်အထွေထွေအစည်းအဝေးတွင်မဆို အစည်းအဝေးက ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် မဲပေးရန် လိုအပ်သောကိစ္စများတွင် (ဆန္ဒမဲပေးခြင်း၏ရလဒ်ကို ကြေညာခြင်းမပြုမီဖြစ်စေ၊ ကြေညာသည့်အခါတွင်ဖြစ်စေ) လက်ပြ၍မဲပေးခြင်းနည်းလမ်းကိုအသုံးပြုရန်တောင်းဆိုခဲ့လျှင်မှအပ ဆန္ဒမဲပေးခြင်းနည်းလမ်းဖြင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းပြုလုပ်မည်ဖြစ်ပါသည်။ ဆန္ဒမဲပေးခြင်းနည်းလမ်းကို အထွေထွေအစည်းအဝေး၏ဥက္ကဋ္ဌကသော်လည်း ကောင်း၊ အနည်းဆုံး အစုရှယ်ယာရှင် ငါးဦး သို့မဟုတ် ဆန္ဒမဲပေးခြင်းတွင် မဲပေးနိုင်သည့်အရေအတွက်၏ ၁၀ ရာခိုင်နှုန်းကိုပိုင်ဆိုင်ထားသော အစုရှယ်ယာရှင်များကသော်လည်းကောင်း တောင်းဆိုနိုင်ပါသည်။

လက်ပြခြင်းနည်းလမ်းဖြင့်ဖြစ်စေ၊ ဆန္ဒမဲပေးခြင်းနည်းလမ်းဖြင့်ဖြစ်စေ မဲပေးရာတွင် အရေအတွက်တူညီ နေပါက၊ အထွေထွေအစည်းအဝေး၏ဥက္ကဋ္ဌသည် ဒုတိယ သို့မဟုတ် အဆုံးအဖြတ်မဲကို ပေးပိုင်ခွင့်ရှိပါသည်။

*အမြတ်ဝေစုများ*

ဒါရိုက်တာများကထောက်ခံတင်ပြထားသောငွေပမာဏထက် မပိုလျှင်၊ အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီသည် အမြတ်ဝေစုများကို ကြေညာနိုင်သည်။ ကုမ္ပဏီ၏ အမြတ်ရရှိမှုများအပေါ်မူတည်၍ အမြတ်ဝေစု ပေးနိုင်သည်ဟု ဒါရိုက်တာများကသုံးသပ်လျှင် အထွေထွေအစည်းအဝေး၏အတည်ပြုချက်တစ်စုံတစ်ရာ မလိုအပ်ဘဲ၊ ဒါရိုက်တာများက ကြားဖြတ်အမြတ်ဝေစုကို အခါအားလျော်စွာပေးအပ်နိုင်ပါသည်။ အမြတ်ဝေစုများကို အဆိုပါနှစ်၏အမြတ်များမှဖြစ်စေ၊ အခြားမခွဲဝေရသေးသောအမြတ်များမှဖြစ်စေပေးအပ်ခြင်းမှအပ အခြား နည်းလမ်းများဖြင့် အမြတ်ဝေစုများ ပေးအပ်မည်မဟုတ်ပါ။

ဒါရိုက်တာများသည် အမြတ်ဝေစုအတွက်ထောက်ခံခြင်းမပြုမီ ကုမ္ပဏီ၏အမြတ်များအနက်မှ ၎င်းတို့ သင့်သည်ထင်မြင်သည့်ငွေပမာဏကို အရန်ငွေ သို့မဟုတ် အရန်ငွေများအဖြစ် ချန်လှပ်ထားနိုင်ပြီး၊ ယင်းတို့ကို မမျှော်မှန်းနိုင်သောကိစ္စရပ်များ သို့မဟုတ် အမြတ်ဝေစုများညီမျှစေခြင်း သို့မဟုတ် ကုမ္ပဏီ၏အမြတ်များကို သင့်လျော်သောနည်းလမ်းများဖြင့်အသုံးပြုနိုင်သည့်ကိစ္စရပ်များတို့အတွက် ဒါရိုက်တာများ၏ ဆင်ခြင်သုံးသပ်မှုဖြင့် အသုံးပြုနိုင်ပါသည်။

ကုမ္ပဏီသည် အောက်ဖော်ပြပါအချက်များနှင့်မပြည့်စုံလျှင် အမြတ်ဝေစုခွဲဝေပေးခြင်းကို မပြုလုပ်ဘဲ နေနိုင်ပါသည် - (၁) အမြတ်ခွဲဝေမှုပြုလုပ်ပြီးလျှင်ပြီးချင်း၊ ကုမ္ပဏီသည် ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေတွင်ဖော်ပြထားသော ကြွေးမြီစစ်ဆေးချက်ကို ပြည့်မီရမည်ဖြစ်သည်၊ (၂) အမြတ်ဝေစုခွဲဝေပေးခြင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များတစ်စုလုံးအပေါ်တွင် သင့်လျော်မျှတမှုရှိရမည်ဖြစ်သည်၊ နှင့် (၃) အမြတ်ဝေစု ခွဲဝေပေးခြင်းသည် ၎င်း၏မြီရှင်များအား ပြန်လည်ပေးဆပ်နိုင်မှုအပေါ် အရေးပါသောထိခိုက်မှု မဖြစ်ပေါ်စေခြင်း။

လက်ရှိအချိန်တွင် ထုတ်ဝေရောင်းချထားခြင်းမရှိသေးသည့်အစုရှယ်ယာများအပေါ် တွဲဖက်ထားနိုင်သည့် အထူး အမြတ်ဝေစုဆိုင်ရာအခွင့်အရေးများမှအပ၊ အားလုံးသောအစုရှယ်ယာများအပေါ်တွင်ပေးအပ်သော အမြတ်ဝေစုအားလုံးသည် ညီတူညီမျှပေးချေရမည်ဖြစ်ပြီး၊ အဆိုပါအစုရှယ်ယာအရေအတွက်အပေါ်မူတည်၍ အချိုးကျဖြစ်သောငွေပမာဏကို ပေးချေရမည်။

*အစုရှယ်ယာများ ထုတ်ဝေရောင်းချခြင်း*

ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ်၊ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် ရန်ကုန်စတော့အိပ်ချိန်း

၏ လုပ်ငန်းပိုင်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ၊ အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီကချမှတ်သော အထူးဆုံးဖြတ်ချက်အရ ဒါရိုက်တာများသည် အဆိုပါအထူးဆုံးဖြတ်ချက်တွင် သတ်မှတ်ခဲ့သည့်အရေအတွက်နှင့်ပမာဏအတိုင်း၊ အစုရှယ်ယာအသစ်များ ထုတ်ဝေရောင်းချခြင်းဖြင့် မတည်ရင်းနှီးငွေကို တိုးမြှင့်နိုင်ပြီး၊ ကုမ္ပဏီက အခါအားလျော်စွာချမှတ်နိုင်သည့် အထူးဆုံးဖြတ်ချက်ဖြင့်သတ်မှတ်သည့်အလျောက် အမြတ်ဝေစုပေးခြင်း၊ မဲပေးခြင်း၊ မတည်ငွေရင်းပြန်အမ်းခြင်း သို့မဟုတ် အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဦးစားပေးအခွင့်အရေး၊ ဆိုင်းငံ့ထားသောအခွင့်အရေး သို့မဟုတ် အခြားအထူးအခွင့်အရေးများ သို့မဟုတ် ကန့်သတ်ထားခြင်းများကို ယင်းအစုရှယ်ယာများအပေါ် သတ်မှတ်နိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ်က လက်ရှိအစုရှယ်ယာရှင်များအား ဦးစားပေးအခွင့်အရေးများပေးအပ်ထားပြီး၊ ယင်းအချက်အား အထွေထွေအစည်းအဝေးတွင် အထူးဆုံးဖြတ်ချက်ချမှတ်ခြင်းဖြင့် ပယ်ဖျက်နိုင်ပါသည်။

*အတန်းအစားဆိုင်ရာ အခွင့်အရေးများ ပြောင်းလဲခြင်း*

အစုရှယ်ယာအမျိုးအစားတစ်ခုတွင်တွဲဖက်ထားသော အခွင့်အရေးများအား ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို - (က) ကုမ္ပဏီတွင်ပါဝင်သူများ၏ အနည်းဆုံး ၇၅ ရာခိုင်နှုန်းက စာဖြင့်ရေးသားထားသော သဘောတူညီချက်၊ သို့မဟုတ် (ခ) ၎င်းတို့၏အခွင့်အရေးများကို ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်ခံရမည့်အစုရှယ်ယာအမျိုးအစားတွင် ပါဝင်သူများ၏အစည်းအဝေးကချမှတ်သော အထူးဆုံးဖြတ်ချက်ဖြင့် ပြုလုပ်နိုင်ပါသည်။

*အစုရှယ်ယာများ လွှဲပြောင်းခြင်း*

အစုရှယ်ယာရှင်များသည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေနှင့် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေများတို့နှင့်အညီ အစုရှယ်ယာများကိုလွှဲပြောင်းနိုင်ပါသည်။

*အထွေထွေအစည်းအဝေးနှင့် အကြောင်းကြားစာများ*

အစုရှယ်ယာရှင်တစ်ဦးချင်းစီသည် မိမိတို့ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးများအတွက် အကြောင်းကြားစာ လက်ခံရရှိရန်၊ တက်ရောက်ရန် နှင့် မဲပေးရန် အခွင့်အရေးများရှိပြီး၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ် သို့မဟုတ် ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတို့အရ အစုရှယ်ယာရှင်များထံသို့ပေးပို့ရန်လိုအပ်သည့် အကြောင်းကြားစာများ၊ စာရင်းများနှင့် အခြားသောစာရွက်စာတမ်းများအားလုံးကို လက်ခံရရှိပိုင်ခွင့်ရှိပါသည်။ အစုရှယ်ယာရှင်များထံသို့ အစည်းအဝေးတစ်ရပ်အတွက်အကြောင်းကြားစာကို အနည်းဆုံး ၂၈ ရက်ကြိုတင်၍ ပေးပို့ရမည် ဖြစ်ပါသည်။

*ဖျက်သိမ်းခြင်း*

ကုမ္ပဏီအားဖျက်သိမ်းခြင်းကို လူမွဲခံယူခြင်းဆိုင်ရာဥပဒေ (ဥပဒေအမှတ် ၁/၂၀၂၀) နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

*ဒါရိုက်တာများ - ခန့်အပ်ခြင်းနှင့် ဖယ်ရှားခြင်း*

အနည်းဆုံးရှိရမည့် ဒါရိုက်တာများအရေအတွက်သည် ခုနစ်ဦး ဖြစ်ပြီး၊ အများဆုံးအရေအတွက်သည် ၂၁ ဦး ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ်တို့နှင့်အညီ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ဒါရိုက်တာများအား ရွေးချယ်တင်မြှောက်ပါသည်။ ဒါရိုက်တာတစ်ဦးဖြစ်ရန်အတွက် အရည်အချင်း (အတိအလင်းသတ်မှတ်ထားသည်မှတပါး)မှာ အစုရှယ်ယာပေါင်း ၂၅,၀၀၀ ပိုင်ဆိုင်ထားခြင်းနှင့်

၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် သတ်မှတ်ထားသည့်အရည်အချင်းများရှိရမည်ဖြစ်ပါသည်။

ဒါရိုက်တာများသည် ဒါရိုက်တာအဖွဲ့တွင် သာမန်အားဖြင့် လစ်လပ်နေသောနေရာအတွက်ဖြစ်စေ၊ လက်ရှိဒါရိုက်တာများအပြင် ထပ်တိုး၍ဖြစ်စေ၊ ဒါရိုက်တာတစ်ဦးအားခန့်အပ်နိုင်ပြီး အဆိုပါဒါရိုက်တာသည် အထွေထွေအစည်းအဝေး နောက်တစ်ကြိမ်ကျင်းပသည့်အချိန်အထိ တာဝန်ထမ်းဆောင်နိုင်ကာ ယင်းအထွေထွေ အစည်းအဝေးကို ယင်းကဲ့သို့ ခန့်အပ်သည့်အချိန်မှ ၆ လအတွင်း ခေါ်ယူကျင်းပရမည်ဖြစ်ပါသည်။

အထွေထွေအစည်းအဝေးတိုင်းတွင် ယင်းအချိန်၌ရှိနေသော ဒါရိုက်တာများ၏ သုံးပုံတစ်ပုံ (သို့မဟုတ် ၎င်းတို့၏အရေအတွက်သည် သုံးဦး သို့မဟုတ် သုံးဦး၏ ဆတိုးကိန်း မဟုတ်ခဲ့လျှင်၊ သုံးပုံတစ်ပုံနှင့် အနီးဆုံးဖြစ်သော ကိန်းပြည့်အရေအတွက်) သည် တာဝန်မှအနားယူရမည်ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်းတွင် အနားယူရမည့် ဒါရိုက်တာများမှာ ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်သူများအနက်မှ ၎င်းတို့အား နောက်ဆုံးရွေးချယ်တင်မြောက်ခံရသည်မှ သက်တမ်းအကြာဆုံးပုဂ္ဂိုလ်များဖြစ်ပြီး၊ အကယ်၍ တစ်ချိန်တည်းတွင် ဒါရိုက်တာများဖြစ်လာသူများအတွက် (၎င်းတို့အကြား အခြားနည်းဖြင့်သဘောတူညီမှုရှိလျှင်မှအပ) အစည်းအဝေး၏ဥက္ကဋ္ဌက ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ အနားယူသွားသောဒါရိုက်တာများသည် ပြန်လည်ရွေးချယ်ခံပိုင်ခွင့် ရှိပါသည်။

မည်သည့်ဒါရိုက်တာအားမဆို ဤရည်ရွယ်ချက်အတွက်ခေါ်ယူကျင်းပသော အထွေထွေအစည်းအဝေး တစ်ရပ်၏ သာမန်ဆုံးဖြတ်ချက်ဖြင့်ဖြစ်စေ၊ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ စာဖြင့်ရေးသားထား သောဆုံးဖြတ်ချက်ချမှတ်ခြင်းဖြင့်ဖြစ်စေ၊ ကုမ္ပဏီက ဖယ်ရှားနိုင်သည်။

*ဒါရိုက်တာများ - မဲပေးခြင်း*

မည်သည့်အစည်းအဝေးတွင်မဆိုတင်သွင်းသောကိစ္စရပ်များအတွက် မဲအများစု၏ဆန္ဒအတိုင်း ဆုံးဖြတ် ချက် ချမှတ်ရမည်ဖြစ်ပါသည်။ မဲအရေအတွက်တူညီနေပါက အစည်းအဝေး၏ဥက္ကဋ္ဌသည် ဒုတိယ သို့မဟုတ် အဆုံးအဖြတ်မဲကို ပေးရမည်ဖြစ်ပါသည်။

*ဒါရိုက်တာများ - အခကြေးငွေ*

ဒါရိုက်တာများအား အခါအားလျော်စွာ ဒါရိုက်တာများကအတည်ပြုသည့် တာဝန်ထမ်းဆောင်မှုများ အတွက်ချီးမြှင့်သည့် အများဆုံး စုစုပေါင်း ငွေပမာဏကို ပေးအပ်ရမည်ဖြစ်ပါသည်။

*မတည်ရင်းနှီးငွေ ပြောင်းလဲခြင်း*

၂၀၁၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေ၊ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေများတို့နှင့်အညီ မိမိတို့ကုမ္ပဏီသည် ၎င်း၏ အစုရှယ်ယာမတည်ရင်းနှီးငွေကို ပြောင်းလဲနိုင်ပါသည်။

*ဒါရိုက်တာများနှင့်အရာရှိများ နစ်နာကြေး*

ကုမ္ပဏီ၏ ဒါရိုက်တာတိုင်းနှင့်အရာရှိတိုင်းအား အစိုးရ သို့မဟုတ် ဒေသဆိုင်ရာအာဏာပိုင်များထံမှ စီမံကိန်းအတည်ပြုချက်ရရှိရေးအတွက် ပဏာမလုပ်ငန်းစဉ်များဆောင်ရွက်ခြင်းနှင့် အခြားသောသာမန်တာဝန်များ ထမ်းဆောင်ခြင်းတို့တွင် ၎င်းတို့ကျခံခဲ့သော ဆုံးရှုံးမှုများနှင့်ကုန်ကျစရိတ်များအားလုံးအတွက်၊ ၎င်းတို့က ရည်ရွယ် ချက်ရှိရှိဖြင့်ပြုလုပ်သော မရိုးသားမှုများ သို့မဟုတ် ပျက်ကွက်မှုများမှအပ ဥပဒေကခွင့်ပြုထားသည့် အမြင့်ဆုံးသော အတိုင်းအတာအထိ ကုမ္ပဏီက နစ်နာကြေးအပြည့်အဝပေးရမည် ဖြစ်ပါသည်။

*ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ်အား ပြောင်းလဲခြင်း*

ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ်အား ကုမ္ပဏီ၏အထူးဆုံးဖြတ်ချက်ဖြင့်သာ ပြောင်းလဲနိုင်ပါသည်။ ဆုံးဖြတ်ရန်ချမှတ်ရန်အဆိုပြုရန် ရည်ရွယ်ဖော်ပြထားသည့် စာဖြင့်ရေးသားထားသောအကြောင်းကြားစာကို အနည်းဆုံး ၂၈ ရက်ကြိုတင်၍ ပေးပို့ရမည်ဖြစ်ပါသည်။

**၂။ အစုရှယ်ယာများ ထုတ်ဝေရောင်းချခြင်း**

မိမိတို့ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ခဲ့သည့်အချိန်မှစ၍ထုတ်ဝေခဲ့သော အစုရှယ်ယာများအရေအတွက်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| ရက်စွဲ | ရောင်းချသည့် အမျိုးအစား | ရောင်းချသည့် အစုရှယ်ယာ အရေအတွက် နှင့် ခွဲဝေမှု | အစုရှယ်ယာ တစ်စု၏ ရောင်းချသည့် ဈေးနှုန်း (မြန်မာကျပ်) | အဖိုးစားနား |
|---|---|---|---|---|
| ၂၀၁၅ ဒီဇင်ဘာလ ၂၄ ရက် | ကနဦးမတည်ရင်းနှီးငွေ | ၅၀၀,၀၀၀ | ၁၀,၀၀၀ | ငွေသား |
| ၂၀၁၆ ဩဂုတ်လ ၁၆ ရက် | ပထမအကြိမ် အချိုးကျ ရောင်းချခြင်း | ၅၀၀,၀၀၀ | ၁၀,၀၀၀ | ငွေသား |
| ၂၀၁၆ အောက်တိုဘာလ ၃၁ ရက် | ဒုတိယအကြိမ် အချိုးကျရောင်းချခြင်း | ၅၇၂,၀၀၀ | ၁၀,၀၀၀ | ငွေသား - အစုရှယ်ယာ ၁၂၂,၀၀၀၊ ငွေသားမဟုတ်သောအခြား - အစုရှယ်ယာ ၄၅၀,၀၀၀ |
| ၂၀၁၇ မတ်လ ၁၀ ရက် | ကနဦး အများပြည်သူသို့ ကမ်းလှမ်းခြင်း (IPO) | ၅၀၀,၀၀၀ | ၁၀,၀၀၀ / ၁၀,၅၀၀ | ငွေသား - အစုရှယ်ယာ ၄၉၂,၆၇၉၊ ငွေသားမဟုတ်သောအခြား - အစုရှယ်ယာ ၇,၃၂၁ |
| ၂၀၁၇ မတ်လ ၃၀ ရက် | အများနှင့် မသက်ဆိုင်သော ကမ်းလှမ်းခြင်း (private placement) | ၉၂,၀၈၆ | ၁၀,၀၀၀ / ၁၀,၅၀၀ | ငွေသား - အစုရှယ်ယာ ၆၄,၄၀၇၊ ငွေသားမဟုတ်သောအခြား - အစုရှယ်ယာ ၂၇,၆၇၉ |
| ၂၀၂၃ မေလ ၃၁ ရက် | တတိယအကြိမ် အချိုးကျ ရောင်းချခြင်း | ၂,၁၆၄,၀၈၆ | ၁,၅၀၀ | ငွေသား |

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်နေ့တွင် မိမိတို့ကုမ္ပဏီသည် လက်ရှိအစုရှယ်ယာရှင်များအား ၁း၁ အချိုးဖြင့် အစုရှယ်ယာများအချိုးကျထည့်ဝင်ခွင့်ပေးခြင်း (Rights Issue) ကို ကြေညာခဲ့ပါသည်။ လက်ရှိအစုရှယ်ယာရှင်များအား အစုရှယ်ယာများကမ်းလှမ်းခြင်း၏ရည်ရွယ်ချက်မှာ ဦးစွာပထမလုပ်ငန်းများထပ်မံတိုးချဲ့ရန် အတွက် ငွေကြေးမြှင့်တင်ခြင်းဖြစ်ပြီး၊ စာရင်းဝင်ခြင်းမပြုမီ လက်ရှိအစုရှယ်ယာရှင်များအား ထပ်မံ၍အစုရှယ်ယာ ဝယ်ယူနိုင်ခွင့်အခွင့်အရေးပေးခြင်းဖြစ်ပါသည်။ အစုရှယ်ယာများအချိုးကျထည့်ဝင်ခွင့်ပေးခြင်းမှ ရရှိလာသော ငွေကြေးကို လာမည့်သုံးနှစ်တာ၊ လေးနှစ်တာကာလအတွင်း ဈေးအဆောက်အဦများ၊ လူနေဆိုင်ခန်းများနှင့် အခြားသောအခြေခံအဆောက်အအုံလုပ်ငန်းများတည်ဆောက်ခြင်းတို့အား အရှိန်မြှင့်လုပ်ဆောင်ရာတွင် အသုံးပြု သွားမည်ဖြစ်သည်။ အစုရှယ်ယာများအချိုးကျထည့်ဝင်ခွင့်ပေးခြင်းသည် မိမိတို့ကုမ္ပဏီ၏ အစုရှယ်ထည့်ဝင်ခြင်းမှ ရင်းနှီးငွေအား တိုးမြှင့်နိုင်စွမ်းရှိသကဲ့သို့ချေးငွေ ရယူခြင်း နှင့် အစုရှယ်ယာထည့်ဝင်ခြင်းတို့မှ ကုမ္ပဏီ၏ ရင်းနှီးငွေ တည်ဆောက်မှုအချိုးကို ပိုမိုထိန်းညှိပေးရာရောက်စေလိမ့်မည်ဖြစ်သည်။ အစုရှယ်ယာများအချိုးကျ ထည့်ဝင်ခွင့် ပေးခြင်းအတွက် ဈေးနှုန်း သတ်မှတ်ခြင်းသည် မိမိတို့ကုမ္ပဏီ၏ လက်ရှိ တိုးတက်ဆောင်ရွက်မှုအစီ အစဉ်များနှင့်

တန်ဖိုးဖြတ်သတ်မှတ်ခြင်းအပေါ်တွင် လျော့်ကန်လျော့ကပ်ပတ်သည့်သုံးသပ်အကဲဖြတ်မှုအပေါ် အခြေခံထားခြင်း ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ကုမ္ပဏီ၏ ပေးချေပြီး မတည်ရင်းနှီးငွေမှာ ၂၃,၈၀၄,၉၄၆,၀၀၀ ကျပ် ဖြစ်ပါသည်။ ထုတ်ဝေပြီးအစုရှယ်ယာများအားလုံးအတွက် အပြည့်အဝပေးချေပြီးဖြစ်ပါသည်။

## အပိုင်း ၅။ ဆက်နွယ်သည့် ပုဂ္ဂိုလ်၊အဖွဲ့အစည်းများဆိုင်ရာ ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုများ

### ၁။ ဆက်နွယ်သည့်ပုဂ္ဂိုလ်၊အဖွဲ့အစည်းများနှင့်ပြုလုပ်သည့် အရေးပါသောရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုများ

မိမိတို့ကုမ္ပဏီ၏ဒါရိုက်တာဖြစ်သူ ဦးသူရိန်အောင်သည် မိမိတို့ကုမ္ပဏီ၏ဥက္ကဋ္ဌဖြစ်သူ ဦးဝင်းအောင်၏သား ဖြစ်ပြီး၊ မိမိတို့ကုမ္ပဏီ၏ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးစစ်လွင်၏သားသမက် ဖြစ်ပါသည်။ အခြားဒါရိုက်တာတစ်ဦးဖြစ်သူ ဦးဘုန်းဘုန်းနိုင်သည် ဦးသူရိန်အောင်၏ယောက်ဖ ဖြစ်ပါသည်။

တည်းကုန်းလက်ကားဈေး၏ အမိကကန်ထရိုက်တာသည် ဒဂုန် ဖြစ်ပြီး ဒဂုန်အုပ်စုသည် မိမိတို့ကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သူ ဦးဝင်းအောင်က ဦးဆောင်ပါသည်။ ဦးဝင်းအောင်နှင့် ဦးသူရိန်အောင်တို့သည် ဒဂုန်အုပ်စု၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အသီးသီးဖြစ်ကြပါသည်။ ဒဂုန်အုပ်စု၏ အခြားသောကုမ္ပဏီများသည် အိမ်ခြံမြေလုပ်ငန်းနှင့် စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်းများတွင် ပါဝင်ပတ်သက်ပါသည်။

ဦးအောင်ကြီးသည် မိမိတို့ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဖြစ်ပြီး၊ ဒဂုန်အုပ်စု၏ လက်အောက်ခံကုမ္ပဏီများတွင် အစုရှယ်ယာပိုင်ဆိုင်ခြင်းမရှိသော ဒါရိုက်တာလည်း ဖြစ်ပါသည်။

ဒဂုန်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ၏ ဒါရိုက်တာများနှင့်အစုရှယ်ယာရှင်များစာရင်းကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

| အမည် | ကုမ္ပဏီ အမည် | ရာထူး | အစုရှယ်ယာရာခိုင်နှုန်း |
|---|---|---|---|
| ဦးဝင်းအောင် | Dagon International Limited | ဥက္ကဋ္ဌ | ၅၀ ရာခိုင်နှုန်း |
| ဒေါ်မိုးမြမြ | Dagon International Limited | ဒါရိုက်တာ | ၅၀ ရာခိုင်နှုန်း |
| ဦးသူရိန်အောင် | Dagon International Limited | အမှုဆောင်အရာရှိချုပ် | - |
| ဦးကျော်ဇောအောင် | Dagon International Limited | ဒါရိုက်တာ | - |
| လက်အောက်ခံ ကုမ္ပဏီများ | | | |
| ဦးအောင်ကြီး | Thuriya Energy Depot Ltd. | ဒါရိုက်တာ | - |

*ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများဆိုင်ရာ ယခင်၊ယခုနှင့် ဆောင်ရွက်ဆဲ ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှု များ*

ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများဆိုင်ရာ ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှု (Related Party Transaction – RPT) အား ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ဆုံးရှုံးနိုင်ခြေရှိသောအဖွဲ့အစည်းတစ်ခုတို့ အကြားပြုလုပ်သော ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုဟုအဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုများတွင် ငွေရေးကြေးရေး အထောက်အပံ့ရယူရန်လျာထားခြင်း၊ ရယူခြင်း၊ ပိုင်ဆိုင်မှုပစ္စည်းများအားရယူခြင်း၊ ထုခွဲခြင်း သို့မဟုတ် ငှားရမ်းခြင်း၊ ဝန်ဆောင်မှုများရယူရန်အတွက်လျာထားခြင်း သို့မဟုတ် ရယူခြင်း၊ ငွေချေးသက်သေခံလက်မှတ်များထုတ်ပေးခြင်း သို့မဟုတ် ရယူခြင်း၊ ရွေးချယ်ပိုင်ခွင့်များအားပေးအပ်ခြင်း သို့မဟုတ် ရယူခြင်း၊ ဖက်စပ်လုပ်ငန်းများ တည်ထောင်ခြင်း သို့မဟုတ် ဖက်စပ်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်းတို့နှင့် အခြားကိစ္စရပ်များ ပါဝင်မည်ဖြစ်ပါသည်။

မိမိတို့အုပ်စုသည် အောက်ဖော်ပြပါ ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းဆိုင်ရာရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုများ ပြုလုပ်ထားကြောင်း မှတ်သားထားပါသည် -

| ဆက်နွယ်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း | ဆက်နွယ်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း ၏ အမျိုးအစား | မဲပေးပိုင်ခွင့် အချိုး | လွှဲပြောင်းမှုအဓိကအချက်များ အကျဉ်း | လွှဲပြောင်းမှု စည်းကမ်းချက်များ | ပမာဏ(ကျပ်) | ၃၀-၉-၂၀၂၂ နှစ်ကုန်အထိ ၁၂ လတာကာလအတွက် စုပေါင်းထားပြီး စာရင်းမစစ်ရသေးသော ဘဏ္ဍာရေးအစီရင်ခံစာပါ အချက် | ၃၀-၉-၂၀၂၂ နှစ်ကုန် လက်ကျန် ကျပ်ငွေ |
|---|---|---|---|---|---|---|---|
| ဒဂုန် | အစုရှယ်ယာရှင် | ၄၃.၇၆% | ဒဂုန်သည် YCDC ၏ တင်ဒါစည်းမျဉ်းများအရ တည င်းကုန်းလက်ကားဈေး၏ အဓိကကန်ထရိုက်တာ ဖြစ်သည်။ ဒဂုန်အား ၎င်း၏အရည်အချင်းပြည့်မီမှု အရ YRG က စာအမှတ် ၄/၇-၁(၁)/သစ စွမ်း ၃၁-၃-၂၀၁၅ဖြင့် အဓိကကန်ထရိုက်တာအဖြစ် ခန့်အပ်ခြင်း ခံရပါသည်။ | **အပိုင်း-၃(၂)- စီးပွားရေးအမျိုးအစား အချက်၅(၂)** သို့ကြည့်ပါရန်။ | **အပိုင်း-၃(၂)- စီးပွားရေးအမျိုးအစား အချက်၅(၂)** သို့ကြည့်ပါရန်။ | မှတ်စု ၁၆(က)<br>- ကြိုတင်ဆောက်လုပ်ရေး ပဋိညာဉ် DIL<br>- အဆင့်မြှင့်သံမဏိ တည်ဆောက်မှု<br>- ပေးချေရန် ဆောက်လုပ်ရေး ပဋိညာဉ် DIL | ၃,၁၀၈,၂၆၈,၀၀၀<br><br>၇၄၀,၇၂၄,၀၀၀<br><br>၁,၅၈၉,၅၁၀,၀၀၀ |
| ဒဂုန် | အစုရှယ်ယာရှင် | ၄၃.၇၆% | ဒဂုန်စင်တာရှိ ရုံးခန်းနေရာနှင့် စပ်လျဉ်း၍ မိမိတို့သည် ဒဂုန်နှင့် ၆လ ငှားရမ်းစာချုပ် ချုပ်ဆိုထားပါသည်။ | **အပိုင်း-၃(၂)- စီးပွားရေးအမျိုးအစား အချက်၅(၄)** သို့ကြည့်ပါရန်။ | **အပိုင်း-၃(၂)- စီးပွားရေးအမျိုးအစား အချက်၅(၄)** သို့ကြည့်ပါရန်။ | - | - |
| ဒေါ်စန်းစန်းဝေ | အမှုဆောင်အရာရှိ | ၀ | လူနေဆိုင်ခန်း အရောင်းအဝယ် | မိမိတို့ကုမ္ပဏီ၏ လူနေဆိုင်ခန်း အရောင်းအဝယ် အတွက် စံသတ်မှတ် စည်းကမ်းချက်များ | ၄၈၆,၃၂၆,၀၀၀ | မှတ်စု ၁၆(က) ဒါရိုက်တာနှင့် အမှုဆောင်အရာရှိတို့ထံ လူနေဆိုင်ခန်း အရောင်းများ | ၁၁၂,၃၃၇,၀၀၀ |
| ဒဂုန် | အစုရှယ်ယာရှင် | ၄၃.၇၆% | ဆောက်လုပ်ရေးပစ္စည်းများအတွက် ဒဂုန်ကိုယ်စား ကုမ္ပဏီက ပေးချေမှု | ဆောက်လုပ်ရေး ကုန်ကျစရိတ် ကြိုတင်ပေးချေမှု | ၁၀,၅၇၉,၀၀၀ | မှတ်စု ၂၁(ခ) DIL ကိုယ်စား ကုမ္ပဏီက ပေးချေမှု | ၁၄,၅၄၇,၀၀၀ |

## ၂။ အခြားသောအကျိုးစီးပွား ငြိစွန်းမှုများ

တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အမှန်တကယ်ဖြစ်စေ၊ အလားအလာရှိသည်ဖြစ်စေ အကျိုးစီးပွား ငြိစွန်းမှုတစ်ခုခုဖြစ်သည့်၊ သဘောတူစာချုပ်တစ်ခုခု၊ စီစဉ်ထားရှိမှုတစ်ခုခု သို့မဟုတ် ၎င်းတို့အတွက် အရေးပါသော ကိုယ်ပိုင်အကျိုးစီးပွားနှင့်စပ်လျဉ်းသော အခြားအဆိုပြုချက်တစ်ခုခုနှင့်စပ်လျဉ်း၍ မိမိတို့ဒါရိုက်တာများ၏ ယုံကြည်အားထားမှုဆိုင်ရာတာဝန်ရှိမှုနှင့် ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ဒါရိုက်တာများ၏ တာဝန်တို့အရ ဖွင့်ဟရန်လိုအပ်ကြောင်း သတ်မှတ်ထားချက်နှင့်အညီ မိမိတို့၏ ဒါရိုက်တာများက ဆောင်ရွက်မည်ဟု မိမိတို့ကုမ္ပဏီက ယုံကြည်ပါသည်။ ယင်းကဲ့သို့ ဖွင့်ဟသည့်အခါတွင် အဆိုပါဒါရိုက်တာ (များ) သည် မိမိတို့၏ စာရင်းစစ်ကော်မတီ၏ အကျိုးစီးပွားသက်ဆိုင်ခြင်းမရှိသော အဖွဲ့ဝင်များက ယင်းကဲ့သို့ အကျိုးစီးပွားငြိစွန်းခြင်းမရှိကြောင်း သတ်မှတ်လျှင်မှအပ သက်ဆိုင်ရာသဘောတူစာချုပ်၊ စီစဉ်ထားရှိမှု၊ အဆိုပြုမှု၊ လွှဲပြောင်းဆောင်ရွက်မှု သို့မဟုတ် ကိစ္စရပ်နှင့်စပ်လျဉ်း၍ မဲပေးခြင်းမှ ရှောင်ကြဉ်ရမည် ဖြစ်ပါသည်။

မိမိတို့၏ ဒါရိုက်တာများအနက် တစ်ဦးဖြစ်သူ ဦးသောင်းတင်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ တညင်းကုန်းလက်ကားဈေးမှအပ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြားသော သားငါးဈေးနှင့် လက်ကားဈေးများအားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ပိုင်ဆိုင်ပြီး လုပ်ငန်းလည်ပတ်ဆောင်ရွက်ပါသည်။ ဤဒါရိုက်တာသည် ၎င်းအနေဖြင့် အကျိုးစီးပွားငြိစွန်းနိုင်မှု ရှိပါက မိမိတို့ဒါရိုက်တာအဖွဲ့၏ဆွေးနွေးချက်တစ်ရပ်ရပ် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက် မည်မဟုတ်ကြောင်း သဘောတူထားရှိပါသည်။

*ဆက်နွယ်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုများဆိုင်ရာလုပ်ထုံးလုပ်နည်းများ*

မိမိတို့ကုမ္ပဏီ၏ ဒါရိုက်တာများသည် ဆက်နွယ်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုများဆိုင်ရာလုပ်ထုံးလုပ်နည်းများအား ပုံမှန်စီးပွားရေးဆိုင်ရာစည်းမျဉ်းများနှင့်အညီဖြစ်ပြီး၊ ဆက်နွယ်သည့်ပုဂ္ဂိုလ် အဖွဲ့အစည်းများအတွက် မိမိတို့ကုမ္ပဏီနှင့် မိမိတို့၏အစုရှယ်ယာရှင်အနည်းစု၏ အကျိုးစီးပွားအပေါ် ထိခိုက်နိုင်ခြင်းမရှိသည့် သီးခြားအဖွဲ့အစည်းကဲ့သို့ မှတ်ယူ၍ မျက်နှာသာပေးထားခြင်းမရှိသည့် ဈေးနှုန်းနှင့် စာချုပ်စည်းကမ်းများအတိုင်း အဖွဲ့အစည်းအချင်းချင်းအကြားလွှမ်းမိုးမှုတစ်စုံတစ်ရာမရှိပဲ လွတ်လွတ်လပ်လပ်ဖြင့် ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်စေရန် သဘောထားအမြင်ဖြင့် လက်ခံကျင့်သုံးခဲ့ပါသည်။ ဆက်နွယ်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုများဆိုင်ရာလုပ်ထုံးလုပ်နည်းများအား မိမိတို့ဒါရိုက်တာအဖွဲ့ကသင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း မိမိတို့၏ဒါရိုက်တာများက အခါအားလျော်စွာ ပြင်ဆင်မည်ဖြစ်ပြီး၊ ယင်းကဲ့သို့ပြင်ဆင်ခြင်းများပြုလုပ်ခဲ့ပါက ကုမ္ပဏီ၏နှစ်စဉ်အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြမည်ဖြစ်ပါသည်။

*အထွေထွေလုပ်ထုံးလုပ်နည်းများ*

ဆက်နွယ်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုများဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါလုပ်ထုံးလုပ်နည်းများကို မိမိတို့ကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည် -

- ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းတစ်ရပ်မှ ထုတ်ကုန်တစ်ခုခုဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ်ရပ်ရယူခြင်းပြုလုပ်ခဲ့ပါက ဆက်နွယ်မှုမရှိသည့်အဖွဲ့အစည်းများထံမှ ထပ်ဆောင်းဈေးနှုန်းကမ်းလှမ်းလွှာနှစ်ရပ်ကိုရယူပြီး နှိုင်းယှဉ်သုံးသပ်မည်ဖြစ်ပြီး မိမိတို့ကုမ္ပဏီနှင့် မိမိတို့၏ အစုရှယ်ယာရှင်အနည်းစုတို့၏ အကျိုးစီးပွားအပေါ်ထိခိုက်နိုင်ခြင်းမရှိစေရန်ဆောင်ရွက်မည်ဖြစ်ပါသည်။ ဝယ်ယူမည့်ဈေးနှုန်း သို့မဟုတ် ဝန်ဆောင်မှုအတွက်အခကြေးငွေသည် ဆက်စပ်ခြင်းမရှိသောအဖွဲ့အစည်းများထံမှ

ရရှိသော ထပ်ဆောင်း ဈေးနှုန်းကမ်းလှမ်းလွှာနှစ်ရပ်အနက်အကောင်းဆုံးယှဉ်ပြိုင်နိုင်စွမ်းရှိသည့်ဈေးနှုန်း သို့မဟုတ် အခကြေးငွေထက် ပိုမိုမြင့်မားခြင်း မရှိစေရမည်ဖြစ်ပါသည်။ အကောင်းဆုံးယှဉ်ပြိုင်နိုင်စွမ်း ရှိသည့်ဈေးနှုန်း သို့မဟုတ် အခကြေးငွေကိုသတ်မှတ်ရန်စဉ်းစားသုံးသပ်ရာတွင် အရည်အသွေး၊ လိုအပ်ချက်များ၊ စံသတ်မှတ်ချက်များ၊ ပေးပို့မည့်အချိန်ကာလ၊ ယခင်ဆောင်ရွက်မှုမှတ်တမ်းများ အပါအဝင်နှင့် အခြားသောသက်ဆိုင်သည့် အချက်အလက်များကို ထည့်သွင်းစဉ်းစားသုံးသပ်ရမည် ဖြစ်ပါသည်။

- ဆက်နွယ်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းတစ်ရပ်သို့ ထုတ်ကုန်တစ်ခုခုရောင်းချခြင်း၊ သို့မဟုတ် ဝန်ဆောင်မှု တစ်ရပ်ရပ် ပေးအပ်ခြင်းပြုလုပ်လျှင်ဆက်နွယ်မှုမရှိသော အဖွဲ့အစည်းသို့အလားတူသဘောသဘာဝရှိပြီး အောင်မြင်စွာပြုလုပ်နိုင်ခဲ့သည့် အခြားသောရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုနှစ်ရပ်ကိုနှိုင်းယှဉ်ရန် အသုံးပြုမည်ဖြစ်ပြီး မိမိတို့ကုမ္ပဏီနှင့် မိမိတို့၏အစုရှယ်ယာရှင်အနည်းစုတို့၏ အကျိုးစီးပွားအပေါ် ထိခိုက်နိုင်ခြင်းမရှိစေရန် ဆောင်ရွက်မည်ဖြစ်ပါသည်။ ထုတ်ကုန်များရောင်းချခြင်းအတွက် ဈေးနှုန်း သို့မဟုတ် ဝန်ဆောင်မှု ပေးအပ်ခြင်းအတွက် အခကြေးငွေသည် ဆက်စပ်မှုမရှိသောအဖွဲ့အစည်းများအပေါ် ပေးအပ်ခဲ့သည့် ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုနှစ်ရပ်အနက် အနည်းဆုံးဈေးနှုန်းသို့မဟုတ် အခကြေး ငွေထက် ပိုမိုလျော့နည်းခြင်း မရှိစေရမည် ဖြစ်ပါသည်။
- ဆက်နွယ်သည့်ပုဂ္ဂိုလ်၊အဖွဲ့အစည်းတစ်ခုမှ သို့မဟုတ် တစ်ခုသို့ ပိုင်ဆိုင်မှုပစ္စည်းများ ငှားရမ်းရာတွင် အလားတူ ပိုင်ဆိုင်မှုပစ္စည်းများ၏ မြေပိုင်ရှင်များထံမေးမြန်းစုံစမ်းခြင်း၊ (သင့်လျော်သည်ဟုယူဆပါက ပိုင်ဆိုင်မှု ပစ္စည်းတန်ဖိုး ခန့်မှန်းသတ်မှတ်သူတစ်ဦး၏လွတ်လပ်သောတန်ဖိုးသတ်မှတ်ခြင်းများအပါအဝင်) အခြေပစ္စည်းပွဲစားများက ပုံနှိပ်ထုတ်ဝေသည့်သင့်လျော်သော အစီရင်ခံစာများနှင့် သုံးသပ်ချက်များ ရယူခြင်းတို့အပါအဝင် အဆိုပါငှားရမ်းခသည် လက်ရှိဈေးကွက်ပေါက်ဈေးနှင့်ကိုက်ညီနိုင်စေရန်အတွက် လိုအပ်သော အဆင့်များကိုဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပေးချေရမည့်ငှားရမ်းခသည် အလားတူပိုင်ဆိုင်မှု ပစ္စည်းများ၏ အကောင်းဆုံးဈေးကွက်ပေါက်ဈေးနှုန်းထား၊ အသုံးပြုရန်ရည်ရွယ်ချက်၊ တည်နေရာတို့ သင့်လျော် ကိုက်ညီမှု၊ နှင့် သက်ဆိုင်ရာမေးမြန်းစုံစမ်းမှုတို့၏ ရလဒ်များကိုအခြေခံရမည်ဖြစ်ပါသည်။
- ဆက်နွယ်သည့်ပုဂ္ဂိုလ်၊အဖွဲ့အစည်းမှသာ ရရှိနိုင်သည့်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများဖြစ်သောကြောင့် ဆက်နွယ်မှုမရှိသောအခြားအဖွဲ့အစည်းများနှင့်ပြုလုပ်သော ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုများမှ စည်းမျဉ်းများကို နှိုင်းယှဉ်ခြင်းပြုလုပ်ရန်မဖြစ်နိုင်လျှင်အမှုဆောင်အရာရှိချုပ် သို့မဟုတ် ဘဏ္ဍာရေးအရာရှိ ချုပ်က အဆိုပါရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုတွင် အကျိုးခံစားခွင့်မရှိခဲ့ပါက ၎င်းကသော်လည်း ကောင်း၊ အကျိုးခံစားခွင့်ရှိခဲ့ပါက မိမိတို့၏စာရင်းစစ်ကော်မတီက မိမိတို့၏ပုံမှန်စီးပွားရေး အလေ့အထ များနှင့်မူဝါဒများကိုအခြေပြု၍သော်လည်းကောင်း၊ ဆက်နွယ်သည့်ပုဂ္ဂိုလ်၊အဖွဲ့အစည်းများ၏ ရောင်းဝယ် လွှဲပြောင်းမှုများအား အတည်ပြုရမည်ဖြစ်ပါသည်။ အဆိုပါထုတ်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုများ အတွက် ဆက်နွယ်သည့်အဖွဲ့အစည်းသို့ပေးချေရမည့် လွှဲပြောင်းဆောင်ရွက်ခြင်းဆိုင်ရာ ဈေးနှုန်းကို သတ်မှတ်ရာတွင် အရည်အသွေး၊ လိုအပ်ချက်နှင့်ကိုက်ညီမှု၊ စံသတ်မှတ်ချက်များအပြင် အခြား သက်ဆိုင်သည့်အချက်အလက်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။

*သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း လုပ်ငန်းစဉ်*

(က) မိမိတို့ကုမ္ပဏီကပြုလုပ်သော ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်း ဆောင်ရွက်မှုအား အောက်ပါနည်းလမ်းများဖြင့် ခွဲခြားသတ်မှတ်မည် ဖြစ်ပါသည် -

(၁) အုပ်စု ၁ - နောက်ဆုံး စာရင်းစစ်ထားချက်အရ ကုမ္ပဏီ၏အသားတင်ထိတွေ့ကိုင်တွယ်နိုင်သည့် ပိုင်ဆိုင်မှုပစ္စည်းများတန်ဖိုး၏ ၃ ရာခိုင်နှုန်းနှင့်ညီမျှသော သို့မဟုတ် ၎င်းထက်ပိုမိုသည့် ဆက်နွယ် သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ အကြား ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှု

(၂) အုပ်စု ၂ - နောက်ဆုံး စာရင်းစစ်ထားချက်အရ ကုမ္ပဏီ၏အသားတင် ထိတွေ့ကိုင်တွယ်နိုင်သည့် ပိုင်ဆိုင်မှုပစ္စည်းများတန်ဖိုး၏ ၃ ရာခိုင်နှုန်းအောက် လျော့နည်းသော်လည်း ကျပ် ၁၀၀,၀၀၀,၀၀၀

နှင့်ညီမျှသော သို့မဟုတ် ပိုမိုသော ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှု၊

(၃) အုပ်စု ၃ - ကျပ် ၁၀၀,၀၀၀,၀၀၀ အောက်လျော့နည်းသည့် ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှု၊

(ခ) ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုအပေါ် သက်ဆိုင်ရာ အုပ်စုခွဲခြားမှုအတွက် သတ်မှတ်ထားသောတန်ဖိုးကို မိမိတို့၏ဒါရိုက်တာအဖွဲ့က သင့်လျော်သည်ဟု ယူဆသည့်အခါအားလျော်စွာ မိမိတို့ ဒါရိုက်တာအဖွဲ့က ပြင်ဆင်သတ်မှတ်နိုင်ပါသည်။

(ဂ) အုပ်စု ၁ ပါ ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်ခြင်းမပြုမီ စာရင်းစစ်ကော်မတီ၏ အတည်ပြုချက်ကို ရယူရမည် ဖြစ်ပါသည်။

(ဃ)အုပ်စု ၂ ပါ ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်ခြင်း မပြုလုပ်မီ စာရင်းစစ်ကော်မတီ၏အတည်ပြုချက်ကိုရယူရန် မလိုအပ်သော်လည်း၊ အမှုဆောင်အရာရှိချုပ်နှင့် ဘဏ္ဍာရေးအရာရှိချုပ်တို့၏ ကြိုတင်အတည်ပြုချက်ကိုရယူရမည်ဖြစ်ပြီး၊ မိမိတို့၏စာရင်းစစ်ကော်မတီက သုံးလလျှင် တစ်ကြိမ် သုံးသပ်မှုပြုလုပ်ရမည်ဖြစ်ပါသည်။

(င) အုပ်စု ၃ ပါ ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်ခြင်း မပြုလုပ်မီ စာရင်းစစ်ကော်မတီသို့မဟုတ် အမှုဆောင်အရာရှိချုပ် သို့မဟုတ် ဘဏ္ဍာရေးအရာရှိချုပ်တို့၏ အတည်ပြုချက်ကိုရယူရန်မလိုအပ်သော်လည်း၊ မိမိတို့၏စာရင်းစစ်ကော်မတီက သုံးလလျှင်တစ်ကြိမ် သုံးသပ်မှုပြုလုပ်ရမည်ဖြစ်ပါသည်။

(စ) မိမိတို့၏စာရင်းစစ်ကော်မတီသည် ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှု ရှိခဲ့လျှင်၊ ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအချင်းချင်းအကြား လွှမ်းမိုးမှုတစ်စုံတစ်ရာမရှိပဲ လွတ်လပ်သည့်အခြေခံဖြင့်ဆောင်ရွက်ကြောင်းသိရှိနိုင်စေရန် သုံးလပတ်တိုင်း စိစစ်မှုများ ပြုလုပ်မည်ဖြစ်ပါသည်။ အထက်တွင်အကျဉ်းချုပ်အားဖြင့်ဖော်ပြခဲ့သော လုပ်ထုံးလုပ်နည်းများနှင့်အညီ မိမိတို့၏ စာရင်းစစ်ကော်မတီသည် ကိန်းဂဏန်းဖြင့်မဖော်ပြနိုင်သော အချက်အလက်များအားလုံးကို ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်။

(ဆ) စာရင်းစစ်ကော်မတီက ၎င်း၏သုံးသပ်ချက်ပြုလုပ်ရာတွင်အထောက်အကူဖြစ်စေရန်အတွက် မိမိတို့သည် သက်ဆိုင်ရာသတင်းအချက်အလက်များအားလုံးကိုပြုစုမည်ဖြစ်ပြီး၊ ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုများအားလုံးကိုလည်း မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်ထားမည်ဖြစ်ပါသည်။ ဈေးနှုန်းကမ်းလှမ်းခြင်းနှင့် ယင်းတို့အတွက် အခြေခံအထောက်အထားများ အပါအဝင် ရောင်းဝယ်လွှဲပြောင်း ဆောင်ရွက်ချက်များပြုလုပ်ရသည့် အခြေခံအချက်အလက်များကိုလည်း မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

(ဇ) ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုများ အမျိုးအစားအားလုံးအတွက် စိစစ်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းလုပ်ငန်းစဉ်များတွင် အောက်ပါတို့ကို အသုံးပြုပါသည် -

(၁) အကယ်၍ မိမိတို့၏အမှုဆောင်အရာရှိချုပ်သို့မဟုတ် ဘဏ္ဍာရေးအရာရှိချုပ်တို့သည် ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုတွင် အကျိုးစီးပွားပါဝင်ပတ်သက်နေလျှင် သို့မဟုတ် သက်ဆိုင်ရာ ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏အဆိုပြုထားသူဖြစ်နေလျှင် စိစစ်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းလုပ်ငန်းစဉ်အား မိမိတို့စာရင်းစစ်ကော်မတီ၏ဥက္ကဋ္ဌ သို့မဟုတ် မိမိတို့ စာရင်းစစ်ကော်မတီ၏ဥက္ကဋ္ဌက အဆိုပါကိစ္စရပ်ဆောင်ရွက်ရန်အတွက် အခါအားလျော်စွာ လွှဲအပ်တာဝန်ပေးထားသော (ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုတွင် အကျိုးစီးပွားပါဝင်ပတ်သက်ခြင်းမရှိသည့်အပြင်၊ သက်ဆိုင်ရာဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းမှအဆိုပြုထားသူမဟုတ်သည့်) မိမိတို့၏ စာရင်းစစ်ကော်မတီဝင်တစ်ဦးက ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(၂) အကယ်၍ မိမိတို့စာရင်းစစ်ကော်မတီ၏အဖွဲ့ဝင်တစ်ဦးသည် ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုတစ်ခုတွင် အကျိုးစီးပွားပါဝင်ပတ်သက်ခြင်း သို့မဟုတ် သက်ဆိုင်ရာဆက်နွယ်သည့် ပုဂ္ဂိုလ်၊

အဖွဲ့အစည်းမှ အဆိုပြုထားသူဖြစ်နေလျှင်၊ ယင်းပုဂ္ဂိုလ်သည် စာရင်းစစ်ကော်မတီ၏ စိစစ်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။

*ဖွင့်ဟထုတ်ဖော်ချက်*

မိမိတို့ကုမ္ပဏီ၏နှစ်ပတ်လည်အစီရင်ခံစာတွင် ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းသော မူဝါဒ နှင့် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုများ စုစုပေါင်းတန်ဖိုးနှင့် (ဒါရိုက်တာအဖွဲ့က သင့်တင့်စွာသတ်မှတ်ခဲ့သည့်အတိုင်း) တူညီသော ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းတစ်ခုနှင့် ဆောင်ရွက်ခဲ့သော ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းဆောင်ရွက်မှုများ၏ စုစုပေါင်းတန်ဖိုးတို့ကို ဖွင့်ဟထုတ်ဖော်ရမည်။

# အပိုင်း ၆။ ဘဏ္ဍာရေးဆိုင်ရာသတင်းအချက်အလက်များ

## ၁။ ဘဏ္ဍာရေးဆိုင်ရာသတင်းအချက်အလက်များ

# မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

ဘဏ္ဍာရေးရှင်းတမ်းများ

၂၀၂၁ ခုနှစ် စက်တင်ဘာလ (၃၀) ရက်

ငွေကြေး-မြန်မာကျပ်ငွေ (ထောင်ပေါင်း)

*ဝင်းသင်နှင့်အဖွဲ့ စာရင်းစစ်များ*

*လက်မှတ်ရပြည်သူ့စာရင်းကိုင်များ*

**မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**
**ဘဏ္ဍာရေးရှင်းတမ်းများ**
**၂၀၂၁ ခုနှစ် စက်တင်ဘာလ (၃၀)ရက်**


| **မာတိကာ** | **စာမျက်နှာ** |
|---|---|
| စီမံအုပ်ချုပ်သူများ၏ တာဝန်ဖော်ပြချက် | ၁ |
| **ပြင်ပစာရင်းစစ်အစီရင်ခံစာ** | ၂ - ၃ |
| ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း | ၄ |
| ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း | ၅ |
| အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း | ၆ |
| ငွေသားစီးဆင်းမှုရှင်းတမ်း | ၇ |
| ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများ | ၈ - ၂၅ |

MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616

**မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**
**စီမံအုပ်ချုပ်မှုသူများ၏ တာဝန်ဖော်ပြချက်**

မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၏ ၂၀၂၁ ခုနှစ် ၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း ၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှု ရှင်းတမ်းနှင့် အရေးပါသော စာရင်းဆိုင်ရာမူဝါဒများ အကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြ ထားသော မှတ်စုများပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများကို သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်သာ ဖြစ်ပါသည်။

ယင်းတာဝန်တွင်-

- ဆီလျော်သော စာရင်းဆိုင်ရာ မူဝါဒများအား ရွေးချယ်၍ တစ်သမတ်တည်း ကျင့်သုံးခြင်းနှင့်
- အမြော်အမြင်ရှိပြီး ကျိုးကြောင်းဆီလျော်မှုရှိသော ခန့်မှန်းခြင်းနှင့် ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းတို့ကို ပြုလုပ်ခြင်းတို့ ပါဝင်ပါသည်။

ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေမှန်ကို မည်သည့်အချိန်တွင်မဆို မှန်ကန်စွာဖော်ပြရန်အလို့ငှာ စီမံအုပ်ချုပ်သူများ အနေဖြင့် သင့်လျော်သော စာရင်းမှတ်တမ်းများကို ထိန်းသိမ်းထားရှိရန် တာဝန်ရှိပါသည်။ ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ရပိုင်ခွင့်များကို လုံခြုံမှုရှိစေရန်နှင့် မသမာမှုများနှင့် အခြားစည်းမျဉ်းမကျမှုများကို ကာကွယ်ဖော်ထုတ်ရန်အတွက် သင့်လျော်သလို ဆောင်ရွက်ရန် အထွေထွေတာဝန်ရှိပါသည်။

စီမံအုပ်ချုပ်သူများကိုယ်စား

MYANMAR AGRO EXCHANGE PUBLIC LIMITED

ဦးဝင်းအောင်
ဥက္ကဋ္ဌ
မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

၂၀၂၁ခုနှစ် ၊ ဒီဇင်ဘာ (၂၉) ရက်။

ဝင်းသင်နှင့်အဖွဲ့၊စာရင်းစစ်များ။

**WIN THIN & ASSOCIATES**

**CERTIFIED PUBLIC ACCOUNTANTS**

*HEAD OFFICE:-* Room (2B/2C) 1st Floor, Rose Condominium, No.182/194, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar. Tel: 95-1-8201798, 8296164, Fax: 95-1-8245671 Email: info@winthinassociates.com

*MANDALAY BRANCH:- OFFICE* Room (9/10), East Wing of Bahtoo Stadium, 70th Street (Between 29th & 30th Street), Mandalay Region, Myanmar. Tel: 95-2-4034451, Fax: 95-2-4034498

စာအမှတ် - ၃၃၄ / အမ်- ၂၈၃ / စက်တင်ဘာလ ၂၀၂၁

## ပြင်ပစာရင်းစစ်အစီရင်ခံစာ

**မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များသို့ ဘဏ္ဍာရေးရှင်းတမ်းများအပေါ် အစီရင်ခံခြင်း**

ကျွန်တော်များ စာရင်းစစ်အဖွဲ့သည် **မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်** ၏ ၂၀၂၁ ခုနှစ် ၊ စက်တင်ဘာလ (၃၀)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း၊ ဝင်ငွေအလုံးစုံ ပါဝင်သောရှင်းတမ်း ၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှု ရှင်းတမ်းနှင့် အရေးပါသော စာရင်းဆိုင်ရာမူဝါဒများ အကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသော မှတ်စုများပါဝင်သော ဘဏ္ဍာရေး ရှင်းတမ်းများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

**ဘဏ္ဍာရေးရှင်းတမ်းများအတွက် စီမံအုပ်ချုပ်သူများ၏တာဝန်**

ဤဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေပါပြဋ္ဌာန်းချက်များ ၊ မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့်အညီ ပြုစုပြီး သင့်လျော် မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။ ယင်းတာဝန်မှာ မသမာမှု၊ မှားယွင်းမှု တို့ကြောင့် အရေးပါသော မှားယွင်းဖော်ပြမှုများမှ ကင်းရှင်းသော ဘဏ္ဍာရေးရှင်းတမ်းများအား သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ဌာနတွင်းကြီးကြပ်ကွပ်ကဲမှုစနစ်ကိုရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းခြင်း ၊ သင့်လျော်သောစာရင်းဆိုင်ရာမူဝါဒများအားရွေးချယ်ကျင့်သုံးခြင်းနှင့် အခြေအနေအရ ဆီလျော်သော စာရင်းဆိုင်ရာ ခန့်မှန်းချက်များကို ပြုလုပ်ခြင်းတို့လည်း ပါဝင်ပါသည်။

**စာရင်းစစ်၏ တာဝန်**

ကျွန်တော်များအဖွဲ့၏ တာဝန်မှာ ကျွန်တော်များ၏ စာရင်းစစ်ဆေးချက်ကို အခြေပြု၍ ယင်းဘဏ္ဍာရေးရှင်းတမ်းများ အပေါ် ထင်မြင်ယူဆချက်ပေးရန် ဖြစ်ပါသည်။ ကျွန်တော်များအဖွဲ့သည် မြန်မာနိုင်ငံစာရင်းစစ်ဆိုင်ရာ စံများနှင့်အညီ စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပါသည်။ ယင်းစံများအရ ကျွန်တော်များအဖွဲ့အနေဖြင့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များအား လိုက်နာရန်နှင့် ဘဏ္ဍာရေးရှင်းတမ်းများသည် အရေးပါသော အချက်များအား မှားယွင်းစွာဖော်ပြမှုများမှ ကင်းရှင်းကြောင်း ၊ ကျိုးကြောင်း ဆီလျော်သေချာမှုရှိစေရန် အစီအစဉ်များရေးဆွဲပြီး စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ စာရင်းစစ်ဆေးရာ၌ ဘဏ္ဍာရေးရှင်းတမ်းများတွင် ထုတ်ဖော်ပြသချက်များနှင့် ငွေပမာဏများအတွက် စာရင်းစစ် အထောက်အထားများရယူရန် လုပ်ထုံးလုပ်နည်းများ၊ ချမှတ်ဆောင်ရွက်ရန်ပါဝင်ပါသည်။ ရွေးချယ်ထားသော လုပ်ထုံးလုပ်နည်းများသည် မသမာမှု၊ မှားယွင်းမှုတို့ကြောင့် ဘဏ္ဍာရေးရှင်းတမ်းများ၏ အရေးပါသော မှားယွင်းဖော်ပြချက်များ၏ အန္တရာယ်များကို အကဲဖြတ်ခြင်းများအပါအဝင် စာရင်းစစ်၏ပိုင်းခြားချင့်ချိန် သုံးသပ်ခြင်းအပေါ်တွင် မူတည်ပါသည်။

ထိုအန္တရာယ်များအား အကဲဖြတ်မှုများပြုလုပ်ရာတွင် စာရင်းစစ်သည် အခြေအနေနှင့် ဆီလျော်သော စာရင်းစစ် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန် အဖွဲ့အစည်း၏ ဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲမှုနှင့် သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန် အလို့ငှာ သက်ဆိုင်သော ဌာနတွင်းကြီးကြပ်ကွပ်ကဲမှုကို ထည့်သွင်းစဉ်းစားသော်လည်း အဖွဲ့အစည်း၏ဌာနတွင်း ကြီးကြပ်ကွပ်ကဲမှု၏ ထိရောက်မှုအပေါ်တွင် ထင်မြင်ယူဆချက်ပေးရန် မဟုတ်ပါ။ စာရင်းစစ်ဆေးရာတွင် စီမံခန့်ခွဲသူများက အသုံးပြုခဲ့သော စာရင်းမူများ၏ ဆီလျော်မှုနှင့် ပြုလုပ်ခဲ့သော စာရင်းခန့်မှန်းခြေများ၏ ကျိုးကြောင်းဆီလျော်မှုကို သုံးသပ်ခြင်းနှင့် ဘဏ္ဍာရေးရှင်းတမ်းများ၏ တင်ပြချက် အားလုံးအပေါ် ခြုံငုံသုံးသပ်ခြင်းတို့လည်း ပါဝင်ပါသည်။

ကျွန်တော်များ ရရှိခဲ့သော စာရင်းစစ်အထောက်အထားများသည် ကျွန်တော်များ၏ စာရင်းစစ်ထင်မြင်ယူဆချက်အတွက် အခြေခံမှုပေးရန် လုံလောက်သင့်လျော်သည်ဟု ယုံကြည်ပါသည်။

*ထင်မြင်ယူဆချက်*

ကုမ္ပဏီ၏ဘဏ္ဍာရေးရှင်းတမ်းသည် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေပါပြဋ္ဌာန်းချက်များ ၊ မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့်အညီ ကုမ္ပဏီ၏ဘဏ္ဍာရေးအခြေအနေနှင့် ၂၀၂၁ ခုနှစ် စက်တင်ဘာလ (၃၀) ရက် ကုန်ဆုံးသော ကာလအတွက် ကုမ္ပဏီ၏ လုပ်ငန်း ဆောင်ရွက်မှုရလဒ်များနှင့်စပ်လျဉ်းသည့် အရေးပါသော အချက်များ အားလုံးကို သင့်တင့် လျောက်ပတ်စွာ ဖော်ပြထားကြောင်း ကျွန်တော်များထင်မြင်ယူဆပါသည်။

**အခြားဥပဒေနှင့် စည်းကမ်းချက်ဆိုင်ရာ လိုအပ်ချက်များအပေါ် အစီရင်ခံခြင်း**

ကျွန်တော်များအဖွဲ့သည် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ

(၁) လိုအပ်သော သတင်းအချက်လက်များနှင့် ရှင်းလင်းချက်များအားလုံးကို ကုမ္ပဏီထံမှ ရရှိပြီးဖြစ်ကြောင်း ၊
(၂) ကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ပုဒ်မ ၂၅၈ နှင့်အညီ စာရင်းမှတ်တမ်းများကို ထိန်းသိမ်းထားရှိကြောင်း ၊
အစီရင်ခံအပ် ပါသည်။

ဝင်းသင်နှင့်အဖွဲ့ ★ စာရင်းစစ်များ ★ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ

စောနယ်လ်ဆင် (ပီအေပီပီ -၄၀၀)
ပါတနာ
ဝင်းသင်နှင့်အဖွဲ့ ၊စာရင်းစစ်များ။

၂၀၂၁ ခုနှစ် ၊ ဒီဇင်ဘာလ( ၂၉ ) ရက်။

- ၃ -

## မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
## ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

| | မှတ်စု | ၂၀၂၁ | ၂၀၂၀ |
|---|---|---|---|
| | | ကျပ်ထောင်ပေါင်း | ကျပ်ထောင်ပေါင်း |
| **ရပိုင်ခွင့်များ** | | | |
| **လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ** | | | |
| ရင်းနှီးမြှုပ်နှံထားသောပိုင်ဆိုင်ပစ္စည်းများ | ၆ | ၁၀,၈၅၄,၄၇၂ | ၉,၁၆၈,၁၈၈ |
| ပုံသေပိုင်ပစ္စည်းများ | ၇ | ၉,၄၂၄,၅၃၇ | ၉,၀၀၀,၁၉၄ |
| ထိတွေ့ကိုင်တွယ်၍ မရသောပိုင်ဆိုင်ပစ္စည်း | ၈ | ၅၀,၅၆၈ | ၆၈,၀၉၂ |
| | | ၂၀,၃၂၉,၅၇၇ | ၁၈,၂၃၆,၄၇၄ |
| **လက်ငင်းရပိုင်ခွင့်များ** | | | |
| ငွေနှင့်ငွေသားညီမျှခြင်းများ | ၉ | ၃,၂၂၅,၂၈၆ | ၈၀၃,၂၉၂ |
| ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ | ၁၀ | ၃,၁၈၆,၂၂၆ | ၆၈၄,၉၁၃ |
| ကြိုတင်ပေးငွေများ | ၁၁ | ၉၈၂,၉၆၄ | ၆၅၇,၀၇၇ |
| ကုန်လက်ကျန်များ | | ၅,၆၈၁ | ၃,၅၄၀ |
| လုပ်ဆဲအလုပ် | ၁၂ | ၂,၉၆၇,၈၇၆ | ၅,၆၀၃,၃၂၄ |
| | | ၁၀,၃၆၈,၀၃၃ | ၇,၇၅၂,၁၄၆ |
| | | ၃၀,၆၉၇,၆၁၀ | ၂၅,၉၈၈,၆၂၀ |
| **ရင်းနှီးငွေနှင့် ပေးရန်တာဝန်များ** | | | |
| **ရင်းနှီးငွေ** | | | |
| ထုတ်ဝေပေးသွင်းပြီးရှယ်ယာ ရင်းနှီးငွေ | ၁၃ | ၂၁,၇၅၃,၀၀၁ | ၂၁,၇၅၃,၀၀၁ |
| အမြတ်လက်ကျန်များ | | ၂,၂၀၈,၀၆၂ | ၁,၂၉၉,၄၇၅ |
| | | ၂၃,၉၆၁,၀၆၃ | ၂၃,၀၅၂,၄၇၆ |
| **လက်ငင်းမဟုတ်သော ပေးရန်တာဝန်များ** | | | |
| ဘဏ်ချေးငွေ | ၁၄ | – | ၁,၆၀၀,၀၀၀ |
| | | – | ၁,၆၀၀,၀၀၀ |
| **လက်ငင်းပေးရန်တာဝန်များ** | | | |
| ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ | ၁၅ | ၅,၈၈၃,၆၀၄ | ၁,၁၉၈,၅၇၃ |
| လျာထားချက်များ | ၁၆ | ၈၅၂,၉၄၃ | ၁၃၇,၅၇၁ |
| | | ၆,၇၃၆,၅၄၇ | ၁,၃၃၆,၁၄၄ |
| | | ၃၀,၆၉၇,၆၁၀ | ၂၅,၉၈၈,၆၂၀ |

*နောက်ဆက်တွဲမှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။*

(၁) Win Aung
Chairman
Myanmar Agro Exchange Public Limited

(၂) Aung Gyi
Chief Executive Officer
Myanmar Agro Exchange Public Limited

(၃) Director
Myanmar Agro Exchange Public Limited

(၄) Director
Myanmar Agro Exchange Public Limited

MYANMAR AGRO EXCHANGE PUBLIC LIMITED

## မြန်မာအက်ဂရီအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
## ၂၀၂၁ ခုနှစ် ၊ စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံ ပါဝင်သောရှင်းတမ်း

| | မှတ်စု | ၂၀၂၁<br>ကျပ်ထောင်ပေါင်း | ၂၀၂၀<br>ကျပ်ထောင်ပေါင်း |
|---|---|---|---|
| ဝင်ငွေ - အသားတင် | ၁၇ | ၈,၃၄၅,၄၇၉ | ၂,၅၃၅,၇၅၇ |
| အရင်းတန်ဖိုး | ၁၉ | (၃,၄၉၅,၅၇၇) | (၄၁၁,၁၅၇) |
| **အကြမ်းအမြတ်** | | ၄,၈၄၉,၉၀၂ | ၂,၁၂၄,၆၀၀ |
| | | | |
| အခြားဝင်ငွေ | ၁၈ | ၇၀,၁၁၇ | ၇၆,၇၃၅ |
| **အသုံးစရိတ်များ** | | | |
| - စီမံခန့်ခွဲမှု | ၁၉ | (၁,၈၈၇,၇၆၀) | (၁,၆၆၄,၃၃၅) |
| - အရောင်းမြှင့်တင်ခြင်း | ၁၉ | (၂၉၈) | (၁၅,၆၁၄) |
| - ဘဏ်စရိတ် | ၁၉ | (၆၉၃) | (၁၀,၃၃၆) |
| | | ၃,၀၃၁,၂၆၈ | ၅၁၁,၀၅၀ |
| YCDC အတွက်အမြတ်ဝေစု | ၁၆ | (၇၆၆,၁၄၁) | (၁၃၀,၀၆၃) |
| **အခွန်မလျာထားမီအသားတင်အမြတ်** | | ၂,၂၆၅,၁၂၇ | ၃၈၀,၉၈၇ |
| ဝင်ငွေခွန် | | (၅၈,၀၈၈) | (၃,၅၇၂) |
| **ဘဏ္ဍာရေးနှစ်အတွက်အမြတ်** | | ၂,၂၀၇,၀၃၉ | ၃၇၇,၄၁၅ |
| ဘဏ္ဍာရေးနှစ်အတွက်အခြားဝင်ငွေအလုံးစုံ | | – | – |
| **ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်းဝင်ငွေအလုံးစုံ** | | ၂,၂၀၇,၀၃၉ | ၃၇၇,၄၁၅ |
| **ရှယ်ယာတစ်စုရှိဝင်ငွေ (တစ်စောင်လျှင်တန်ဖိုးကျပ်)** | | ၁၀၂ | ၁၇ |
| **ရှယ်ယာတစ်စု၏ အခြေခံဝင်ငွေများ** | ၂၁ | ၁၀၂ | ၁၇ |

*နောက်ဆက်တွဲမှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။*

မြန်မာအက်ဂရီအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

၂၀၂၁ ခုနှစ် ၊ စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် အစုရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှု ရှင်းတမ်း

| | ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ ကျပ်ထောင်ပေါင်း | အမြတ်လက်ကျန် ကျပ်ထောင်ပေါင်း | စုစုပေါင်း ကျပ်ထောင်ပေါင်း |
|---|---|---|---|
| ၂၀၂၀ ခုနှစ် ၊အောက်တိုဘာလ(၁)ရက် | ၂၁,၇၅၃,၀၀၁ | ၁,၂၉၉,၄၇၅ | ၂၃,၀၅၂,၄၇၆ |
| ဘဏ္ဍာရေးအစီရင်ခံသည့်နှစ်အတွက်အမြတ် | – | ၂,၂၀၇,၀၃၉ | ၂,၂၀၇,၀၃၉ |
| ဘဏ္ဍာရေးအစီရင်ခံသည့်နှစ်အတွက်အခြား ဝင်ငွေအလုံးစုံ | – | – | – |
| ဘဏ္ဍာရေးနှစ်အတွက်စုစုပေါင်းဝင်ငွေအလုံးစုံ | ၂၁,၇၅၃,၀၀၁ | ၃,၅၀၆,၅၁၄ | ၂၅,၂၅၉,၅၁၅ |
| ပိုင်ရှင်များသို့ / ပိုင်ရှင်များထံမှ ထည့်ဝင်ငွေများ | | | |
| အစုရှယ်ယာထုတ်ဝေခြင်း | – | – | – |
| အမြတ်ဝေစု(မှတ်စု ၂၃) | – | (၁,၂၉၈,၄၅၂) | (၁,၂၉၈,၄၅၂) |
| | – | (၁,၂၉၈,၄၅၂) | (၁,၂၉၈,၄၅၂) |
| **၂၀၂၁ ခုနှစ် ၊စက်တင်ဘာလ (၃၀) ရက်** | ၂၁,၇၅၃,၀၀၁ | ၂,၂၀၈,၀၆၂ | ၂၃,၉၆၁,၀၆၃ |
| ၂၀၁၉ ခုနှစ် ၊အောက်တိုဘာလ(၁)ရက် | ၂၁,၇၅၃,၀၀၁ | ၉၂၂,၀၆၀ | ၂၂,၆၇၅,၀၆၁ |
| ဘဏ္ဍာရေးအစီရင်ခံသည့်နှစ်အတွက်အမြတ် | – | ၃၇၇,၄၁၅ | ၃၇၇,၄၁၅ |
| ဘဏ္ဍာရေးအစီရင်ခံသည့်နှစ်အတွက်အခြား ဝင်ငွေအလုံးစုံ | – | – | – |
| ဘဏ္ဍာရေးနှစ်အတွက်စုစုပေါင်းဝင်ငွေအလုံးစုံ | ၂၁,၇၅၃,၀၀၁ | ၁,၂၉၉,၄၇၅ | ၂၃,၀၅၂,၄၇၆ |
| ပိုင်ရှင်များသို့ / ပိုင်ရှင်များထံမှ ထည့်ဝင်ငွေများ | | | |
| အစုရှယ်ယာထုတ်ဝေခြင်း | – | – | – |
| အမြတ်ဝေစု | – | – | – |
| | – | – | – |
| **၂၀၂၀ ခုနှစ် ၊စက်တင်ဘာလ (၃၀) ရက်** | ၂၁,၇၅၃,၀၀၁ | ၁,၂၉၉,၄၇၅ | ၂၃,၀၅၂,၄၇၆ |

*နောက်ဆက်တွဲမှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။*

## မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
## ၂၀၂၁ ခုနှစ် ၊ စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ငွေသားစီးဆင်းမှုရှင်းတမ်း

| | မှတ်စု | ၂၀၂၁<br>ကျပ်ထောင်ပေါင်း | ၂၀၂၀<br>ကျပ်ထောင်ပေါင်း |
|---|---|---|---|
| **လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| အခွန်မနှုတ်မီ အသားတင်အမြတ် | | ၂,၂၆၅,၁၂၇ | ၃၇၇,၄၁၅ |
| *ကိုက်ညှိရေးဆွဲချက်များ* | | | |
| - တန်ဖိုးလျော့ | | ၅၇၂,၂၈၉ | ၅၁၂,၈၆၀ |
| - အတိုးရငွေ | | (၄၉,၆၂၀) | (၄၀,၅၀၁) |
| - ဝင်ငွေခွန် | | – | ၃,၅၇၂ |
| **လှည့်လည်ရင်းနှီးငွေပြောင်းလဲမှုမတိုင်ခင်လုပ်ငန်းဆောင်ရွက်ချက်အမြတ်** | | ၂,၇၈၇,၇၉၆ | ၈၅၃,၃၄၆ |
| *လှည့်လည်ရင်းနှီးငွေပြောင်းလဲမှုများ* | | | |
| - ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ | | (၂,၄၂၆,၉၀၁) | ၅၉၆,၈၈၄ |
| - ကြိုတင်ပေးများ | | (၃၄၄,၂၉၉) | ၇,၄၅၂ |
| - ကုန်လက်ကျန်များ | | (၂,၁၄၁) | ၂၉၂,၅၇၃ |
| - လုပ်ဆဲအလုပ် | | ၂,၆၃၅,၄၄၉ | ၁,၀၀၇,၄၃၈ |
| - ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ | | ၄,၆၁၉,၄၃၃ | ၈၀၂,၆၀၁ |
| - လျာထားချက်များ | | ၇၂၂,၈၈၁ | (၄၁,၉၇၂) |
| **လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဝင်မှု** | | ၇,၉၉၂,၂၁၈ | ၃,၅၁၈,၃၂၂ |
| အတိုးရငွေ | | ၄၉,၆၂၀ | ၄၀,၅၀၁ |
| ဝင်ငွေခွန် | | (၅၆,၀၀၀) | (၄၃,၂၆၃) |
| **လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဝင်မှု** | | ၇,၉၈၅,၈၃၈ | ၃,၅၁၅,၅၆၀ |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများဝယ်ယူမှု | | (၁,၉၂၆,၀၀၄) | (၁၄,၅၂၈) |
| ပုံသေပိုင်ပစ္စည်းများဝယ်ယူမှု | | (၇၃၇,၆၄၀) | (၃,၂၃၉,၀၂၃) |
| ဆော့ဖ်ဝဲဝယ်ယူမှု | | (၁,၇၄၈) | (၂၄,၃၇၆) |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ အသားတင်ငွေသား အသုံးပြုမှု** | | (၂,၆၆၅,၃၉၂) | (၃,၂၇၇,၉၂၇) |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| ဘဏ်ချေးငွေပြန်ဆပ်မှု | | (၁,၆၀၀,၀၀၀) | (၂၀၀,၀၀၀) |
| အစုရှယ်ယာရှင်များသို့အမြတ်ဝေစုပေးခြင်း | | (၁,၂၉၈,၄၅၂) | – |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ အသားတင်ငွေသား အသုံးပြုမှု** | | (၂,၈၉၈,၄၅၂) | (၂၀၀,၀၀၀) |
| **ငွေသားအသားတင် အတိုး** | | ၂,၄၂၁,၉၉၄ | ၃၇,၆၃၃ |
| နှစ်အစရှိငွေနှင့် ဘဏ်လက်ကျန် | | ၈၀၃,၂၉၂ | ၇၆၅,၆၅၉ |
| **နှစ်အဆုံးရှိငွေနှင့် ဘဏ်လက်ကျန်** | ၉ | ၃,၂၂၅,၂၈၆ | ၈၀၃,၂၉၂ |

*နောက်ဆက်တွဲမှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။*

## မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများ

ဤမှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး ဘဏ္ဍာရေးရှင်းတမ်းများနှင့် အတူတကွ ဖတ်ရှုရမည်ဖြစ်ပါသည်။

၁။ **အထွေထွေ**

ပေးရန်တာဝန်ကန့်သတ်ထားသော မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၅ခုနှစ် ၊ စက်တင်ဘာလ (၁၄) ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ကုမ္ပဏီမှတ်ပုံတင် လက်မှတ်အမှတ် ၁၇၈၉/ ၂၀၁၅-၂၀၁၆ (ရန်ကုန်) ဖြင့် (၁၄.၉.၂၀၁၅) နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ထုတ်ပေးခဲ့ပါသည်။ ကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအသစ်အရ ပြန်လည်မှတ်ပုံတင်ပြီး ကုမ္ပဏီမှတ်ပုံတင်အမှတ်မှာ ၁၁၂၃၈၇၅၉၅ ဖြစ်ပါသည်။

ကုမ္ပဏီကို ကမကထပြုသူ (၁၁)ဦးဖြင့် တည်းကုန်းလက်ကားဈေးကြီး တည်ဆောက်ရန်နှင့် စီမံခန့်ခွဲရန် ရည်ရွယ်၍ တည်ထောင်ခဲ့ပါသည်။ တည်းကုန်းလက်ကားဈေးသည် အင်းစိန်မြို့နယ် ၊ ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်း ထောင့်တွင် တည်ရှိသည်။ ၂၀၁၅ခုနှစ် နှစ်ဦးပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC) မှ ပြုလုပ်သော တည်းကုန်းလက်ကားဈေးစီမံကိန်း တည်ဆောက်ခွင့်နှင့် စီမံခန့်ခွဲခွင့်တင်ဒါကို အခြားတင်ဒါ တင်သွင်းသူများနှင့်အတူ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး(၃၀.၃.၂၀၁၉) နေ့တွင် ဒဂုန်အင်တာနေရှင်နယ်လီမိတက် (DIL) က ရွေးချယ်ခံ ခဲ့ရပြီး တင်ဒါ အောင်မြင်ခဲ့ပါသည်။ တင်ဒါပါစည်းကမ်းချက်များအရ DIL သည် စီမံကိန်း ဆောင်ရွက်ရန် အများပိုင် ကုမ္ပဏီတစ်ခု တည်ထောင်ဖွဲ့စည်းရာတွင် အဆိုပါကုမ္ပဏီ၌ DIL မှ အစုရှယ်ယာ ၄၅% ကို ကမကထ ပြုလုပ်သူ/ မူလတည်ထောင်သူ အနေဖြင့် ကနဦးမတည်ပြီး မြန်မာအက်ဂရိအိတ်(စ်)ချိန်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ကုမ္ပဏီကို ဖွဲ့စည်းပြီးသည့် အခါတွင်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တည်းကုန်းတင်ဒါစာလွှာပါ တင်ဒါလုပ်ငန်းလိုအပ်ချက် (၅-က)၊ (၁၆)အရ မူလတင်ဒါ အောင်မြင်ထားသူ DIL ကိုသာ အဓိကကန်ထရိုက်တာအဖြစ် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။

ကုမ္ပဏီအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ YCDC မှ မြေဧရိယာ ၈၂.၇၈ ဧကအား ကနဦးနှစ် (၅၀) ၊ တိုးချဲ့နှစ် (၂၀) ဖြင့်ငှားရမ်းပြီး တည်းကုန်းလက်ကားဈေးကြီး စီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်ရန် ရင်းနှီးမြှုပ်နှံထားပါသည်။ လုပ်ငန်းပင်မအဆောက်အအုံများဖြစ်သည့် ဈေးရုံကြီးများတည်ဆောက်ရေး လုပ်ငန်းပြီးစီးပါက လက်ကားဈေးကြီး ဖွင့်လှစ်လည်ပတ်ခြင်း စီမံခန့်ခွဲမှုကိစ္စအဝဝကို ကုမ္ပဏီမှ မြေငှားရမ်း ကာလအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မှတ်ပုံတင်ထားသော ကုမ္ပဏီ၏လိပ်စာသည် အမှတ် (၂၆၂-၂၆၄) ၊ပြည်လမ်း ၊ ဒဂုန်စင်တာ ၊ Block (အေ) ၊ (၄) လွှာ ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ဖြစ်ပါသည်။

ကုမ္ပဏီသည် ၂၀၁၈ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့တွင် မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်၍ ထိုနေ့မှစ၍ ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိခဲ့ပါသည်။ ယင်းဝင်ငွေခွန်ကင်းလွတ်ခွင့်သည် ၂၀၂၁ ခုနှစ် ဇွန်လတွင်ကုန်ဆုံးခဲ့ပါသည်။

## ၂။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ်

ဘဏ္ဍာရေးရှင်းတမ်းများတွင် တသမတ်တည်း ကျင့်သုံးခဲ့သော အဓိကကျသည့် စာရင်းမူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) စာရင်းရေးဆွဲခြင်းဆိုင်ရာအခြေခံမှုများ

ပူးတွဲပါ ဘဏ္ဍာရေးရှင်းတမ်းကို မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့်အညီ ဖော်ပြထားပါသည်။ ဘဏ္ဍာရေးရှင်းတမ်းကို ပြီးခဲ့သည့် ဖြစ်ရပ်များအပေါ် အခြေခံသည့် လုပ်ရိုးလုပ်စဉ် (Historical Cost Convention) အရမူရင်းတန်ဖိုးရေးဆွဲဖော်ပြထားပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများကို ပြင်ဆင်ရေးဆွဲရာတွင် ၂၀၂၁ ခုနှစ် ၊ စက်တင်ဘာလ ၃၀ ရက်နေ့အတွက် အသုံးပြုခဲ့သော စာရင်းခေါင်းစဉ်ခွဲခြားခြင်းနှင့်ညီညွတ်စေရန် ၂၀၂၀ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ အတွက် စာရင်းခေါင်းစဉ်များကို ပြန်လည်စီစဉ်ခြင်းနှင့် ပြန်လည်ခွဲခြားခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

(ခ) နိုင်ငံခြားငွေကြေးအား ပြောင်းလဲသတ်မှတ်ခြင်း

(၁) လုပ်ငန်းလုပ်ဆောင်သည့် ငွေကြေးနှင့် စာရင်းတင် ဖော်ပြသည့်ငွေကြေး

ကုမ္ပဏီမှ လုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကကျသော စီးပွားရေးပတ်ဝန်းကျင်၏ ငွေကြေးဖြစ်သော မြန်မာကျပ်ငွေကို လုပ်ငန်းဆောင်ရွက်သည့် ငွေကြေး (Functional Currency) ဟု သတ်မှတ်ပါသည်။ ဘဏ္ဍာရေးရှင်းတမ်းကို ကုမ္ပဏီ၏ လုပ်ငန်းလုပ်ဆောင်သည့်ငွေကြေးပမာဏဖြစ်သော မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

(၂) လုပ်ငန်းဆောင်ရွက်ချက်နှင့် စာရင်းလက်ကျန်များ

နိုင်ငံခြားငွေဖြင့် ပြုလုပ်သော လုပ်ငန်းဆောင်ရွက်ချက်များသည် လုပ်ဆောင်ချက်ဖြစ်ပေါ်သည့် နေ့တွင်ရှိသော ငွေလဲနှုန်းဖြင့် လုပ်ငန်းဆောင်ရွက်သည့် ငွေကြေးအဖြစ်သို့ ပြောင်းလဲထားပါသည်။ နိုင်ငံခြားငွေဖြင့် ဖော်ပြသော ငွေကြေးနှင့်ဆိုင်သည့် ပိုင်ဆိုင်ပစ္စည်းနှင့် ပေးရန်တာဝန်များကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်ရှိ ငွေလဲနှုန်းဖြင့် ပြောင်းလဲချက်နှင့်၊ ၎င်းနိုင်ငံခြားငွေကြေးများကို စာရင်းရှင်းလင်းရာမှ ဖြစ်ပေါ်လာသော နိုင်ငံခြားငွေ ဖြစ်ပေါ်သောအမြတ် ၊ အရှုံးများကို ဝင်ငွေရှင်းတမ်းတွင် စာရင်းရေးသွင်း ပါသည်။

(ဂ) ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ

ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများမှာ ငှားရမ်းခရရန်/ သို့မဟုတ် ရင်းနှီးငွေတိုးစေရန် (သို့မဟုတ် နှစ်ရပ်လုံး) ကိုင်ဆောင်ထားသော ပိုင်ဆိုင်ပစ္စည်းများဖြစ်သည်။ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများကို မူရင်းတန်ဖိုးဖြင့် ကနဦးစာရင်း ရေးသွင်းပြီး ဆက်လက်၍ မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့နှင့် စုစုပေါင်း ချွတ်ယွင်းပြုန်းတီးမှုတန်ဖိုးကိုနုတ်၍ တန်ဖိုးသယ်ဆောင်ဖော်ပြပါသည်။

## ၂။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ် (အဆက်)

### (ဂ) ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ (အဆက်)

ရင်းနှီးမြှုပ်နှံထားသောပိုင်ဆိုင်ပစ္စည်းများ၏ သက်တမ်းကုန်တန်ဖိုးများ၊ အသုံးဝင်သက်တမ်းများနှင့် တန်ဖိုးလျော့နည်းကို လက်ကျန်ရှင်းတမ်း ရေးဆွဲသောနေ့တိုင်းတွင် ပြန်လည်သုံးသပ်၍ လိုအပ်သလို ညှိနှိုင်းသည်။ ပြောင်းလဲမှုများရှိသည့်အခါ ယင်းတို့၏ အကျိုးသက်ရောက်မှုများကို အရှုံးအမြတ်စာရင်းတွင် ဖော်ပြသည်။

အဓိကကျသော ပြုပြင်မွမ်းမံမှုစရိတ်များကို မတည်အသုံးစရိတ်အဖြစ် စာရင်းသွင်းပြီး အစားထိုး အစိတ်အပိုင်းများ၏ သယ်ဆောင်တန်ဖိုးများကို အရှုံးအမြတ်စာရင်းတွင် ရေးသွင်းသည်။ ပြုပြင်ထိန်းသိမ်းမှုစရိတ်နှင့် အသေးစားစရိတ်တိုးမြှင့်မှုများ ကုန်ကျသည့်အခါ၌ အရှုံးအမြတ် စာရင်းတွင်ရေးသွင်းသည်။

တန်ဖိုးလျော့ကို မျဉ်းဖြောင့်နည်းဖြင့် တွက်ချက်၍ တန်ဖိုးလျော့ပမာဏကို ခန့်မှန်းအသုံးဝင်သက်တမ်း နှစ် (၅၀) သတ်မှတ်ခဲ့ဝေကျခံသည်။

ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းတစ်ခု၏ ထုခွဲရောင်းချခြင်းနှင့်စပ်လျဉ်း၍ လက်ကျန်တန်ဖိုးနှင့် ထုခွဲရောင်းချခြင်းမှ ရငွေတို့၏ ခြားနားချက်ကို အရှုံးအမြတ်စာရင်းတွင် ရေးသွင်းသည်။

### (ဃ) ပုံသေပိုင်ပစ္စည်း

ပုံသေပိုင်ပစ္စည်းများအားလုံးကို မူရင်းတန်ဖိုးဖြင့် ဦးစွာ စာရင်းဖော်ပြသည်။ ယင်းသို့စာရင်းဖော်ပြပြီးနောက် ယင်းပုံသေပိုင်ပစ္စည်းများကို မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့နှင့် စုစုပေါင်းချွတ်ယွင်းပြုန်းတီးမှုတန်ဖိုးများ နုတ်၍ တိုင်းတာသည်။ မူရင်းတန်ဖိုးတွင် ပုံသေပိုင်ပစ္စည်းများကို အစားထိုးစရိတ်များ ပါဝင်သည်။ ပုံသေပိုင်ပစ္စည်းတစ်ခု၏စရိတ်ကို ယင်းပစ္စည်းနှင့်ဆက်စပ်နေသော အနာဂတ်စီးပွားရေးအကျိုးအမြတ်များ ကုမ္ပဏီသို့ စီးဝင်ရန်နှင့် ယင်းပစ္စည်း၏စရိတ်ကို ခိုင်လုံစွာ တိုင်းတာနိုင်သည့်အခါမှသာ စာရင်းရေးသွင်းသည်။

ကြားကာလတွင် ပုံသေပိုင်ပစ္စည်း၏အဓိကအစိတ်အပိုင်းများကို အစားထိုးရန် လိုအပ်သောအခါ ကုမ္ပဏီသည် ယင်းအစိတ်အပိုင်းများကို ပုံသေပိုင်ပစ္စည်းတစ်ခုစီအဖြစ် တိကျသော အသုံးဝင်သက်တမ်းများ၊ တန်ဖိုးလျော့တို့ဖြင့် အသီးသီး စာရင်းဖော်ဆောင်သည်။ ထို့အတူ အဓိကကျသော စစ်ဆေးမှုကို ပြုလုပ်သောအခါ စာရင်းရေးသွင်းရန် စံများပြည့်မီပါက ၎င်းကုန်ကျစရိတ်ကို ပုံသေပိုင်ပစ္စည်း၏ သယ်ဆောင်တန်ဖိုးတွင် အစားထိုးစရိတ်အဖြစ် စာရင်းရေးသွင်းသည်။ အခြားသော ပြုပြင်ထိန်းသိမ်းမှုစရိတ်များကို ကုန်ကျသည့်အခါ၌ အရှုံးအမြတ်စာရင်းတွင် ရေးသွင်းသည်။ တန်ဖိုးလျော့ကို ပုံသေပိုင်ဆိုင်ပစ္စည်း၏ ခန့်မှန်းအသုံးဝင်မှု သက်တမ်းအပေါ်တွင် မူတည်၍ မျဉ်းဖြောင့်နည်းဖြင့် တွက်ချက်ထားပါသည်။

| | အသုံးဝင်မှုသက်တမ်းများ |
|---|---|
| ပရိဘောဂပစ္စည်းများ | ၃နှစ် |
| ရုံးသုံးပစ္စည်းကိရိယာများ | ၃နှစ် |
| မော်တော်ယာဉ် | ၅ နှစ် |
| MPT ဖုန်းလိုင်း | ၅ နှစ် |
| လုပ်ငန်းခွင်သုံးကိရိယာ | ၃နှစ် |
| ပတ်ဝန်းကျင်တိုးတက်ရေးစရိတ်များ | ၅၀နှစ် |

၂။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ် (အဆက်)

(င) ထိတွေ့ကိုင်တွယ်၍မရသောပိုင်ဆိုင်ပစ္စည်း

သတ်မှတ်၍မရသော သက်တမ်းရှိသည့် နာမည်ကောင်းတန်ဖိုးမှလွဲ၍ intangible asset တစ်ခုကို ယင်း၏ မူရင်းတန်ဖိုးမှ တန်ဖိုးလျော့နှင့် အခြားလျော့ရမည့်တန်ဖိုး (ရှိပါက) ကိုနုတ်၍ ဖော်ပြပါသည်။

တန်ဖိုးလျော့သည့်နည်းလမ်းမှာ မျဉ်းဖြောင့်နည်းပေါ် အခြေခံသည်။

| | ခန့်မှန်းအသုံးဝင်သက်တမ်း |
|---|---|
| Market operation system | ၃ နှစ် |
| E commerce system | ၃ နှစ် |

(စ) ငွေနှင့်ငွေသားညီမျှခြင်းများ

ငွေသားစီးဆင်းမှုရှင်းတမ်းတွင် တင်ပြရာ၌ ငွေနှင့် ငွေသားညီမျှခြင်းတွင် လက်ကျန်ငွေနှင့် ဘဏ်များ၌ ထားရှိသည့်ငွေများ ပါဝင်ပါသည်။

(ဆ) ကုန်လက်ကျန်များ

ကုန်လက်ကျန်တန်ဖိုးကို ကုန်ကျစရိတ်နှင့် အသားတင်ရောင်းရငွေတို့အနက် နည်းသောပမာဏဖြင့် စာရင်းဖော်ဆောင်ပါသည်။ ပစ္စည်းတန်ဖိုးကို first-in , first-out နည်းကိုသုံး၍ သတ်မှတ်သည်။ ကုန်ချောတန်ဖိုးနှင့် လုပ်ဆဲအလုပ်တွင် ကုန်ကြမ်းတန်ဖိုးများ၊ တိုက်ရိုက်အလုပ်သမားစရိတ် ၊ အခြားတိုက်ရိုက် ကုန်ကျစရိတ်များနှင့် ဆက်စပ်ထုတ်လုပ် ကုန်ကျစရိတ်များ (ပုံမှန်လုပ်ငန်းစွမ်းဆောင်မှုအပေါ်အခြေခံ၍) နှင့် ချေးငွေစရိတ်များ ပါဝင်ပါသည်။ မူရင်းတန်ဖိုးတွင် နိုင်ငံခြားငွေကြေးဖြင့် ကုန်ဝယ်ယူမှုအတွက် ငွေသားနှင့်သက်ဆိုင်သော အန္တရယ် ကင်းရှင်းမှုရှိစေရန် ပြုလုပ်ထားမှုအပေါ် ပေါ်ထွက်လာသော မည့်သည့်အရှုံးအမြတ်များမဆို ပါဝင်ပါသည်။ အသားတင် အရောင်းတန်ဖိုးဆိုသည်မှာ ခန့်မှန်းရောင်းဈေးမှ သာမန်စီးပွားရေးလုပ်ငန်းတစ်ခုတွင် ပြီးဆုံးသည်အထိ ခန့်မှန်းကုန်ကျစရိတ်နှင့် တိုက်ရိုက်ဖြစ်သော အရောင်းကုန်ကျစရိတ်များ အားလုံး နုတ်ပြီးထားသော တန်ဖိုးဖြစ်ပါသည်။

(ဇ) ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ

ကုန်သွယ်မှုနှင့် အခြားရရန်ရှိများကို ဦးစွာ ကာလတန်ဖိုးဖြင့် စာရင်းရေးသွင်းပြီးနောက် effective interest method ကို အသုံးပြု၍ နောက်ပိုင်းကာလတွင် လျော့ချပြီးတန်ဖိုးမှ ပျက်စီးဆုံးရှုံးမှုအတွက် လျာထားသော တန်ဖိုးကိုနုတ်၍ စာရင်းသယ်ဆောင်ပါသည်။ ရပိုင်ခွင့်လျော့ကျသွားသည့် အထောက်အထား ခိုင်လုံသောအခါ ခန့်မှန်း၍ရသော ပြန်မရနိုင်သည့် ပမာဏများအတွက် သင့်လျော်သော စရိတ်များကို အရှုံးအမြတ်စာရင်းတွင် ထည့်သွင်းသည်။

၂။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ် (အဆက်)

(ဈ) ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ

ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများသည် ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ မပေးချေရသေးသော ကုမ္ပဏီသို့ပေးပို့ထားသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများအတွက် ပေးရန်ရှိများဖြစ်ပါသည်။ ပေးချေမှုသည် တစ်နှစ်အတွင်း (သို့မဟုတ်) တစ်နှစ်အောက် (သို့မဟုတ် ပို၍ကြာရှည်ပါက ပုံမှန်လုပ်ငန်းလည်ပတ်သည့်ကာလ) အတွင်းဖြစ်ပါက ၎င်းတို့ကို လက်ငင်းပေးရန် တာဝန်များအဖြစ် ဖော်ပြပါသည်။ ထိုသို့မဟုတ်ပါက လက်ငင်းမဟုတ်သော ပေးရန်တာဝန်များအဖြစ် ဖော်ပြပါသည်။ ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများကို ဈေးကွက်ပေါက်ဈေးဖြင့် ကနဦးစာရင်းရေးသွင်းပြီးနောက် effective interest method ကို အသုံးပြု၍ နောက်ပိုင်းကာလတွင် လျော့ချပြီးတန်ဖိုးဖြင့် စာရင်းသယ်ဆောင်ပါသည်။ ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများကို ဦးစွာ ကာလတန်ဖိုးဖြင့် စာရင်းရေးသွင်းပြီးနောက် effective interest method ကို အသုံးပြု၍ နောက်ပိုင်းကာလတွင် လျှော့ချပြီးတန်ဖိုးမှ ပျက်စီးဆုံးရှုံးမှုအတွက် လျာထားသော တန်ဖိုးကိုနုတ်၍ စာရင်းသယ်ဆောင်ပါသည်။

(ည) လျာထားငွေများ

ပြီးခဲ့သော အဖြစ်အပျက်တစ်ခု၏ အကျိုးရလဒ်အဖြစ် လက်ရှိပေးရန်တာဝန်ရှိသောအခါ (တရားဥပဒေအရ သို့မဟုတ် အပြုသဘောအရ) ကုမ္ပဏီသည် လျာထားငွေများအဖြစ် ပေးရန်တာဝန်ရှိသောငွေများကို ပေးချေရန်အတွက် လုပ်ငန်း၏ အရင်းအမြစ်များစီးထွက်ရန် အလားအလာရှိပြီး ပေးချေရမည့်ပမာဏကို တိကျမှန်ကန်စွာ ခန့်မှန်းနိုင်ရမည်။ အနာဂတ်လုပ်ငန်း၏ ဆောင်ရွက်ချက်ဆုံးရှုံးမှုများကို လျာထားငွေများအဖြစ် မသတ်မှတ်ပါ။

(ဋ) ထုတ်ဝေပေးသွင်းပြီး ရှယ်ယာရင်းနှီးငွေ

ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေအရ အများနှင့်သက်ဆိုင်သောကုမ္ပဏီ တစ်ခုသည် အများပြည်သူအားကမ်းလှမ်းချက်ပြုလုပ်ရန် အလားအလာညွှန်းတမ်းအပါအဝင် အများပြည်သူ အားကမ်းလှမ်းခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းတို့ကို ၎င်း၏ ငွေချေးသက်သေခံ လက်မှတ်များအား အများပြည်သူသို့ ကမ်းလှမ်းခြင်းမပြုလုပ်မီ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်သို့တင်ပြ၍ ခွင့်ပြုချက် ရယူရန်လိုအပ်ပါသည်။ အများနှင့်သက်ဆိုင်သောကုမ္ပဏီ၊ အများပြည်သူသို့ ကမ်းလှမ်းခြင်းနှင့် အလားအလာ ညွှန်းတမ်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တို့ကို ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေတွင် ဖော်ပြထားခြင်းမရှိသော်လည်း ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် ထည့်သွင်းထားပါသည်။ အများနှင့် သက်ဆိုင်သောကုမ္ပဏီတစ်ခုသည် ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ် ရောင်းဝယ်ရေးနည်းဥပဒေနှင့် ၎င်းတို့အရ ထုတ်ပြန်ထားသောအမိန့်ကြော်ငြာစာပါ လိုအပ်ချက်များကို လိုက်နာရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အများပြည်သူအားကမ်းလှမ်းခြင်းအတွက်အသုံးပြုသော အလားအလာညွှန်းတမ်းသည် ယင်းလိုအပ်ချက် နှစ်ရပ်လုံးနှင့်ကိုက်ညီရန် လိုအပ်ပါသည်။ ဘဏ္ဍာရေးစာရင်းရှင်းတမ်းများနှင့်စပ်လျဉ်း၍ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ အလားအလာညွှန်းတမ်းတွင် ကုမ္ပဏီနှင့် ၎င်း၏လက်အောက်ခံ ကုမ္ပဏီများ၏ နောက်ဆုံးသုံးနှစ်အတွက် အမြတ်များ၊ အမြတ်ဝေစုခွဲဝေပေးအပ်မှုနှုန်းထားများနှင့်စပ်လျဉ်း၍ စာရင်းစစ်အစီရင်ခံစာကိုပါဝင်ထည့်သွင်းရမည်ဖြစ်ပါသည်။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ် ရေးနည်းဥပဒေများအရ နောက်ဆုံးနှစ်နှစ်အတွက် လက်ကျန်စာရင်းရှင်းတမ်းနှင့် ဝင်ငွေစာရင်းများပါဝင်သည့် စာရင်းစစ်ပြီးဖြစ်သော ဘဏ္ဍာရေးစာရင်းရှင်းတမ်းများကိုလိုအပ်မည်ဟုမျှော်မှန်းထားပြီး၊ ၎င်းတွင် ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေများတို့အရ ဘဏ္ဍာရေးဆိုင်ရာသတင်းအချက်အလက်လိုအပ်ချက်များကို သဟဇာတဖြစ်စေမည့် ပြဋ္ဌာန်းချက်များပါ ပါဝင်နိုင်ပါ သည်။

အလားအလာညွှန်းတမ်းထုတ်ဝေခြင်းအတွက် ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ လိုအပ်ချက် များကိုသိရှိလျက် လိုက်နာမှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်ခြင်းတို့အတွက် တာဝန်ရှိသူအပေါ် ငွေဒဏ်ချမှတ်ခြင်း ခံရနိုင်ပါသည်။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေတွင်ပါဝင်သော မည်သည့် ပြဋ္ဌာန်းချက်ကိုမဆို ဖောက်ဖျက်သူတစ်ဦးသည် ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် သို့မဟုတ် ပြစ်ဒဏ်နှစ်မျိုးလုံးကို ကျခံရနိုင်ပြီး၊ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသော အလားအလာညွှန်းတမ်းဆိုင်ရာပြဋ္ဌာန်းချက်များကို လိုက်နာမှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်ခြင်းအတွက် အထက် ဖော်ပြပါ ပြစ်မှုဆိုင်ရာပြစ်ဒဏ်များ ကျခံရနိုင်ပါသည်။

ထို့အပြင် အလားအလာညွှန်းတမ်းတွင် မှားယွင်းသော သို့မဟုတ် လှည့်စားသော ဖော်ပြချက်တစ်ရပ်ရပ် ပါဝင်ပါက ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရလိုအပ်သော အရေးပါသည့်အချက်အလက်တစ်ရပ်နှင့် စပ်လျဉ်း၍ ရည်ရွယ်ချက်ရှိရှိဖြင့် မှားယွင်းသော သို့မဟုတ် လှည့်စားသော ဖော်ပြချက်တစ်ရပ်ရပ် ထည့်သွင်းထားသူ အပေါ် ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ထောင်ဒဏ်နှင့် ငွေဒဏ် ချမှတ်ခံရနိုင်ပြီး၊ ယင်း

မှားယွင်းသောဖော်ပြချက်သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ အပိုင်း ၉ အရ တားမြစ်ထားသောအချက်ဖြစ်ပါက တာဝန်ရှိသူသည် ထောင်ဒဏ်နှင့် ငွေဒဏ် ကျခံရနိုင်ပါသည်။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေတွင် တရားမကြောင်းဆိုင်ရာတာဝန်ရှိမှုများကို ဖော်ပြထားခြင်း မရှိသော်လည်း အလားအလာညွှန်းတမ်းတွင် လှည့်စားသော သို့မဟုတ် မှန်ကန်မှုမရှိသော ဖော်ပြချက်တစ်ရပ်ရပ်ပါဝင်ပါက အလားအလာညွှန်းတမ်းထုတ်ဝေသည့်အချိန်တွင် ဒါရိုက်တာအဖြစ်ဆောင်ရွက်လျက်ရှိသူများနှင့် အလားအလာညွှန်းတမ်းကိုထုတ်ဝေခွင့်ပြုသော အခြားပုဂ္ဂိုလ်များသည် အချို့သောခုခံကာကွယ်နိုင်ခြင်းများရှိသော်လည်း ၎င်းတို့အပေါ် ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ အလားအလာညွှန်းတမ်းကို ယုံကြည်စွာဖြင့် အစုရှယ်ယာများကိုဝယ်ယူခဲ့သူများကကျခံခဲ့ရသော ဆုံးရှုံးမှုများနှင့် ပျက်စီးမှုများအားလုံးအတွက် တာဝန်ရှိစေနိုင်ပါသည်။

ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေများက စာရင်းဝင်ကုမ္ပဏီများ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏အတည်ပြုချက်ဖြင့် ကောင်တာဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်သော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ၊ သတ်မှတ်ထားသော ရင်းနှီးမြှုပ်နှံသူအရေအတွက်ရှိသည့်ကုမ္ပဏီများအပေါ်တွင် စဉ်ဆက်မပြတ် ဖွင့်ဟထုတ်ဖော်ခြင်း ပြုလုပ်ရန် တာဝန်ရှိကြောင်း သတ်မှတ်ထားပြီး၊ ဆင့်ပွားဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်သော ရင်းနှီးမြှုပ်နှံသူများ၏အကျိုးငှာ အဆိုပါကုမ္ပဏီများက နှစ်ပတ်လည်အစီရင်ခံစာ၊ နှစ်ဝက်အစီရင်ခံစာနှင့် အထူးအစီရင်ခံစာတို့ကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သို့ တင်သွင်းခြင်းနှင့် အများပြည်သူသို့ ဖွင့်ဟထုတ်ဖော်ခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ကြောင်း သတ်မှတ်ထားပါသည်။

### *တားမြစ်ထားသည့်လိမ်လည်လှည့်ဖြားသောပြုလုပ်မှုများ*

အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်စေသည့်အတွက်ကြောင့် တားမြစ်ထားသော ပြုလုပ်မှုများကို ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ အခန်း ၉ တွင် ဖော်ပြထားပါသည်။ ငွေချေးသက်သေခံလုပ်ငန်းကုမ္ပဏီတစ်ခုသာမက၊ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် အများနှင့်သက်ဆိုင်သောကုမ္ပဏီအပါအဝင် မည်သူမဆို သတ်မှတ်တားမြစ်ထားသောပြုလုပ်မှုများ ဆောင်ရွက်ခြင်းမှ တားမြစ်ထားပြီး၊ ၎င်းတို့အားချိုးဖောက်ပါက ၁၀ နှစ်ထက်မပိုသောထောင်ဒဏ်ကို ချမှတ်ခံရနိုင် ပြီး၊ ငွေဒဏ်ကိုပါ ကျခံစေနိုင်ပါသည်။ တားမြစ်ထားသောပြုလုပ်မှုများမှာ -

- အချို့သော ငွေချေးသက်သေခံလုပ်ငန်းနှင့်ဆက်စပ်သောဆောင်ရွက်မှုများနှင့် ငွေချေးသက်သေခံလုပ်ငန်းဈေးကွက်အပေါ် အထင်အမြင်လွဲမှားစေသည့် သို့မဟုတ် ဩဇာသက်ရောက်စေသည့် ပြုလုပ်မှုများဖြစ်သော လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ မှန်ကန်မှု မရှိသော ပြောဆိုချက်များ ပြုလုပ်ခြင်း၊ အရေးကြီးသော သတင်းအချက်အလက်များကို ဖုံးကွယ်ထားခြင်း တို့ကို ပါဝင်ပတ်သက် ပြုလုပ်ခြင်း၊
- အခြားသောပုဂ္ဂိုလ်များကို ငွေချေးသက်သေခံလက်မှတ်များရောင်းချစေရေး သို့မဟုတ် ဝယ်ယူစေရေး လှုံ့ဆော်ရန် သို့မဟုတ် စည်းရုံးရန်အတွက် မမှန်ကန်သောသတင်းအချက်အလက်များကို ထုတ်ဖော်ပြောဆိုခြင်း သို့မဟုတ် ဈေးကွက်တွင် ငွေချေးသက်သေခံလက်မှတ်များ၏ဈေးနှုန်းကို ထိခိုက်စေသည့် ပြည့်စုံလုံလောက်မှုမရှိသော သို့မဟုတ် အချိန်ကျရောက်မှုမရှိသေးသော သတင်းအချက်အလက်များကို ထုတ်ဖော်ပြောဆိုခြင်း၊
- ၎င်း၏ကိုယ်ပိုင် သို့မဟုတ် အခြားသူများအတွက် ငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူရန် သို့မဟုတ် ရောင်းချရန် အတွင်းသတင်းအချက်အလက်ကိုအသုံးပြုခြင်း၊ သို့မဟုတ် အတွင်းသတင်းအချက်အလက်များကို ဖွင့်ဟထုတ်ဖော်ခြင်း၊ သို့မဟုတ် ဖွင့်ဟထုတ်ဖော်ခြင်းမပြုရသေးသည့် အတွင်းသတင်းအချက်အလက်အပေါ်မူတည်၍ ငွေချေးသက်သေခံလက်မှတ်များ ရောင်းချရန် သို့မဟုတ် ဝယ်ယူရန် အခြားသူများသို့ အကြံပေးခြင်း၊ နှင့်
- မဟုတ်မမှန်သော ဝယ်လိုအားနှင့် ရောင်းလိုအားကို ဖန်တီးခြင်းဖြင့် ငွေချေးသက်သေခံလက်မှတ်များ

ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်းကို ကြံစည်အားထုတ်ခြင်း၊ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များ၏ဈေးနှုန်းကို ထိန်းချုပ်ကစားရန်အတွက် အဆက်မပြတ်ဝယ်ယူခြင်း၊ သို့မဟုတ် ရောင်းချခြင်း၊ သို့မဟုတ် အခြားသူများနှင့် ပူးပေါင်းကြံစည်မှု သို့မဟုတ် ၎င်းတို့အား စည်းရုံးမှု ပြုလုပ်ကာ အရောင်းအဝယ်နည်းလမ်းများ အသုံးပြုခြင်း။

## ၂။ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်ဈေးကွက်အပေါ် ယေဘုယျကောက်နုတ်ချက်

ရန်ကုန်စတော့အိပ်ချိန်းသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ၎င်း၏လုပ်ငန်းများကို တရားဝင် စတင်လုပ်ကိုင်ခဲ့ပြီး၊ စာရင်းဝင်ပြုလုပ်ခြင်းနှင့် အရောင်းအဝယ်ပြုလုပ်ခြင်းများကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် စတင်ခဲ့ပါသည်။ ပထမဦးဆုံးသော ငွေချေးသက်သေခံကုမ္ပဏီများအား ၎င်းတို့၏လုပ်ငန်းလိုင်စင်ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ပေးအပ်ခဲ့ပါသည်။

ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၅၁ အရ၊ ရန်ကုန်စတော့အိပ်ချိန်းကဲ့သို့သော စတော့အိပ်ချိန်းတစ်ခုသည် ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်းလုပ်ငန်းများကို ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ခွင့်ပြုမိန့် ရယူရန် မလိုအပ်ဘဲ၊ အသိပေးတင်ပြရုံဖြင့် လုပ်ကိုင်နိုင်ပါသည်။ စာရင်းဝင်အစုရှယ်ယာများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် အီလက်ထရောနစ်နည်းဖြင့်စာရင်းလွှဲပြောင်းခြင်းနည်းကို စတင်မိတ်ဆက်ခဲ့ပြီး၊ ရန်ကုန်စတော့အိပ်ချိန်းသည် အီလက်ထရောနစ်နည်းဖြင့်မှတ်တမ်းတင်ထိန်းသိမ်းသည့် ဗဟိုဌာနအဖြစ်ပေါ်ပေါက်လာမည်ဖြစ်ပါသည်။ ရန်ကုန် စတော့အိပ်ချိန်းတွင် အစုရှယ်ယာများအရောင်းအဝယ်ပြုလုပ်ခြင်းသည် ၂၀၁၅ ခုနှစ်၊ သြဂုတ်လ ၇ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅ အရ၊ စာရွက်စာတမ်းဖြင့်မဟုတ်သော အီလက်ထရောနစ်နည်းလမ်းပုံစံဖြင့် ပြုလုပ်ခြင်းဖြစ်ပါသည်။ ယင်းမတိုင်မီက အစုရှယ်ယာများလွှဲပြောင်းမှုအားလုံးကို စာရွက်စာတမ်းပုံစံဖြင့် ပြုလုပ်ခဲ့ကြပါသည်။ ထို့အပြင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၈၆/၂၀၁၆ ဖြင့် ရန်ကုန်စတော့အိပ်ချိန်းတွင်စာရင်းဝင်ထားသောကုမ္ပဏီများအား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် အီလက်ထရောနစ်ငွေချေးသက်သေခံလက်မှတ်များနှင့် ပူးတွဲပါ အခွင့်အရေးများကို မှတ်ပုံတင်ခွင့်ပြုထားပါသည်။

ရန်ကုန်စတော့အိပ်ချိန်းကို နိုင်ငံပိုင်မြန်မာ့စီးပွားရေးဘဏ်၊ ဂျပန်နိုင်ငံ၏ကုမ္ပဏီတစ်ခုဖြစ်သော Daiwa Institute of Research နှင့် အခြားဂျပန်နိုင်ငံ၏ကုမ္ပဏီတစ်ခုဖြစ်သည့် Japan Exchange Group တို့ ဖက်စပ်ပူးပေါင်းတည်ထောင်ထားသည့် Yangon Stock Exchange Joint-Venture Company Limited ကပိုင်ဆိုင်ပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန်နိုင်ငံငွေချေးသက်သေခံကုမ္ပဏီတစ်ခု ဖြစ်သည့် Daiwa Securities Group Inc တို့ပူးပေါင်း၍ ၁၉၉၆ ခုနှစ်တွင် Myanmar Securities Exchange Centre Co., Ltd. အား ဖက်စပ်ကုမ္ပဏီတစ်ခုအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေတွင် စတော့အိပ်ချိန်းအပြင်၊ ကောင်တာဈေးကွက် သို့မဟုတ် စာရင်းဝင်ခြင်းမရှိသော ငွေချေးသက်သေခံလက်မှတ်များ စနစ်တကျရောင်းဝယ်ရေး ဈေးကွက်အတွက်ပါ ပြဋ္ဌာန်းချက်များထည့်သွင်းထားပါသည်။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်၏ခွင့်ပြုချက်ဖြင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သုံးခုထက်မနည်းသောကုမ္ပဏီများက ၎င်းအား ထူထောင်နိုင်ပါသည်။ ခွင့်ပြုချက်ရရှိရေးအတွက် လိုအပ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်တကွ ဖွဲ့စည်းပုံဆိုင်ရာကိစ္စရပ်များနှင့် ၎င်း၏တာဝန်နှင့်ဝတ္တရားများအား ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေများတွင် ဖော်ပြထားပါသည်။

စတော့အိပ်ချိန်းတစ်ခုသည် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်များဈေးကွက်၏ အဓိကကျသည့်

နေရာ ဖြစ်ပါသည်။ မြန်မာနိုင်ငံဥပဒေအရ ၎င်းအား တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီ သို့မဟုတ် ဖက်စပ်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်နိုင်ပါသည်။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များအရ ရှင်းလင်းစွာဖော်ပြထားခြင်းမရှိသော်လည်း၊ အထူးသဖြင့် ရန်ကုန်စတော့အိပ်ချိန်းနှင့်စပ်လျဉ်း၍ စတော့အိပ်ချိန်းဈေးကွက်တစ်ခုတွင် ရောင်းဝယ်မှုများကို ပါဝင်ဆောင်ရွက်နိုင်သူများမှာ ငွေချေးသက်သေခံ ကုမ္ပဏီများဖြစ်ပြီး၊ ၎င်းတို့သည် စတော့အိပ်ချိန်းတစ်ခု၏ အစုရှယ်ယာရှင်များဖြစ်ရန်လိုအပ်ခြင်းမရှိဟု ထင်မြင်ယူဆနိုင်ပါသည်။ စတော့အိပ်ချိန်းတစ်ခုသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ ခွင့်ပြုချက်ရယူရမည်ဖြစ်ပြီး၊ ၎င်း၏ ကုမ္ပဏီပဋိညာဉ် (Charter) နှင့် လုပ်ငန်းဆိုင်ရာစည်းမျဉ်းများပြောင်းလဲခြင်းတစ်ရပ်ရပ်အတွက် ခွင့်ပြုချက်ရယူရန်လိုအပ်ခြင်းအပါအဝင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ကြီးကြပ်မှုအာဏာအောက်တွင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ခွင့်ပြုမိန့်အတွက် အသေးစိတ်လိုအပ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေများတွင် ဖော်ပြထားမည်ဖြစ်ပါသည်။ စတော့အိပ်ချိန်းတစ်ခုသည် စာရင်းဝင်ခြင်းဆိုင်ရာလိုအပ်ချက်များကို သတ်မှတ်ခြင်းကိစ္စရပ်နှင့် ရောင်းဝယ်မှုများတွင် ပါဝင်ဆောင်ရွက်သူများနှင့်စပ်လျဉ်းသောကိစ္စရပ်များအပါအဝင် အခြားသောကိစ္စရပ်များကို မိမိကိုယ်တိုင်ကြီးကြပ်မှုပြုလုပ်နိုင်သည့်အခွင့်အာဏာ ရှိပါသည်။

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉ ဖြင့် ထုတ်ပြန်ချက်အရ နိုင်ငံခြားသားများအား ၂၀၂၀ ပြည့်နှစ် မတ်လ ၂၀ ရက်နေ့မှစ၍ ရန်ကုန်စတော့အိပ်ချိန်းတွင် အစုရှယ်ယာများရောင်းဝယ်ခြင်းကိုခွင့်ပြုခဲ့ပါသည်။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏အမိန့်ကြော်ငြာစာကို အကောင်အထည်ဖော်သည့်အနေဖြင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအရောင်းအဝယ်ပြုလုပ်ရာတွင်ကျင့်သုံးရမည့်မူဘောင်ကို ရန်ကုန်စတော့အိပ်ချိန်းက ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ဆက်လက်၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ညွှန်ကြားချက်အမှတ် ၁/၂၀၂၀ ဖြင့် နိုင်ငံခြားသားများ အစုရှယ်ယာများအရောင်းအဝယ်ပြုလုပ်နိုင်ရေးအတွက် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများက ငွေစာရင်းများဖွင့်လှစ်ပေးရန်လိုအပ်ချက်များကို ထုတ်ပြန်ခဲ့ပါသည်။

ညွှန်ကြားချက်အမှတ် ၁/၂၀၂၀ အရ -

- ပြည်တွင်းနေထိုင်သူနိုင်ငံခြားသားနှင့်ပြည်ပနေထိုင်သူနိုင်ငံခြားသား နှစ်မျိုးစလုံးသည် ရန်ကုန်စတော့အိပ်ချိန်းတွင် အစုရှယ်ယာများအရောင်းအဝယ်ပြုလုပ်ခွင့်ရှိပါသည်။
- စာရင်းဝင်ကုမ္ပဏီတစ်ခုချင်းစီအား နိုင်ငံခြားသားအစုရှယ်ယာရှင်များ ပိုင်ဆိုင်ခွင့်ရှိသည့်အချိုးကန့်သတ်ချက်ကို ၎င်းတို့ကိုယ်တိုင်သတ်မှတ်ခြင်းကိုခွင့်ပြုထားပြီး၊(သက်ဆိုင်ရာကုမ္ပဏီများက သတ်မှတ်ထားသည့် နိုင်ငံခြားသားများက အစုရှယ်ယာများအများဆုံးပိုင်ဆိုင်နိုင်သည့်ကန့်သတ်ချက်ကို ကျော်လွန်နိုင်သည့် အခြေအနေဖြစ်သည့်(နိုင်ငံခြားသားများအများဆုံးပိုင်ဆိုင်နိုင်သည့်ကန့်သတ်ချက်၏ ငါးရာခိုင်နှုန်းအတွင်း) သို့ ရောက်ရှိလာပါက ရန်ကုန်စတော့အိပ်ချိန်းသည် နိုင်ငံခြားသားများအရောင်းအဝယ်ပြုလုပ်ရာတွင် ကျင့်သုံးရမည့်မူဘောင်နှင့်အညီ နိုင်ငံခြားသားများ၏ ဝယ်ယူရန်အမှာစာများကို ဆိုင်းငံ့ထားမည် ဖြစ်ပါသည်။)

Latest Practicable Date တွင် စာရင်းဝင်ကုမ္ပဏီတစ်ခု (မြန်မာနိုင်ငံသားများဘဏ်လီမိတက်) မှအပ ကျန်စာရင်းဝင်ကုမ္ပဏီများအားလုံးသည် ၎င်းတို့၏အစုရှယ်ယာများကို နိုင်ငံခြားသားများ အရောင်းအဝယ်ပြုလုပ်ရန် ခွင့်ပြုထားပြီး၊ First Myanmar Investment Public Co., Ltd. ၏ အစုရှယ်ယာများအား နိုင်ငံခြားအစုရှယ်ယာပိုင်ဆိုင်မှုကန့်သတ်ချက်ထက်ကျော်လွန်မှုကြောင့် ၎င်း၏အစုရှယ်ယာများအား နိုင်ငံခြားသားများက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဆိုင်းငံ့ထားပါသည်။

ရန်ကုန်စတော့အိပ်ချိန်းတွင်စာရင်းဝင်ရောက်လိုသော်လည်း စာရင်းဝင်ဆိုင်ရာစံသတ်မှတ်ချက်များ ပြည့်မီ

ရန် လိုအပ်ချက်များရှိနေသော အများပိုင်ကုမ္ပဏီများအား ဘဏ္ဍာငွေ ရရှိစေနိုင်သောအခွင့်အလမ်းများပေးအပ်ရန် အတွက် ရန်ကုန်စတော့အိပ်ချိန်းကလည်း စာရင်းဝင်အကြိုဈေးကွက်ထူထောင်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်းက စာရင်းဝင်အကြိုဈေးကွက်ကို အကောင်အထည်ဖော်နိုင်ရန်လိုအပ်သည့် ငွေချေးသက်သေခံလက်မှတ်များမှတ်ပုံတင်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာလက်စွဲတို့ကို ထုတ်ပြန်ခဲ့ပြီး၊ ၎င်းက (ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေအရ လိုင်စင်ပေးအပ်ထားသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအားလုံး အပါအဝင်) ကုမ္ပဏီခုနစ်ခုကို စာရင်းဝင်အကြိုဈေးကွက်တွင်မှတ်ပုံတင်ခြင်းအတွက် အကြံပေးလုပ်ငန်းဆောင်ရွက်စေရန် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ခွင့်ပြုခဲ့ပါသည်။

**၃။ ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ခြင်းနှင့် ရောင်းဝယ်မှုပြုလုပ်ခြင်း**

လက်ရှိအချိန် (Latest Practicable Date) ၌ ရန်ကုန် စတော့အိပ်ချိန်းတွင် စာရင်းဝင် ကုမ္ပဏီ ခုနစ်ခု ရှိပြီး၊ ၎င်းတို့မှာ First Myanmar Investment Public Co. Ltd. ၊ Myanmar Thilawa SEZ Holdings Public Co. Ltd. ၊ Myanmar Citizens Bank Limited ၊ First Private Bank Limited ၊ TMH Telecom Public Co. Ltd. ၊ Ever Flow River Group Public Co., Ltd. နှင့် Amata Holding Public Co., Ltd. တို့ ဖြစ်ကြပါသည်။

## အပိုင်း ၈။ မြန်မာနိုင်ငံ၏ အရေးပါသော ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ

မြန်မာနိုင်ငံတွင် မိမိတို့၏ စီးပွားရေးလုပ်ငန်းနှင့် လုပ်ငန်းလည်ပတ်မှုများအပေါ် သက်ဆိုင်ရာ အကျိုးသက်ရောက်နိုင်သည့် ဥပဒေများနှင့်စည်းမျဉ်းစည်းကမ်းများအကျဉ်းချုပ်ကို အောက်တွင်ဖော်ပြထားပါသည်။ အောက်တွင်ဖော်ပြထားသော အကြောင်းအရာများသည် ဥပဒေဆိုင်ရာအကြံပေးမှုအတွက် ရည်ရွယ်ခြင်းမဟုတ်သကဲ့သို့ ယင်းကဲ့သို့အကြံပေးမှုများလည်းမပါဝင်ပါ။ အောက်ပါတို့သည် အခြေအနေများ၊ အရည်အချင်းသတ်မှတ်မှုများနှင့် ခြွင်းချက်များအားလုံးအတွက် ပါဝင်သည်ဟု ဆိုလိုခြင်းမရှိသည့်အပြင်၊ ဖော်ပြခဲ့သောကိစ္စရပ်များနှင့်သက်ဆိုင်သည့် မြန်မာနိုင်ငံ၏ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ အလုံးစုံပါဝင်ခြင်းနှင့် အပြည့်အဝသုံးသပ်ထားခြင်းမဟုတ်ပါ။ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် အချိန်အခါမရွေးပြောင်းလဲနိုင်ပြီး၊ ပြောင်းလဲခြင်းတစ်ရပ်ရပ်သည် နောက်ကြောင်းပြန်အကျိုးသက်ရောက်ခြင်းလည်း ဖြစ်ပေါ်နိုင်ပါသည်။ ဤဆွေးနွေးချက်သည် လက်ရှိအာဏာသက်ရောက်လျက်ရှိသည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအပေါ် မှန်ကန်စွာအဓိပ္ပာယ်ဖွင့်ဆိုချက်များဖြစ်သည်ဟုယူဆသော်လည်း၊ အဆိုပါဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို အာဏာသက်ရောက်စေခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း ပြုလုပ်နိုင်သည့် တရားရုံး သို့မဟုတ် အစိုးရအာဏာပိုင်များက ဤအဓိပ္ပာယ်ဖွင့်ဆိုချက်ကိုသဘောတူမည်ဆိုသည်ကိုသော်လည်းကောင်း၊ အဆိုပါဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများသည် ပြောင်းလဲမှုများဖြစ်ပေါ်လိမ့်မည်မဟုတ်ဟုသော်လည်းကောင်း အာမခံနိုင်ခြင်း မရှိပါ။

### ၁။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (ဥပဒေအမှတ် ၂၉/၂၀၁၇)

၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသည် မြန်မာနိုင်ငံတွင် ကုမ္ပဏီများဖွဲ့စည်းတည်ထောင်ခြင်းနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းအဓိကကျသောဥပဒေဖြစ်ပါသည်။ ယင်းအား ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် စတင် အာဏာသက်ရောက်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသည် (ဩစတြေးလျကော်ပိုရေးရှင်းအက်ဥပဒေ (Australian Corporations Act) အပါအဝင်) နိုင်ငံတကာ၏ကုမ္ပဏီများဥပဒေများအပေါ်တွင် အခြေခံကာ ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအား ခေတ်နှင့်ညီအောင်ပြဋ္ဌာန်းပြုလုပ်ထားသည့်ဥပဒေ ဖြစ်ပါသည်။

အရေးကြီးသောအချက်မှာ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီများကို "နိုင်ငံခြားကုမ္ပဏီ" သို့မဟုတ် "မြန်မာကုမ္ပဏီ" ဟူ၍ အမျိုးအစားခွဲခြားထားပါသည်။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသော နိုင်ငံခြားကုမ္ပဏီများအပေါ်တွင် ဥပဒေကြောင်းအရလည်းကောင်း၊ လက်တွေ့ကျင့်သုံးမှုအရလည်းကောင်း ကန့်သတ်ချက်များရှိသဖြင့် ဤခွဲခြားမှုသည် အရေးကြီးသောအချက်ဖြစ်ပါသည်။ ဥပမာအားဖြင့် ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကိုကန့်သတ်သည့်ဥပဒေအရ အစိုးရဌာနအဖွဲ့အစည်းများ၏ လက်တွေ့ကျင့်သုံးမှုတွင် မရွှေ့မပြောင်းနိုင်သောပစ္စည်းအား နိုင်ငံခြားကုမ္ပဏီသို့ လွှဲပြောင်းခြင်း၊ သို့မဟုတ် ၎င်းကရယူခြင်း သို့မဟုတ် တစ်နှစ်ထက်ကျော်လွန်သောကာလအတွက်ငှားရမ်းခြင်းကို ကန့်သတ်ထားပါသည်။ သို့ရာတွင် ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေတွင် မြန်မာကုမ္ပဏီဆိုသည်ကို နိုင်ငံခြားအစုရှယ်ယာပါဝင်မှုမရှိသောကုမ္ပဏီတစ်ခုဟု အဓိပ္ပာယ်သတ်မှတ်ထားသော်လည်း၊ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင်မူ နိုင်ငံခြားအစုရှယ်ယာပါဝင်မှု ၃၅ ရာခိုင်နှုန်းအထိခွင့်ပြုထားသောကုမ္ပဏီဟု အဓိပ္ပာယ်သတ်မှတ်ထားပါသည်။

၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၇-က(၃) အရ နိုင်ငံခြားကုမ္ပဏီများက မြန်မာနိုင်ငံတွင် ကုန်သွယ်မှုပြုလုပ်ရန်အတွက် ခွင့်ပြုမိန့်ရယူရန်လိုအပ်ချက်ကို ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကပယ်ဖျက်ခဲ့ပြီး၊ လက်တွေ့ကျင့်သုံးမှုတွင် ယင်းအချက်သည် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရန် ရည်ရွယ်ချက်ရှိသော နိုင်ငံခြားကုမ္ပဏီများအတွက် ရှားပါးစွာ ပေးအပ်ထားမှုတစ်ရပ်လည်း ဖြစ်ပါသည်။

၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသည် မြန်မာနိုင်ငံတွင် ကုမ္ပဏီများဖွဲ့စည်းတည်ထောင်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းလုပ်ငန်းစဉ်များကို ချောမွေ့စေပါသည်။ ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေကဲ့သို့မဟုတ်ဘဲ၊ ပါဝင်သူတစ်ဦးတည်းသာရှိသောကုမ္ပဏီများကို ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဖွဲ့စည်းတည်ထောင်နိုင်ပြီး၊ ကုမ္ပဏီများက ၎င်းတို့၏မတည်ရင်းနှီးငွေကိုစီမံခန့်ခွဲမှုတွင် ကြီးမားစွာသော ပြောင်းလွယ်ပြင်လွယ်ရှိစေမှုကိုပေးအပ်ထားပါသည်။ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသည် ဒါရိုက်တာများ၏တာဝန်အား ဥပဒေကြောင်းဖြင့်သတ်မှတ်ခြင်းကို မိတ်ဆက်ပြဋ္ဌာန်းခဲ့ပြီး၊ မြန်မာနိုင်ငံတွင် ကုမ္ပဏီများ လုပ်ငန်းဆောင်ရွက်မှုကိုတိုးတက်စေရန်ရည်ရွယ်လျက်၊ ပိုမိုတင်းကြပ်သောကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ပြဋ္ဌာန်းထားပါသည်။

## ၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (ဥပဒေအမှတ် ၄၀/၂၀၁၆)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသည် ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် အာဏာသက်ဝင်ခဲ့ပြီး၊ ယင်းသည် ယခင်ကထုတ်ပြန်ခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေတို့ကို တစ်ခုတည်းသောဥပဒေအဖြစ်ပေါင်းစပ်ကာ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုခြင်းဆိုင်ရာလုပ်ငန်းစဉ်ကို ချောမွေ့စေခဲ့ပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က စီမံဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ (အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၇) ကို ထုတ်ပြန်ခဲ့ပြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုချက်ရရှိစေရန် ဆောင်ရွက်ရမည့်နည်းလမ်းများကို သတ်မှတ်ခဲ့ပါသည်။

ယေဘုယျအားဖြင့် မဟာဗျူဟာအရအရေးပါသော၊ မတည်ရင်းနှီးငွေမြင့်မားသော၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူ့အဖွဲ့အစည်းများအား ထိခိုက်နိုင်ခြေရှိသော၊ နိုင်ငံပိုင်မြေကိုအသုံးပြုသော၊ အခြားသတ်မှတ်ချက်ထားရှိသော ရင်းနှီးမြှုပ်နှံမှုများဖြစ်သည့်၊ နိုင်ငံခြားနှင့်ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုနှစ်မျိုးလုံးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ ခွင့်ပြုမိန့်ရယူရန်လိုအပ်မည်ဖြစ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် နှစ်ရှည်မြေငှားရမ်းခြင်းအတွက် (အောက်တွင်ဖော်ပြထားသော ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကိုကန့်သတ်သည့်ဥပဒေ၏ ကန့်သတ်ချက်များအရ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ မြေအသုံးပြုခွင့်ရယူရန်လိုအပ်မည်ဖြစ်ပါသည်။

## ၃။ ၂၀၁၃ ခုနှစ်၊ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ

ဤဥပဒေအရ၊ ပိုမိုကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် စာရင်းကိုင်စံနှုန်းများ၊ မြန်ဆန်သွက်လက်သောကြီးကြပ်မှုနှင့် သတင်းပို့မှုဆိုင်ရာမူဘောင်နှင့် ရင်းနှီးမြှုပ်နှံသူများက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆုံးဖြတ်ချက်ပြုလုပ်ရန် လုံလောက်သောသတင်းအချက်အလက်များကိုပေးအပ်နိုင်သည့် ပွင့်လင်းမြင်သာမှုရှိသည့် အဆင့်တစ်ရပ် ပြုလုပ်ထားရှိရန်လိုအပ်ပါသည်။

## ၄။ အလုပ်သမားနှင့် လူအင်အားဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

မြန်မာနိုင်ငံတွင် အလုပ်ခန့်ထားမှုကို သဘောတူစာချုပ်ဖြင့် ထိန်းသိမ်းထားပြီး၊ ကွဲပြားခြားနားသော အခြေခံများရှိသည့် အလုပ်ခန့်ထားမှုများအတွက် အောက်ပါဥပဒေများအပါအဝင် အချိန်ပိုဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အနည်းဆုံးရှိရမည့်စံနှုန်းများကို အလုပ်သမားဆိုင်ရာဥပဒေအများအပြား၏ လိုအပ်ချက်များဖြင့် ထိန်းချုပ်ထားပါသည်-

(၁) ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ၊
(၂) ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ၊
(၃) ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ၊

(၄) ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ၊
(၅) ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေ၊
(၆) ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊
(၇) ၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊
(၈) ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများဥပဒေ၊
(၉) ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေ၊
(၁၀) ၂၀၁၉ ခုနှစ်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ။

မြန်မာနိုင်ငံသည် ယင်းဥပဒေအများအပြားကို ပြောင်းလဲပြင်ဆင်မှုများပြုလုပ်ခဲ့ပြီး၊ ဆက်လက်၍လည်း ပြောင်းလဲပြင်ဆင်ရန်တွန်းအားပေးမှုများ ဆက်လက်ဖြစ်ပေါ်နေပါသည်။ အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ အလုပ်ရှင်တစ်ဦးသည် အလုပ်စတင်ခန့်အပ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း စာဖြင့်ရေးသားထားသောအလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်ကို အပြီးသတ်ချုပ်ဆိုရန်လိုအပ်ပါသည်။ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်အား သက်ဆိုင်ရာမြို့နယ်၏ အလုပ်သမားဝန်ကြီးဌာနရုံးတွင် တင်သွင်းရန်လိုအပ်ပါသည်။ ဤအတွက် ဝန်ကြီးဌာနက ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄၀/၂၀၁၇ ဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင်အသုံးပြုရန် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်နမူနာပုံစံကို ထုတ်ပြန်ခဲ့ပါသည်။

ယင်းတွင် ၎င်း၏လုပ်ငန်းစတင်လည်ပတ်သည့်နေ့မှ ၁၅ ရက်အတွင်း အလုပ်သမားအားလုံးကို လူမှုဖူလုံရေးအဖွဲ့တွင် မှတ်တမ်းတင်စာရင်းသွင်းရန်တာဝန်ရှိမှုလည်း ပါဝင်ပါသည်။

## ၅။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မြန်မာနိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများ

မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများသည် ၂၀၁၂ ခုနှစ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအား အခြေခံထားပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအရ အချို့သောစီးပွားရေးလုပ်ငန်းများ၊ လုပ်ငန်းခွင်များ၊ စက်ရုံများနှင့် အလုပ်ရုံများသည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်း စတင်ဆောင်ရွက်ခြင်းမပြုမီ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ခွင့်ပြုမိန့် ရယူရန်လိုအပ်ပါသည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအရ အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅ ကို ထုတ်ပြန်ခဲ့ပြီး၊ မြန်မာနိုင်ငံနှင့်သင့်လျော်မှုရှိသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာဆိုင်ရာလုပ်ထုံးလုပ်နည်း (Environmental Impact Assessment Procedure -EIAP) ကို သတ်မှတ်ခဲ့ပါသည်။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာဆိုင်ရာလုပ်ထုံးလုပ်နည်းက မည်သည့်အခါတွင် ကြိုတင်ခွင့်ပြုချက်ရယူရန်လိုအပ်ကြောင်းနှင့် ယင်းအားရယူရန်အတွက်ဆောင်ရွက်ရမည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို သတ်မှတ်ထားပါသည်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာဆိုင်ရာလုပ်ထုံးလုပ်နည်း၏ ပထမအဆင့်မှာ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ဖြစ်ပါသည်။ အဆိုပါ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းပြီးစီးသည့်အခါတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ကို ထုတ်ပေးနိုင်သကဲ့သို့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ကို ထုတ်ပေးခြင်းမပြုမီ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အပြည့်အဝဆောင်ရွက်ရန်လိုအပ်ကြောင်းကိုလည်း သတ်မှတ်နိုင်ပါသည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သက်သေခံလက်မှတ်ပါစည်းကမ်းသတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်မှုအပေါ် စစ်ဆေးနိုင်ပြီး လိုက်နာဆောင်ရွက်စေမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအပြင် ရေကိုကောင်းစွာထိန်းသိမ်းအသုံးပြုရေးနှင့် ကဏ္ဍအလိုက်သဘာဝပတ်ဝန်းကျင်လိုအပ်ချက်များအပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ သီးခြားဥပဒေများနှင့်

လည်း အကျုံးဝင်နိုင်ပါသည်။

## ၆။ မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ချက်များအပေါ်သက်ရောက်သောအထွေထွေစည်းမျဉ်းများ

မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ချက်များကို အောက်ဖော်ပြပါဌာနများက အကောင်အထည်ဖော်သောနည်းဥပဒေများနှင့် မူဝါဒများဖြင့် ကြီးကြပ်လျက်ရှိပါသည် -

- ဝန်ကြီးဌာနအဆင့် (ဥပမာအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာမှ တစ်ဆင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊)
- မြို့အသီးသီးရှိစည်ပင်သာယာရေးကော်မတီများ (နောင်တွင် "စည်ပင်သာယာရေးကော်မတီများ" ဟု ရည်ညွှန်းပါမည်)၊ နှင့် / သို့မဟုတ်
- မြေ သို့မဟုတ် ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရည်ရွယ်သည့်နေရာဒေသ၏ ဒေသဆိုင်ရာအစိုးရ အဖွဲ့များ။

ခွင့်ပြုမိန့်ရရှိရေးလုပ်ငန်းစဉ်တွင် အဆင့်နှစ်ဆင့် ပါဝင်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရန် အတွက် အဆောက်အဦခွင့်ပြုမိန့်ကို ရေးဦးစွာပေးအပ်မည်ဖြစ်ပြီး၊ ဆောက်လုပ်ပြီးစီး၍ စစ်ဆေးခြင်းလုပ်ငန်း ပြီးစီးသည့်အခါတွင် အဆောက်အဦပြီးစီးကြောင်း သက်သေခံလက်မှတ်ကိုထုတ်ပေးမည်ဖြစ်ပါသည်။ ယေဘုယျ အားဖြင့် အဆောက်အဦခွင့်ပြုမိန့်၏ စည်းမျဉ်းစည်းကမ်းများတွင် ဆောက်လုပ်ရေးလုပ်ငန်းကို တစ်နှစ်အတွင်း ပြီးစီး အောင်ဆောက်လုပ်ရန်လိုအပ်ချက်ကိုထည့်သွင်းထားမည်ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ် ဖွန်လတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနက ဆောက်လုပ်ရေးလုပ်ငန်းများ၏ စံသတ်မှတ်ချက်များပါဝင်သော အမျိုးသားအဆင့်အဆောက်အဦ ဆိုင်ရာကျင့်ထုံး (National Building Code) ကို ထုတ်ပြန်ခဲ့ပါသည်။ မြို့နယ်အဆင့်စည်ပင်သာယာရေးကော်မတီ များက ဆောက်လုပ်ရေးလုပ်ငန်းများကို အတည်ပြုရာတွင် ဤစံသတ်မှတ်ချက်များကို အသုံးပြုရန် ရည်ရွယ်ထား ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပိုမိုကျယ်ပြန့်သော စီမံချက်နှင့်ဇုန်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများသည် ဆက်လက် ဖြစ်ထွန်းလာနေသည့်အချိန် ဖြစ်ပါသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသည် ရန်ကုန်မြို့အတွက် ဇုန်သတ်မှတ်ခြင်းအစီအစဉ်မူကြမ်းကို ရေးဆွဲခဲ့ပြီး အသုံးပြုလျက်ရှိသော်လည်း၊ ယင်းအား အချောသတ်ပြီးစီးခြင်း သော်လည်းကောင်း၊ ပုံနှိပ်ထုတ်ဝေခြင်းသော်လည်းကောင်း မပြုရသေးပါ။

## ၇။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥပဒေများနှင့် နည်းဥပဒေများ

၁။ ၂၀၁၈ ခုနှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ

၂၀၁၈ ခုနှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေနှင့်အညီ ရန်ကုန်မြို့တော်တွင် စည်ပင်သာယာရေး စီမံကိန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင် သာယာရေး ကော်မတီက ကြီးကြပ်ပါသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏တာဝန်များအား အောက်ပါ အတိုင်း သတ်မှတ်ထားပါသည် -

- မြို့ပြစီမံကိန်းများ ရေးဆွဲခြင်း၊
- အိမ်ခြံမြေလုပ်ငန်းများအား ကြီးကြပ်ခြင်းနှင့် အကောင်အထည် ဖော်ခြင်း၊
- ရန်ကုန်မြို့တော်စည်ပင်သာယာရေးပိုင်ဆိုင်သောမြေ၊ မြေလွတ်၊ အရန်ထားသော မြေနှင့် လမ်းများ အပေါ်တွင် ခွင့်ပြုမိန့်မရှိဘဲ အဆောက်အဦများ၊ အိမ်များ၊ တဲများ ဆောက်လုပ်ခြင်းနှင့် ယင်းနေရာများတွင် ပစ္စည်းများစုပုံခြင်းတို့အား အရေးယူခြင်းနှင့်၊ အထက်ပါတို့ကို ဖျက်သိမ်းခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် ပြောင်းရွှေ့နေရာချထားခြင်း၊
- ရန်ကုန်မြို့တော်စည်ပင်သာယာရေးပိုင်ဆိုင်သော သို့မဟုတ် ကြီးကြပ်ခွင့်ရှိသောမြေ၊ သို့မဟုတ် အရန်မြေ

ပေါ်တွင်ပြုလုပ်ထားသော မူလစီမံချက်များကို မြို့ပြဖွံ့ဖြိုးတိုးတက်မှု အတွက် စီမံချက် အသစ်များဖြင့် အစားထိုးခြင်း၊

- ဈေးများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ နှင့် ပုဂ္ဂလိကပိုင်ဈေးများ၊ စတိုးဆိုင်များ၊ ဈေးဝယ်စင်တာများအား ကြီးကြပ်ခြင်း၊

၂။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ နည်းဥပဒေများ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ၁၉၉၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း နည်းဥပဒေ ၃၀ ခုကို ပြဌာန်းခဲ့ပြီး ဈေးများ တည်ထောင်ရေးနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ နည်းဥပဒေ သုံးခုပါဝင်ပါသည်-

- မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေး ဆိုင်ရာနည်းဥပဒေများ (အမှတ် ၃/၂၀၀၁) (၂၀၀၁ ခုနှစ်၊ မေလ ၇ ရက်)
- အဆောက်အဦဆိုင်ရာနည်းဥပဒေ (အမှတ်၂/၂၀၁၄) (၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်) - သည် ဆောက်လုပ်ရေးလုပ်ငန်းအတွက် လျှောက်ထားခြင်းနှင့် ခွင့်ပြုခြင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီကပိုင်ဆိုင်သော အဆောက်အဦများအတွက် လိုင်စင်များထုတ်ပေးခြင်း၊ နေထိုင်ရန် မသင့်လျော်သော သို့မဟုတ် ဘေးအန္တရာယ်ရှိသော အဆောက်အဦများ၊ ကျူးကျော်ခွန်၊ ဆိုင်းဘုတ်များ၊ ကြော်ငြာများနှင့် စပ်လျဉ်း၍ လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း နှင့် တားမြစ်ချက်များတို့ ပါဝင်ပါသည်။
- ဈေးများဆိုင်ရာနည်းဥပဒေ (အမှတ် ၇/၁၉၉၉) (၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်) - စည်ပင်သာယာ ကိစ္စရပ်များ ကြီးကြပ်ခြင်း နှင့် ကန့်သတ်ချက်များ ပါဝင်ပါသည်။

## ၈။ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ

မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေသည် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် အာဏာ သက်ဝင်ခဲ့ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေသည် လူတစ်ဦးတစ်ယောက်အား၊ အဆိုပါပုဂ္ဂိုလ်က ဥပဒေနှင့်အညီဆောင်ရွက်ချက်တရပ်ကို ပြုလုပ်ရန် (သို့မဟုတ် မပြုလုပ်ရန်) သို့မဟုတ် အခြားသူတစ်ဦးအား ဥပဒေနှင့်အညီရပိုင်ခွင့်တစ်ရပ်ကို ခွင့်ပြုခြင်း သို့မဟုတ် ဥပဒေနှင့်အညီရပိုင်ခွင့်တစ်ရပ်ကို မမှန်မကန် ကန့်သတ်ခြင်းပြုလုပ်စေရန်အတွက် မည်သည့်နည်းဖြင့်မဆို လာဘ် (လာဘ်ပေးရန်ရည်ရွယ်ချက်ရှိစေသည့် ငွေတန်ဖိုး သို့မဟုတ် အဖိုးစားနား) ပေးခြင်း၊ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန် ကြိုးစားခြင်း၊ အဆိုပြုခြင်း၊ ကတိပေးခြင်း သို့မဟုတ် ဆွေးနွေးခြင်းတို့ကို တားမြစ်ထားပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအားဖောက်ဖျက်မှုအတွက် ပြစ်ဒဏ်များမှာ ဖောက်ဖျက်သူ၏ ရာထူးအဆင့်ပေါ်မူတည်၍ ပြောင်းလဲပါသည်။ အကယ်၍ နိုင်ငံရေးရာထူးလက်ကိုင်ထားရှိသူက ယင်းကဲ့သို့ ဖောက်ဖျက်မှုပြုလုပ်ခဲ့ပါလျှင်၊ ၎င်းသည် ထောင်ဒဏ် ၁၅ နှစ် အထိ နှင့်/သို့မဟုတ် ငွေဒဏ်ကိုပါ ကျခံစေနိုင်ပါသည်။ အကယ်၍ အခြားသော “လုပ်ပိုင်ခွင့်အာဏာရှိသူ” တစ်ဦးဦးက ယင်းကဲ့သို့ ဖောက်ဖျက်မှု ပြုလုပ်ခဲ့ပါလျှင်၊ ၎င်းသည် ထောင်ဒဏ် ၁၂ နှစ် အထိ နှင့်/သို့မဟုတ် ငွေဒဏ်ကိုပါ ကျခံစေနိုင်ပါသည်။ “လုပ်ပိုင်ခွင့်အာဏာရှိသူ” ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် ပြည်သူ့ဝန်ထမ်း၊ ပြည်ပပြည်သူ့ဝန်ထမ်း၊ နိုင်ငံရေးရာထူး လက်ရှိ ဖြစ်သူ၊ အဆင့်မြင့်အရာရှိ သို့မဟုတ် “အများပြည်သူဆိုင်ရာအဖွဲ့အစည်း” (ယင်းအား မြန်မာနိုင်ငံအစိုးရ၏ မည်သည့်အဆင့်မဆိုဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ရပ်၊ အစိုးရပိုင်ဆိုင်မှုပါဝင်သော ကုမ္ပဏီတစ်ခုခု၊ သို့မဟုတ် ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဖွဲ့စည်း တည်ထောင်ထားသော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီတစ်ခုခုဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်) တစ်ခုခု၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသူ သို့မဟုတ် ကိုယ်စားလှယ် ဟု အဓိပ္ပာယ်သတ်မှတ်ထားပါသည်။ အကယ်၍ အခြားသော ပုဂ္ဂိုလ် တစ်ဦးဦး (အများနှင့်သက်ဆိုင်သောကုမ္ပဏီများမှလွဲ၍ အများနှင့်မသက်ဆိုင်သော မည်သည့်ကုမ္ပဏီမဆို) က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအား ဖောက်ဖျက်မှုပြုလုပ်ခဲ့ပါလျှင်၊ ၎င်းသည် ထောင်ဒဏ် ၇ နှစ် အထိ နှင့်/သို့မဟုတ် ငွေဒဏ်ကိုပါ ကျခံစေနိုင်ပါသည်။

## ၉။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်ဆက်သွယ်ဆောင်ရွက်သူအား အလေးထားစိစစ်ခြင်း

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌အာဏာတည်လျက်ရှိသည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေမှာ ၂၀၁၄ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ဖြစ်ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနသည် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေများကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာ ၁၂၀၁/၂၀၁၅ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေသည် မြန်မာနိုင်ငံအား နိုင်ငံတကာ၏အလေ့အကျင့်များနှင့် လိုက်လျောညီထွေမှု ရှိစေခဲ့ပါသည်။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ (ဘဏ်များ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် အခြားသောသတ်မှတ်ထားသည့်အဖွဲ့အစည်းများကဲ့သို့သော) “သတင်းပို့အဖွဲ့အစည်းများ” သည် ထုတ်ကုန်၊ ဝန်ဆောင်မှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် နည်းပညာအသစ်များနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာနိုင်သော ငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာဆုံးရှုံးနိုင်ခြေများကို ဖော်ထုတ်ရန် နှင့် ယင်းဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲရန် နှင့် လျော့ချရန် အတွက် လိုအပ်သောနည်းလမ်းများကို ကျင့်သုံးခြင်း၊ ဆက်သွယ်ဆောင်ရွက်သူများအပေါ် အလေးထားစိစစ်ခြင်းကို ဆောင်ရွက်ခြင်း၊ အချို့သော ရောင်းဝယ်လွှဲပြောင်း ဆောင်ရွက်မှုများကို စောင့်ကြည့်ခြင်း၊ အချို့သောမှတ်တမ်းထိန်းသိမ်းခြင်းနှင့် သတင်းပို့ ရန်တာဝန်ရှိမှုတို့အား လိုက်နာကျင့်သုံးခြင်းနှင့် အချို့သောဌာနတွင်းဆိုင်ရာမူဝါဒများကို အကောင်အထည် ဖော်ခြင်းတို့ကို ဆောင်ရွက်ရန်တာဝန်ရှိပါသည်။

## ၁၀။ အိမ်ခြံမြေပစ္စည်းဆိုင်ရာဥပဒေများ

မြန်မာနိုင်ငံ၏ မြေများအပေါ် လွှမ်းခြုံထားသည့် တစ်ခုတည်းသောဥပဒေ မရှိပါ။ မြန်မာနိုင်ငံ၏ မြေများနှင့် စပ်လျဉ်းသောအခြေခံဥပဒေများသည် မြေနှင့်စပ်လျဉ်း၍ ဆက်စပ်နေသည့်သီးခြားနယ်ပယ်များအတွက် ပြန့်ကြဲနေ သောဥပဒေ အများအပြားရှိနေသည့်ပုံစံ သို့မဟုတ် ဆက်နွယ်နေမှုများအဖြစ် ရှိနေကြခြင်းဖြစ်ပါသည်။ (ဥပမာ အနည်းငယ်အဖြစ်ပြဆိုရသော်၊ ကျေးရွာ အက်ဥပဒေ (၁၉၆၁ ခုနှစ်တွင် ပြင်ဆင်သည်)၊ သစ်တောဥပဒေ (၂၀၁၈)နှင့် လယ်ယာမြေ ဥပဒေ (၂၀၁၂))။

ယေဘုယျအားဖြင့် မြန်မာနိုင်ငံတွင် မြေအပေါ်အကျိုးခံစားခွင့်များမှာ အခြေခံအားဖြင့် မြေပိုင်မြေများနှင့် ငှားရမ်းခြင်းမြေ ဟူ၍ နှစ်မျိုးနှစ်စား ရှိပါသည်။ မြန်မာနိုင်ငံတွင် မြေပိုင်မြေအချို့သည် ရန်ကုန်နှင့် မန္တလေး တို့၏ အချို့သောအပိုင်းများတွင် အကန့်အသတ်ဖြင့်တည်ရှိနေပါသည်။ ယေဘုယျအားဖြင့် အစိုးရသည် “ဂရန်မြေ” ကို ခွင့်ပြုပေးလေ့ရှိပြီး၊ ယင်းသည် မြန်မာနိုင်ငံအစိုးရကပိုင်ဆိုင်သောမြေကို ပုဂ္ဂလိကအဖွဲ့အစည်းများအား နှစ်ရှည်ငှားရမ်းခြင်းအခြေခံဖြင့်ပေးအပ်သော ငှားရမ်းခြင်းမြေ ဖြစ်ပါသည်။ ဂရန်မြေသည် စည်းမျဉ်းအရ ငှားရမ်းခြင်းမြေ ဖြစ်သော်လည်း၊ ငှားရမ်းခြင်းကာလ ကုန်ဆုံးသည့်အချိန်တွင် အဆိုပါမြေအား အလိုအလျောက် သက်တမ်းတိုးမည်ဖြစ်ကြောင်း မျှော်မှန်းချက်မြင့်မားစွာ ထားရှိကြသည့်အတွက် မြန်မာနိုင်ငံတွင် ၎င်းသည် လွတ်လပ်စွာ ပိုင်ဆိုင်သော မြေပိုင်မြေနှင့် အလားတူသကဲ့သို့ ကျယ်ပြန့်စွာ လက်ခံထားပါသည်။

မြန်မာနိုင်ငံသားများနှင့် မြန်မာကုမ္ပဏီများသည် ယေဘုယျအားဖြင့် (ယင်းမြေဂရန်ထုတ်ပေးခြင်းအတွက် မှလွဲ၍) အစိုးရထံမှ အခြားသော အထူး သို့မဟုတ် ထပ်ဆောင်း ခွင့်ပြုချက်များ ရယူရန် မလိုအပ်ဘဲ၊ သက်ဆိုင်ရာ မြေဂရန်တွင် ဖော်ပြထားသော ကာလအပိုင်းအခြားအတွက် ဂရန်မြေရရှိနိုင်ပါသည်။

တည်ဆောက်လုပ်ကိုင်နေလေ့ရှိကြသည့်ပုံစံမှာ အစိုးရအဖွဲ့အစည်းတစ်ရပ်က မြေကွက်တစ်ခုအပေါ်တွင် အိမ်များ၊ သို့မဟုတ် တိုက်ခန်းများ ဆောက်လုပ်စေရန်အတွက် တည်ထောင်သူတစ်ဦးကို ခွင့်ပြုခြင်းဖြစ်ပါသည်။ တည်ဆောက်မှုများပြီးစီးသည်နှင့်တစ်ပြိုင်နက်၊ အိမ်များ သို့မဟုတ် တိုက်ခန်းများတွင် ဝယ်ယူသူများက နေထိုင်ခွင့် အတွက် အစိုးရအဖွဲ့အစည်းသည် မြေဂရန်ထုတ်ပေးမည်ဖြစ်ပါသည်။ အိမ်များ/တိုက်ခန်းများကို ပိုင်ဆိုင်ထားသူ များသည် စုပေါင်းလျက်သော်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အစိုးရအဖွဲ့အစည်းနှင့်

မြေရှင်-မြေငှားဆက်ဆံမှုပုံစံ အဖြစ်တည်ရှိပြီး၊ တည်ဆောက်မှု၏ဘုံပစ္စည်းများအတွက် စုပေါင်းထားသော အခွင့်အရေးရရှိပါသည်။ တည်ဆောက်သူသည် ထိန်းသိမ်းစောင့်ရှောက်မှုနှင့် စီမံခန့်ခွဲမှုအခန်းကဏ္ဍတွင်ဆောင်ရွက်ရေးအတွက် အိမ်/တိုက်ခန်းပိုင်ဆိုင်သူများစုပေါင်းအသင်းနှင့် သဘောတူစာချုပ် ချုပ်ဆိုကာ လုပ်ကိုင်ဆောင်ရွက်ပါသည်။

## ၁၈၈၂ ခုနှစ်၊ ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေ

ဤအက်ဥပဒေသည် ပစ္စည်းအား ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်း နှင့် ငှားရမ်းခြင်း အပါအဝင် ပစ္စည်းအမျိုးမျိုးအား လွှဲပြောင်းမှုနှင့် စပ်လျဉ်းပြီး၊ ဝယ်ယူသူနှင့် ရောင်းချသူတို့၏ အခြေခံ အခွင့်အရေးများနှင့် တာဝန်ရှိမှုများကိုသတ်မှတ်ထားပါသည်။

## ၁၈၉၉ ခုနှစ်၊ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ

ငှားရမ်းခြင်းဆိုင်ရာသဘောတူစာချုပ်များနှင့် ပစ္စည်းလွှဲပြောင်းခြင်း အပါအဝင် သဘောတူစာချုပ်များ ချုပ်ဆိုသည့်အခါတွင် တံဆိပ်ဆောင်ခွန်ပေးဆောင်ရမည်ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ အခြေအနေအရ (၂၀၁၇ ခုနှစ်၊ တံဆိပ်ခေါင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေအရ) နေပြည်တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း ပစ္စည်းလွှဲပြောင်းခြင်းအတွက် ပုံသေနှုန်း ၂ ရာခိုင်နှုန်းနှင့် အခြားနေရာများအတွက် ၄ ရာခိုင်နှုန်း ကျသင့်ပါသည်။ မရွှေ့မပြောင်းနိုင်သောပစ္စည်းများငှားရမ်းခြင်းအတွက်လည်း တံဆိပ်ခေါင်းခွန်ကောက်ခံပြီး၊ ငှားရမ်းသည့်ကာလအပေါ်မူတည်၍ ၀.၅ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းအထိ ကောက်ခံကာ၊ ဂရန်သက်တမ်းတိုးမြှင့်ခြင်းအတွက် ရေိယာစတုရန်းပေအပေါ်မူတည်၍ တွက်ချက်ကောက်ခံပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာနက ပစ္စည်းလွှဲပြောင်းမှုများတွင် တန်ဖိုးလျှော့ချ၍ သတင်းပို့ခြင်းဖြင့် အခွန်ရှောင်သည့်အလေ့အထကို လွှဲဖယ်နိုင်စေရန် အတွက် အခွန်ပေးဆောင်ရမည့် အနည်းဆုံးသတ်မှတ်ချက်ကိုသတ်မှတ်ကာ ရန်ကုန်မြို့၏ နယ်မြေအသီးသီး အတွက် သတ်မှတ်ထားသော တန်ဖိုးပမာဏများကို ထုတ်ပြန်ခဲ့ပါသည်။

## ၂၀၁၈ ခုနှစ်၊ စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေ

ဤဥပဒေပြုမှုဖြင့် မှတ်ပုံတင်ရန်လိုအပ်သောစာရွက်စာတမ်းအမျိုးအစားများ၊ သို့မဟုတ် စာရွက်စာတမ်း ကိုင်ဆောင်ထားသူ၏ရွေးချယ်မှုဖြင့်မှတ်ပုံတင်နိုင်သည့်စာရွက်စာတမ်းများကို သတ်မှတ်ထားပါသည်။ မရွှေ့မပြောင်းနိုင်သောပစ္စည်းများအပေါ်တွင် ပေါင်နှံခြင်းများနှင့် သေတမ်းစာမဟုတ်သော သဘောတူစာချုပ်များဖြင့် လက်ရှိ သို့မဟုတ် အနာဂတ် အကျိုးခံစားခွင့်ကိုဖန်တီးခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့အတွက် ဤဥပဒေအရ မှတ်ပုံတင်ရန်လိုအပ်ပါသည်။ ပစ္စည်းလွှဲပြောင်းခြင်း နှင့် ကာလသက်တမ်း တစ်နှစ်ထက် ကျော်လွန်သော သို့မဟုတ် နှစ်စဉ်ငှားရမ်းခသတ်မှတ်ထားသောငှားရမ်းခြင်းများအားလုံးကို မှတ်ပုံတင်ရမည်ဖြစ်ပါသည်။

## ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကိုကန့်သတ်သည့်ဥပဒေ

ဤဥပဒေအရ နိုင်ငံခြားသားများနှင့် နိုင်ငံခြားပိုင်ကုမ္ပဏီများအား မရွှေ့မပြောင်းနိုင်သောပစ္စည်းအား လွှဲပြောင်းခြင်း သို့မဟုတ် ၎င်းတို့က ရယူခြင်း သို့မဟုတ် ၎င်းတို့အား တစ်နှစ်ထက်ပိုသောကာလအတွက် ငှားရမ်းခြင်းများအပေါ် ကန့်သတ်မှုများပြုလုပ်ထားပါသည်။ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေအရ “နိုင်ငံခြားပိုင်ကုမ္ပဏီများ” ဆိုသည်မှာ မြန်မာနိုင်ငံသားများက ၅၀ ရာခိုင်နှုန်း သို့မဟုတ် ၎င်းထက် ပို၍ ပိုင်ဆိုင်ခြင်း သို့မဟုတ် ထိန်းချုပ်ထားခြင်းမရှိသောကုမ္ပဏီများဟု ရည်ညွှန်းထားပါသည်။

## ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ

ဤဥပဒေက စိုက်ပျိုးရေးအတွက်အသုံးပြုနိုင်သည့်မြေဖြစ်သည့် လယ်ယာမြေနှင့်တွဲဖက်ထားသော အခွင့်အရေးများကို ထိန်းချုပ်ထားပါသည်။

## ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ

ဤဥပဒေက မြေလွတ်၊ မြေရိုင်းနှင့် ပလပ်မြေတို့နှင့်တွဲဖက်ထားသော အခွင့်အရေးများကို ထိန်းချုပ်ထားပါသည်။

### ၁၁။ အထွေထွေ

အထက်ပါကိစ္စရပ်များအပြင် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းအားလုံးသည် အခွန်၊ မူပိုင်ခွင့်၊ အလုပ်သမား နှင့် အလုပ်ခန့်ထားခြင်း၊ ပတ်ဝန်းကျင်နှင့် ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသော ယေဘုယျ ဥပဒေများ၊ အမိန့်ကြော်ငြာစာများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်တာဝန်ရှိပါသည်။

## အပိုင်း ၉။ အခွန်ပေးဆောင်ခြင်း

***အောက်ပါအခွန်ဆိုင်ရာအကျဉ်းချုပ်ကို ယေဘုယျဆန်သောသတင်းအချက်အလက်ပေးခြင်းအတွက်သာလျှင် ထည့်သွင်းထားခြင်းဖြစ်ပြီး၊ မိမိတို့ကုမ္ပဏီ၏ကျွမ်းကျင်သူအကြံပေးများက သုံးသပ်ထားခြင်းမရှိပါ။ ရင်းနှီးမြှုပ်နှံသူများအား ၎င်းတို့၏ကိုယ်ပိုင်ကျွမ်းကျင်သူအကြံပေးချက်များရယူကြပါရန် လေးနက်စွာအကြံပြုအပ်ပါသည်။***

ထို့အပြင် အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံမည့်သူများသည် မြန်မာနိုင်ငံအခွန်ဆိုင်ရာ နောက်ဆက်တွဲ အကျိုးရလဒ်များနှင့် အစုရှယ်ယာများပိုင်ဆိုင်ခြင်းနှင့် ရောင်းချခြင်းတို့၏ အခြားသောအခွန်နောက်ဆက်တွဲ ရလဒ်များနှင့်ပတ်သက်၍ ၎င်းတို့၏ကိုယ်ပိုင်အခွန်အကြံပေးများနှင့် တိုင်ပင်ဆွေးနွေးသင့်ပါသည်။ အစုရှယ်ယာများအား ဝယ်ယူခြင်း၊ ပိုင်ဆိုင်ခြင်း သို့မဟုတ် ရောင်းချခြင်းတို့ပြုလုပ်ရန် ကမ်းလှမ်းခြင်းမှဖြစ်လာသည့် အခွန်ဆိုင်ရာ အကျိုးဆက် သို့မဟုတ် တာဝန်ရှိမှုတစ်ရပ်ရပ်အပေါ်တွင် ဤစာရင်းဝင်ခြင်းတွင်ပါဝင်ကြသည့် မိမိတို့ကုမ္ပဏီ၊ ဒါရိုက်တာများ၊ အခြားသောပုဂ္ဂိုလ်များတို့ကမျှ တာဝန်ယူမှုလက်ခံမည်မဟုတ်ကြောင်းကို အထူးပြုတင်ပြလိုပါသည်။

### ၁။ အခွန်နှင့်သက်ဆိုင်သည့်နယ်ပယ်

အောက်တွင်ဆက်လက်ဖော်ပြသည့်ဆွေးနွေးချက်များသည် ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စုအခွန်အကောက် ဥပဒေနှင့်အညီ အစုရှယ်ယာများအား ဝယ်ယူခြင်း၊ ပိုင်ဆိုင်ခြင်း သို့မဟုတ် ရောင်းချခြင်းတို့ပြုလုပ်ရန် ကမ်းလှမ်းခြင်းမှဖြစ်လာသည့်အကျိုးဆက်များဖြစ်သော မြန်မာနိုင်ငံရှိ ဝင်ငွေခွန်၊ အမြတ်ဝေစုခွန်၊ အခြေပစ္စည်းမှ မြတ်စွန်းငွေခွန် တို့အပြင် တံဆိပ်ခေါင်းခွန်တို့ကိုပါ ဖော်ပြထားခြင်းဖြစ်ပါသည်။

### ၂။ ပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာဝင်ငွေခွန်

မြန်မာနိုင်ငံတွင်နေထိုင်သည့် မြန်မာနိုင်ငံသားများ နှင့် ဝင်ငွေနှစ်အတွင်း မြန်မာနိုင်ငံတွင် ရက်ပေါင်း ၁၈၃ ရက် သို့မဟုတ် ထို့ထက်ပို၍နေထိုင်သည့် နိုင်ငံခြားသားများ တို့အား မြန်မာနိုင်ငံဝင်ငွေခွန်စည်းကြပ်ခြင်းဆိုင်ရာ ရည်ရွယ်ချက်များအတွက် အခွန်ပေးဆောင်ရန်တာဝန်ရှိသည့်ပြည်တွင်းနေထိုင်သူများအဖြစ် မှတ်ယူပါသည်။ မြန်မာနိုင်ငံတွင် ရက်ပေါင်း ၁၈၃ ရက်ထက်လျော့၍နေထိုင်သည့် နိုင်ငံခြားသားဖြစ်လျှင်မူ၊ အဆိုပါနိုင်ငံခြားသား တစ်ဦးချင်းအား မြန်မာနိုင်ငံတွင်ဝင်ငွေခွန်စည်းကြပ်ရန်ရည်ရွယ်ချက်အတွက် ပြည်တွင်းနေထိုင်ခြင်းမဟုတ်သူ တစ်ဦးအဖြစ် မှတ်ယူလိမ့်မည်ဖြစ်သည်။ ပြည်တွင်းနေအခွန်ထမ်းများအတွက် ကမ္ဘာတစ်ဝှမ်းလုံးရှိဝင်ငွေမှ သတ်မှတ်ထားသည့် အခွန်ဆိုင်ရာ သက်သာခွင့်များနှင့်ခွင့်ပြုပေးသည်များကို နုတ်ပယ်ပြီးနောက် ဝင်ငွေခွန်စည်း

ကြပ်ခြင်းဖြစ်ကာ၊ ပြည်တွင်းနေထိုင်သူမဟုတ်သည့်အခွန်ထမ်းများအတွက် သက်သာခွင့်တစ်ရပ်ရပ်ကိုမနုတ်ပယ်မီ မြန်မာနိုင်ငံတွင်ခွဲသာရရှိသည့်ဝင်ငွေအပေါ်ခွဲသာလျှင် ဝင်ငွေခွန်တွက်ချက်မည်ဖြစ်သည်။ အခွန်စည်းကြပ်နိုင်သည့် ဝင်ငွေဟုဆိုရာတွင် လစာများ၊ လုပ်ခများ၊ အသက်မွေးဝမ်းကြောင်းတစ်ရပ်ကို အသုံးချ၍ရရှိသည့်ဝင်ငွေ၊ စီးပွားရေးလုပ်ငန်းမှဝင်ငွေ၊ အခြားသောနည်းလမ်းများဖြင့်ရရှိသည့်ဝင်ငွေတို့ ပါဝင်သည်။

ဝင်ငွေခွန်နှုန်းထားများမှာအောက်ပါအတိုင်းဖြစ်သည် -

| မှ<br>(ကျပ်) | ထိ<br>(ကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|---|
| ၁ | ၂,၀၀၀,၀၀၀ | ၀ % |
| ၂,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၅ % |
| ၁၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၁၀ % |
| ၃၀,၀၀၀,၀၀၁ | ၅၀,၀၀၀,၀၀၀ | ၁၅ % |
| ၅၀,၀၀၀,၀၀၁ | ၇၀,၀၀၀,၀၀၀ | ၂၀ % |
| ၇၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ % |

မြေ၊ အဆောက်အဦနှင့်တိုက်ခန်းများကို ငှားရမ်းခြင်းမှရရှိသည့် ငှားရမ်းခဝင်ငွေအတွက် စုစုပေါင်းငှားရမ်းခ ဝင်ငွေတွင် သတ်မှတ်ထားသည့်အခွန်သက်သာခွင့်များနှင့် ခွင့်ပြုပေးခြင်းများကို နုတ်ပယ်ပြီးနောက် ကျန်ရှိငွေ အပေါ် ၁၀% နှုန်းထားဖြင့် စည်းကြပ်မည်ဖြစ်သည်။

ဝင်ငွေရလမ်းမဖော်ပြနိုင်သည့်ဝင်ငွေအတွက် သတ်မှတ်ထားသည့် အခွန်သက်သာခွင့်များနှင့် ခွင့်ပြုပေး ခြင်းများကို နုတ်ပယ်ခြင်းမပြုမီ နိုင်ငံသားများနှင့်နိုင်ငံခြားသားများအပေါ် ဝင်ငွေခွန် ၃၀% နှုန်းထားကို ပေးဆောင် ရမည်ဖြစ်သည်။ သို့ရာတွင် နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့် ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့်ဝင်ငွေရှိပါက ယင်းငွေအား စုစုပေါင်းဝင်ငွေရလမ်း မဖော်ပြနိုင်သည့်ဝင်ငွေ ထဲမှနုတ်ပယ်ပြီး၊ ကျန်ငွေအပေါ်တွင် အောက်ပါဇယားတွင်ဖော်ပြထားသည့် အခွန်နှုန်းထားအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်ဖြစ်သည် -

| စဉ် | ဝင်ငွေ (ကျပ်) | ဝင်ငွေခွန်နှုန်းထား |
|---|---|---|
| (က) | ၁ - ၃၀၀,၀၀၀,၀၀၀ | ၃ % |
| (ခ) | ၃၀၀,၀၀၀,၀၀၁ - ၆၀၀,၀၀၀,၀၀၀ | ၅ % |
| (ဂ) | ၆၀၀,၀၀၀,၀၀၁ - ၁,၀၀၀,၀၀၀,၀၀၀ | ၁၀ % |
| (ဃ) | ၁,၀၀၀,၀၀၀,၀၀၁ - ၃,၀၀၀,၀၀၀,၀၀၀ | ၁၅ % |
| (င) | ၃,၀၀၀,၀၀၀,၀၀၁ နှင့်အထက် | ၃၀ % |

## ၃။ ကုမ္ပဏီဆိုင်ရာဝင်ငွေခွန်

လက်ရှိကုမ္ပဏီဆိုင်ရာဝင်ငွေခွန် ("CIT") နှုန်းထားမှာ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီများ၊ ရုံးခွဲများ နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ ခွင့်ပြုချက်ရယူထား လျက် (နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေတို့အရ ခွင့်ပြုလျက် မြန်မာနိုင်ငံရင်းနှီး

မြှုပ်နှံမှုကော်မရှင်ထံမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်ရရှိလုပ်ကိုင်နေသည့် ပြည်တွင်းရှိနိုင်ငံခြားသားပိုင်ဆိုင်သော ကုမ္ပဏီများကဲ့သို့သော) လုပ်ငန်းလည်ပတ်လုပ်ကိုင်နေသည့်ကုမ္ပဏီများအတွက် ၂၂% ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ တည်ထောင်ထားသည့် မြန်မာကုမ္ပဏီများအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ပြည်တွင်းနေ အဖွဲ့အစည်းများသည် ယင်းတို့၏ကမ္ဘာတစ်ဝှမ်းလုံးရှိဝင်ငွေကို မြွက်ဟတင်သွင်းကာ CIT ပေးဆောင်ရန်တာဝန်ရှိပါသည်။ ပြည်တွင်းနေထိုင်သူများမှအပ နိုင်ငံခြားကော်ပိုရေးရှင်းများအပါအဝင်ဖြစ်သော ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရမှတ်ပုံတင်ထားသည့်အဖွဲ့အစည်းများအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ပြည်တွင်းတွင်နေထိုင်သူ မဟုတ်သူများမှာ ယင်းတို့၏မြန်မာနိုင်ငံတွင်ရရှိသည့်ဝင်ငွေများအပေါ်တွင်သာလျှင် CIT ပေးဆောင်ရမည်ဖြစ်ပါသည်။ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်သည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများအတွက် CIT သည် ၁၇% ဖြစ်ပါသည်။ ထို့အပြင် ဤကုမ္ပဏီများသည် ပြီးခဲ့သည့်ကာလများတွင် ဝင်ငွေခွန်အပြည့်အဝပေးဆောင်ရန် ပျက်ကွက်ခဲ့ပါက၊ ဝင်ငွေခွန်ပေးဆောင်ရမည့်နှစ်မတိုင်မီ နောက်ဆုံးဘဏ္ဍာရေးနှစ်နှစ်နှစ်အတွက် ဝင်ငွေစုစုပေါင်းကို ဖော်ပြရမည်ဖြစ်ပြီး၊ ဝင်ငွေခွန်အပြည့်အဝပေးဆောင်ပြီးပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ဒဏ်ကြေးများပေးဆောင်ရခြင်းနှင့် တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ခြင်းခံရမည်ဖြစ်သည်။

## ၄။ အမြတ်ဝေစုများခွဲဝေခြင်း

ကုမ္ပဏီမှရရှိသည့်အမြတ်ဝေစုများကို ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုပါသည်။

## ၅။ အစုရှယ်ယာများရောင်းချခြင်းမှမြတ်စွန်းငွေ

မတည်အခြေပစ္စည်းဟုဆိုရာတွင် မြေ၊ အဆောက်အဦများနှင့် ၎င်းတို့၏အခန်းများ၊ မော်တော်ယာဉ်များ၊ လုပ်ငန်းခွင်ဆိုင်ရာမတည်အခြေပစ္စည်းများ ပါဝင်သည်။ ထိုစကားရပ်တွင် အစုရှယ်ယာများ၊ ငွေချေးစာချုပ်များ၊ ငွေချေးသက်သေခံလက်မှတ်များနှင့်အလားတူ စာချုပ်စာတမ်းများတို့လည်း ပါဝင်ပါသည်။ အခြေပစ္စည်းမှမြတ်စွန်းငွေခွန် (Capital gains tax: "CGT") သည် မြန်မာနိုင်ငံတွင် မတည်အခြေပစ္စည်းများကို ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းတို့မှ အမြတ်အစွန်းများ ရရှိလာသည့် ပြည်တွင်းနေထိုင်သူအခွန်ထမ်းများနှင့် ပြည်တွင်းနေထိုင်ခြင်းမရှိသူ အခွန်ထမ်းများနှင့်ပါ သက်ဆိုင်ပါသည်။ CGT သည် အမြတ်ရရှိသည့်ပုဂ္ဂိုလ်က ထမ်းဆောင်ရသည့်အခွန်ဖြစ်ပါသည်။ မြတ်စွန်းမှုမရှိစေကာမူ မတည်အခြေပစ္စည်းများကို ရောင်းချသည့်၊ လဲလှယ်သည့် သို့မဟုတ် လွှဲပြောင်းသည့် မည်သည့်ပုဂ္ဂိုလ်မဆို CGT ဆိုင်ရာကြေညာလွှာကို တင်သွင်းရမည်ဖြစ်ပါသည်။

ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍတွင်လုပ်ကိုင်နေသည့် ကုမ္ပဏီများမှလွဲ၍ အစုရှယ်ယာများ ရောင်းချခြင်းမှ ရရှိသည့်အမြတ်အစွန်းများကို CGT နှုန်းထား ၁၀% ဖြင့် တွက်ချက်ပါသည်။ အခွန်ငွေကျသင့်သည့်မြတ်စွန်းငွေကို အစုရှယ်ယာများတန်ဖိုးအရင်းနှင့်ရောင်းချရာတွင်ဖြစ်ပေါ်လာသော ကုန်ကျစရိတ်အားနုတ်ပယ်၍ ရောင်းချရာတွင်ရသည့် အမြတ်အစွန်းအနေနှင့်တွက်ချက်ပါသည်။ ရောင်းချသည့်အစုရှယ်ယာများ၏ စုစုပေါင်းတန်ဖိုးသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် မြတ်စွန်းငွေပေါ်ပေါက်စေကာမူ အခြေပစ္စည်းမှမြတ်စွန်းငွေခွန် စည်းကြပ်မည်မဟုတ်ပါ။ ရောင်းချသည့်အစုရှယ်ယာများတန်ဖိုး၏ ၀.၁% နှုန်းထားကို တံဆိပ်ခေါင်းခွန်ပေးဆောင်ရမည်ဖြစ်သည်။

## အပိုင်း ၁၀။ အခြားသောသတင်းအချက်အလက်များ

### ၁။ ခွင့်ပြုချက်များ

အစုရှယ်ယာများအား စာရင်းဝင်ခြင်းအတွက် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့နှင့် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့များတွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာများအဖွဲ့အစည်းအဝေးများ နှင့် ၂၀၂၃ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် အစုရှယ်ယာရှင်များ၏အထွေထွေအစည်းအဝေးတို့တွင် အတည်ပြု ခဲ့ပါသည်။


### ၂။ သဘောတူညီချက်များ

Win Thin & Associates စာရင်းစစ်လုပ်ငန်းသည် ဤစာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာ ဖွင့်ဟကြေညာ စာတမ်းတွင် ၎င်းတို့၏ စာရင်းစစ်အစီရင်ခံစာကိုထည့်သွင်းခြင်းအား သဘောတူညီခဲ့ပါသည်။

### ၃။ အထွေထွေ

၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ်ကို ၂၀၂၃ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစုရှယ်ယာရှင်များ၏အထွေထွေအစည်းအဝေးတွင် မိမိတို့ကုမ္ပဏီက အတည်ပြုခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ်ကို ၂၀၂၃ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် စတင်အာဏာ သက်ရောက်ခြင်းအား မိမိတို့ကုမ္ပဏီ၏ဒါရိုက်တာဘုတ်အဖွဲ့က အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းအသစ်ကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၈ နှင့် ၁၉တို့နှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် တင်ပြသည့်အခါတွင် အာဏာသက်ရောက်လာမည်ဖြစ်ပါသည်။ တင်သွင်းရန် ကျန်ရှိနေ ပါသည်။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသစ် ကုမ္ပဏီမှတ်ပုံတင်ရုံးခန်းဖြစ်သည့် အမှတ် ၂၆၂-၂၆၄၊ ပြည်လမ်း၊ ဒဂုံစင်တာ (၁)၊ အဆောင် (က)၊ သတ္တမထပ်၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဤစာရင်းဝင်အဖြစ် တင်သွင်းခြင်းဆိုင်ရာဖွင့်ဟကြေညာစာတမ်းအား ထုတ်ပြန်သည့်နေ့မှ ခြောက်လတာကာလအတွင်း သာမန်ရုံးချိန် အတွင်း၌ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

## အပိုင်း ၁၁။ ဒါရိုက်တာများ၏လက်မှတ်များ



ဦးဝင်းအောင်




ဦးစံလွင်




ဦးသူရိန်အောင်



ဒေါ်ရန်လင်း




ဦးရဲဘုန်းလှိုင်



ဦးဘုန်းဘုန်းနိုင်




ဦးမင်းစိန်




ဦးစိုင်းထွန်းဝင်း



ဒေါ်အေးအေးအောင်



ဦးကျော်တင်မြင့်



ဦးအောင်ညွန့်



ဒေါက်တာဇော်ဦး



ဦးသောင်းတင်



ဒေါ်တင်မေဦး